
http://www.dhammadownload.com



နိုင်ငံတော်သြဝါဒါစရိယ
မြန်မာစာသြဝါဒါစရိယ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့
တည်တောဆရာတော်

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ


အမှတ်စဉ်(၂)

(ဒုတိယအကြိမ်)

ပန်းချီကိုကျော်သိုက်

ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ်(၂) ဒုတိယအကြိမ်

http://www.dhammadownload.com



နိုင်ငံတော်သြဝါဒါစရိယ
မြန်မာစာသြဝါဒါစရိယ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့
တည်တောဆရာတော်

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ

အမှတ်စဉ်〈၂〉

〈တတိယအကြိမ်〉

ပန်းချီ ကိုကျော်သိုက်

http://www.dhammadownload.com

နိုင်ငံတော် ဩဝါဒါစရိယ၊ မြန်မာစာ ဩဝါဒါစရိယ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့

တည်တောဆရာတော်ဘုရားကြီး

၏

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ (၂)

ဓမ္မဗျူဟာစာစဉ် (၁၈)

[တတိယအကြိမ်]

http://www.dhammadownload.com


"သည်နေရာမှာ ဘုရားရှင် ဝေသာလီပြည်ကို ပြန်လှည့်ကြည့်ခြင်းဟာ ရိုးရိုး သူများလို ဦးခေါင်းစောင်းငဲ့ကြည့်တာ မဟုတ်ဘူး၊ ဆင်ပြောင်ကြီးများ နောက်ပြန်ကြည့်တော့ တစ်ကိုယ်လုံးလှည့်ကြည့်သလို လှည့်ကြည့်ခြင်းဖြစ်တယ် ကွယ့်၊ သည်အကြောင်း သုတ်မဟာဝါပါဠိတော်မှာ (နာဂ ပလောကိတံ ဝေသာလိံ အပလောကေတွာ)လို့ ပြထားတယ်၊ ဘုရားရှင်ဟာ ပကတိလူများလို ဦးခေါင်းလှည့်ရုံမျှမဟုတ်ဘဲ ဘာကြောင့် တစ်ကိုယ်လုံး လှည့်ရတာလဲဆိုတာ နှင့် ပတ်သက်ပြီး အဋ္ဌကထာဆရာက ဘုရားရှင်ရဲ့အရိုးများဟာ ကွင်းဆက် ဖြစ်လို့ လှည့်မရဘူး၊ ဒါကြောင့် တစ်ကိုယ်လုံးလှည့်ကြည့်တော်မူတာ ဖြစ်တယ် ဆိုတာ ထင်ရှားအောင် အရိုးဆက်သုံးမျိုး ဖွင့်ပြခြင်းဖြစ်တယ်၊ သည်စကားရပ်က သုတ်မဟာဝါ ပါဠိတော်နှင့် အဋ္ဌကထာကလာတာကိုးကွယ့်၊ မူလ ပဏ္ဏာသ ပါဠိတော် မာရတဇ္ဇနီယ သုတ်မှာ လာတာက ရှိသေးသကွယ့်"

"အမိန့်ရှိပါဦး ဘုံရား"

"အခါတစ်ပါး အရှင်မဟာမောဂ္ဂလာန်ဟာ ဘဂ္ဂတိုင်း သုသုမာရဂီရိမြို့ ဘေသကဠာ အမည်ရှိတဲ့ သမင်တောမှာ စင်္ကြံကြွတော်မူတယ်၊ စင်္ကြံကြွရင်း ဝမ်းဗိုက် လေးလာသတဲ့၊ အစာမကြေလို့ ဖြစ်ဟန်ရှိတယ်လို့ ထင်တော်မူတဲ့ အတွက် စင်္ကြံကြွရာက ကျောင်းတွင်း ခင်းထားတဲ့ နေရာပေါ်ထိုင်ပြီး စဉ်းစား ကြည့်လိုက်တယ်၊ သည်တော့မှ ဝမ်းလေးနေခြင်းဟာ အစာမကြေလို့မဟုတ်၊ မာရ်နတ်ယုတ် ဝင်နေလို့ဆိုတာ သိတော်မူလို့ "မာရ်နတ် ထွက်လော့၊ မြတ်စွာ ဘုရားကို မညှဉ်းဆဲနှင့်၊ တပည့်သာဝကကို မညှဉ်းဆဲနှင့်၊ သင့်အား ရှည်စွာသော ကာလပတ်လုံး မဆင်းရဲပါစေနှင့်"လို့ ဆိုတယ်၊ မာရ်နတ်က "သည်ရဟန်းဟာ ငါ့ကို မမြင်ဘဲဆိုဟန်တူတယ်၊ သင်းမဆိုဘိနှင့်၊ သင်းရဲ့ဆရာ မြတ်ဘုရားသော်မှ ငါ့ကို ရုတ်တရက်မသိ"လို့ အကြံဖြစ်သတဲ့၊ သည်အခါ အရှင်မဟာ မောဂ္ဂလာန် က "မာရ်နတ်–သင့်ကို ငါ မသိလို့မထင်နှင့်၊ ငါသိတယ်၊ ထွက်ပါ"လို့ဆိုတော့ မာရ်နတ်ဟာ ခံတွင်းကထွက်ပြီး တံခါးရွက်အပြင်ဘက်မှာ ရပ်နေသတဲ့၊ မာရ်နတ် တံခါးရွက်အပြင်မှာ ရပ်နေတာမြင်တော့ ရှင်မဟာမောဂ္ဂလာန်က "မာရ်နတ်–သင့်ကို ငါမမြင်ဘူးလို့ မမှတ်နှင့်၊ ငါမြင်တယ်၊ မာရ်နတ် သင်ဟာ ယခု သင့်ကိုမြင်ရုံမျှမက ဟိုဘဝက အတိတ်အကြောင်းကိုပါမြင်တယ်၊

http://www.dhammadownload.com


ဓမ္မဗျူဟာစာစဉ် (၁၈)

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၅၁၂/၉၉) (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၄၅၆/၉၉) (၉)

**တတိယအကြိမ်**

၁၉၉၉-ခု၊ အောက်တိုဘာလ

**အုပ်ရေ** - (၁၀၀၀)

**တန်ဖိုး** - ( **၁၅၀** ) ကျပ်

**မျက်နှာဖုံးပန်းချီ** - ကိုကျော်သိုက်

**မွမ်းမံပြင်ဆင်** - ဦးဖေ (လစ်သိုအတ်-ဖလင်)

**ကွန်ပျူတာစာစီ** - ရန်ကုန်ကွန်ပျူတာ

**ထုတ်ဝေသူ**

ဦးဝင်းမြင့် (မြ-၁၅၁၂)
ဝင်းမြင့်အောင်စာပေ၊ ၃၁၅/၂၊ ၁-ရပ်ကွက်၊ တိုးချဲ့ထောက်ကြန့်။

**မျက်နှာဖုံးနှင့် အတွင်းရိုက်**

ဒေါ်ခင်သန်း (မြ-၀၂၆၇၂)
နဝရတ်ပုံနှိပ်တိုက်၊ ၁၈၊ သင်္ဃဟလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

**ဖြန့်ချိရာဌာန**

ဓမ္မဗျူဟာသာသနမာမကအဖွဲ့
အမှတ်(၆)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း- ၅၄၉၃၉၇)

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာ | က |
| ၂။ | ဘုရားရှင်၏ အနာဂတ်ဝံသ ရုဏ်ယဂုဏ်တော် | ၁ |
| ၃။ | ဗြဟ္မယာစနကထာ | ၆ |
| ၄။ | တရား မဟောမီဆယ်ရက်အလို | ၁၆ |
| ၅။ | ဘုရားရှိခိုးရသောအကျိုး | ၁၉ |
| ၆။ | စက်ကြီးသုံးပါး | ၂၄ |
| ၇။ | ဘုရားရှင်၏အရုပ်တော် | ၂၉ |
| ၈။ | ဘုရားရှင်၏ ရိုက်ခြင်း၊ သတ်ခြင်း | ၃၈ |
| ၉။ | ဘုရားရှင်များနှင့်ပွင့်တော်မူရာကမ္ဘာ | ၄၂ |
| ၁၀။ | လူပျိုဘုရား မရှိပြား | ၄၇ |
| ၁၁။ | မယ်တော်နတ်သား | ၅၁ |
| ၁၂။ | မိန်းမဘဝနှင့် ဗြဟ္မာ၊ ဘုရားအလောင်း | ၅၅ |
| ၁၃။ | ရုပ်ပွားတော်နှင့်လက္ခဏာတော် | ၆၉ |
| ၁၄။ | လျောင်းတော်မူ | ၈၅ |
| ၁၅။ | နိဗ္ဗာန်ဘုံမှ ရုပ်ထူးနာမ်ထူး<br>အနာမာသဝတ္ထုဖြင့် ဘုရားတည်ခြင်း | ၈၉ |
| ၁၆။ | ရဟန္တာစေတီတော် | ၉၈ |
| ၁၇။ | ပကတိသာဝကနှင့်ဗောဓိဉာဏ်<br>အရိယာသံဃာနှင့်သမ္မုတိသံဃာ | ၁၁၆ |
| ၁၈။ | အရိုးဆက်ပြဿနာ | ၁၃၁ |
| ၁၉။ | ဗြဟ္မစရိယပဥ္စမကသီလ အတ္တသန္နိယျာတနသရဏဂုံ | ၁၃၆ |
| ၂၀။ | ဥပုသ်သည်များနှင့်စပ်သောပြဿနာလေးရပ် | ၁၅၁ |
| ၂၁။ | သောတာပန်ပုဂ္ဂိုလ်၏စိတ်နေစိတ်ထား | ၁၆၁ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | ပဋိသန္ဓေပါ သောတာပန်ပုဂ္ဂိုလ် လူ့ပြည်၌ရှိ,မရှိ လေးကျွန်းတစ်မြင်းမိုရ်အယူအဆ | ၁၆၇ |
| ၂၃။ | မြင်မိုရ်တောင် နေ, လ, နက္ခတ်နှင့်တပေါင်းလပြည့်နေ့ | ၁၇၆ |
| ၂၄။ | ဆန့်ကျင်ဘက်သုံးပါး | ၁၈၁ |
| ၂၅။ | ကောလာဟလငါးပါး | ၁၉၁ |
| ၂၆။ | ဖုံးကွယ်ခြင်းသုံးပါး | ၂၀၂ |
| ၂၇။ | မဟာပါပလေးပါး | ၂၀၉ |
| ၂၈။ | ဘုံပြောင်းဘုံခွာ | ၂၁၈ |
| ၂၉။ | ပုဂ္ဂိုလ်အပြား ဝါကရား | ၂၂၁ |
| ၃၀။ | တိဝဂ္ဂစတုဝဂ္ဂ | ၂၂၅ |
| ၃၁။ | ရဟန်းခံခြင်းနှင့်သံသယသုံးခု (၁) | ၂၂၉ |
| ၃၂။ | ရဟန်းခံခြင်းနှင့်သံသယသုံးခု (၂) | ၂၃၇ |
| ၃၃။ | နေ့စွဲနှင့်အမည် | ၂၄၅ |
| ၃၄။ | သိမ်ထပ်ခြင်း (သို့မဟုတ်) ကံထပ်ခြင်း | ၂၅၁ |
| ၃၅။ | ရဟန်းတော်များနှင့်ရွှေ, ငွေအလှူ | ၂၅၄ |
| ၃၆။ | တံဆိပ်ခေါင်းသည် အနာမာသဝတ္ထုလော | ၂၇၁ |
| ၃၇။ | ဝါပန်ကာလ သတ္တာဟ | ၂၇၄ |
| ၃၈။ | ကထိန်ခင်းအပ်ရာဌာန | ၂၈၄ |
| ၃၉။ | ကံဒွါရအကွဲ ဖြူမည်းမဆိုသာ | ၂၉၃ |
| ၄၀။ | သာဝိတ္တိဆန်း | ၂၉၈ |
| ၄၁။ | ကြွေးမြီးကိစ္စ | ၃၀၅ |
| ၄၂။ | မင်းဘဏ္ဍာပြဿနာ | ၃၀၈ |

http://www.dhammadownload.com



နိုင်ငံတော် ဩဝါဒါစရိယ၊ မြန်မာစာ ဩဝါဒါစရိယ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဘဒ္ဒန္တ ဒေဝိန္ဒာဓိပတိ (ထီးချိုင့်မြို့တည်တောဆရာတော်)

http://www.dhammadownload.com

# အမှာ

နိုင်ငံတော်သြဝါဒါစရိယ၊ မြန်မာစာသြဝါဒါစရိယ၊ ဓမ္မဇျုပ္ပာစာစောင်၏ သြဝဒါစရိယဝင် ဆရာတော်ကြီး ဖြစ်တော်မူသည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထီးချိုင့်မြို့ တည်တောဆရာတော်ဘုရားကြီးသည် ဓမ္မဇျုပ္ပာစာစောင်တွင် 'ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာအမေးအဖြေများ' ကဏ္ဍာဖွင့်လှစ်လျက် ရေးသားချီးမြှင့်လာခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်၊ စာစောင်တွင် ပါဝင်ပြီးသမျှ အမေးအဖြေများကို စုစည်း၍ ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၁) (၁၉၈၈ – ခု၊ ဒီဇင်ဘာလ)၊ အမှတ် (၂) (၁၉၈၉ – ခု၊ နိုင်ဝင်ဘာလ)၊ အမှတ် (၃) (၁၉၉၃ – ခု၊ ဒီဇင်ဘာလ) ထုတ်ဝေခဲ့ပြီးဖြစ်ရာ ယခုတစ်ဖန် ပရိသတ်များ၏ တောင်းဆိုချက်အရ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၂) ကို ကွန်ပျူတာစာစီအော့ဖ်ဆက်ဖြင့် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေလိုက်ပါသည်၊ ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၁) သည်လည်း မကြာမီ ဒုတိယအကြိမ်အဖြစ် ဆက်လက်ထွက်ပေါ်လာတော့မည် ဖြစ်ပါသည်။

သက်တော် (၈၁) နှစ် ပြည့်ခဲ့ပြီဖြစ်သော ဆရာတော်ဘုရားကြီးသည် ဘာသာရေး, သာသနာရေး တာဝန်များအပြင် မြန်မာစာပေ တာဝန်ကိုပါ ထမ်းဆောင်ဆဲကြားမှ အနယ်နယ်အရပ်ရပ် မေးလာသမျှ ဘာသာရေး, သာသနာရေး အမေးလွှာများကို လက်ခံတော်မူလျက် ထေရဝါဒပရိယတ် ပိဋကတ်သမုဒ္ဒရာအတွင်း မွှေနှောက်ကာ ဖြေကြားထားပါသည်၊ အမေးပုစ္ဆာ မေးလျှောက်သူများမှာ မြန်မာပြည် တစ်နံ့ကစ်လျား မှသည် နိုင်ငံရပ်ခြားကအကို

http://www.dhammadownload.com

နယ်စုံသလောက် အကြောင်းအရာများကလည်း အမျိုးအမည်စုံလှသည်၊ နေ့စဉ် ဘုရားဝတ်တက်နေသည့် သာမန်လူများအတွက် ဘုရားရှိခိုးရခြင်း အကျိုးကအစ ဗုဒ္ဓမြတ်စွာအကြောင်း ဆင်းတုတော်အကြောင်း, ချင်းတွင်းနယ်က ရဟန္တာ ဓာတ်တော်အကြောင်း အပါအဝင် သံဃာတော်များ၏ ရဟန်းခံ, သိမ်, ကထိန်, ဝိနည်းကံများအကြောင်းသာမက ဆန်းကျမ်းဆိုင်ရာအထိ ဘာသာမှု, သာသနာမှု, မြန်မာမှု ဗဟုသုတမျိုးစုံလှပါသည်၊ ဤစာအုပ်တွင် အမေး အဖြေပေါင်း ၃၉–ပုဒ် ပါဝင်သည်ဆိုသော်လည်း တစ်ပုဒ်တစ်ပုဒ်လျှင် မေးခွန်း နှစ်ခုသုံးခု ပါသည်များရှိရကား အမေးအဖြေပေါင်း ၅၀–မက ပါဝင်သည် ဆိုရပေမည်၊ ဓမ္မဗျူဟာစာစောင် ၃–နှစ်စာခန့်ကို တစ်ထိုင်တည်း ဖတ်ရသကဲ့သို့ ရှိပြီး ဗဟုသုတရေးရာ သိမ်းဆည်းထားနိုင်တော့မည် ဖြစ်ပါသည်။

ဓမ္မဗျူဟာစာစောင်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဖြေကြား ချီးမြှင့်တော်မူသည့် ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများမှာ လစဉ်မပြတ် ဆက်လက်ရှင်သန်နေဦးမည်သာ ဖြစ်သလို ၎င်းတို့ကို စုစည်းမှုများပြုလျက် ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၄) (၅) စသည့် လုံးချင်းစာစဉ် များလည်း ဆက်လက်ထွက်ပေါ် နေဦးမည်သာ ဖြစ်ပါသည်။

ဓမ္မမိတ်ဆွေများ လိုရာဆန္ဒ ပြည့်ဝကြပါစေ။

မေတ္တာစိတ္တေန
သူဇာမြင့် **(တာဝန်ခံ)**
ဓမ္မဗျူဟာစာစဉ်

http://www.dhammadownload.com

ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဘုရားရှင်၏ အနာဝရဏဉာဏ်တော်

“၁၃၄၆–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀–ရက် နေ့စွဲပါတဲ့ ဟောသည်စာက စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့၊ ညောင်ပင်ကြပ်ရပ်၊ ကျောင်းဆရာကြီး ဦးသိန်းဆွေထံက မေးလျှောက်တဲ့စာ ဖြစ်ပါတယ်ဘုရား”

“ဦးသိန်းဆွေက ဘာများ မေးလျှောက်ထားပါသလဲကွယ့်”

“ဦးသိန်းဆွေ မေးလျှောက်ထားတာက တစ်စုံတစ်ယောက်သောသူကမျှ မတားမြစ် မပိတ်ပင်နိုင်ဘဲ ဘုရားရှင်ရဲ့(အနာဝရဏဉာဏ်)ဂုဏ်တော် လေးပါးဆိုတာ ကြားဖူးပါတယ်တဲ့၊ အဲသည် ဂုဏ်တော်လေးပါးက–

(၁) ဘုရားရှင်အား ရည်ညွှန်း စီစဉ်ထားတဲ့ လာဘ်ကို ပျက်စီးအောင် မည်သူမျှ မလုပ်နိုင်ဘူး၊

(၂) မြတ်စွာဘုရားရဲ့ ကိုယ်တော်သို့ အစဉ်လိုက်နေတဲ့ တစ်လံမျှလောက်သော ရောင်ခြည်တော်ကို မည်သူမျှ မဖျက်ဆီးနိုင်ဘူး။

(၃) မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကို အန္တရာယ်မပြုနိုင်ဘူး။

(၄) မြတ်စွာဘုရားရဲ့အသက်ကို မည်သူမျှ သေအောင်မသတ်နိုင်ဘူး။

သည်လေးပါးကို ဘယ်လိုပုဂ္ဂိုလ်မျိုးကမျှ မတားမြစ် မပိတ်ပင်နိုင်လို့ (အနာဝရဏဉာဏ်)ဂုဏ်တော်လို့ ခေါ်ကြောင်း ကြားဖူးပါသတဲ့။

http://www.dhammadownload.com


သို့သော်လည်း သဂါထာဝဂ္ဂသံယုတ် မာရဝဂ်၊ ပိဏ္ဍသုတ်မှာ "အခါတစ်ပါး မြတ်စွာဘုရားဟာ မဂဓတိုင်း ပဉ္စသာလပုဏ္ဏားရွာမှာ သီတင်းသုံးတော်မူတယ်၊ အဲသည်အခါတုန်းက ပုဏ္ဏားရွာမှာ သတို့သမီးများရဲ့ လက်ဆောင်ပေးပွဲဖြစ်နေပါတယ်၊ သည်အချိန်မှာ ဘုရားရှင်ဟာ ရွာတွင်းသို့ ဆွမ်းခံဝင်ရာ မာရ်နတ်ဟန့်တားထားလို့ ဆွမ်းမရဘဲ ပြန်ကြွလာရသတဲ့ဘုရား သည်အကြောင်းကိုသိတော့ မာရ်နတ်က ဘုရားရှင်ထံ ချဉ်းကပ်ပြီး "ရဟန်း–ဆွမ်းရရဲ့လား"လို့ မေးသတဲ့၊ ဘုရားရှင်က "ဆွမ်းမရအောင် သင်လုပ်တာပဲမဟုတ်လား"လို့ မိန့်တော်မူတော့ မာရ်နတ်က "နောက်တစ်ကြိမ် ဆွမ်းခံဝင်ပါဦး၊ ဆွမ်း ရပါစေ့မယ်"လို့ပြောသတဲ့၊ သည်အခါ ဘုရားရှင်က "မာရ်နတ်–သင်ဟာ ဘုရားရှင်ကို ပြစ်မှားတဲ့အတွက် မကောင်းမှု တိုးပွားနေတယ်၊ မကောင်းမှုဟာ ငါ့ကို အကျိုးပေးမှာ မဟုတ်ဘူးလို့ မထင်မှတ်နှင့်၊ မာရ်နတ်–ငါ့မှာ ကြောင့်ကြမှု မရှိဘူး၊ ချမ်းသာစွာ အသက်ရှင်နေတယ်၊ ဗြဟ္မာများဟာ ပီတိလျှင် အစာရှိသလို ငါလည်း ပီတိလျှင် အစာရှိသည်ဖြစ်၍ နေတော်မူတယ်"လို့ မိန့်တော်မူသတဲ့၊ ဘုရားရှင်က သည်လိုမိန့်တော်မူတော့ မာရ်နတ်ဟာ "အလို–ငါ့ကို ဘုရားရှင်–သိနေပါပေါ့လား"လို့ စိတ်မချမ်းမသာဖြစ်ပြီး ထိုနေရာမှာပင် ကွယ်ပျောက်သွားပါသတဲ့ ဘုရား"

"ပြီးတော့ ပါရာဇိကဏ်ပါဠိတော် ဝေရဥ္စကဏ္ဍမှာလည်း ဝေရဥ္စပုဏ္ဏားကြီးဟာ ဘုရားရှင်ကို ဝေရဥ္စပြည်မှာ ဝါဆိုဖို့ လျှောက်ထားပြီး တကယ် ဝါဆိုတဲ့အခါမှာတော့ ဆွမ်းကွမ်း မလှူဒါန်းလို့ ရဟန်းတော်များဟာ ဥတ္တရာပထတိုင်းသားမြင်းကုန်သည်များ လှူဒါန်းတဲ့ မုယောဆန်နှင့်မျှတတော်မူကြရတယ်၊ ဝေရဥ္စပုဏ္ဏားကြီးဟာ ပင့်ထားပြီးမှ ဆွမ်းမလှူဒါန်းတာဟာလည်း (မာရဝဋ္ဋနာယ) မာရ်နတ် လှည့်ပတ်ထားလို့ဖြစ်ကြောင်း အဋ္ဌကထာက ဖွင့်ပြထားပါတယ်"တဲ့

"အနာဝရဏဉာဏ်ယဂုဏ်တော်အရ ဘုရားရှင်ရဲ့လာဘ်ကို ဘယ်သူမျှ မဖျက်ဆီးနိုင်ဘူးဆိုခဲ့လျှင် ပဉ္စသာလပုဏ္ဏားရွာနှင့် ဝေရဥ္စပြည်မှာ ဖြစ်ပေါ်လာမည့် ဗုဒ္ဓလာဘ်ကို ဘာကြောင့် မာရ်နတ်က ပိတ်ပင်နိုင်သလဲဆိုတာ စိတ်ထဲမှာ မရှင်းလင်းပါဘူးတဲ့၊ ဒါကြောင့် သည်အကြောင်းကို အများပြည်သူများပါ ရှင်းရှင်းလင်းလင်း သိရအောင် ဓမ္မဗျူဟာစာစောင်မှ ဖြေရှင်း ပေးစေချင်ပါတယ်လို့ လျှောက်ထားပါတယ်ဘုရား"

http://www.dhammadownload.com



"သည်ပုစ္ဆာက မိလိန္ဒပဉှာပါဠိ ၁၅၅၊ ၁၅၉-ကလာတဲ့ စကားရပ်ပဲကွယ့်၊ 'ဒိဋ္ဌ-အဒိဋ္ဌ၊ ဝိနှင့် အ၊ ကထ ငါးပုစ္ဆာ'ရယ်လို့ ရှေးဆရာတော်များ နိယံစပ်ထားတဲ့အတိုင်း လောကမှာ ပုစ္ဆာငါးမျိုး ရှိသတဲ့ကွယ်"

"အကျယ် အမိန့်ရှိပါဦးဘုရား"

"အကျယ်ကတော့ ပုစ္ဆာမေးတဲ့အမေးရှင်ဟာ-

(၁) ဒိဋ္ဌ=သိပြီးသားကို မေးခြင်း၊

(၂) အဒိဋ္ဌ=မသိလို့မေးခြင်း၊

(၃) ဝိမတိစ္ဆေဒန=ယုံမှားမှုကို ဖြတ်လိုလို့မေးခြင်း၊

(၄) အနုမတိ=စုံစမ်းလိုလို့ကိုမေးခြင်း၊

(၅) ကထေတုကမျတာ=မိမိဖြေလိုလို့ မေးခြင်း-

ရယ်လို့ မေးခြင်း ငါးမျိုးရှိတယ်၊ ယခုပုစ္ဆာဟာ မိလိန္ဒပဉှာကို မဖတ်ဖူးသေးလို့ အဒိဋ္ဌစောဒနာမျိုးနှင့် မေးတာလား၊ သို့မဟုတ် ဖတ်ဖူးပြီးသော်လည်း မရှင်းလင်း တဲ့အတွက် ဝိမတိစ္ဆေဒန စောဒနာမျိုးနှင့် မေးတာလား၊ ဒါမှမဟုတ် စာရေးသူရဲ့ဉာဏ် အတိမ်အနက်ကို စုံစမ်းလိုတဲ့ အနုမတိ စောဒနာမျိုးနှင့် မေးတာလားဆိုတာ ခွဲခြားပြီးမသိဘူးပေါ့ကွယ်၊ ဘယ်လိုစောဒနာမျိုးနှင့်မေးတာပင်ဖြစ်စေ မေးသူလည်း ကျေနပ်၊ ဖတ်သူလည်းနှစ်သက်အောင် မိလိန္ဒပဉှာကျမ်းကပင် ထုတ်နုတ်ပြီး ဖြေကြားသေးတာပေါ့ ဟုတ်လား"

"မှန်ပါ၊ ဖြေတော်မူပါဘုရား"

"အနာဝရဏဉာဏ် ဂုဏ်တော်အရ ဘုရားရှင်အား ရည်မှန်းပြီးသောလာဘ်ကို ဘယ်လိုပုဂ္ဂိုလ်ကမျှ အန္တရာယ်မပြုနိုင်ဘူးဆိုတာ အမှန်ပဲကွယ့်၊ သို့ပါလျက် ပဉ္စသာလရွာသားတွေနှင့် ဝေရဉ္စပုဏ္ဏားကြီးကို ဗုဒ္ဓရဲ့လာဘ်အန္တရာယ်ဖြစ်အောင် ဘာကြောင့် မာရ်နတ်က လှည့်စားနိုင်သလဲဆိုတော့-

"အဖြေက-ဗုဒ္ဓအားရည်မှန်းပြီးသော လာဘ်မဟုတ်သေးလို့ လှည့်စားနိုင်ခြင်း ဖြစ်တယ်တဲ့၊ သည်အကြောင်းနှင့်ပတ်သက်ပြီး မိလိန္ဒပဉှာမှာ လာဘ်(၄)မျိုး ခွဲခြားသေးတယ်၊ လာဘ်လေးမျိုးက-

(၁) မရည်ရွယ်သေး မျက်ကွယ်ဖြစ်တဲ့လာဘ်၊

(၂) ရည်ရွယ်ပြီး စီရင်ပြီးတဲ့လာဘ်၊

http://www.dhammadownload.com



(၃) ရှေးရှု ဆောင်ယူခဲ့တဲ့လာဘ်၊
(၄) သုံးဆောင်ဆဲဖြစ်တဲ့လာဘ်များ ဖြစ်တယ်။

အဲသည် လေးပါးအနက် (၁) မရည်ရွယ်သေး မျက်ကွယ်ဖြစ်တဲ့ လာဘ်ဆိုတာ သည်ပစ္စည်းကို သည်ပုဂ္ဂိုလ်အား လှူမည်လို့ ရည်မှန်းထားခြင်း မရှိသေးတဲ့ လာဘ်ဖြစ်တယ်၊ (၂) ရည်ရွယ်ပြီး စီရင်ပြီးတဲ့လာဘ်ဆိုတာက



"စာက သည်မှာ ဆုံးပါပြီဘုရား၊ အဖြေကို အမိန့်တော်ရှိပါဦး"

"သူ့အမေးက ဝိနယ၊ မဟာဝဂ္ဂပါဠိ၊ ဗြဟ္မယာစနကထာကို မေးထားတာပဲ ကွယ့်၊ သည်အမေးပြဿနာကို ဆဋ္ဌသင်္ဂါယနာတင်စဉ်ကာလက ယခင် နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးနုက သင်္ဂါယနာတင် ဆရာတော်များကို မေးတယ်၊ ဆဋ္ဌသင်္ဂါယနာဝန်ဆောင် သံဃအဖွဲ့က ၁၃၁၇–ခု၊ ပထမဝါဆိုလဆန်း ၈–ရက်နေ့ တာဝန်လွှဲအပ်ချက်အရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်က အကျဉ်းနည်း အကျယ်နည်းအားဖြင့် ဝေဖန်ပြီး ဖြေကြားတော်မူပြီးဖြစ်တယ်၊ သည်အမေးကို ယခု ဖြေဆိုရမည်ဆိုလျှင်လည်း အဲသည်အဖြေမျိုးပဲ ပြန်ကိုင်ရမှာ ဖြစ်နေတယ်ကွယ့်"

"မှန်ပါ၊ အဖြေဟောင်းပဲဖြစ်ဖြစ် အဖြေသစ်ပဲဖြစ်ဖြစ် အမေးရောက်လာမှတော့ အဖြေထုတ်ပေးဦးမှပေါ့ဘုရား"

"အဖြေဟောင်းကတော့ ရှိပြီးသားပဲ၊ မေးသူကလည်း အဖြေဟောင်းရှိမှန်း သိပြီးသား ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် အဖြေဟောင်းကို မကိုင်ဘဲ အဖြေသစ် ထုတ်ရလျှင် မကောင်းလားကွယ်"

"အလွန်ကောင်းပါတယ် ဘုရား"

"အလွန်ကောင်းပေမယ့် အဖြေဟောင်းကို စွန့်လို့လဲ မဖြစ်ဘူးကွယ့်၊ ဒါကြောင့် အဋ္ဌကထာဖွင့်ပြတဲ့ အဖြေဟောင်းကို ဦးစွာ ဖြေကြစို့ရဲ့"

"မှန်ပါ၊ ဖြေတော်မူပါဘုရား"

"အဇပါလ ညောင်ပင်အောက် ဘုရားရှင်တစ်ပါးတည်း သီတင်းသုံးတော်မူရင်း အကြံတော်ဖြစ်ပုံကို အဋ္ဌကထာဆရာက–

**"ပရိဝိတက္ကော ဥဒပါဒီတိ တဿ နိသိဒနမတ္တဿေဝ သဗ္ဗဗုဒ္ဓါနံ ...ဏ္ဍာသမာစိဏ္ဏော အယံ စေတသော ဥဒပါဒီ–လို့ ဖွင့်ပြ**

http://www.dhammadownload.com


ယောက်ျားတစ်ပါးနှင့် တိတ်တိတ်ပုန်း ဖောက်ပြားနိုင်တယ်၊ လင်ကြီးရှေ့မှာတော့ မပြုလုပ်ရဲသလို၊ မာရ်နတ်လည်း ဘုရားရှင်ကွယ်ရာ လာဘ်ကိုသာ အန္တရာယ် ပြုနိုင်တယ်၊ ဘုရားရှင် မျက်မှောက်လာဘ်ကိုတော့ အန္တရာယ် မပြုနိုင်ဘူးလို့ ဥပမာပြထားတယ်၊ ဒါကြောင့် ဘုရားရှင်ရဲ့ အနာဝရဏဉာဏ် ဂုဏ်တော်လည်း မမှားဘူး၊ မာရ်နတ် နှောင့်ယှက်တယ် ဆိုတာလည်း မမှားဘူးလို့ အဖြေပေး လိုက်ပါတယ်ကွယ်"

"သာဓု-သာဓု-သာဓု"

http://www.dhammadownload.com



# ဗြဟ္မယာစနကထာ

"ဟောသည့်စာကတော့ (၅၊၆၊၈၃)ခုလို့ ရက်စွဲထိုးထားတယ်၊ မြန်မာသက္ကရာဇ်နှင့်ဆိုလျှင်တော့ ၁၃၄၅–ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀–ရက်နေ့ဖြစ်ပါတယ်ဘုရား"

"ဘယ်ကစာလဲကွယ့်"

"စာရှင်ကတော့ အရှင်ဣန္ဒာစာရ(ကျားမင်းကြီး)တစ်ဆင့်၊ ဒေါ်အေးညွန့်၊ မိုးဇာဈေးအတွင်း၊ ဆိုင်(၁)၊ နတ်စင်အနီး (ပန်းဆိုင်)၊ စစ်ကိုင်းမြို့ကဖြစ်ပါတယ်ဘုရား"

"စာက ဘာကိုဆိုသလဲ ဖတ်စမ်းပါဦး"

"မှန်ပါ–တပည့်တော် ဖတ်လျှောက်ပါ့မယ်ဘုရား၊ ရိုသေစွာ လျှောက်ထားပါသည် ဆရာတော်ဘုရား၊ တပည့်တော် မရှင်းလင်းသည့် ပြဿနာကို လျှောက်ထားပါရစေ၊ ဓာရဏာပရိတ်တော်မှာ **'သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ'**–အလုံးစုံသောစိတ်ဖြင့် ကြံစည်အပ်သော အကြံအစည်သည် ဉာဏ်တော်၏ ရှေ့သွားမရှိခြင်း၊ ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်၍ မကြံစည်ခြင်းသည် ရှိတော်မမူဟူ၍လည်းကောင်း၊ တစ်ဖန် **'နတ္ထိ အဗျာဝဋမနော'** အဗျာဝဋမနော–ကိုယ်တော်စီးပွား အများအကျိုး သယ်ပိုးဆောင်မည် စိတ်တော်ရှည်တိုင်း သွေဖည်စိုးနှော့ ရှောင်ကွယ်ထောင့်၍ ကြောင့်ကြမဲ့နေလိုသော

http://www.dhammadownload.com


မနောစိတ္တုပ္ပါဒ်တော်သည်၊ နတ္ထိ–တစ်ရံတစ်ဆစ် စကားအဖြစ်မျှ လှစ်ဟပြောဆိုရန် ရှိတော် မမူပေ” ဟူ၍လည်းကောင်းရှိပါသည်။

မြတ်စွာဘုရားသခင်သည် ဘုရားအဖြစ်သို့ရောက်တော်မူ၍ အဝိဇ္ဇာ စသော ပဋိစ္စသမုပ္ပါဒ် တရားမြတ်ကို သုံးသပ် ဆင်ခြင်တော်မူလျှင် ငါဘုရားသည် ပိုင်းခြား၍ သိအပ်သော တရားတော်သည်ကား အလွန် သိမ်မွေ့နက်နဲ ခက်ခဲလှ၏၊ ဝေနေယျ သတ္တဝါအပေါင်းတို့ သန္တာန်ဝယ် ပညာတည်းဟူသော မျက်စိ၌ ကိလေသာတည်းဟူသော မြူသည် အလွန် ထူပြောလှ၏၊ ငါဘုရားသည် တရားဟောသဖြင့် ပိုင်းခြား၍ မသိနိုင်လေရာ၊ ကိုယ်တော်၏ ပင်ပန်းကာမျှသာ ဖြစ်တော့မည်ဟု တရားမဟောလိုသော စိတ်အကြံတော် ရှိသည်ကို သဟမ္ပတိဗြဟ္မာမင်းသိလတ်၍ မြင်းမိုရ်တောင်လုံး ပမာဏရှိသော ရတနာရွှေပန်းကုံးဖြင့် ပူဇော်လျက် ဘုန်းတော်ခြောက်စုံ ဂုဏ်တော်ကိုးတန် ဉာဏ်တော်အနန္တ ဓမ္မသာမိအစစ် ဖြစ်တော်မူပါသော မြတ်စွာဘုရား၊ အရှင်ဘုရားသည် ယခုအကြံတော်မြတ် ဖြစ်တော်မူသည့်အတိုင်း အကယ်၍ တရားဟောတော် မမူချေသည်ဖြစ်အံ့၊ တိတ္ထိခြောက်ယောက်တို့သည် ဇမ္ဗူဒီပါ ကျွန်းအပြင်၌ နေကုန်သော သတ္တဝါအပေါင်းတို့အား မြေပြင်ပြည့်မျှ ဆူးငြောင့်တို့ကို ကြဲဖြန့် စိုက်ထောင်ဘိသကဲ့သို့ မိစ္ဆာဝါဒတည်းဟူသော ဆူးငြောင့်တို့ဖြင့် ချမ်းသာသုံးပါးကို ဆီးတား ပိတ်ကာလျက် အပါယ်လေးရွာသို့သာ ပို့ဆောင်ပစ်ချနစ်မွန်းစေကြလျက် ရှိပါသည်၊ သဗ္ဗညုတဉာဏ်တော် ပန်ဆင်တော် မူစဉ်ကပင် '**တိဏ္ဏော တာရေယျံ ဗုဒ္ဓေါ ဗောဓေယျံ မုတ္တော မောစေယျံ**'ဟု အောင်သံ ကြိမ်းဝါးလျက် ပါရမီတော်ကို ဖြည့်ကျင့်၍ ယခု ဘုရားအဖြစ်သို့ရောက်ပါပြီ၊ တရားဟောတော်မူပါဟု သဟမ္ပတိဗြဟ္မာမင်းက တောင်းပန်၍ တရားတော်ကို ဟောတော်မူကြောင်း သိရပါသည်ဘုရား၊ ထို့ကြောင့် မာရဏပရိတ်တော်လာ စကားနှင့် ယခု စကားနှစ်ရပ် မည်သို့ဆက်စပ်၍ မှတ်ယူရမည်ကို အများသိသာအောင် ဓမ္မဇျူဟာစာစောင် ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများဆောင်းပါးမှ ဖြေကြားတော်မူပါရန် ရှိသေစွာလျှောက်ထားပါသည် ဆရာတော်ဘုရား။

ဆရာတော်ဘုရား ကျန်းမာစွာဖြင့် သာသနာပြုနိုင်ပါစေကြောင်း ဆုတောင်းလျက်– ဣန္ဒာစာရ (ကျွားမင်းကြီး)

http://www.dhammadownload.com


"စာက သည်မှာ ဆုံးပါပြီဘုရား၊ အဖြေကို အမိန့်တော်ရှိပါဦး"

"သူ့အမေးက ဝိနယ၊ မဟာဝဂ္ဂပါဠိ၊ ဗြဟ္မယာစနကထာကို မေးထားတာပဲ ကွယ့်၊ သည်အမေးပြဿနာကို ဆဋ္ဌသင်္ဂါယနာတင်စဉ်ကာလက ယခင် နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးနုက သင်္ဂါယနာတင် ဆရာတော်များကို မေးတယ်၊ ဆဋ္ဌသင်္ဂါယနာဝန်ဆောင် သံဃအဖွဲ့က ၁၃၁၇-ခု၊ ပထမဝါဆိုလဆန်း ၈-ရက်နေ့ တာဝန်လွှဲအပ်ချက်အရ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်က အကျဉ်းနည်း အကျယ်နည်းအားဖြင့် ဝေဖန်ပြီး ဖြေကြားတော်မူပြီးဖြစ်တယ်၊ သည်အမေးကို ယခု ဖြေဆိုရမည်ဆိုလျှင်လည်း အဲသည်အဖြေမျိုးပဲ ပြန်ကိုင်ရမှာ ဖြစ်နေတယ်ကွယ့်"

"မှန်ပါ၊ အဖြေဟောင်းပဲဖြစ်ဖြစ် အဖြေသစ်ပဲဖြစ်ဖြစ် အမေးရောက်လာမှ တော့ အဖြေထုတ်ပေးဦးမှပေါ့ဘုရား"

"အဖြေဟောင်းကတော့ ရှိပြီးသားပဲ၊ မေးသူကလည်း အဖြေဟောင်းရှိမှန်း သိပြီးသား ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် အဖြေဟောင်းကို မကိုင်ဘဲ အဖြေသစ် ထုတ်ရလျှင် မကောင်းလားကွယ်"

"အလွန်ကောင်းပါတယ် ဘုရား"

"အလွန်ကောင်းပေမယ့် အဖြေဟောင်းကို စွန့်လို့လဲ မဖြစ်ဘူးကွယ့်၊ ဒါကြောင့် အဋ္ဌကထာဖွင့်ပြတဲ့ အဖြေဟောင်းကို ဦးစွာ ဖြေကြစို့ရဲ့"

"မှန်ပါ၊ ဖြေတော်မူပါဘုရား"

"အဇပါလ ညောင်ပင်အောက် ဘုရားရှင်တစ်ပါးတည်း သီတင်းသုံးတော်မူရင်း အကြံတော်ဖြစ်ပုံကို အဋ္ဌကထာဆရာက-

"**ပရိဝိတက္ကော ဥဒပါဒီတိ တဿ နိသိဒနမတ္တဿေဝ သဗ္ဗဗုဒ္ဓါနံ အာစိဏ္ဏသမာစိဏ္ဏော အယံ စေတသော** ဥဒပါဒိ-လို့ ဖွင့်ပြထားတယ်၊ ဘုရားရှင် သည်အကြံဖြစ်တာဟာ ယခု ဘုရားရှင်တစ်ပါးတည်းမျှသာ မဟုတ်ပါဘူးတဲ့၊ ဘုရားအဖြစ်ရောက်ပြီး အဇပါလညောင်ပင်အောက် ကြွရောက် သီတင်းသုံး တော်မူကြတဲ့ အလုံးစုံသော ဘုရားရှင်တိုင်းရဲ့အလေ့အကျက်တော် ဖြစ်သတဲ့ကွယ်၊ ဒါကြောင့် သည်လိုအကြံမျိုးကို ဂေါတမဘုရားရှင်တစ်ပါး တည်းသာ ကြံတော်မူ တာမဟုတ်ဘူး၊ ဘုရားရှင်တိုင်း ဘုရားရှင်တိုင်း ကြံတော်မူတဲ့ အကြံမျိုးလို့

http://www.dhammadownload.com



ဦးစွာ မှတ်ရမယ်ကွယ့်၊ ဘုရားရှင်တိုင်းဟာ ဘာဖြစ်လို့ သည်လိုအကြံမျိုး ကြံရတာလဲဆိုတော့ ဟောတော်မူရမည့် သစ္စာတရားတော်ရဲ့ လေးလံသော အဖြစ်၊ ထမ်းဆောင်ရမည့်တာဝန်ရဲ့အဖြစ်ကို ဆင်ခြင်တော်မူမိတာက တစ်ကြောင်းတဲ့၊ဗြဟ္မာတောင်းပန်မှ တရားဟောတော်မူလိုတာကတစ်ကြောင်းတဲ့၊ သည်အကြောင်းနှစ်ပါးကြောင့် သည်လို အကြံဖြစ်ခဲ့တာတဲ့ကွယ်၊ သည်အကြောင်းနှစ်ပါးကို အနည်းငယ် ချဲ့ပြောစို့ကွယ်"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

"သည်အချိန်မှာ ဘုရားရှင်ဟာ သစ္စာလေးပါးကို သိပြီးတော့ ဗုဒ္ဓအဖြစ်ကို ရောက်ပြီးပြီနော်၊ ဗုဒ္ဓအဖြစ် ရောက်ပြီးတဲ့နောက် မိမိသိတဲ့တရားကို ဝေနေယျတို့အား ကေန် ဟောကြားရမည့်တာဝန်ဟာ မိမိအပေါ် တင်ရှိနေမှန်း ဘုရားရှင် သိတော်မူနေတယ်၊ ထိုတာဝန်အရ ဟောပြရမည့်တရားနှင့် နာယူမည့် သုဏန္တပုဂ္ဂိုလ် ကြည့်လိုက်တော့ နာယူမည့် သုဏန္တပုဂ္ဂိုလ်နှင့် ဟောပြောရမည့် တရားတော် ဆန့်ကျင်ဘက်ဖြစ်နေတာကို မြင်တော်မူတယ်၊ တရားတော်က အလွန်လေးနက်တယ်၊ သတ္တဝါတွေက အလွန်ပေါ့နေတယ်၊ တရားတည်းဟူသော ခြင်္သေ့ဆီကို မြေခွက် နားနှင့် ခံယူလို့မရဘူး၊ ရွှေခွက်နားနှင့် ခံယူရလိမ့်မယ်၊ ယခုရှိနေတဲ့ သတ္တဝါတို့ရဲ့ နားက ရွှေခွက်နားမဟုတ်ဘူး၊ မြေခွက်နားဖြစ်နေတယ်၊ သည် အကြောင်းတစ်ခု ကြောင့်လည်း တရားဟောရန် စိတ် ညွတ်တော် မမူခြင်းဖြစ်တယ်၊ ပြီးတော့ ဘုရားပွင့်စကာလက လူတွေဟာ ဗြဟ္မာကို အလေးပြုနေကြတယ်၊ အလေးပြုဆိုသူတို့ကို ဗြဟ္မာက ဖန်ဆင်းတယ်လို့ ယုံကြည်နေကြတာကိုး၊ သူတို့ အလေးပြုတဲ့ ဗြဟ္မာကတောင် တောင်းပန်ရတယ်ဆိုတော့ လူတွေဟာ ဘုရားရှင် အပေါ် စိတ်ညွတ်လာကြလိမ့်မယ်၊ တရားတော်အပေါ် လေးစားလာကြလိမ့်မယ်၊ ဒါကြောင့် ဗြဟ္မာကိုယ်တိုင် တောင်းပန်လာအောင် ဤလို ကြံစည်ခြင်းမျိုး ဖြစ်သတဲ့ကွယ်၊ သည်အကြောင်း ပြချက်နှစ်ချက်ဟာ အဋ္ဌကထာဆရာရဲ့ အကြောင်းပြချက်မို့ အဖြေဟောင်း လို့မှတ်ပေါ့ကွယ်၊ သည်အဖြေဟောင်းကိုပဲ အဖြေသစ်လုပ်ပြီး ထပ်ဖြေချင် သေးတယ်ကွယ့်"

"အဖြေဟောင်းကို ဘယ်လို အဖြေသစ် လုပ်ရမှာလဲဘုရား"

http://www.dhammadownload.com



"အဖြေဟောင်းကို အဖြေသစ်လုပ်ရမှာက သည်လိုကွယ့်"

"မိန့်တော်မူပါဘုရား"

"ဗုဒ္ဓသိတော်မူတဲ့ သစ္စာလေးပါး တရားဆိုတာဟာ အမှန်တော့ မိမိခန္ဓာမှာ ရှိပြီးသား တရားပဲမဟုတ်လား၊ ဒါကြောင့် တရားရှာ ကိုယ်မှာတွေ့လို့ ဆိုကြတာပ၊ ဒါပေမယ့် ပါရမီဉာဏ် နုနေသေးတဲ့ ပုဂ္ဂိုလ်များအတွက် သည်တရားဟာ မျက်စိအောက် ရှိလျက်နှင့် မမြင်ရသော ကြောင်တောင်ကန်း ဖြစ်နေတယ်ကွယ့်၊ **'သံခိတ္တေန ပဥ္စုပါဒါနက္ခန္ဓာ ပိ ဒုက္ခာ'** အရ ဒုက္ခသစ္စာကို အကျဉ်းချုံးလိုက်တော့ ခန္ဓာကိုရတယ်၊ သည်ခန္ဓာ ဖြစ်လာခြင်းဟာ ဒုက္ခ၊ သည်ခန္ဓာတည်နေခြင်းဟာ ဒုက္ခ၊ သည်ခန္ဓာ ပျက်သွားခြင်းဟာ ဒုက္ခ၊ သည်ခန္ဓာအတွင်းမှာ ချမ်းသာ လုံးလုံးမရှိဘူးဆိုတာ ဉာဏ်ရင့်တဲ့ပုဂ္ဂိုလ်က သိနိုင်တယ်၊ ဉာဏ်နုတဲ့ပုဂ္ဂိုလ်က မသိနိုင်ဘူး၊ မသိနိုင်ရုံမျှမက သည်ခန္ဓာကို သုခလို့တောင် ထင်နေကြသေးတယ်၊ နုနေတဲ့ဉာဏ်ကရော ဘယ်အချိန်မှာ ရင့်မှာလဲဆိုတော့ အချိန်တန်မှသာ ရင့်လိမ့်မယ်၊ ရင့်ချိန်မတန်လျှင် မရင့်ဘူး၊ ဥပမာအားဖြင့် သရက်သီးလိုပေါ့၊ သရက်သီး ဘယ်တော့ မှည့်မှာလဲဆိုလျှင် မှည့်ချိန်တန်မှည့်မယ်၊ မှည့်ချိန်မတန်လျှင် ဘယ်လိုလုပ်လုပ် မမှည့်ဘူး၊ ဒါကြောင့် ပုဂ္ဂိုလ်တစ်ယောက်ဟာ ယခုဘဝ ကျွတ်တန်းဝင်မည့် အန္တိမပုဂ္ဂိုလ်ပင်ဖြစ်စေ အချိန်မကျလျှင် ဉာဏ်မရင့်ဘူး၊ ဉာဏ်မရင့်တဲ့ပုဂ္ဂိုလ်ကို တရားဟောလို့မရဘူး။

**ပါရမီနုဂို၊ မရှိလိုက၊ ကုသိုလ်သုစရိုက်၊ မဟောထိုက်တည့်၊ လူမိုက် တိရစ္ဆာန်၊ နိဗ္ဗာန်စကား၊ အလွန်ခါး၏၊ နားပါးမဝင်၊ သိမြင်မဲ့စွာ၊ သူယုတ်မာအား၊ ခြင်းရာကောင်းဆိုး၊ ကြောင်းကျိုးတရား၊ မဟောကြားရာ၊ ဟောမိပါက အပြစ်ရ၏–**

လို့ မဃဒေဝလင်္ကာသစ်မှာ ဖွဲ့ဆိုထားတာဟာ သည်အဓိပ္ပါယ်ပေါ့၊ သည်နေရာမှာ ဉာဏ်မရင့်သေးသူကို ဘုရားရှင် တရားမဟောဘူးဆိုတာ နားလည် အောင် တိကနိပါတ်၊ မဟာပနာဒဇာတ် နိဒါန်းကလာတဲ့ ဘဒ္ဒဇိမထေရ်ရဲ့ အကြောင်းကို အနည်းငယ် ပြောကြဦးစို့ရဲ့"

"အမိန့်ရှိပါဘုရား"

"ဘုရားရှင် သာဝတ္ထိပြည်မှာ သီတင်းသုံး နေထိုင်တော်မူစဉ် နေ့တစ်နေ့မှာ

http://www.dhammadownload.com


သာသနာတော်အတွက် အလွန် အကျိုးများမည့် ဘဒ္ဒိယသူဌေးသား ကျွတ်တန်း ဝင်မှာကို မြင်တော်မူသတဲ့ကွယ်၊ ဘဒ္ဒိယသူဌေးသားက ဘယ်မှာနေသလဲဆိုတော့ ဘဒ္ဒိယမြို့မှာနေတယ်၊ သူ့အဖေက ပစ္စည်းဥစ္စာ အလွန် ချမ်းသာကြွယ်ဝတဲ့ ဘဒ္ဒိယသူဌေးကြီးဖြစ်တယ်၊ ပစ္စည်းဥစ္စာ ဘယ်လောက်ချမ်းသာသလဲဆိုတော့ ကုဋေရှစ်ဆယ် ချမ်းသာသတဲ့၊ သူဌေးကြီးမှာ သားကလည်း တစ်ယောက်တည်းဆိုတော့ အလွန်ချစ်တယ်၊ အလွန် အလိုလိုက်တယ်၊ ဒါကြောင့် ဘုရားလောင်းသိဒ္ဓတ္ထမင်းသားလို ဆောင်း–နွေ–မိုး ဥတုသုံးပါးနှင့် လျော်တဲ့ ပြာသာဒ်သုံးဆောင်ဆောက်လုပ်ပြီး ပြာသာဒ်တစ်ဆောင်မှာ လေးလလေးလနေစေတယ်၊ ပြာသာဒ်တစ်ဆောင်က ပြာသာဒ်တစ်ဆောင် ကူးမည်ဆိုလျှင် ကချေသည်ပေါင်းများစွာသောအခြံအရံနှင့် ကူးတယ်၊ သူဌေးသား ပြာသာဒ်ကူးချိန်ဆိုလျှင် ပြာသာဒ် ကူးမည့် အခမ်းအနား ကြည့်ကြရအောင် တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ပြီး ပြာသာဒ်တစ်ဆောင်နှင့် ပြာသာဒ်တစ်ဆောင်အကြား လှည်းအဆင့်ဆင့် ညှောင်စောင်း အဆင့်ဆင့်ဖွဲ့ပြီး ကြည့်ရှုကြသတဲ့ကွယ်။

သည်မျှလောက် ကာမဂုဏ်ဗွက်အတွင်း ကျွံနစ်နေတဲ့ ဘဒ္ဒိယသတို့သား ကျွတ်တန်းဝင်မှာကို ဘုရားရှင် မြင်တော်မူတယ်၊ မြင်တော်မူတယ်ဆိုရင်ပဲ သူဌေးသားကို ချွေချွတ်ဖို့ ရဟန်းသံဃာ အခြံအရံဖြင့် ဒေသစာရီ ကြွချီတော်မူရင်း ဘဒ္ဒိယမြို့သို့ ဆိုက်ရောက်တော်မူလာတယ်၊ ဘဒ္ဒိယမြို့ကိုရောက်တော့ အလိုလိုဖြစ်တဲ့ အလေ့ပေါက်တောမှာ သီတင်းသုံးတော်မူတယ်၊ ဘဒ္ဒိယမြို့ကို ဘုရားရှင်ရောက်တော်မူတဲ့အချိန်မှာ ဘဒ္ဒိယသူဌေးသားရဲ့ ပါရမီဉာဏ်က မရင့်ကျက်သေးဘူးတဲ့ကွယ်၊ သူဌေးသားရဲ့ ဉာဏ်ရင့်ကျက်ချိန်ကို စောင့်ပြီး ဘဒ္ဒိယမြို့မှာ ဘုရားရှင် သုံးလကြာအောင် သီတင်းသုံးတော်မူရတယ်၊ သုံးလစေ့လို့ ဉာဏ်ရင့်ကျက်ချိန်ရောက်တော့ ဘုရားရှင်က မြို့သူမြို့သားများကို ငါတို့သွားတော့မယ်လို့ ပန်ကြားတော်မူတယ်၊ မြို့သူမြို့သားများက အရှင်မြတ်များ ကြွချီကာနီးတပည့်တော်များ ဆွမ်းကပ်ပါရစေ၊ နက်ဖြန် ရဟန်းသံဃာတော်များနှင့် တကွ ဆွမ်းအလှူခံ ကြွတော်မူပါလို့ ဆွမ်းဖိတ်ကြတယ်၊ ဆွမ်းဖိတ်ပြီးနောက် မြို့လယ်မှာ မဏ္ဍပ်ကြီးဆောက်လုပ်ပြီး ဆွမ်းလုပ်ကျွေးကြတယ်၊ ဆွမ်းစားကိစ္စပြီးတော့ ဘုရားရှင်က သာယာတဲ့အသံတော်ဖြင့် အနုမောဒနာ တရားတော်ကို

http://www.dhammadownload.com



ဟောတော်မူသတဲ့ကွယ်။

သည်အချိန်မှာပဲ ဘဒ္ဒဇိသူဌေးသားရဲ့ ပြာသာဒ်ပြောင်းသဘင်ပွဲ ပြုလုပ်တယ်၊ ဒါပေမယ့် ပရိသတ်တွေက ဘုရားရှင်ထံ ရောက်နေကြတော့ ပြာသာဒ်ပြောင်း အခမ်းအနားကို ကြည့်မည့်သူ မရှိသလောက် ဖြစ်နေတယ်။

ပရိသတ်ခြောက်နေတာ မြင်ရတော့ သူဌေးသားက "သည်ယနေ့ ဘာကြောင့် ပရိသတ်များ မလာပါသလဲ"လို့ မေးတယ်၊ သူ့လူများက "အရှင်-ဘုရားသခင် သည်မြို့မှာ သီတင်းသုံးနေထိုင်တော်မူတာ သုံးလကြာသွားပါပြီ၊ သည်ယနေ့ ဘုရားရှင်ကြွမှာမို့ မြို့သူမြို့သားများက ဆွမ်းလုပ်ကျွေးကြပါတယ်၊ ဆွမ်းကျွေးပွဲအပြီး ဘုရားရှင်တရားဟောမှာမို့ မြို့သူမြို့သားကုန်သလောက်နီးနီး တရားနာ သွားနေကြပါတယ်၊ ဒါကြောင့် ပရိသတ်များမလာခြင်းဖြစ်ပါတယ်"လို့ ပြောကြပါတယ်၊ သည်စကားကိုကြားတော့ သူဌေးသားက "သည်လိုဆို လာကြ၊ ငါတို့လဲ သွားပြီး တရားနာယူကြမယ်" လို့ ဆင်ယင် ဝတ်စားထားတာတွေတောင် မချွတ်လဲနိုင်တော့ဘဲ များစွာသော အခြံအရံနှင့် ဘုရားရှင်ထံ ချဉ်းကပ်ပြီး ပရိသတ်အစွန်ကရပ်လျက် တရားနာနေရှာသတဲ့၊ ပရိသတ်တွေက များလွန်းလို့ ထိုင်စရာနေရာတောင် မရနိုင်တော့ဘူးလေ၊ ဘုရားရှင်ကလည်း ဘဒ္ဒဇိသူဌေးသားကို ချွတ်ဖို့ရည်ရွယ်ပြီး တရားဟောတော်မူတာမို့ ဘဒ္ဒဇိသူဌေးသားဟာ တရားတော်ကိုနာယူရင်း မတ်တတ်ရပ်လျက်ပင် အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားတယ်၊ ဘဒ္ဒဇိသူဌေးသားဟာ လူဝတ်နှင့် ရဟန္တာဖြစ်သွားတော့ ဘုရားရှင်က "ဘဒ္ဒိယ-ယခုသင့်သား အရဟတ္တဖိုလ် တည်သွားပြီ၊ အရဟတ္တဖိုလ်တည်ပြီးသော ပုဂ္ဂိုလ်ဟာ တည်သောနေ့၌ပင် ရဟန်းသော်လည်း ပြုရမယ်၊ ပရိနိဗ္ဗာန်သော်လည်း စံရမယ်၊ သင့်သားရဟန်း ပြုတာကို ကြိုက်သလား၊ သို့မဟုတ် ပရိနိဗ္ဗာန်ဝင် စံတာကို ကြိုက်သလား"လို့ မေးတော်မူတယ်။

ဘဒ္ဒိယသူဌေးကြီးက "အရှင်ဘုရား-သားဖြစ်သူ ပရိနိဗ္ဗာန်ဝင်စံတာကို မကြိုက်ပါဘူး၊ သူ့ကို ရဟန်းပြုပေးတော်မူပါ"လို့ လျှောက်ထားတဲ့အတွက် ဘဒ္ဒဇိကို ရဟန်းပြုပေးတော်မူတယ်၊ အခုပြောခဲ့တာက ပါရမီဉာဏ်ရင့်ကျက်တဲ့

http://www.dhammadownload.com



အန္တိမပုဂ္ဂိုလ်ဖြစ်စေ ကျွတ်ချိန်မရောက်သေးလျှင် (ဉာဏ်မရင့်ကျက်သေးလျှင်) ဗုဒ္ဓရဲ့တရားသံကို ကြားလျက်နှင့် ဘဝင်မကျဘူး၊(သဘောမပေါက်ဘူး)ဆိုတာ သိစေချင်လို့ပဲကွယ့်။

သည်အခြင်းအရာကို သိစေပြီးတဲ့နောက် ဘုရားရှင်ဘက်ကို ပြန်လှန်ကြည့်ကြဦးစို့၊ ဘုရားရှင်ဟာ အကယ်၍ တစ်ကိုယ်တော် ကျွတ်လွတ်ခွင့်ကိုလိုချင်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က ဒီပင်္ကရာဘုရားရှင်လက်ထက် သုမေဓာရသေ့ဘဝကပင် ကျွတ်လွတ်နိုင်စွမ်းရှိတယ်၊ သို့သော် ငါဟာ ဘုရားအဖြစ်ကို ရောက်အောင် စွမ်းဆောင်နိုင်သော ခွန်အားရှိပါလျက် တစ်ကိုယ်တော်ကျွတ်လွတ်တဲ့အတွက် ဘာလုပ်မလဲ(ဘာအကျိုးရှိမလဲ)၊ ဘုရားအဖြစ်ရောက်အောင် အားထုတ်ပြီး သတ္တဝါတွေကို ကယ်တင်မယ်လို့ သတ္တဝါတွေကို ငဲ့ကွက်ပြီး ကရုဏာစိတ်ဖြင့် မိမိရဲ့ကျွတ်လွတ်ခွင့်ကို စွန့်ခဲ့တယ်၊ ကျွတ်လွတ်ခွင့်ကိုစွန့်ပြီး–

“**ဗုဒ္ဓေါ ဗောဓေယျံ**–သတ္တဝါတွေ ငါသိသလို သိစေရမယ်၊ **မုတ္တော မောစေယျံ**–သတ္တဝါတွေ ငါလွတ်သလို လွတ်စေရမယ်၊ **တိဏ္ဏော တာရေယျံ**–သတ္တဝါတွေ ငါလွန်မြောက်သလို လွန်မြောက်စေရမယ်”လို့ ကြုံးဝါးတော်မူပြီး ပါရမီတော်တွေကို ဖြည့်ကျင့်တော်မူခဲ့လို့ တစ်ဘဝထက်တစ်ဘဝ ဉာဏ်ရင့်ကျက်လာပြီး ယခု ဘုရားဖြစ်တော်မူလာကာ သစ္စာလေးပါးကို သိတော်မူခဲ့ပြီ၊ သစ္စာလေးပါးကို သိတော်မူပြီးနောက် သူကြုံးဝါးခဲ့တဲ့အတိုင်း သူသိသလို သတ္တဝါတွေသိအောင် အလွန် ဟောပြနေချင်ပြီ၊ ဟောပြချင်လို့ တရားနာမည့် ပုဂ္ဂိုလ်ကို ကြည့်လိုက်တော့ သတ္တဝါတွေမှာ ကိလေသာတရား ပြွမ်းပြွမ်းထနေတာကို မြင်တော်မူရတယ်၊ ပြွမ်းပြွမ်းထနေတဲ့ သည်ကိလေသာ အမှောင်ထုကို တရားအရောင်က ထိုးဖောက်နိုင်ဖို့ မြင်တော်မမူဘူး၊ သည်အချိန်မှာ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ဆိုတဲ့ ပဉ္စဝဂ္ဂီများပင် ဉာဏ်အရောင်ရင့်ကျက်သူ မရှိသေးလို့ တရားနာယူနိုင်သော နားရှိသူ မပေါ်ပေါက်သေးဘူး၊ ဘုရားရှင်ကတော့ သူ သိတော်မူတဲ့တရားကို ဟောတော်မူချင်ပြီ၊ နာယူနိုင်သူက မရှိဘူး၊ သည်တော့ ဘုရားရှင်ရဲ့စိတ်မှာ ဘယ်လိုဖြစ်ပေါ်လာသလဲ–

**ကိစ္ဆေန မေ အဓိဂတံ၊ အလံ ဒါနိ ပကာသိတုံ။**

http://www.dhammadownload.com


**ရာဂဒေါသပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဒ္ဓေါ။**

သည် သစ္စာတရားသိဖို့ ငါဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလ ကြာအောင် ဆင်းဆင်းရဲရဲ ဉာဏ်ရင့်ကျက်အောင် ပါရမီဖြည့်ကျင့်ခဲ့ရတယ်၊ ငါသိတဲ့ တရားဟောပြဖို့ ကြည့်လိုက်တော့ သတ္တဝါတွေမှာ ကိလေသာရဲ့ ဆွဲဆောင်ခြင်း ခံကြရလို့ ငါ့တရားကို သိလွယ်မည်သူ မရှိပါတကားလို ဖြစ်လာတယ်။

မိမိက တရားဟောချင်တယ်၊ တရားကို နားလည်မည့်သူ မရှိဘူး၊ နားလည်မည့်သူ မရှိဘဲ တရားဟောနေလျှင် ကျွဲပါးစောင်းတီး ပင်ပန်းရုံသာရှိမယ်၊ အကျိုးတော့ ရှိမှာမဟုတ်ဘူး၊ ဒါကြောင့် ဘုရားရှင်က–

**အဟဉ္စေဝ ခေါ ပန ဓမ္မံ ဒေသေယျံ၊ ပရေ စ မေ န အာဇာနေယျုံ၊ သော မမဿ ကိလမထော၊ သာ မမဿ ဝိဟေသာတိ။ ။**

ငါသည် ယခု တရားဟောငြားအံ့၊ ငါ့တရားကို ဘယ်သူမျှသိမည်မဟုတ်၊ ငါသာ ပင်ပန်းမည်၊ ငါ့အား ညှဉ်းဆဲခြင်းသာ ဖြစ်မည်၊ ထို့ကြောင့် ငါ ယခု တရားမဟောသေးဘူး၊ ဆိတ်ဆိတ်သာနေဦးမယ်လို့ အကြံ ဖြစ်တော်မူတယ်၊ တရားမဟောဘူးလို့ ဖြစ်တော်မူတဲ့ ဘုရားရှင်ရဲ့အကြံက တစ်ဘဝလုံး မဟောတော့ ဘူးလို့ ဖြစ်တော်မူတဲ့အကြံမျိုး မဟုတ်ပါဘူး၊ ယခုအချိန်မှာ နာယူနိုင်မည့်သူ မရှိလို့ မဟောဘူးလို့ ဖြစ်တဲ့အကြံပဲကွယ်၊ ဒါကြောင့် ပါဠိတော်မှာ–

"အပ္ပေါသုက္ကတာယ စိတ္တံ နမတိ၊ နော ဓမ္မဒေသနာယ" လို့ပစ္စုပ္ပန်ကြိယာ နှင့် ဟောတော်မူထားတယ်၊ အဲသည့်ပစ္စုပ္ပန်ကြိယာကို ထောက်ပြီး ယခု တရား မဟောသေးဘူး၊ နောင် ဟောသင့်လျှင်ဟောမယ်လို့ အဓိပ္ပာယ်ကောက် နိုင်တယ်၊ ဘုရားရှင်က ဉာဏ်ရင့်သူမရှိသေးလို့ တရားမဟော သေးဘူးလို့ ဖြစ်တဲ့အကြံကို သဟမ္ပတိဗြဟ္မာမင်းက တစ်သက်လုံး မဟောတော့ဘူးလို့ အဓိပ္ပာယ်ကောက်ပြီး တရားဟောဖို့ လာရောက်လျှောက်ထားခြင်း ဖြစ်တယ်၊ သဟမ္ပတိဗြဟ္မာမင်းက လာရောက်လျှောက်ထားတော့ ဘုရားရှင်က–

"အို ဗြဟ္မာ–နားမပေါက်သောသူတို့အား ဟောပြောရခြင်းသည် အလွန်ပင်ပန်းတယ်လို့ ယူဆတဲ့အတွက် ငါ ယခု တရားမဟောဘူးလို့ အကြံ ဖြစ်တယ်၊ ပညာနားရှိသူတွေ ယုံကြည်မှုသဒ္ဓါတရားကို လွှတ်ထားကြပါ၊

http://www.dhammadownload.com



ထိုပညာနားပါသူများအတွက် နိဗ္ဗာန်တံခါးကို ငါဖွင့်ထားမယ်”လို့ မိန့်တော်မူတယ်၊ သည်စကားရပ်ကို ထောက်လို့ ဘုရားရှင် တရားမဟောဘူးလို့ စိတ်ညွတ်ခြင်းဟာ တစ်ဘဝလုံး မဟောတော့ဘူးလို့ လုံ့လကိုလျှော့လိုက်တာ မဟုတ်၊ ယခုအချိန်မှာ ကျွတ်ထိုက်သောသတ္တဝါ မရှိသေးလို့ စိတ်ညွတ်ခြင်းမျှသာ ဖြစ်တယ်၊ ကျွတ်ထိုက်သူမရှိပါဘဲ တရားဟောလျှင် ဟောသူ ပင်ပန်းရုံသာ ရှိမယ်၊ သည်အကြံဟာ **“ဉာဏာနုပုဗ္ဗင်္ဂမ–ဉာဏာနုပရိဝတ္တ”** အကြံတော်ပင် ဖြစ်တယ်၊ နောင်အခါ ကျွတ်ထိုက်သော ဝေနေယျ ပညာနားပါရှိသော သတ္တဝါတို့အား ဧကန် တရားဟောမှာဖြစ်လို့ ကြောင့်ကြမဲ့နေတော်မူလိုသော စိတ်လည်း ဘုရားရှင်၌မရှိ၊ ဒါကြောင့် ဝိနယ မဟာဝဂ္ဂပါဠိ ဗြဟ္မာယာစနကထာ၌ လာသော စကားရပ်ဟာ ဓရဏာပရိတ်တော်နှင့် ဆန့်ကျင်ခြင်းမရှိပါဘူးလို့ အဖြေပေးလိုက်ပါတယ်ကွယ်”

“သာဓု–သာဓု–သာဓု”

http://www.dhammadownload.com



# တရားဦးမဟောမီ ဆယ်ရက်အလို

“ဟောသည့်စာက မန္တလေး၊ကွမ်းခြံကုန်းရပ်၊ အမှတ် ၃၅၃၊ ၈၄-လမ်း၊ ဦးတင်မောင်ထံက လျှောက်ထားစာ ဖြစ်ပါတယ်ဘုရား”

“ဆိုစမ်းပါဦး၊ သူ လျှောက်ထားတာက ဘာများတဲ့တုန်း”

“မှန်ပါ၊ သူ လျှောက်ထားတာက သူဟာ စာပေဝါသနာရှင်ဖြစ်သည့် အတိုင်း သာသနာ့ရောင်ခြည် အတွဲ(၆)မှ ဓမ္မစကြာတရားတော်ကို ဖတ်ကြားပါ သတဲ့၊ ဓမ္မစကြာတရားတော်ကိုဖတ်ရင်း သူ့စိတ်တွင် ဖြစ်ပေါ်လာတာက ဘုရားရှင်ဟာ ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ညမှာ အစဉ်အတိုင်း ဝိဇ္ဇာသုံးပါး တို့ကိုရပြီး သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူတယ်၊ ဘုရားဖြစ်တော် မူပြီးတဲ့နောက် ပလ္လင်္ကသတ္တာဟစတဲ့ သတ္တာဟ ခုနစ်လီတိုင်အောင် မည်သည့် အစားအစာမျှ သုံးဆောင်တော်မမူဘဲ ဈာန်ချမ်းသာ ဖိုလ်ချမ်းသာတို့ဖြင့်သာ နေတော်မူတယ်၊ သတ္တာဟ စံတော်မူတာဟာ ၄၉-ရက်ဖြစ်ပါတယ်၊ ကဆုန် လပြည့်ကျော် ၁-ရက်မှ ရေတွက်ခဲ့လျှင် ၄၉-ရက်မြောက်တဲ့နေ့ဟာ ဝါဆို လဆန်း ၅-ရက်နေ့ဖြစ်ပါတယ်၊ ဓမ္မစကြာတရားတော်ကို ဟောတာက ဝါဆို လပြည့်နေ့ဖြစ်တော့ ကြားကာလဟာ ၁၀-ရက်ဖြစ်နေတယ်၊ သည် ၁၀-ရက် အတွင်း မြတ်စွာဘုရားဟာ ဘယ်ဌာနမှာ စံနေတော်မူသလဲဆိုတာ အလွန် သိလိုတဲ့စိတ် ဖြစ်နေပါတယ်တဲ့၊ အဲဒါ ဖြေရှင်းပေးသနားတော်မူပါလို့ လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား”

http://www.dhammadownload.com



"မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့် ဘုရားဖြစ်တဲ့နေ့ကစပြီး သတ္တာဟ ခုနစ်လီကို ရေတွက်ကြည့်လိုက်လျှင် (၁) ဗောဓိသတ္တာဟ၊ (၂) အနိမ္မိသသတ္တာဟ၊ (၃) ရတနာစင်္ကမသတ္တာဟ၊ (၄) ရတနာဃရသတ္တာဟ၊ (၅) အဇပါလသတ္တာဟ၊ (၆) မုစလိန္ဒသတ္တာဟ၊ (၇) ရာဇာယတနသတ္တာဟရယ်လို့ သတ္တာဟခုနစ်လီ ဖြစ်ပေါ်လာတယ်၊ ရက်အားဖြင့် ၄၉–ရက်ပေါ့၊ သုတ်မဟာဝါပါဠိတော်ကို ဆက်လက်ကြည့်ခဲ့လျှင် ဘုရားရှင်ဟာ ၄၉–ရက်မြောက် ရာဇာယတနသတ္တာဟမှ ထတော်မူတော့ လင်းလွန်းပင်ရင်းက တစ်ဖန် အဇပါလသတ္တာဟမှာပါဝင်တဲ့ ဆိတ်ကျောင်းညောင်ပင်ရင်း ကြွရောက် သီတင်းသုံးပြန်တယ်။

သီတင်းသုံးတော်မူရင်း – ငါသိသောတရားဟာ နက်နဲတယ်၊ မြင်နိုင်ခဲတယ်၊ သိနိုင်ခဲတယ်၊ သတ္တဝါတွေကတော့ ကာမဂုဏ်အတွင်းမှာ ပျော်မွေ့နေကြတယ်၊ ငါ တရားဟောသော်လည်း ပင်ပန်းရုံသာရှိမယ်၊ ဒါကြောင့် တရားမဟောတော့ဘူးလို့ အကြံဖြစ်တော်မူတယ်၊ ဘုရားရှင်ရဲ့အကြံကို သဟမ္ပတိဗြဟ္မာကြီး သိလို့ အကယ်၍သာ ဘုရားရှင် တရားမဟောခဲ့လျှင် လောကကြီးတော့ ပျက်စီးတော့မှာပဲလို့ ဗြဟ္မာ့ပြည်က ဘုရားရှင်ထံ လာရောက်ပြီး တရားဟောဖို့ သုံးကြိမ် လျှောက်ထားတယ်၊ သည်အခါမှ ဘုရားရှင် တရားဟောရန် ကတိပေးတော်မူပြီး အဘယ်သူကို ဦးစွာ တရားဟောရမလဲလို့ ကြည့်လိုက်တယ်၊ ရှေးဦးစွာ အာဠာရရသေ့၊ ဥဒကရသေ့တို့ကိုမြင်တယ်၊ သို့သော်လည်း ၎င်းတို့ဟာ ကွယ်လွန်ပြီး အရူပဘုံကိုရောက်နေကြောင်း သိရလို့ ဒုတိယအကြိမ် ကြည့်တော့မှ ပဉ္စဝဂ္ဂီငါးဦးတို့ကို မြင်တော်မူတယ်။

သည်အချိန်မှာ ပဉ္စဝဂ္ဂီတို့ဟာ ဗာရာဏသီပြည်အနီးက ဣသိပတန မိဂဒါဝုန်တောကို ရောက်နေကြပြီ၊ ယခုဘုရားရှင် သီတင်းသုံးနေတာက ဗောဓိမဏ္ဍိုင် အနီးအပါးမှာ ရှိသေးတယ်၊ ဗောဓိမဏ္ဍိုင်နှင့် ဗာရာဏသီဟာ ၁၈–ယူဇနာ ဝေးကွာတယ်၊ လူတို့ရဲ့ခြေလှမ်း အလယ်အလတ်ဆိုလျှင် တစ်ရက်ကို တစ်ယူဇနာသွားတယ်၊ ၁၈–ယူဇနာဆိုတော့ ၁၈–ရက်သွားလိမ့်မယ်။

ဘုရားရှင်ဟာ တရားဟောမယ်လို့ ကတိပေးပြီးပြီးချင်း ဗာရာဏသီအနီး မိဂဒါဝုန်သို့ ချက်ချင်း ကြွသွားသလားဆိုတော့ ချက်ချင်းကြွသွားတာမဟုတ်ဘူး၊

http://www.dhammadownload.com



ဥရုဝေဠတောမှာ မွေ့လျော်တော်မူသရွေ့နေသေးတယ်၊ အဲဒီ မွေ့လျော်တော်မူသရွေ့က ဘယ်နှစ်ရက်လဲဆိုတော့ ဇိနတ္ထပကာသနီ ၅၇–မှာ နှစ်ရက်သုံးရက်ခန့် စံနေတော်မူပြီးလျှင်–လို့ ဖော်ပြပြီး၊ မဟာဗုဒ္ဓဝင် ဒုတိယတွဲ ၄၁၄–မှာတော့ ဗောဓိမဏ္ဍိုင်အနီးမှာပင် ဆွမ်းခံလှည့်လည်ကာ ဝါဆိုလဆန်း ၁၄–ရက်နေ့တိုင်အောင် နေတော်မူပြီးနောက် "ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ နံနက်စောစောကပင် ဗာရာဏသီပြည်သို့ ကြွသွားတော့အံ့ဟု သပိတ်ကို ယူဆောင်ပြင်ဆင်ကာ ၁၈–ယူဇနာဝေးသော ခရီးကို မြေပြင်မှ ခြေလျင်ကြွသွား တော်မူလေ၏"လို့ ပြဆိုထားတယ်၊ ရှေးရှေး ဘုရားများကတော့ ဓမ္မစကြာတရား ဟောဖို့ ကောင်းကင်ခရီးက ဈာန်ဖြင့် ကြွသွားကြသတဲ့၊ ဈာန်ဖြင့် ကြွလျှင်တော့ ယခုသွား ယခုရောက်မှာပေါ့၊ ဂေါတမဘုရားရှင်ကတော့ ဥပကတက္ကတွန်း အနာဂါမ်ဖြစ်လတ္တံ့သောအကြောင်းကို မြင်တော်မူလို့ ကောင်းကင်က ဈာန်ဖြင့် မကြွဘဲ မြေပြင်က ခြေလျင်ကြွသွားတော်မူတယ်။

ဤစကားရပ်များကို ထောက်ရှုသောအားဖြင့် သတ္တသတ္တာဟ ၄၉–ရက်ပြည့်မြောက်သောနေ့နှင့် ဓမ္မစကြာဟောတဲ့ ဝါဆိုလပြည့်နေ့အကြား ဘုရားရှင်ဘယ်ဌာနမှာ စံနေတော်မူတယ်ဆိုတာ သိလောက်ပြီလို့ ယူဆပါတယ်"

"မှန်ပါ၊ သိလောက်ပါပြီဘုရား"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# ဘုရားရှိခိုးရသောအကျိုး

"ဟောသည်စာက အထက်ချင်းတွင်း မင်းကင်းမြို့နယ်၊ ကျွဲကျကျောင်း ဆရာတော် ဦးဓမ္မသာမိရဲ့ လျှောက်လွှာပါဘုရား"

"ဦးဓမ္မသာမိ လျှောက်ထားတာက ဘုရားရှိခိုးရခြင်းရဲ့ အကျိုးတရားများကို အမှတ်မထင် တွေ့ဖူးပါသတဲ့၊ သို့သော်လည်း ဘယ်ဆီမှာ တွေ့ဖူးတယ်ဆိုတာ အမှတ်မရတော့ပါဘူးတဲ့၊ ယခုအခါ ဘုရားရှိခိုးချင်သူတွေ တစ်စတစ်စ နည်းပါးလာပါသတဲ့၊ သည်လို နည်းပါးလာရခြင်းဟာ ဘုရားရှိခိုးရခြင်းရဲ့ အကျိုးကို မသိကြလို့ ဖြစ်ပါလိမ့်မယ်တဲ့၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင်များ ဘုရားရှိခိုးချင်စိတ် ဖြစ်ပွားလာအောင် ဘုရားရှိခိုးရခြင်းရဲ့အကျိုးကို ဖော်ပြပေးစေချင်ပါသတဲ့၊ အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင်လည်း ဘုရားရှိခိုးရသောအကျိုး ဘွဲ့-ဂါထာ အနက်နှင့်တကွ ဝတ်အဖွဲ့ဝင် အမျိုးသမီးများ ရွတ်ဆိုဖို့ ရှစ်လုံးဖွဲ့မြန်မာကဗျာ ကိုပါ ရေးသားချီးမြှင့်ပြီး ဓမ္မဗျူဟာစာစောင်မှတစ်ဆင့် ဖြန့်ဝေပေးတော်မူပါလို့ လျှောက်ထားပါတယ်ဘုရား"

"ဘုရားရှိခိုးတယ်ဆိုတာ ကမ္မဋ္ဌာန်းတရား(၄၀)အနက် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းဖြစ်တယ်ကွယ့်၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဆိုတာ ဘုရားရှင်ရဲ့ဂုဏ်တော်ကို စိတ်ဖြင့် အဖန်ဘလဲလဲ ဆင်ခြင်ခြင်းကို ဆိုလိုတာပဲ၊ သို့သော် ဗုဒ္ဓဂုဏ်တော်ဆိုတာ အလွန်နက်ရှိုင်းတယ်၊ ဂုဏ်တော်ကို မကျက်မှတ် မရွတ်ဆိုဘဲ

http://www.dhammadownload.com


စိတ်ဖြင့် ဆင်ခြင်ဖို့ မလွယ်ကူဘူး၊ ဒါကြောင့် ဘုရားရှင် ဂုဏ်တော်တွေကို ဦးစွာ ရအောင် ကျက်မှတ်ရတယ်၊ ကျက်မှတ်ပြီးတော့ နှုတ်က ရွတ်ဆိုရတယ်၊ နှုတ်က ရွတ်ဆိုရင်း စာမှာပါဝင်တဲ့ ဂုဏ်တော် ဆင်ခြင်တာကို ဘုရားရှိခိုးတယ်လို့ ခေါ်တယ်၊ ဂုဏ်တော်ကို ဆင်ခြင်ရင်း ဘုရားရှိခိုးရခြင်းဟာ အလွန် အကျိုးများပါတယ်၊ ဂုဏ်တော်ဆင်ခြင်ရတဲ့ အကျိုးတွေကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(ပ)၂၀၆–မှာ သည်လို ပြထားသကွယ့်"

"မိန့်တော်မူပါဘုရား"

၁။ ဘုရားရှင်၌ရိုသေခြင်း၊ တုပ်ဝပ်ကျိုးနွံခြင်းရှိတယ်။

၂။ (က) ရတနာသုံးပါး၌ ယုံကြည်မှု၊ ကံ–ကံ၏အကျိုး၌ယုံကြည်မှု၊ သဒ္ဓါတရားတိုးပွားလာတယ်။

(ခ) အမှတ်သတိ ကောင်းလာတယ်၊ မမေ့မလျော့ဘူး၊ မရူးသွပ်နိုင်ဘူး၊ စိတ်ရောဂါ မဖြစ်နိုင်ဘူး။

(ဂ) ဉာဏ်ပညာ ထက်မြက်လာတယ်၊ ဉာဏ်ထက်မြက်လာလို့ စာကျက်လျှင် ရလွယ်တယ်၊ စာကြည့်လျှင် မှတ်မိလွယ်တယ်။

(ဃ) ကောင်းမှုတရားတိုးပွားလာတယ်၊ ခန္ဓာကိုယ်တွင်းမှာ ကုသိုလ်တရားတွေ ပွားများလာတယ်။

၃။ (က) နှစ်သက်ခြင်းပီတိတရား ဖြစ်ပွားလာတယ်။

(ခ) နှစ်သက်ရုံမျှမက ဝမ်းသာခြင်း ပါမောဇ္ဇတရားလည်း တိုးပွားလာတယ်။

၄။ (က) ဘေးကြီးဘေးငယ် ရန်ကြီးရန်ငယ်တို့ကို နှိမ်နင်းနိုင်တယ်၊ မဟာရာဇဝင်မှာလာတဲ့ မီဖုရားစောလုံဟာ ဘုရားဂုဏ်တော် ထုံထားတော့ မီးမလောင်ဘူး၊ ကောသလမင်းရဲ့ မိဖုရားကို မီးပုံတွင်းပစ်ချတော့ တောက်လောင်နေတဲ့မီးဟာ ငြိမ်းရတယ်၊ ဒါကြောင့် ဘုရားရှင်ရဲ့ ဂုဏ်တော်ဟာ ဘေးရန်အန္တရာယ်ကို နှိမ်နင်းနိုင်တယ်။

(ခ) အကယ်၍ ဘေးရန်အန္တရာယ်နှင့် မလွဲမရှောင်သာကြုံဦးတော့ ကြုံလာတဲ့ ဘေးရန်အန္တရာယ်ကို သည်းခံနိုင်စွမ်းရှိတယ်။

http://www.dhammadownload.com



၅။ မိမိကိုယ်ကို ဘုရားဂုဏ်တော်နှင့်ထုံထားတော့ ဘုရားရှင်နှင့်အတူ နေရသလို အမှတ်ရတယ်။

၆။ မိမိခန္ဓာကိုယ်ဟာ စေတီအိမ်လိုဖြစ်ပြီး လူနတ်ပြဟ္မာတို့ရဲ့ ပူဇော်ခြင်းကို ခံယူထိုက်တယ်။

၇။ ဘုရားဂုဏ်တော်ကို အာရုံပြုရင်း ဘုရားရှင်ရဲ့ဂုဏ်တော်များ ဤမျှကြီးကျယ်ခမ်းနားလှပါကလား၊ ငါလည်း ဤသို့သောဂုဏ်ပိုင်ရှင် ဘုရားဖြစ်ရန် စိတ်ညွတ်နိုင်တယ်။

၈။ လွန်ကျူးအပ်တဲ့ ဒုစရိုက်မှုနှင့် မရှောင်သာမကွင်းသာ တွေ့ကြုံသည့်တိုင်အောင် မိမိမျက်မှောက်မှာ ဘုရားရှင်ကို မြင်ရသလိုဖြစ်ပြီး အရှက်အကြောက်ပေါ်လာကာ ဒုစရိုက်က ရှောင်လွှဲနိုင်တယ်။

၉။ အထက်မဂ်ဖိုလ်နိဗ္ဗာန်ကို မထိုးထွင်း မသိမြင်နိုင်စေကာမူ သေသည်ရဲ့အခြားမဲ့မှာ ဒုဂ္ဂတိဘဝကို မလားနိုင်ဘူး၊ သုဂတိဘဝကိုသာ လားရောက်ဖို့ရှိတယ်။

ဘုရားရှိခိုးရတဲ့ အကျိုးဟာ ယခုဘဝမှာပင် ခံစားနိုင်တဲ့ အကျိုးစိတ် ၁၃–ပါးရှိတယ်၊ သည် ၁၃–ပါးကို တူရာပေါင်းလိုက်လျှင် ပစ္စုပ္ပန် ဘုရားရှိခိုးရကျိုး ရှစ်ပါးရှိတယ်၊ နောင်ဘဝ သုဂတိလားရတဲ့ အကျိုးတစ်ပါး ထည့်လိုက်လျှင် ဘုရားရှိခိုးရတဲ့အကျိုးဟာ ကိုးပါးရှိတယ်ကွယ့်”

“မှန်ပါ၊ ဘုရားရှိခိုးရတဲ့အကျိုးကိုမေးတဲ့ ဦးဓမ္မသာမိကို ကျေးဇူးတင်လိုက်တာဘုရား”

“ဘာကြောင့်တုန်းကွယ့်”

“ဘာကြောင့်တုန်းဆိုတော့ တပည့်တော်များဟာ ဘုရားကိုသာ ရှိခိုးနေကြတယ်၊ ဘုရားရှိခိုးရတဲ့အကျိုး သည်မျှလောက် ကြီးမားမှန်းမသိဘူး၊ ယခု ဦးဓမ္မသာမိ မေးမှပဲ ရှင်းရှင်းလင်းလင်း သိရတော့တယ်၊ ဒါကြောင့် ဦးဓမ္မသာမိကို အလွန် ကျေးဇူးတင်ပါတယ်၊ ဦးဓမ္မသာမိ လျှောက်ထားတဲ့ ဘုရားရှိခိုးရသောအကျိုးဂါထာ ပါဠိအနက်နှင့် မြန်မာကဗျာကိုလည်း ရေးဖွဲ့ပေးတော်မူပါဦးဘုရား”

“အေး–အေး၊ ရေးရသေးတာပ”

http://www.dhammadownload.com


ဘုရားရှိခိုးရသောအကျိုး လေးပါးဂါထာပါဠိအနက်

၁။ ဗုဒ္ဓါနုဿတိနုယုတ္တော၊ သဂါရဝေါ သပတိဿော။
သဒ္ဓါသတိပညာပုညံ၊ ဝေပုလ္လံ အဓိဂစ္ဆတိ။

၂။ ပီတိပါမောဇ္ဇဗဟုလော၊ ဘယဘေရဝပသယှော။
ဒုက္ခာဓိဝါသနသမတ္ထော၊ သတ္ထာရာ သံဝါသသညံ။

၃။ စေတိယံဝ ပူဇာရဟံ၊ ဗုဒ္ဓဘာဝဉ္စ နမတိ။
ဟိရောတ္တပ္ပံ ပစ္စုပ္ပဋ္ဌာတိ၊ သုဂတိ သမ္ပရာယနော။

၄။ တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ ဗုဒ္ဓါနုဿတိယာ သဒါတိ။

၁။ **ဗုဒ္ဓါနုဿတိယုတ္တော**–ဗုဒ္ဓ၏ဂုဏ် ကိုယ်လုံးထုံလျက် ယုံကြည်မြတ်နိုး ရှိခိုးဆည်းကပ် အားထုတ်တတ်သောပုဂ္ဂိုလ်သည်၊ **သဂါရဝေါ**–ဂုဏ်တော်ကိုးပါး မြတ်စွာဘုရား၌ စိတ်ထားညွတ်အိ ရိုသေခြင်းရှိ၏၊ **သပတိဿော**–ကိုယ်ရော နှုတ်ပါ လွန်စွာမြတ်နိုး ရှိခိုးကျိုးနွံခြင်းလည်းရှိ၏၊ **သဒ္ဓါသတိပညာပုညံ**– သဒ္ဓါတရား၊ သတိတရား၊ ပညာတရား၊ ကောင်းမှုကုသိုလ်တရားသည်၊ **ဝေပုလ္လံ**–ကောင်းကင်အလား ထင်ရှားပြန့်ပြောခြင်းကို၊ **အဓိဂစ္ဆတိ**–ရနိုင်၏။

၂။ **ပီတိပါမောဇ္ဇဗဟုလော**–နှစ်သက်ခြင်းတည်းဟူသော ပီတိတရား၊ဝမ်း မြောက် ခြင်းတည်းဟူသော ပါမောဇ္ဇတရားသည်လည်း များစွာဖြစ်ပွားနိုင်သည်၊ **ဟောတိ**– ဖြစ်၏၊ **ဘယဘေရဝပသယှော**–ဘေးကြီးဘေးငယ် ရန်ကြီးရန်ငယ် အသွယ်သွယ်တို့ကို နှိပ်နယ်နိုင်နင်းသည်၊ **ဟောတိ**–ဖြစ်၏၊ **ဒုက္ခာဓိဝါ သနသမ တ္ထော**–ဆင်းရဲဒုက္ခ ကြုံတွေ့ကလည်း ဓမ္မနှလုံးသွင်း သည်းခံခြင်းဌာ စွမ်းနိုင်သည်၊ **ဟောတိ**–ဖြစ်၏။ **သတ္ထာရာ**–သက်တော်ထင်ရှား မြတ်စွာဘုရားနှင့်၊ **သံဝါသသညံ**– အတူတကွ နေထိုင်ရသည်ဟူသော အမှတ်ကို၊ **ပဋိလဘတိ**–ရလေ၏။

၃။ **စေတိယံဝ**–ဗုဒ္ဓစံပျော် စေတီတော်ကဲ့သို့၊ **ပူဇာရဟံ**–ပူဇော်အထူးကို ခံယူခြင်းဌာထိုက်သည်၊ **ဟောတိ**–ဖြစ်၏၊ **ဗုဒ္ဓဘာဝဉ္စ**–သမ္မာသမ္ဗုဒ္ဓလောက သကျံစံ ဘုရားအဖြစ်ကိုလည်း၊ **နမတိ**–စိတ်ညွတ်၏၊ **ဟိရောတ္တပ္ပံ**–မကောင်းမှု ဒုစရိုက်မှ ရှက်ခြင်း၊ ကြောက်ခြင်းသည်၊ **ပစ္စုပ္ပဋ္ဌာတိ**–ရှေးရှုထင်၏၊ **သုဂတိ**

http://www.dhammadownload.com



**သမ္ပရာယနော**–ယခုဘဝမင်္ဂဖိုလ်မရသော်လည်း မရဏာဖျက် ခန္ဓာပျက်ခဲ့လျှင် အထက်သုဂတိလျှင် လဲလျောင်းရာရှိသည်၊ **ဟောတိ**–ဖြစ်၏။

၄။ **တသ္မာ**–အကျိုးတရား ထိုသို့များသောကြောင့်၊ **သုမေဓသော**–ကြောင်းကျိုးမြင်သိ ပညာရှိသူတော်ကောင်းသည်၊ **ဧဝံ**–ဤသို့ဆိုအပ်ခဲ့ပြီးသည့်အတိုင်း၊ **မဟာနုဘာဝါယ**–ကြီးမြတ်သော အာနုဘော်ရှိသော၊ **ဗုဒ္ဓါနုဿတိယာ**–ဘုရားဂုဏ်၌ လွှမ်းထုံမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်း ဗုဒ္ဓါနုဿတိတရား၌၊ **ကယိရာထ**–လုံ့လကြိုးကုတ် စွမ်းအားထုတ်၍ ပြုလုပ်လိုက်ကြကုန်ရာသတည်း။

(ဂါထာပါဌ် အနက်ပြီး၏)

## ဘုရားရှိခိုးရသောအကျိုး

(ရှစ်လုံးဘွဲ့ကဗျာ)

(၁) မြတ်ဘုရား၌၊ ဝတ်တွားရိုသေ။
သဒ္ဓါ, သတိ၊ ဓိတိပုညေ။
နေ့စဉ်ပွားလို့၊ ပယ်ရှားကိလေ။
နှစ်သက်ခြင်း၊ ရွှင်ခြင်းပါမောဇ္ဇေ။

(၂) ဘေးနှင့်ရန်မျိုး၊ ပယ်ချိုးနိုင်သလေ။
ဆင်းရဲကြုံလည်း၊ ခံသည်းမသွေ။
မြတ်ဗုဒ္ဓနှင့်၊ တကွတူနေ။
ပူဇော်ထူး၊ ညွှတ်ဦးခံထိုက်ပေ။

(၃) ဗုဒ္ဓစင်စစ်၊ ဖြစ်လိုက်ချင်သလေ။
ရက်ကြောက်နှစ်ပါး၊ ထင်ရှားပေါ်ချေ။
သေမှာမကြောက်၊ ဆိုက်ရောက်နတ်ပြေ(ပြည်)။
ရှိ–ရှိခိုး၊ ကောင်းကျိုးအထွေထွေ။

(၄) မြတ်ဗုဒ္ဓအား၊ ဝတ်တွားကော်ရော်။
ရှိခိုးရကျိုး၊ ကိုးမျိုးဖွင့်ဖော်။
ဝိသုဒ္ဓိကျမ်း၊ ရွှင်လန်းအလျော်။
ကဗျာဖွင့်၊ ဉာဏ်ဖြင့်ရှုကာမျှော်။

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# စက်ကြီး သုံးပါး

"ဟောသည်စာက ကသာမြို့၊ ကမ်းနားလမ်း၊ ဦးသာဇံဆိုသူထံမှ ပေးပို့တဲ့ အမေးလွှာဖြစ်ပါတယ်"

"ဆိုစမ်းပါဦး၊ သူ့အမေးက ဘာတဲ့တုန်း"

"ခရစ်သက္ကရာဇ် ၁၉၈၅–ခုနှစ်၊ ဧပြီလ ၁–ရက်နေ့စွဲဖြင့် ပေးပို့လိုက်တဲ့ ဦးသာဇံရဲ့အမေးက သူဟာ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တဲ့အတိုင်း စက်ကြီး ၁၃–ပါး မန္တရားကို ငယ်စဉ်ကစပြီး နေ့စဉ် ရွတ်ဖတ် ပွားများခဲ့ပါတယ်တဲ့၊ သို့သော်လည်း စက်ကြီး ၁၃–ပါးအနက် ရတနာသုံးပါးနှင့်စပ်တဲ့ (၁) သြောင်း–တစ်ရာ့ရှစ်ကွက်ဗုဒ္ဓစက်၊ (၂) တစ်ဆယ့်လေးချက် ဓမ္မစက်၊ (၃) တစ်ဆယ့်ရှစ်ချက် သံဃာ့စက်ဆိုတဲ့ စက်သုံးပါးရဲ့ အနက်အဓိပ္ပာယ်များကို နားမလည်ပါဘူးတဲ့၊ ဒါကြောင့် သူနှင့်တကွ သူကဲ့သို့ နားမလည်ကြသေးသောသူများ ရှင်းလင်းစွာ သိသွားအောင် ဓမ္မဗျူဟာစာစောင်မှတစ်ဆင့် ဖြေကြားပေးတော်မူရန် လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား"

"စက်ကြီးတစ်ဆယ့်သုံးပါး၊ ရွတ်သံကြားက၊ ဘေးများမြင်မှု၊ မကောင်းစုကို၊ ဝေးကြဥ်ရှောင်၊ အောင်စေတတ်သည်" ဆိုတဲ့အတိုင်း စက်ကြီးတစ်ဆယ့်သုံးပါးကို ရွတ်သည်မဆိုထားနှင့် သူတစ်ပါးရွတ်သံ ကြားရုံနှင့် ဘေးဥပါဒ်အန္တရာယ်များ အဝေးက ကွင်းရှောင်သွားကြရတယ်ဆိုတော့ အန္တရာယ်

http://www.dhammadownload.com



ကင်းအောင် စက်ကြီး ၁၃–ပါးကို ရွတ်ဆိုသူ များပြားပါတယ်၊ စက်ကြီး ၁၃–ပါးအနက် ရတနာသုံးပါးနှင့်စပ်တဲ့ ဤစက်ကြီး သုံးပါးမှတစ်ပါး ကျန်သော စက်များရဲ့ အနက်အဓိပ္ပာယ်က မခက်ခဲလှပါဘူး၊ ရတနာသုံးပါးနှင့်စပ်တဲ့ ဤစက်သုံးပါးကတော့ မလေ့လာဖူးလျှင် ခက်သလိုလို ဖြစ်နေတယ်၊ ဒါကြောင့် ဦးသာဇံက မေးလိုက်တာနေမှာပေါ့"

"မှန်ပါ ဘုရား"

"အေး–သူမေးလာတော့လည်း အဖြေရှာကြသေးတာပေါ့၊ ဩောင်း–တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်တဲ့၊ သည်စကားရပ်မှာပါဝင်တဲ့ (ဩောင်း)ဆိုတာဟာ (ဥုံ)ဆိုတဲ့ တန္တရဝါဒက ဆင်းသက်လာတာတဲ့၊ တန္တရဝါဒအလိုအားဖြင့် (ဥုံ) ဆိုတာဟာ ဗြဟ္မာ၊ ဗိဿနိုး၊ သီဝဆိုတဲ့ ဘုရားကြီးသုံးဆူတို့ကို စကားတစ်ခွန်းတည်းဖြင့် တမ်းတ ရွတ်ဆိုလိုက်ခြင်းဖြစ်တယ်တဲ့၊ ဘုရားကြီးသုံးဆူ အထိမ်းအမှတ်(အ,ဥ,မ)အက္ခရာ သုံးပုဒ်ကိုစပ်ပြီး (ဥုံ)ဖြစ်လာတယ်လို့ ဆိုကြတယ်၊ ဥုံကမှ အသံပြောင်းပြီး(ဩောင်း)ဖြစ်လာသတဲ့၊ ဩောင်းတို့၊ ဥုံတို့ဟာ မူလက ဘာသန္တရ စကားတွေပါပဲ၊ နောက်တော့ မိမိတို့ မြန်မာဘာသာအတွင်း ဝင်ရောက် နေရာယူကြခြင်းဖြစ်တယ်၊ ဥုံနှင့်ဩောင်းဟာ ဘာသန္တရဘာဝက ဘုရားကြီးသုံးဆူတို့ကို ဟောသော်လည်း ဗုဒ္ဓဘာသာအတွင်း ရောက်လာတော့ ရတနာသုံးပါး အနက်၊ အောင်မြင်ခြင်းအနက်များကို ဟောတယ်လို့ ဆရာတို့ မိန့်ဆိုတော်မူကြ တယ်၊ ဩောင်း–ဥုံတို့ကို အနက်ပေးလိုပါလျှင်–

ဩောင်း–ရတနာသုံးပါး ထင်ရှားဖြစ်စေသတည်း၊

ဩောင်း–အောင်သည်စင်စစ် ဖြစ်စေသတည်း–

လို့အနက်ပေးသင့်တယ်၊ အချို့သော မြန်မာပယောဂဆရာများကတော့ ဩောင်းအစရှိလျှင် မန္တရား၊ ဥုံအစရှိလျှင် မန္တန်လို့ ပြောဆိုကြသေးတယ်ကွယ့်"

"မှန်ပါ့ဘုရား"

"ဥုံ–ဩောင်းတို့ဟာ ယခု ပြောဆိုပြီးတာထက် ကျယ်ပြန့်တဲ့ အနက်အဓိပ္ပာယ် ရှိချင်ရှိလိမ့်ဦးမယ်ပေါ့၊ သို့သော်လည်း သည်နေရာမှာတော့ သည့်မျှလောက်နှင့် ရပ်တန့်ပြီး တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်ဆိုတာကို ဖြေကြစို့ရဲ"

"မှန်ပါ၊ ဖြေတော်မူပါဘုရား"

http://www.dhammadownload.com



"တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်ဆိုတာကို ထောက်လိုက်တော့ ဘုရားရှင်ရဲ့ စက်လက္ခဏာတော်ဟာ တစ်ရာ့ရှစ်ကွက်ရှိတယ်လို့ ဆိုလိုရင်း ဖြစ်တယ်ကွယ့်"

"ဘယ်လို တစ်ရာ့ရှစ်ကွက်လဲဘုရား၊ မိန့်တော်မူပါဦး"

"ဗုဒ္ဓဘုရားရှင်ရဲ့ ခြေဖဝါးတော် အပြင်မှာ အကန့်အကွက်အားဖြင့် ထင်တဲ့ စက်လက္ခဏာပေါင်း ၁၀၈–ကွက် ရှိတယ်ကွယ့်"

"စက်လက္ခဏာ ၁၀၈–ကွက်ကိုလည်း ရေတွက်ပြပေးပါဦး ဘုရား"

"ဗုဒ္ဓဘုရားရှင်ရဲ့ ခြေဖဝါးတော်ဟာ ပတ္တမြားရောင်လို နီမြန်းနေတဲ့ ခြေဖဝါးတော်အပြင်မှာ စကြာမင်းတို့ရဲ့ ပုံတောင်းရတနာ စကြာသဏ္ဌာန်ကဲ့သို့ တပြောင်ပြောင်တောက်ပတဲ့ တစ်ထောင်သောအကန့်၊ ရွှေရောင်အနားကွပ်၊ မြရောင် ပုံတောင်းသဏ္ဌာန် စက်လက္ခဏာထင်နေတယ်၊ ထိုလက္ခဏာမှတစ်ပါး ၁၀၈–ကွက်သော အရေးအသား သဏ္ဌာန်များလည်း ထင်ရှားနေတယ်။

တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာသဏ္ဌာန်တော်များကတော့– (၁) **သတ္တိ**–လှံမပုံ၊ (၂) **သီရိဝစ္ဆ**–ကျက်သရေတိုက်ပုံ၊ (၃) **နန္ဒိယာဝဋ္ဋ**–ဇလပ်ပွင့်ပုံ၊ (၄) **သောဝတ္ထိက**–လည်ရေးသုံးဆင့်ပုံ၊ (၅) **ဝဋံသက**–ဦးဆောက်ပန်းပွင့်ပုံ၊ (၆) **ဝဍ္ဎမာန**–ထမင်းပွဲပုံ၊ (၇) **ဘဒ္ဒပီဌ**–ရွှေအင်းပျဉ်ပုံ၊ (၈) **အင်္ကုသ**–ချွန်းတောင်းပုံ၊ (၉) **ပါသာဒ**–ပြာသာဒ်ပုံ၊ (၁၀) **တောရဏ**–တုရိဏ်တိုင်ပုံ၊ (၁၁) **သေတဆတ္တ**–ထီးဖြူပုံ၊ (၁၂) **ခဂ္ဂ**–သန်လျက်ပုံ၊ (၁၃) **တာလဝဏ္ဋ**–ထန်းရွက်ယပ်ဝန်းပုံ၊ (၁၄) **မယူရဟတ္ထ**–ဥဒေါင်းမြီးစည်းယပ်ပုံ၊ (၁၅) **စာမရီ ကတ္တ**–စာမရီသားမြီးယပ်ပုံ၊ (၁၆) **ဥဏှီသ**–သင်းကျစ်ပုံ၊ (၁၇) **ပတ္တ**–သပိတ်ပုံ၊ (၁၈) **မဏိ**–ပတ္တမြားပုံ၊ (၁၉) **သုမနဒါမ**–မုလေးပန်းကုံးပုံ၊ (၂၀) **နီလုပ္ပလ**–ကြာညိုပန်းပုံ၊ (၂၁) **ရတ္တုပ္ပလ**–ကြာနီပန်းပုံ၊ (၂၂) **သေတုပ္ပလ**– ကြာဖြူပုံ၊ (၂၃) **ပဒုမ**–ပဒုမ္မာကြာပုံ၊ (၂၄) **ပုဏ္ဍရိက**–ပုဏ္ဍရိတ်ကြာပုံ၊ (၂၅) **ပုဏ္ဏဃဋ**–ရေပြည့်အိုးပုံ၊ (၂၆) **ပုဏ္ဏပါတိ**–ရေပြည့်ဖလားပုံ၊ (၂၇) **သမုဒ္ဒ**–သမုဒ္ဒရာလေးစင်းပုံ၊ (၂၈) **စက္ကဝါဠ**–စကြဝဠာတောင်ပုံ၊ (၂၉) **မေရု**–မြင်းမိုရ် တောင်ပုံ၊ (၃၀) **သူရိယမဏ္ဍလ**–နေစက်ဝန်းပုံ၊ (၃၁) **စန္ဒမဏ္ဍလ**–လစက်ဝန်းပုံ၊ (၃၂) **နက္ခတ္တ**–နက္ခတ် ၂၇လုံးပုံ၊ (၃၃–၃၄–၃၅–၃၆) **စတုမဟာဒီပ**–ကျွန်းကြီး လေးကျွန်းပုံ၊ (၃၇) **စက္ကဝတ္တိ**–စကြဝတေးမင်းပုံ၊ (၃၈) **ဒက္ခိဏာဝဋ္ဋသင်္ခ**– လက်ယာရစ် ခရုသင်းပုံ၊ (၃၉)

http://www.dhammadownload.com



**သုဝဏ္ဏမစ္ဆယုဂလ**—ရွှေငါးကြင်းရုပ်အစုံ၊ (၄၀) **စက္ကာဝုဓ**—လက်နက်စကြာပုံ၊ (၄၁-၆၁) **သတ္တမဟာဂင်္ဂါ**—မြစ်ကြီးခုနစ်စင်း, **သတ္တကုလပဗ္ဗတာ**—တောင်စဉ်ခုနစ်ထပ်, **သတ္တမဟာသရ**—အိုင်ကြီးခုနစ်အိုင်ပုံ၊ (၆၂) **သုပဏ္ဏရာဇ**—ဂဠုန်ငှက်ပုံ၊ (၆၃) **သံသုမာရ**—မိကျောင်းပုံ၊ (၆၄) **ဓဇပဋာက**—တံခွန်, ကုက္ကား, မုလေးပွားပုံ၊ (၆၅) **သုဝဏ္ဏသိဝိကာ**—ရွှေထမ်းစင်ပုံ၊ (၆၆) **သုဝဏ္ဏဝါဠဗီဇနီ**—ရွှေသားမြီးယပ်ပုံ (၆၇) **ကေလာသပဗ္ဗတ**—ကေလာသ ငွေတောင်ပုံ၊ (၆၈) **သီဟရာဇာ**—ခြင်္သေ့မင်းပုံ၊ (၆၉) **ဗျဂ္ဃရာဇ**—ကျားမင်းပုံ (၇၀) **ဝလာဟကအဿရာဇ**—ဝလာဟက မြင်းပျံပုံ၊ (၇၁) **ဥပေါသထဆဒ္ဒန္တ နာဂရာဇ**—ဥပေါသထဆင်မင်း, ဆဒ္ဒန်ဆင်မင်းပုံ၊ (၇၂) **ဗာသုကီနာဂရာဇ**— ဗာသုကီနဂါးမင်းပုံ၊ (၇၃) **ဟံသရာဇ**—ဟင်္သာမင်းပုံ၊ (၇၄) **ဥသဘရာဇာ**— နွားလားဥသဘပုံ၊ (၇၅) **ဧရာဝဏ**—ဧရာဝဏ် ဆင်မင်းပုံ၊ (၇၆) **သုဝဏ္ဏမကာရ**— ရွှေမကာရ်းပုံ၊ (၇၇) **စတုမုခ**—မျက်နှာလေးခုရှိသော ဗြဟ္မာပုံ၊ (၇၈) **သုဝဏ္ဏ နာဝါ**—ရွှေလှေပုံ၊ (၇၉) **သဝစ္ဆကဓေနု**—သားငယ်နှင့်တကွ နွားမပုံ၊ (၈၀) **ကိံပုရိသာ**—ကိန္နရာဖိုပုံ၊ (၈၁) **ကိံပုရိသီ**—ကိန္နရီမပုံ၊ (၈၂) **ကရဝိက**-ကရဝိက် ငှက်ပုံ၊ (၈၃) **မယူရရာဇာ**—ဥဒေါင်းမင်းပုံ၊ (၈၄) **ကောဉ္စရာဇာ**-ကြိုးကြာငှက်မင်းပုံ၊ (၈၅) **စက္ကဝက္ကရာဇာ**—စက္ကဝက်ငှက်မင်းပုံ၊ (၈၆) **ဇီဝကရာဇာ**-ဇီဝဇိုးငှက်မင်းပုံ၊ (၈၇-၉၂) နတ်ပြည်ခြောက်ထပ်ပုံ၊ (၉၃-၁၀၈) ရူပဗြဟ္မာ ၁၆-ထပ်ပုံ၊ အားလုံးရေတွက်လိုက်လျှင် ဘုရားရှင်ရဲ့ ခြေဖဝါးတော်မှာ ထင်နေတဲ့ **စက်လက္ခဏာတော်ပေါင်း ၁၀၈**-ကွက်ရှိတယ်၊ သည် စက်လက္ခဏာ **၁၀၈-ကွက်ကိုရည်ပြီး** "ဩောင်း-တစ်ရာ့ရှစ်ကွက်၊ ဗုဒ္ဓစက်လို့ ဆိုတာပဲကွယ်"

"တစ်ဆယ့်လေးချက် ဓမ္မစက်ကိုလဲ အဖြေပေးပါဦး ဆရာတော်"

"၁၄-ချက် ဓမ္မစက်ဆိုတာ မဂ်လေးပါး၊ ဖိုလ်လေးပါးရယ်၊ တရားတော်ရဲ့ ဂုဏ်တော် ခြောက်ပါးရယ် အားလုံးပေါင်းလိုက်တော့ (၁၄)ပါး မရဘူးလား"

"ရပါတယ်ဘုရား"

"အဲသည် ၁၄-ပါးဟာ ၁၄-ချက် ဓမ္မစက်ပါပဲကွယ်"

"တစ်ဆယ့်ရှစ်ချက် သံဃာ့စက်လဲ မိန့်တော်မူပါဦးဘုရား"

"သံဃာတော်ဟာ သမုတိသံဃာ၊ ပရမတ္ထသံဃာရယ်လို့ နှစ်မျိုးရှိတယ်ကွယ့်၊ သံဃာတော် တစ်မျိုးမျိုးမှာ သုပ္ပဋိပန္နတာ စတဲ့ ဂုဏ်တော်ပေါင်း

http://www.dhammadownload.com


ကိုးပါးစီ, ကိုးပါးစီရှိကြတယ်၊ သံဃာနှစ်မျိုးကို ပေါင်းလိုက်တော့ ဂုဏ်တော် ပေါင်း ဘယ်လောက်ရှိသလဲကွယ့်"

"ဂုဏ်တော်နှစ်မျိုးကို ပေါင်းလိုက်တော့ ၁၈-ပါးရှိပါတယ် ဘုရား"

"အေး-အဲသည် ၁၈-ပါးဟာ တစ်ဆယ့်ရှစ်ချက် သံဃာ့စက်ပါပဲကွယ်၊ နားရှင်းပြီ မဟုတ်လား"

"မှန်ပါ၊ နားရှင်းပါပြီ ဘုရား"

"သာဓု-သာဓု-သာဓု"



http://www.dhammadownload.com



# ဘုရားရှင်၏အရပ်တော်

“ဟောသည်မှာဘုရား၊ ၁၈–၈–၈၄– နေ့စွဲနှင့် ဆရာတော်ထံ အမေးပုစ္ဆာ တစ်စောင် ရောက်ပြန်ပြီဘုရား”

“ဘယ်က အမေးလဲကွယ့်”

“မန္တလေးမြို့၊ အနောက်ပြင်၊ ရတနာပုဂံတိုက်၊ ကျောင်းသစ်ကျောင်း၊ အရှင်စက္ကိန္ဒထံကပါဘုရား”

“အရှင်စက္ကိန္ဒက ဘာတွေများ မေးထားသလဲကွယ့်”

“ယခုအခါ ဘုရားရှင်၏ အရပ်တော်နှင့် ပတ်သက်ပြီး အငြင်းအခုံဖြစ်နေကြပါသတဲ့၊ အချို့က ဘုရားရှင်ရဲ့ အရပ်တော်ဟာ (၁၈)တောင် မရှိဘူး၊ လေးတောင်သာရှိတယ်လို့ ပြောကြပါတယ်တဲ့၊ တချို့ကလည်း လေးတောင် မဟုတ်ဘူး၊ (၁၈)တောင်ရှိတယ်လို့ ငြင်းကြတယ်တဲ့၊ ကာလဒေသ အခြေအနေအရ ဘုရားရှင်ရဲ့ အရပ်တော်ဟာ (၁၈)တောင် မဖြစ်သင့်ဘူး၊ လေးတောင်ဆိုတာ ဟုတ်ကောင်းဟုတ်မှာပဲလို့ ထင်ခဲ့ပါတယ်တဲ့၊ ဒါပေမယ့် ဝိနည်းကျမ်းများအရ (ရှင်စောတစ်ထွာ–မဇ်သုံးထွာ–တို့မှာ ထက်ဝက်တိုး) ဆိုတာကလည်း ရှိနေတော့ သည်အယူအဆ နှစ်မျိုးကို ညီညွတ်အောင် ဘယ်လို ယူရပါ့မလဲလို့ မဆုံးဖြတ်နိုင်လို့ ဆရာတော်ထံ စာဖြင့် လျှောက်ထားရခြင်း ဖြစ်ပါတယ်တဲ့၊ သည်ပြဿနာကိုလည်း အဖြေပေးပါဦးလို့ မေးထားပါတယ် ဆရာတော်”

“ဘုရားရှင်ရဲ့ အရပ်တော်ပြဿနာဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)ကျော်

http://www.dhammadownload.com



လောက်ကစပြီး ဖြစ်ပွားလာသတဲ့ကွယ်၊ ခရစ်သက္ကရာဇ် ၁၉၃၇–ခုနှစ်လောက်က ပေါ့ကွယ်၊ ပြဿနာ စတင် ဖြစ်ပွားလာတဲ့ နယ်မြေကတော့ တိုးတက်ရေးမဂ္ဂဇင်းဖြစ်တယ်၊ ထိုခေတ်က တိုးတက်ရေးမဂ္ဂဇင်းမှာ ကိုစိန်ဖေ၊ ရှေ့နေဦးဘဦး၊ ဘိုးမေတ္တာ၊ ဘိုးဣန္ဒာတို့ဟာ တိုးတက်ရေးစစ်မြေမှာ သူနိုင်ငါနိုင်အပြိုင်ကြဲခဲ့ကြတာပေါ့၊ ဘုရားရှင်အရပ်တော်ဟာ (၁၈)တောင် မရှိတဲ့ ဝါဒကို ဘိုးမေတ္တာတို့၊ ကိုစိန်ဖေတို့က တင်ပြကြသကွယ့်၊ သူတို့ရဲ့ ယုတ္တိဗေဒက ဘယ်လိုလဲဆိုတော့ ဘုရားရှင်ရဲ့ အရပ်တော်ဟာ (၁၈)တောင်ဆိုလျှင် ဘုရားရှင်ရဲ့သင်္ကန်းကို ရှင်မဟာကဿပ ဝတ်လို့မဖြစ်၊ လဲ၍ဝတ်သည်ကို ထောက်သောအားဖြင့် ဘုရားရှင်ရဲ့ အရပ်တော်ဟာ သူလိုငါလိုပဲ ဖြစ်ရမယ်ပေါ့၊ ပြီးတော့ ဘုရားရှင်ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် ခန္ဓာတော်ကို သဂြိုဟ်ရန်အတွက် မကုဋဗန္ဓအရပ်ကို ဆောင်ခဲ့ကြတယ်၊ ဘုရားရှင်ရဲ့အလောင်းတော် မလ္လိကာရဲ့အိမ်ရှေ့ရောက်တော့ မလ္လိကာက အမောင်တို့–အလောင်းတော်ကို ခဏချပေးကြပါလို့တောင်းပန်ပြီး သူငယ်ရွယ်စဉ်က ဝတ်ဆင်ခဲ့တဲ့မဟာလတာတန်ဆာကိုစွပ်ပြီး လှူဒါန်းတယ်၊ အဲသည် မဟာလတာတန်ဆာဟာ ဦးခေါင်းတော်မှ ခြေဖျားအထိ ဖုံးလွှမ်းမိတယ်လို့ သုတ်မဟာဝါအဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်အဖွင့်မှာ ဆိုပါသတဲ့၊ အကယ်၍ ဘုရားရှင်ရဲ့အရပ်သာ (၁၈)တောင်ရှိခဲ့လျှင် မိန်းမ ဝတ်ဆင်တဲ့ သည် မဟာလတာတန်ဆာဟာ ဘယ်မှာ ခြေဖျားတိုင်အောင် စွပ်မိပါ့မလဲ၊ ဒါကြောင့် ဘုရားရှင်ရဲ့ အရပ်တော် (၁၈)တောင် မရှိပါဘူးတဲ့၊ ပြီးတော့ ကပိလဝတ်နန်းတော်ဟာ ပကတိလူသားများအတွက် ဆောက်လုပ်ထားတဲ့ အဆောင်ဖြစ်တယ်၊ သည်အဆောင်တွေမှာ အရပ် (၁၈)တောင်ရှိတဲ့ ဘုရားအလောင်း ဘယ်လို နေထိုင်သွားလာ ဖြစ်ပါ့မလဲတဲ့။

ဤသို့သော ယုတ္တိများဖြင့် နှိုင်းချိန်ကြည့်တဲ့အခါ ဘုရားရှင်ဟာ လူသားတစ်ဦးဖြစ်တဲ့အတွက် သူလိုငါလို လူသားတစ်ဦးလောက်ပင် အရပ်ပမာဏရှိရမယ်၊ အရပ်တော် (၁၈)တောင်ဆိုတာ ကျမ်းဆရာများက ချဲ့ထွင်ထားတာဖြစ်ရမယ်လို့ ယုတ္တိဘက်က ရေးသားကြတယ်၊ အရပ်တော်(၁၈)တောင်ဘက်က ဘယ်လို ချေပသလဲဆိုတော့ အတိုင်းအရှည် ပမာဏနှင့်ပတ်သက်တဲ့ ပညတ်ချက် မှန်သမျှတွေမှာ အလျားမည်မျှ၊ အနံမည်မျှလို့ သာမန် ဟောရိုးမရှိတဲ့

http://www.dhammadownload.com


(တတြိံ ပမာဏံ ဒီဃသော ဒွါဒသဝိဒတ္ထိယော သုဂတဝိဒတ္ထိယာ တိရိယံ သတ္တန္တ ရာ)စသောအားဖြင့် ဘုရားရှင်ရဲ့ အထွာတော်ကို အထူးထည့်ပြီး ဟောထားတယ်၊ အကယ်၍ ဘုရားအထွာတော်နှင့် ပကတိလူတို့ရဲ့ အထွာဟာ အတူတူဖြစ်ပါလျှင် သုဂတဝိဒတ္ထိယာ ဆိုတဲ့စကားဟာ အပိုဖြစ်နေလိမ့်မယ်၊ အပိုဖြစ်မယ့်စကားကို ဘုရားရှင် သုံးရိုးမရှိဘူး၊ ဒါကြောင့် ဘုရားရှင်ရဲ့အရပ်တော်ဟာ ပကတိလူတို့ရဲ့အရပ်နှင့်မတူဘဲ ပိုမို ကြီးထွားရမယ်လို့ ခုခံ ပြောဆိုကြတယ်ကွယ့်"

မဇ္ဈိမ၊ ဋ္ဌ၊၂၈၇–မှာ– ရာဇဂြိုဟ်ပြည်သား ပုဏ္ဏားတစ်ဦးဟာ ဘုရားရှင်ရဲ့ ပမာဏကို တိုင်းမယ်ရယ်လို့ ဘုရားရှင် ဆွမ်းခံဝင်တဲ့အခါ အတောင်ခြောက်ဆယ်ရှည်တဲ့ ဝါးကိုထောင်ပြီး တိုင်းသတဲ့၊ ဒါပေမယ့် ဝါးဟာ ပဆစ်မျှလောက်သာ ထင်သတဲ့၊ မကျေနပ်လို့ ဝါးနှစ်လုံးဆက်ပြီး တိုင်းသော်လည်း ဘုရားရှင်ရဲ့ အရပ်တော်ဟာ ဝါးတွေရဲ့အထက်မှာပဲ တည်သတဲ့၊ ဘုရားရှင်က ပုဏ္ဏား–ဘာလုပ်တာလဲမေးတော့ အရှင်ဘုရားရဲ့ အရပ်တော်ကို တိုင်းတာပါလို့ လျှောက်တယ်၊ ဘုရားရှင်က ပုဏ္ဏား–သင်ဟာ အလုံးစုံသော စကြဝဠာတိုက်အပြည့် ဝါးကို ထောင်တိုင်းသော်လည်း ငါဘုရားရဲ့ပမာဏကို တိုင်းရမည်မဟုတ်ဘူးလို့ မိန့်တော်မူသတဲ့၊ ဒါကြောင့် ရူပအစိန္တေယျ ဖြစ်တော်မူတဲ့ ဘုရားရှင်ရဲ့ အရပ်တော်ကို လေးတောင်မျှနှင့် မဆုံးဖြတ်သင့်ဘူးလို့ ဆိုကြတယ်ကွယ့်"

"သည်လိုဆို သည်ဝါဒနှစ်ရပ်အနက် ဘယ်ဝါဒက မှန်တယ်လို့ ဆုံးဖြတ်ပါသလဲဘုရား"

"ဘယ်ဝါဒက မှန်တယ်လို့လဲ ဘယ်သူကမျှ မဆုံးဖြတ်နိုင်ပါဘူး၊ နောက်ဆုံးတော့ သူကြိုက်တာ သူယူ၊ ကိုယ်ကြိုက်တာ ကိုယ်ယူပြီး အဆုံးသတ်သွား တာပါပဲ"

"သည်ပြဿနာဟာ အခု တော်တော်လေး လှုပ်ရှားလာဟန်တူတယ်ဘုရား ဆရာတော်ကတော့ ဘယ်ဘက်က သဘောကျပါသလဲ"

"သဘောကျ–မကျနှင့် ပတ်သက်ပြီး နည်းနည်း သတိပြုဖို့ ပြောပြဦးမယ်"

"မိန့်တော်မူပါဘုရား"

http://www.dhammadownload.com


"ကမ္ဘာပေါ်မှာ ဘုရားရှင်ရဲ့ သာသနာတော်ကြီး နှစ်ခုရှိတယ်ကွယ့်၊ တောင်ဂိုဏ်းသာသနာနှင့် မြောက်ဂိုဏ်းသာသနာပေါ့၊ မြောက်ဂိုဏ်းသာသနာဆိုတာ အိန္ဒိယပြည်မြောက်ပိုင်း ခိုတန်၊ ကသ္မီရ၊ ဂန္ဓာရ၊ နီပေါ၊ တိဗက်၊ မွန်ဂိုလီးယား၊ တရုတ်၊ ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ်တစ်လျှောက် ထွန်းလင်းတောက်ပတဲ့ ဗုဒ္ဓသာသနာဖြစ်တယ်၊ အဲသည် မြောက်ပိုင်း ဗုဒ္ဓသာသနာက သီလဆိုတဲ့အလေ့အကျင့်နှင့် ပညာဆိုတဲ့ အတွေးအခေါ်နှစ်ပိုင်းမှာ ပညာဆိုတဲ့ အတွေးအခေါ်ပိုင်းမှာ ပါဝင်တယ်၊ ဘုရားရှင်က (အံ ၃၊ ပါ ၁၈၉) ကေသမုတ္တိသုတ္တန်မှာ အတွေးအခေါ် (၁၀)ချက်ကို ဟောထားတယ်၊ အတွေးအခေါ် (၁၀) ချက်က–

(၁) ပြောသံကြားဖြင့် အမှန်မယူရ၊
(၂) အစဉ်အဆက်စကားဖြင့် အမှန်မယူရ၊
(၃) ဤသို့ ဖြစ်ဖူးသည် ဆိုကာမျှဖြင့် အမှန်မယူရ၊
(၄) စာပေနှင့် ညီညွတ်သည် ဆိုကာမျှဖြင့် အမှန်မယူရ၊
(၅) ကြံဆ တွေးတောယူခြင်းခြင့် အမှန်မယူရ၊
(၆) နည်းမှီယူခြင်းမျှဖြင့် အမှန်မယူရ၊
(၇) အခြင်းအရာကို ကြံစည်နှစ်သက်သောအားဖြင့် အမှန်မယူရ၊
(၈) ငါ့အယူအဆနှင့် တူသည်ဟု အမှန်မယူရ၊
(၉) မှတ်သားထိုက်သည်ဆိုကာမျှဖြင့် အမှန်မယူရ၊
(၁၀) လေးစားထိုက်သောသူ၏ စကားဟူ၍လည်း အမှန်မယူရ–တဲ့။

မိမိကိုယ်တိုင် သိသောအခါမှ အမှန်ယူဆရမှာကိုးကွယ့်၊ သည်အတွေးအခေါ် အချက်များကို မြောက်ပိုင်းဂိုဏ်းသားများက အလွန် သဘောကျပါတယ်၊ ဒါကြောင့် ဘုရားရှင် လက်ထက်တော်တုန်းကပင်လျှင် အချို့က ဘုရားရှင်ဟောတိုင်း လက်မခံကြဘူး၊ သဘာဝယုတ္တိနှင့် ညှိပြီး ကိုက်ညီမှ လက်ခံတယ်၊ မကိုက်ညီဘူး ဆိုလျှင် ဘုရားရှင်ကိုသော်လည်း ဝေဖန်ရဲကြတယ်၊ ဥပမာအားဖြင့် အရိဋ္ဌ ရဟန်းတို့က ကာမသာမဏေတို့ ဆိုပါစို့၊ သူတို့ဟာ ဘုရားပညတ်ထားတဲ့ ပထမ ပါရာဇိကကိုတောင် ပါရာဇိက မဖြစ်သင့်ဘူးလို့ ဝေဖန်ခဲ့ကြတာပေါ့"

"မှန်ပါ–အဲသည် အရိဋ္ဌနှင့် ကဏ္ဍကတို့အကြောင်း နည်းနည်း အမိန့်

http://www.dhammadownload.com



ရှိပါဦး ဘုရား"

"အရိဋ္ဌနှင့် ကဏ္ဍကတို့ရဲ့ ပညတ်ချက်ကတော့ ပါတိမောက် သပ္ပါဏက ဝဂ်မှာရှိတယ်၊ မူလပဏ္ဏာသပါဠိတော် ဩပမ္မဝဂ်မှာလည်း အလဂဒ္ဒူပမသုတ် ဆိုတဲ့အမည်နှင့် သုတ်တစ်သုတ် ဟောထားတာရှိတယ်၊ ဘုရားသခင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ်အခါ အရိဋ္ဌအမည်ရှိတဲ့ ရဟန်းမှာ သည်လို အကြံဖြစ်သတဲ့ကွယ်၊ ဘုရားသခင်ဟာ မေထုန်မှီဝဲသော ရဟန်းအား ပါရာဇိကကျစေလို့ ပညတ်တော်မူထားတယ်၊ ပါရာဇိကဆိုတာဟာ သာသနာတော်မှာ ဆုံးရှုံးခြင်းဖြစ်တယ်၊ သာသနာတော်မှာ ဆုံးရှုံးတယ်ဆိုဟာ ဟာလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ခြင်းကို ဆိုလိုခြင်းဖြစ်တယ်၊ အမှန်က တော့ မေထုန်မှီဝဲရုံနှင့် ဘာကြောင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိတ်သုဉ်းရမှာလဲ၊ မေထုန်မှီဝဲတယ်ဆိုတာဟာ ကာမဂုဏ်ကို ခံစားတာပဲ၊ ကာမဂုဏ်ဆိုတာ မေထုန်တစ်ခုတည်း မဟုတ်ဘူး၊ အဆင်းအပေါ် တပ်မက်ခြင်း၊ အသံအပေါ် တပ်မက်ခြင်း၊ အနံ့အပေါ် တပ်မက်ခြင်း၊ အရသာအပေါ် တပ်မက်ခြင်း၊ အထိ အတွေ့ အပေါ် တပ်မက်ခြင်းတွေဟာလည်း ကာမဂုဏ်ကို ခံစားတာပဲမဟုတ်လား၊ အဲသည် ကာမဂုဏ် ခံစားတာတွေတော့ ပါရာဇိကမကျဘဲ မေထုန်မှီဝဲမှ ဘာ ကြောင့် ပါရာဇိကကျမလဲ၊ သည်ကာမဂုဏ်ငါးပါးမှာ ဖောဋ္ဌဗ္ဗဆိုတဲ့ အတွေ့အထိ ကာမဂုဏ်က အားကြီးလို့ ပါရာဇိက ကျတာပါဆိုခဲ့လျှင် အခြား ပိုးဖဲကတ္တီပါ၊ စသောအတွေ့အထိများ ခံစားတော့ ဘာကြောင့် ပါရာဇိကမကျသလဲ၊ ပြီးတော့ လူသား ဥပါသကာ ဥပါသကီတွေ သူတို့မှာ လင်နှင့်မယား ပျော်ပါးနေထိုင် ရင်း တစ်မဂ်တစ်ဖိုလ် ရကြတယ်မဟုတ်လား၊ ရဟန်းကျမှ အဝတ်ချင်းကွဲ ရုံနှင့် ဘာကြောင့် ပါရာဇိကကျရမလဲ၊ အဲသည်လို အကြံကြီးပြီး ဘုရားရှင်ရဲ့ ပထမပါရာဇိက သိက္ခာပုဒ်ကို ဝေဖန်ခဲ့ကြတယ်၊ အရိဋ္ဌရဟန်းနှင့် ကဏ္ဍက သာမဏေတို့ရဲ့ ဝေဖန်ချက်ဟာ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဖြစ်လို့ ပေါ့၊ သို့မို့ရင် သည်ဝါဒကိုပြေပျောက်အောင် နှိမ်နင်းဖို့ မလွယ်ဘူး၊ သို့သော်လည်း ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံသွားပြီးနောက် ပညာဂရုကပုဂ္ဂိုလ်တွေဟာ ခေတ်နှင့် အံမဝင်သော၊ သဘာဝမကျသော၊ လူတိုင်း လက်မခံနိုင်သော၊ ကျပ်တည်း ကျဉ်းမြောင်းသော အတွေးအခေါ်များကို ပိဋကတ်တော်တွင်းက တစ်စတစ်စ

http://www.dhammadownload.com



ထုတ်ပယ်ပစ်ခဲ့ကြတယ်။

ကာလဒေသနှင့်လျော်သော၊ လူတိုင်းလက်ခံနိုင်သော၊ ဟောပြောလျှင် ယုံကြည်လွယ်သော အတွေးအခေါ်များကို ပိဋကတ်တော်အတွင်း ထိုးသွင်းခဲ့ကြ တယ်၊ အဲဒါကြောင့် မူလပိဋကတ်တော်များကို မပစ်ပယ်နိုင်သော ပုဂ္ဂိုလ်များ နှင့် လမ်းခွဲခဲ့ကြရတယ်၊ အဲသည် လမ်းခွဲထွက်သွားကြတဲ့ ပုဂ္ဂိုလ်များဟာ ခေတ်မီသော ပုဂ္ဂိုလ်များ၊ ပညာတတ် ပုဂ္ဂိုလ်များဖြစ်ကြတယ်၊ သူတို့က ဘယ်လို ပြောသွားသလဲဆိုတော့ ကျန်ရစ်ခဲ့တဲ့ပုဂ္ဂိုလ်တွေဟာ အယူသည်းပုဂ္ဂိုလ် တွေ၊ အမေမှာ တဲ့ဆန်တစ်ခွဲ သုံးစိတ်နှင့်မလဲဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ ခေတ်မမီတဲ့ ရှေးရိုးလူကြီးတွေလို့ ပြောသွားကြတယ်၊ သူတို့ပြောသွားတဲ့ စကားအရ တောင်ဂိုဏ်းသာသနာကို ဟိနယာနဂိုဏ်း၊ ထေရဝါဒဂိုဏ်းလို့ ယနေ့အထိ ခေါ်နေကြရတယ်၊ မြောက်ဂိုဏ်းက မဟာယာနပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓသာသနာ တော်ကို ခေတ်နှင့်အမီ ပြုပြင်ခဲ့ကြလို့ ယနေ့ဆိုလျှင် မြောက်ဂိုဏ်းသာသနာမှာ စင်ကြယ်သော ပိဋကတ်တော်လည်း မရှိတော့ဘူး၊ ပါတိမောက်နှင့်အညီ ကျင့်သုံးနေထိုင်တဲ့ ရဟန်းတော်ဆိုတာလည်း မရှိတော့ဘူး၊ သားနှင့်မယားနှင့် ဘုန်းကြီးတွေ ခေတ်စားနေကုန်ပြီ၊ ငါတို့ရဲ့ သာသနာက မဟာယာန သာသ နာ မဟုတ်ဘူး၊ အမေမှာတဲ့ ဆန်တစ်ခွဲကို သုံးစိတ်နှင့်မလဲရတဲ့၊ ဟိနယာန– ထေရဝါဒ သာသနာတော်ဖြစ်တယ်၊ ထေရဝါဒ သာသနာဟာ ဘုရားဟောသော ပါဠိတော်နှင့် ရှေးဆရာများဖွင့်ထားတဲ့ အဋ္ဌကထာ၊ အဲသည်ဟာကို မြဲမြဲဆုပ်ထား ရတဲ့ သာသနာဖြစ်တယ်၊ ပါဠိတော်ကလာတယ်ဆိုလျှင် အဋ္ဌကထာက လာတယ် ဆိုလျှင် ခံငြင်းဖို့ မပြင်ဆင်ရဘူး၊ အရှိကိုအရှိအတိုင်း မှတ်ရမယ်၊ အကယ်၍ ရှုပ်ထွေးလာခဲ့လျှင် မဟာပဒေသလေးပါးနှင့် ဝေဖန်ယူရမယ်၊ မဟာပဒေသ လေးပါးဆိုတာ လောကယုတ္တိနှင့် ညှိနှိုင်းဝေဖန်တာ မဟုတ်ဘူး၊ ကျမ်းလာစကား နှင့် တိုက်ဆိုင်ပြီး ယူရတာကို ဆိုလိုတယ်။ (အံ ၄၊ ၄၈၆၊၄၈၉)

အကယ်၍ ကျမ်းလာစကားနှင့် မတိုက်ဆိုင်ဘဲ လောကယုတ္တိနှင့်သာ တိုက်ဆိုင်ယူရမယ်ဆိုလျှင် ဈာန်အရာ၊ ကံအရာ၊ မဂ်ဉာဏ်အရာ၊ ဖိုလ်ဉာဏ်အရာ တွေဟာ ဘယ်မှာ ကျန်တော့မလဲ၊ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကော ကျန်ပါဦး မလား၊ ၅၅၀–နိပါတ်တော်တွေ၊ ဓမ္မပဒ ဝတ္ထုတွေဟာလည်း ယုတ္တိစားတာနှင့်

http://www.dhammadownload.com


ကုန်သွားလိမ့်မယ်၊ ဒါကြောင့် ထေရဝါဒဂိုဏ်းရဲ့မူအရ ပြဿနာ တစ်ခုပေါ်လာလျှင် ကျမ်းများက ဘယ်လိုဆိုသလဲဆိုတာ ကျမ်းဂန်နှင့် စိစစ်သင့်တယ်၊ နိုင်ငံတော် သီခြားဝိနည်းမိုရ်အဖွဲ့များ ဖွဲ့ပြီး ဓမ္မ–အဓမ္မ အဆုံးအဖြတ်ပေးနေတာဟာလည်း ယုတ္တိနှင့် အဆုံးအဖြတ်ပေးနေတာ မဟုတ်ဘူး၊ ကျမ်းဂန်နှင့်ညှိနှိုင်းတိုက်ဆိုင်ပြီး အဆုံးအဖြတ် ပေးနေခြင်းဖြစ်တယ်၊ အကယ်၍ ကျမ်းဂန်အဆိုကို မကြိုက်ဘူး၊ ယုတ္တိယုတ္တာတွေနှင့် စိစစ်ချင်ပါတယ်ဆိုလျှင် ထေရဝါဒအတွင်းမှာ မနေဘဲ မဟာယာနဂိုဏ်းအတွင်း ဝင်ရောက်ဖို့ပဲ ရှိတယ်ကွယ့်"

"သည်လိုဆို ထေရဝါဒဆိုတာ ကျမ်းလာစကားမှန်သမျှ မျက်စိမှိတ်ပြီး ယုံရမယ်၊ ယုတ္တိယုတ္တာ ရှိမရှိ မစစ်ဆေးရဘူးလို့ အဓိပ္ပာယ်ပေါက်နေတာပေါ့ ဘုရား"

"အမှန်ကတော့ ကျမ်းလာစကားကို မစစ်ဆေးရဘူးလို့ မဆိုလိုပါဘူး၊ သို့သော်လည်း ကျမ်းပြုပုဂ္ဂိုလ်ရဲ့ ဉာဏ်နှင့် မိမိရဲ့ဉာဏ် အဆင့်အတန်းချင်း တူမတူ ရှေးဦးစွာ သိထားရမယ်၊ ကျမ်းပြုပုဂ္ဂိုလ်ကို ဗုဒ္ဓမတညူလို့ ချီးကျူးကြရတယ်၊ ဘုရားအလိုတော်ကို သိတယ်ပေါ့၊ ဒီလို ဘုရားအလိုတော်ကိုသိတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ယူဆချက်ကို ကိုယ်ယူဆချက်နှင့် မတူရုံနှင့် ပယ်ချဖို့ မသင့်သေးဘူး၊ မိမိက ကျမ်းပြုပုဂ္ဂိုလ်ရဲ့အယူအဆကို မှီအောင် လေ့လာရမယ်၊ ဆိုလိုတာက ကျမ်းဂန်ဘက်ကရပ်တည်ပြီး အဖြေရှာရမယ်၊ ကျမ်းဂန်ကို ပုတ်ခတ်ပြီး အဖြေမရှာကောင်းဘူး၊ ကျမ်းဂန်ကို ပုတ်ခတ်ပြီး အဖြေရှာခဲ့လျှင် ဗုဒ္ဓသာသနာတော်ကြီး ကွယ်သွားတတ်တယ်။

ဥပမာ–ယခု ဘုရားအရပ်တော်နှင့်ပတ်သက်ပြီး ဆိုကြပါစို့၊ ဗုဒ္ဓဝင်ပါဠိတော် (၃၈၀)မှာ–

**"အဟံ အဿတ္ထ မူလမှိ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။**
**ဗျာမပ္ပဘာ သဒါ မယှံ၊ သောဠသဟတ္ထမုဂ္ဂတာ"**

လို့ ဟောထားတယ်၊ ငါဟာ ညောင်ဗုဒ္ဓဟေပင်ရင်းမှာ မြတ်သော ဗောဓိဉာဏ်ကို ရတယ်၊ ငါဟာ တစ်လံမျှလောက်သော ရောင်ခြည်တော် အမြဲ ရှိတယ်၊ အရပ်တော်(၁၆)တောင် မြင့်တယ်လို့ ဆိုလိုတာပေါ့၊ အရပ်တော် (၁၆)တောင်ဆိုတာကို "ရှင်စောတစ်ထွာ၊ မဇ်သုံးထွာ၊ တို့မှာ ထက်ဝက်တိုး"

http://www.dhammadownload.com


ဆိုတာနှင့် ဂဏန်းတွက်ချက်ဖို့ လွယ်ကူအောင် အဋ္ဌကထာဆရာက **"အမှာကံ ဘဂဝါ အဋ္ဌာရသ ဟတ္ထုဗ္ဗေဓော အဟောသိ"** ငါတို့ရဲ့ဘုရားရှင်ဟာ အရပ်တော် (၁၈)တောင် မြင့်တယ်လို့ ဖွင့်ထားတယ်၊ သည်နေရာမှာ ဘုရားရှင်ရဲ့ အရပ်တော် အစစ်ကတော့ (၁၆)တောင်ပါပဲ၊ (၁၈)တောင်ဆိုတာက ဂဏန်းအတွက် လွယ်အောင် အနည်းငယ်ပိုထားခြင်းဖြစ်တယ်၊ (၁၆)တောင်ဖြစ်စေ၊ (၁၈)တောင် ပင်ဖြစ်စေ လောကလူသားတို့ရဲ့အရပ်နှင့် စံချိန်မတူလို့ မမှန်ဘူး၊ အလကား ချဲ့ထွင်ထားတာဆိုခဲ့လျှင် သည်စကားရပ်ဟာ သည်မှာတင် မရပ်ဘူး။

ဒီပင်္ကရာ၊ ရေဝတ၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီ၊ ကောဏ္ဍည၊ မင်္ဂလ၊ နာရဒ၊ သုမေဓာဘုရားများ အရပ်တော်(၈၈)တောင် ရှိတယ်ဆိုတာတွေ၊ သုမနဘုရားအရပ်တော် အတောင်ကိုးဆယ်ဆိုတာတွေ၊ သောဘိတ၊ အနောမ ဒဿီ၊ ပဒုမ၊ ပဒုမုတ္တရ၊ ဖုဿဘုရားရှင်တော်တို့အရပ်တော် (၅၈)တောင် ဆိုတာတွေ၊ သုဇာတဘုရားရှင်အရပ်တော် အတောင်(၅၀)ဆိုတာတွေ၊ သိဒ္ဓတ္ထ၊ တိဿ၊ ဝေဿဘူဘုရားများ အရပ်တော် အတောင်(၆၀)ဆိုတာတွေ၊ သိခီ ဘုရား အရပ်တော် အတောင် (၇၀)ဆိုတာတွေ၊ ကကုသန်(၄၀)၊ ကောဏာဂုမ် (၃၀)၊ ကဿပဘုရားအတောင် (၂၀)ဆိုတာတွေလည်း အကုန်လုံး ရေဖြစ် ကုန်တော့မှာပဲ၊ သည်မျှနှင့် ရပ်တော့မလားဆိုတော့ မရပ်သေးဘူး၊ ဥပမာ ပြောပြဦးမယ်၊ မြစ် ချောင်း ကန်အတွင်းက ရေများ မယိုဖိတ်ရအောင် ဆည်ဖို့ ထားတဲ့ ကန်ပေါင်ရိုးတွေ ရှိတယ်မဟုတ်လား"

"မှန်ပါ–ရှိပါတယ် ဘုရား"

"အေး–အဲသည်ကန်ပေါင်ရိုးတွေ တစ်နေရာရာမှာ ပေါက်ခဲ့လျှင် အပေါက်လုံသွားအောင် ချက်ချင်း မြေဖို့၊ သဲဖို့၊ ကျောက်ဖို့ကြတယ်မဟုတ်လား၊ အကယ်၍ ရေပေါက်ကလေးပဲ မပြောပလောက်ပါဘူးဆိုပြီး ပစ်ထားလိုက် လျှင် ရေပေါက်ကလေးက ရေတွေ ဒလဟော တိုးကန် စားလိုက်တဲ့အတွက် ကန်ပေါင်ရိုးကြီးလည်း ~~ပျက်~~၊ ရေတွေလည်း ကုန်သွားတတ်တာဟာ သည်ယနေ့ မျက်မြင်ပဲ၊ အဲသည် ဥပမာအတိုင်း ပိဋကတ်တော်ဆိုတာ အပေါက်မရှိအောင် အထပ်ထပ် သင်္ဂါယနာတင်ထားတဲ့ ကန်ပေါင်ရိုးကြီးပဲ၊ သည်ကန်ပေါင်ရိုးကြီး အတွင်းက အပေါက်တစ်ခု ပေါက်ခဲ့လျှင် ငါတို့ထေရဝါဒက သည်အပေါက်

http://www.dhammadownload.com


ကို ဖြမပစ်ရဘူး၊ လုံအောင် ပြန်ဖာထေးရမယ်၊ အကယ်၍ လုံအောင်မဖာထေးဘဲ ဖြပေးလိုက်မယ်ဆိုလျှင် သာသနာတော်တည်းဟူသော ရေတွေဟာ တစ်စက်မျှ ကျန်မှာ မဟုတ်ဘူး၊ ဒါကြောင့် ဘုရားရှင်ရဲ့အရပ်တော်ကို ပါဠိတော်လာ အတိုင်း (၁၆)တောင်ပဲထားလိုက်ကြစို့”လို့ အဖြေပေးလိုက်ပါတယ်ကွယ်”

“သာဓု-သာဓု-သာဓု”



http://www.dhammadownload.com



# ဘုရားရှင်၏ ရိုက်ခြင်း သတ်ခြင်း

"ဟောသည့်စာက မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်၊ ဦးကိုကိုလေး+ဒေါ်စန်းမြင့် တို့ထံက ပေးစာဖြစ်ပါတယ် ဘုရား"

"ဆိုစမ်းပါဦး၊ ဦးကိုကိုလေးရဲ့စာက ဘာတဲ့တုန်း"

"ဦးကိုကိုလေးရဲ့စာမှာ ရေးထားတာက ဦးကိုကိုလေးဟာ မိလိန္ဒပဉှာ မြန်မာပြန်စာအုပ်ကို ဖတ်ပါသတဲ့၊ ဒေဝဒတ္တပဗ္ဗဇ္ဇပဉှာ အရှင်နာဂသေနမထေရ် မြတ်က မိလိန္ဒမင်းကြီးရဲ့ အမေးကို ဖြေဆိုရာမှာ မင်းမြတ်–မြတ်စွာဘုရားသည် **သတ္တဝါတို့၏ အစီးအပွား၏အစွမ်းဖြင့် ရိုက်ပုတ်လည်း ရိုက်ပုတ်တော်မူ၏၊ တွန်းချလည်း တွန်းချတော်မူ၏၊ သတ်လည်း သတ်တော်မူ၏၊ မင်းမြတ်–မြတ်စွာဘုရားသည် ရိုက်ပုတ်၍သာလျှင်၊ တွန်းချ၍သာလျှင်၊ သတ်၍သာလျှင် သတ္တဝါတို့၏ အစီးအပွားကို ဆောင်ရွက်တော်မူ၏**–လို့ ပါရှိပါသတဲ့၊ လောကထွတ်ထား ဘုရားစင်စစ်ဖြစ်ပါလျက် သတ္တဝါများကို ရိုက်ရတယ်၊ တွန်းချရတယ်၊ သတ်ရတယ်ဆိုတာ ဦးကိုကိုလေးရဲ့စိတ်ထဲမှာ ဘဝင်မကျဖြစ် နေပါသတဲ့၊ စာထဲမှာလည်း တိုက်ရိုက်ပါရှိနေလေတော့ မဟုတ်ပါဘူးလို့ ခံငြင်းဖို့လည်း ခက်နေပါသတဲ့၊ ဒါကြောင့် ဘဝင်ကျအောင် အဖြေပေးတော် မူပါဦးလို့ လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား"

"ဘုရားရှင်ရဲ့ တရားတော်ဟာ အလွန် ခက်ခဲနက်နဲတယ်၊ နာနာနယနိပုဏ

http://www.dhammadownload.com



ဆိုတဲ့အတိုင်း နည်းပေါင်းများစွာပါဝင်လို့ အလွန်သိမ်မွေ့တယ်၊ မိလိန္ဒပဉှာမှာ အရှင်နာဂသေနဟောတဲ့ ယခုတရားက တိုက်ရိုက်ယူရမည့် နီတတ္ထနည်း မဟုတ်ဘူး၊ အဓိပ္ပာယ်ကိုဆောင်ယူရမည့် နေယျတ္ထနည်းဖြစ်တယ်၊ ဒါကြောင့် ရိုက်တယ်ဆိုတာ အဟုတ်ရိုက်တာ မဟုတ်ဘူး၊ တရားဖြင့် ရိုက်ခြင်းဖြစ်တယ်၊ သတ်တယ်ဆိုတာလည်း တကယ်သတ်တာမဟုတ်ဘူး၊ တရားဖြင့် သတ်ခြင်း ဖြစ်တယ်၊ သည်အကြောင်း သိသာအောင် အင်္ဂုတ္တရ စတုက္ကနိပါတ်ကလာတဲ့ ကေသိသုတ်ကို ပြောပြမယ်"

"မှန်ပါ–မိန့်တော်မူပါဘုရား"

'ကေသိအမည်ရှိတဲ့ မြင်းဆရာတစ်ဦးဟာ တစ်ရက်တော့ ဘုရားရှင်ထံ အဖူးအမြော် ရောက်သွားတယ်၊ ဘုရားရှင်ထံရောက်တော့ ဘုရားရှင်အား ရှိခိုးဦးချပြီး သင့်တင့်လျောက်ပတ်တဲ့နေရာမှာ ထိုင်နေသတဲ့၊ သည်အခါ ဘုရားရှင်က ကေသိ–သင်ဟာ ထင်ရှားတဲ့ မြင်းဆရာတစ်ယောက် ဖြစ်တယ်၊ မြင်းရိုင်းများကို ယဉ်ကျေးအောင် သင် ဘယ်လိုဆုံးမလဲ"လို့ မေးတော်မူတယ်၊ "အရှင်ဘုရား–တပည့်တော်ဟာ မြင်းရိုင်းများကို အနုနည်းဖြင့်လည်း ယဉ်ကျေးအောင် ဆုံးမပါတယ်၊ အကြမ်းနည်းဖြင့်လည်း ယဉ်ကျေးအောင် ဆုံးမပါတယ်၊ အနုအကြမ်းနည်းဖြင့်လည်း ယဉ်ကျေးအောင် ဆုံးမပါတယ်"လို့ လျှောက်ထားတယ်။

ဘုရားရှင်က "ကေသိ–အကယ်၍ မြင်းရိုင်းဟာ အနုနည်း၊အကြမ်းနည်း၊ အနုအကြမ်းနည်းတို့ဖြင့် ဆုံးမလို့မရလျှင် ဘယ်လိုလုပ်ဦးမလဲ"လို့ မေးတော်မူတယ်၊ ကေသိက– "အရှင်ဘုရား–မြင်းရိုင်းဟာ အနုနည်း၊ အကြမ်းနည်း၊ အနုအကြမ်းနည်းတို့ဖြင့် ဆုံးမ၍မရလျှင် ထိုမြင်းရိုင်းကို တပည့်တော် သတ်ပစ်ပါတယ်၊ ဘာကြောင့် သတ်ပစ်ရသလဲဆိုတော့ တပည့်တော် နာမည်အပျက် မခံချင်တဲ့အတွက် ဖြစ်ပါတယ်"လို့ လျှောက်တယ်၊ လျှောက်ပြီးတော့ ကေသိက "အရှင်ဘုရား–အရှင်ဘုရားဟာ ဆုံးမထိုက်သူကို ဆုံးမတတ်တဲ့ အတုမဲ့ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်၊ အရှင်ဘုရားဟာ ဆုံးမထိုက်သူများကို ဘယ်လိုဆုံးမတော်မူပါသလဲဘုရား"လို့ လျှောက်ထားတယ်။

ဘုရားရှင်က ကေသိ–"ငါဟာ ဆုံးမထိုက်သူကို အနုနည်းအားဖြင့်လည်း

http://www.dhammadownload.com


ဆုံးမတယ်၊ ကေသိ–ငါ အနုနည်းဖြင့် ဆုံးမပုံမှာ ဤကား ကာယသုစရိုက်၊ ဤကား ကာယသုစရိုက် အကျိုး၊ ဤကား ဝစီသုစရိုက်၊ ဤကား ဝစီ သုစရိုက်အကျိုး၊ ဤကား မနောသုစရိုက်၊ ဤကား မနောသုစရိုက်အကျိုး၊ ဤကား နတ်တို့တည်း၊ ဤကား လူတို့တည်းလို့ ဆုံးမတယ်၊ ငါ အကြမ်းနည်းဖြင့် ဆုံးမပုံမှာ– ဤကား ကာယဒုစရိုက်၊ ဤကား ကာယဒုစရိုက်အကျိုး၊ ဤကား ဝစီဒုစရိုက်၊ ဤကား ဝစီဒုစရိုက်အကျိုး၊ ဤကား မနောဒုစရိုက်၊ ဤကား မနောဒုစရိုက် အကျိုး၊ ဤကား ငရဲ၊ ဤကား တိရစ္ဆာန်၊ ဤကား ပြိတ္တာလို့ ဆုံးမတယ်၊ ငါ အနုအကြမ်းနည်းဖြင့် ဆုံးမပုံမှာ–ဤကား ကာယသုစရိုက်၊ ဤကား ကာယ သုစရိုက်၏အကျိုး၊ ဤကား ကာယဒုစရိုက်၊ ဤကား ကာယဒုစရိုက်၏ အကျိုး၊ ဤကား ဝစီသုစရိုက်၊ ဤကား ဝစီသုစရိုက်၏အကျိုး၊ ဤကား ဝစီဒုစရိုက်၊ ဤကား ဝစီဒုစရိုက်၏အကျိုး၊ ဤကား မနောသုစရိုက်၊ ဤကား မနောသုစရိုက်၏အကျိုး၊ ဤကား မနောဒုစရိုက်၊ ဤကား မနော ဒုစရိုက်၏ အကျိုး၊ ဤကား နတ်၊ ဤကား လူ၊ ဤကား ငရဲ၊ ဤကား တိရစ္ဆာန်၊ ဤကားပြိတ္တာလို့ ဆုံးမတယ်”လို့ ဖြေကြားတော်မူတယ်။

သည်အခါ ကေသိက “အရှင်ဘုရား– အရှင်ရဲ့ ဆုံးမထိုက်သူဟာ အနုနည်း၊ အကြမ်းနည်း၊ အနုအကြမ်းနည်းတို့ဖြင့် ဆုံးမခြင်းကို မခံယူလျှင် အဘယ်သို့ ပြုလုပ်ပါသလဲလို့”လျှောက်ထားတယ်၊ ဘုရားရှင်က “ကေသိ– ငါဆုံးမသောသူဟာ အနုနည်း၊ အကြမ်းနည်း၊ အနုအကြမ်းနည်းတို့ဖြင့် အဆုံးအမကို မခံယူခဲ့လျှင် ထိုသူကို ငါ သတ်ပစ်တယ်“လို့ မိန့်တော်မူတယ်။

ဒီတော့ ကေသိက “အရှင်ဘုရား–အရှင်ဘုရားအား သူ့အသက်ကို သတ်ခြင်းသည် မအပ်ဘူး မဟုတ်ပါလားဘုရား၊ သို့ပါလျက် သတ်ပစ်တယ်လို့ အဘယ်ကြောင့် မိန့်တော်မူပါသလဲ”လို့ လျှောက်ထားတယ်၊ ဘုရားရှင်က “ကေသိ–ငါဘုရားအား သူ့အသက်ကို သတ်ခြင်းသည် မအပ်၊ သို့ပါလျက် **သတ်ပစ်တယ်လို့ မိန့်ဆိုခြင်းမှာ** အဆုံးအမ မခံသောသူကို မဆုံးမဘဲ အသိ **အမှတ်မပြုခြင်းသာဖြစ်တယ်**၊ အဆုံးအမ မခံသောသူကို ပညာရှိ သီတင်း သုံးဖော်များကလည်း ပြောဆိုဆုံးမထိုက်သူလို့ အသိအမှတ်မပြုကြတော့ဘူး၊ ယခုကဲ့သို့ အသိအမှတ်မပြု၊ အဆုံးအမမှ ဝကွက်လိုက်ခြင်းသည်ပင်လျှင်

http://www.dhammadownload.com



ငါဘုရား၏ သာသနာ၌ **သတ်ပစ်ခြင်း မည်တယ်**”လို့ မိန့်တော်မူတယ်။

သည်အခါမှ ကေသိလည်း သဘောကျသွားပြီး “အရှင်ဘုရား- မြတ်စွာဘုရားက အသိအမှတ်မပြု၊ ပညာရှိ သီတင်းသုံးဖော်တို့ကလည်း အသိအမှတ်မပြုခြင်းသည် စင်စစ် ကောင်းစွာသတ်ပစ်လိုက်ခြင်း မည်ပါပေတယ်၊ အရှင်ဘုရားရဲ့ တရားတော်ဟာ အလွန်နှစ်သက်ဖွယ်ရှိတယ်၊ ယနေ့မှစပြီး အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်တဲ့ ဒါယကာလို့ တပည့်တော်ကို မှတ်တော်မူပါ”လို့ လျှောက်ထားသတဲ့ကွယ်၊ ဒါကြောင့် ဘုရားရှင် သတ်တယ်ဆိုတာဟာ အဟုတ်သတ်တာမဟုတ် ပါဘူး၊ ရိုက်တယ်၊ တွန်းချတယ်ဆိုတာလည်း အဟုတ်ရိုက်တာ၊ တွန်းချတာ မဟုတ်ပါဘူး၊ တရားအားဖြင့် ရိုက်ခြင်း၊ တွန်းချခြင်း၊ သတ်ခြင်းသာ ဖြစ်တယ်ဆိုတာ ဦးကိုကိုလေးထံ ဖြေကြားလိုက်ပါတယ်”။

“သာဓု-သာဓု-သာဓု”

http://www.dhammadownload.com



# ဘုရားရှင်များနှင့် ပွင့်တော်မူရာကမ္ဘာ

"၁၃၄၆–ခု၊ ဝါဆိုလဆန်း ၁–ရက်၊ သောကြာနေ့ရက်စွဲဖြင့် လာတဲ့ စာက၊ မင်းတုန်းမြို့၊ တောင်တောရ–ဦးသုဇာတထံက ဖြစ်ပါတယ်ဘုရား"

"ဦးသုဇာတက ဘာတွေများ လျှောက်ထားတုန်းကွယ့်"

"ဦးသုဇာတ လျှောက်ထားတာက သူဟာ ငယ်ရွယ်စဉ်က သင်္ကန်းဝတ်လာသူ မဟုတ်ပါဘူးတဲ့၊ အခု အသက် ၅၇–နှစ်မှာ ရဟန်းဝါ ၁၀–ဝါသာရပါသေးတယ်တဲ့၊ အသက်ကြီးခဲ့မှ ရဟန်းဖြစ်လာသူဖြစ်လို့ ပရိယတ္တိပညာလည်း မရှိပါဘူးတဲ့၊ သို့သော်လည်း ဘုရားရှင် သာသနာတော်မှာ ရဟန်းဖြစ်လာတဲ့အတိုင်း ဘုရားရှင်ကို အလွန် ကြည်ညိုပါတယ်တဲ့၊ ကြည်ညိုတဲ့အတိုင်း ရှေးက ပွင့်တော်မူပြီးဖြစ်ကြတဲ့ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့ရဲ့ ပွင့်သောကမ္ဘာ အမည်များကို ယခု ဘဒ္ဒကမ္ဘာနှင့် အကွာအဝေးတို့ကို အလွန် သိလိုပါတယ်တဲ့၊ အဲဒါကို တွက်ချက်ပြီး ဓမ္မဇျုပ္ပာမှတစ်ဆင့် ဖော်ပြပေးစေချင်ပါသတဲ့ဘုရား"

"အေးကွယ်–ကမ္ဘာနှင့် ဘုရားအမည်တော်များကို ဗုဒ္ဓဝင်များမှာ အကျယ်တဝင့် ဖော်ပြပြီးသားတွေရှိနေတယ်၊ ဓမ္မဇျုပ္ပာစာစောင်ကတော့ စာစောင်ငယ်မို့ အကျယ်ဖွင့်ပြီး မပြောသာဘူး၊ အမေးရှိလာပြန်တော့လည်း ခပ်ကျဉ်းကျဉ်း ဖြေကြဦးစို့ရဲ့"

http://www.dhammadownload.com



"ကမ္ဘာဟာ အကြမ်းအားဖြင့် သုညကမ္ဘာ အသုညကမ္ဘာရယ်လို့ နှစ်မျိုး ရှိသကွယ့်၊ ဘုရားရှင်များ ပွင့်တော်မူရာမဟုတ်တဲ့ ကမ္ဘာကို သုညကမ္ဘာလို့ ခေါ်ပြီး ဘုရားရှင်များ ဖြစ်ပွင့်ရာကမ္ဘာကိုတော့ အသုညကမ္ဘာလို့ ခေါ်တယ်၊ အသုညကမ္ဘာဟာလည်း ဘုရားရှင် ပွင့်တော်မူသည်ကိုစွဲပြီး **တစ်ဆူ**တည်း ပွင့်ခဲ့လျှင် **သာရကမ္ဘာ**၊ နှစ်ဆူပွင့်ခဲ့လျှင် **မဏ္ဍကမ္ဘာ**၊ သုံးဆူပွင့်ခဲ့လျှင် **ဝရကမ္ဘာ**၊ **လေးဆူ**ပွင့်ခဲ့လျှင် **သာရမဏ္ဍကမ္ဘာ**၊ ငါးဆူပွင့်ခဲ့လျှင် ဘဒ္ဒကမ္ဘာလို့ခေါ်တယ်၊ ဘုရားငါးဆူထက် ပိုလွန်ပွင့်တဲ့ ကမ္ဘာရယ်လို့တော့ မရှိဘူးကွယ့်"

အဲသည်လို ကမ္ဘာအမည် ငါးမျိုးကိုမှတ်သားပြီးတဲ့နောက် ဘုရားရှင် နိယတဗျာဒိတ်ခံယူတဲ့ ကမ္ဘာက ဘုရားဖြစ်တဲ့ကမ္ဘာအထိ ကမ္ဘာတွေကို ရေတွက်ခဲ့လျှင် ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်းရှိတယ်၊ တစ်အသင်္ချေမှာ တစ်နောက်က သုညပေါင်း (၁၄၀)တိတိရှိကြောင်း သဒ္ဒါကြီး သကနာမေဟိ သုတ်မှာ တွက်ပြထားတယ်၊ သည်လောက်များပြားတဲ့ ကမ္ဘာအတွင်း ဘုရား ပွင့်တဲ့ ကမ္ဘာပေါင်း ဘယ်လောက်ရှိသလဲဆိုတော့ (၁၁)ကမ္ဘာမျှသာရှိတယ်၊ ပွင့်တော်မူတဲ့ဘုရားအပေါင်းကလည်း နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားရှင်ပါ ရေတွက်ပါမှ နှစ်ကျိပ်ရှစ်ဆူမျှသာရှိတယ်၊ သည်အကြောင်းကို ဆရာများက ဂါထာဖွဲ့ပြီး မှတ်တမ်းတင်ခဲ့ကြသကွယ့်"

"ဂါထာကို အမိန့်ရှိပါဦး ဆရာတော်"

"ဂါထာက သည်လိုတဲ့ကွယ်"

(၁) **ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ချေ။**
**ဧတ္ထန္တရေ ဇိနုပ္ပါဒါ၊ ကပ္ပေကာဒသ ဘာသိတာ။**

(၂) **ကပ္ပေ စ သတသဟဿေ၊ စတုရော စ အသင်္ချေ။**
**ဧတ္ထန္တရေ ဓမ္မရာဇာ၊ အဋ္ဌဝီသံ၀ နာဓိကာ။**

(၁) **ကပ္ပေ စ သတသဟဿေ**–ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံးလည်းကောင်း၊ **စတုရော စ အသင်္ချေ**–လေးအသင်္ချေတို့ ကာလပတ်လုံးလည်းကောင်း၊ **ဧတ္ထန္တရေ**–ဤလေးအသင်္ချေ ကမ္ဘာတစ်သိန်းအတွင်း၌၊ **ဇိနုပ္ပါဒါ**–ဘုရားပွင့်တော်မူကုန်သော၊ **ကပ္ပါ**–မဟာကပ်တို့ကို၊ **ဧကာဒသ**–တစ်ဆယ် တစ်ကပ်တို့ဟူ၍၊ **ဘာသိတာ**–ဟောတော်မူ၊**အပ်**ကုန်ပြီ။

http://www.dhammadownload.com



၂။ **ကပ္ပေ စ** **သတသဟဿေ**–ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံးလည်းကောင်း၊ **စတုရော စ** **အသင်္ချေ**–လေးအသင်္ချေတို့ ကာလပတ်လုံးလည်းကောင်း၊ **ဧတ္ထန္တရေ**–ဤလေးအသင်္ချေ ကမ္ဘာတစ်သိန်းအတွင်း၌၊ ဓမ္မရာဇာ–ဘုရားရှင်တို့သည်၊ **အဒ္ဓဝီသံဝ**–နှစ်ကျိပ်ရှစ်ဆူတို့သည်သာလျှင်၊ ဥပ္ပဇ္ဇရေ–ဖြစ်ပွင့်တော်မူကုန်၏၊ **နာဓိကာ**–တစ်ဆူမျှ မပိုလွန်ကုန်။

သည်ဂါထာနှစ်ပုဒ်က ဘုရားရှင်နှင့် ကမ္ဘာကို မှတ်တမ်းတင်ထားတဲ့ ဂါထာများပဲကွယ်၊ သည်ဂါထာနှစ်ပုဒ်ကို မူတည်ပြီး ကမ္ဘာ(၁၁)ခုနှင့် ဘုရားနှစ်ကျိပ်ရှစ်ဆူကို တွက်ကြစို့ရဲ့"

"တွက်တော်မူပါ ဘုရား"

"ဤဘဒ္ဒကမ္ဘာမှ ပြန်ရေတွက်ခဲ့သော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်မှာ (၁) တဏှင်္ကရာ၊(၂) မေဓင်္ကရာ၊ (၃) သရဏင်္ကရာ၊ (၄) ဒီပင်္ကရာ အမည်တော်များရှိကြတဲ့ ဘုရားလေးဆူပွင့်တော်မူကြတယ်၊ ဘုရားလေးဆူပွင့်တဲ့အတွက် အဲသည်ကမ္ဘာကို သာရမဏ္ဍကမ္ဘာလို့ ခေါ်တယ်၊ အဲသည်ဘုရားလေးဆူအနက် နောက်ဆုံးပွင့်တဲ့ ဒီပင်္ကရာဘုရားရှင်ရဲ့ထံမှာ ဂေါတမဘုရားရှင်ဟာ သုမေဓာရသေ့အဖြစ်ဖြင့် နိယတဗျာဒိတ် ရတော်မူသတဲ့၊ အဲသည် သာရမဏ္ဍ ကမ္ဘာ ပျက်ပြီးသည့်နောက် ကမ္ဘာပေါင်းများစွာဖြစ်ပျက်ခြင်းရှိသော်လည်း ဘုရား တစ်ဆူမျှ မပွင့်ကြတဲ့ သုညကမ္ဘာတွေဖြစ်ကြတယ်၊ အဲသည်လို သုညကမ္ဘာပေါင်း ဘယ်လောက်လွန်သွားသလဲဆိုတော့–

**အထဿ အပရဘာဂေ ဧကမသင်္ချေယျမတိက္ကမိတွာ ဧကသ္မိံကပ္ပေ ကောဏ္ဍညော နာမ သတ္ထာ ဥဒပါဒိ–**

လို့ ဗုဒ္ဓဝံသ ဋ္ဌ (၁၆၀)မှာ မိန့်တော်မူတဲ့အတိုင်း ကမ္ဘာပေါင်း တစ်သင်္ချေ လွန်သွားတယ်၊ ကမ္ဘာတစ်သင်္ချေလွန်သွားပြီးတဲ့နောက် တစ်ခုသော ကမ္ဘာမှာ ကောဏ္ဍညအမည်ရှိတဲ့ တစ်ဆူသောဘုရား ပွင့်တော်မူတယ်၊ ဘုရားတစ်ဆူတည်း ပွင့်တဲ့အတွက် အဲသည်ကမ္ဘာကို သာရကမ္ဘာလို့ ခေါ်တယ်၊ သာရကမ္ဘာပျက်စီးပြီးသည့်နောက် ကမ္ဘာတစ်သင်္ချေ(သုညကမ္ဘာ)လွန်သွားပြန်တယ်၊ ထို့နောက် ဘုရားလေးဆူပွင့်တဲ့ သာရမဏ္ဍကမ္ဘာဖြစ်လာတယ်၊ ပွင့်တဲ့ဘုရားလေးဆူက (၁) မင်္ဂလ၊ (၂) သုမန၊ (၃) ရေဝတ၊ (၄) သောဘိတ

http://www.dhammadownload.com


ဘုရားများ ဖြစ်ကြတယ်။

သောဘိတဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံလို့ သာရမဏ္ဍကမ္ဘာကြီး ပျက်စီးပြီးတဲ့နောက် သုညကမ္ဘာပေါင်း တစ်အသင်္ချေလွန်ပြန်တယ်၊ တစ်အသင်္ချေလွန်ပြီးမှ (၁) အနောမဒဿီ၊ (၂) ပဒုမ၊ (၃) နာရဒ ဘုရားသုံးဆူပွင့်တော်မူရာ ဝရကမ္ဘာဖြစ်လာတယ်။

ဝရကမ္ဘာပျက်ပြီးသည့်နောက် သုညကမ္ဘာပေါင်း တစ်အချေနှင့် ကမ္ဘာတစ်သိန်း ခံနေတယ်၊ အဲသည်နောက်မှ ပဒုမုတ္တရဘုရား တစ်ဆူတည်းသာ ပွင့်တဲ့ သာရကမ္ဘာဖြစ်လာတယ်၊ ပဒုမုတ္တရဘုရားရှင်ဟာ သည်ဘဒ္ဒကမ္ဘာမှ ပြန်တွက်လျှင် ကမ္ဘာတစ်သိန်းထက်မှာ ပွင့်တော်မူလာတာပေါ့၊ သာရကမ္ဘာ ပျက်စီးပြီးတဲ့နောက် သုညကမ္ဘာပေါင်း ခုနစ်သောင်း(၇၀၀၀၀)ခံတယ်၊ ကမ္ဘာ ခုနစ်သောင်းလွန်တော့ (၁) သုမေဓ၊ (၂) သုဇာတဘုရားနှစ်ဆူပွင့်တော်မူရာ မဏ္ဍကမ္ဘာဖြစ်လာတယ်၊ အဲသည် မဏ္ဍကမ္ဘာဟာ သည် ဘဒ္ဒကမ္ဘာမှ ပြန်တွက်လျှင် ကမ္ဘာသုံးသောင်းထက်က ဖြစ်တယ်။

အဲသည် မဏ္ဍကမ္ဘာပျက်စီးပြီးသည့်နောက် ဘုရားမပွင့်တဲ့ သုညကမ္ဘာတွေ ခံနေပြန်တယ်၊ သည်ကမ္ဘာမှ ပြန်တွက်ကြည့်လျှင် (၁၁၈) ကမ္ဘာထက်မှာတော့ (၁) ပိယဒဿီ၊ (၂) အတ္ထဒဿီ၊ (၃) ဓမ္မဒဿီရယ်လို့ ဘုရားသုံးဆူပွင့်တယ်၊ ဘုရားသုံးဆူပွင့်တဲ့အတွက် ဝရကမ္ဘာလို့ ခေါ်ရတာပေါ့၊ ဝရကမ္ဘာပျက်စီးပြီးသည့်နောက် သုံးညကမ္ဘာတွေ ခံပြန်ပြီး (၉၄)ကမ္ဘာထက်မှာတော့ တစ်ဆူတည်းသော သိဒ္ဓတ္ထ ဘုရားပွင့်တော်မူတယ်၊ ဘုရားတစ်ဆူတည်း ပွင့်တော်မူလို့ ကမ္ဘာကို (သာရကမ္ဘာ)လို့ ခေါ်တယ်၊ သာရကမ္ဘာပျက်ပြီးသည့်နောက် သုညကမ္ဘာ တစ်ခုခံပြန်တယ်၊ (၉၂) ကမ္ဘာထက်ကျတော့ (၁) တိဿ၊ (၂) ဖုဿ အမည်တော်ရတဲ့ ဘုရားနှစ်ဆူပွင့်တယ်၊ ဘုရားနှစ်ဆူပွင့်တော့ မဏ္ဍကမ္ဘာခေါ်တာပေါ့။

မဏ္ဍကမ္ဘာကွယ်တော့ သုညကမ္ဘာမခံတော့ဘဲ (၉၁) ကမ္ဘာထက်မှာ တစ်ဆူတည်းသော ဝိပဿီဘုရား ပွင့်တော်မူတယ်၊ ဘုရားတစ်ဆူမျှသာပွင့်လို့ ကမ္ဘာကို သာရကမ္ဘာလို့ ခေါ်တယ်။

သာရကမ္ဘာလွန်ပြီးတဲ့နောက် သုညကမ္ဘာပေါင်း (၅၉)ကမ္ဘာခံတယ်၊ (၃၁) ကမ္ဘာထက်ရောက်တော့ (၁) သိခီ၊ (၂) ဝေဿဘူဘုရားနှစ်ဆူပွင့်တော်မူတဲ့

http://www.dhammadownload.com


မဏ္ဍကမ္ဘာဖြစ်လာတယ်။

မဏ္ဍကမ္ဘာပျက်ပြီးတဲ့နောက် ယခု ဘဒ္ဒကမ္ဘာအထိ ဘုရားမပွင့်တဲ့သုည ကမ္ဘာတွေချည်း ခံနေတယ်၊ ယခု ဘဒ္ဒကမ္ဘာကိုရောက်မှ (၁) ကကုသန်၊(၂) ကောဏာဂုမ်၊ (၃) ကဿပ၊ (၄) ဂေါတမ၊ (၅) အရိမေတ္တေယျရယ်လို့ ဘုရားငါးဆူပွင့်တော်မူမယ်၊ ဘုရားလေးဆူကတော့ ပွင့်ပြီးပြီ၊ အရိမေတ္တေယျ ဘုရားရှင်ကတော့ နောင်အခါ ပွင့်မှာဖြစ်တယ်၊ သည်လောက်ဆိုလျှင် မင်းတုန်း တောင်တောရ ဦးသုဇာတရဲ့ အမေး ပြေလောက်ပါပြီနော်"

"မှန်ပါ၊ ပြေလောက်ပါပြီ ဘုရား"

"သာဓု-သာဓု-သာဓု"

http://www.dhammadownload.com



# လူပျိုဘုရား မရှိပြား

"၁၉၆၈၊၈၅–ခု နေ့စွဲနှင့် ရောက်လာတဲ့စာက ပင်လယ်ဘူးမြို့နယ်၊ ကျွန်းပင်သာကျောင်း၊ အရှင်ပဏ္ဍိတသီရိထံက ပေးစာဖြစ်ပါတယ် ဘုရား"

"အရှင် ပဏ္ဍိတသီရိရဲ့ စာက ဘယ်လိုတဲ့လဲကွယ့်၊ ဆိုစမ်းပါဦး"

"မှန်ပါ၊ အရှင်ပဏ္ဍိတသီရိရဲ့စာမှာ ဆိုတာက ဗောဓိညိုညို၊ ညောင်ထိုထို၊ လူပျိုဘုရားမရှိပြား–ဆိုတဲ့စကားအတိုင်း လူပျိုဘုရားရယ်လို့ မရှိဘူး၊ ဘုရားမှန်သမျှ မိန်းမရပြီး သားတစ်ယောက်ရမှ တောထွက်ရတယ်လို့ အချို့က အခိုင်အမာ ပြောဆိုနေကြပါတယ်၊ အချို့ကလည်း သာဝကဗုဒ္ဓ, ပစ္စေကဗုဒ္ဓတို့ဟာ လူပျိုဘဝနှင့် သစ္စာလေးပါးတရားကို သိတော်မူနိုင်ကြလို့ ဘုရားရှင်များလည်း လူပျိုဘဝနှင့်ပင် သစ္စာလေးပါးတရားကို သိသင့်တယ်လို့ ယူဆကြပါသတဲ့၊ သည်အယူအဆနှစ်ပါးဟာ ယခုအခါ အတော်ပင် ကျယ်လောင်လာခဲ့ပါသတဲ့၊ အရှင်ပဏ္ဍိတသီရိရဲ့ အလိုအားဖြင့် လူပျိုဘုရား ဧကန်ရှိတယ်လို့ ယူဆပါသတဲ့ ဘုရား၊ သည်လိုယူဆခြင်းဟာလည်း နှစ်ကျိပ်ရှစ်ဆူဘုရားများအနက် အစအဦးဆုံးဖြစ်ကြတဲ့ "တဏှင်္ကရာဘုရား, မေဓင်္ကရာဘုရား, သရဏင်္ကရာ ဘုရား, သည်ဘုရားသုံးဆူတို့ရဲ့ ဗုဒ္ဓဝင်မှာ ကမ္ဘာအမည်, သက်တမ်း, ဇာတိဗိုင်းပြည်, ခမည်းတော်, မယ်တော်အမည်များ ပါသော်လည်း ကြင်ယာဇော်

http://www.dhammadownload.com


မိဖုရားရဲ့အမည်, သားတော်ရဲ့အမည်များ မပါဘူးတဲ့၊ သည်လိုမပါခြင်းဟာ လူပျိုဘုရားများ ဖြစ်တော်မူတဲ့အတွက်ကြောင့်လို့ ယူဆပါသတဲ့၊ သူ့အယူအဆ ဟုတ်မဟုတ် ဓမ္မဗျူဟာ စာစောင်မှ တစ်ဆင့် ဖြေကြားပေးတော် မူစေချင်ပါသတဲ့ ဘုရား"

"တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ ဘုရားသုံးဆူတို့ဟာ ဒီပင်္ကရာ ဘုရားပွင့်တော်မူရာ သာရမဏ္ဍကမ္ဘာမှာ ဦးစွာပွင့်တော်မူကြတဲ့ ဘုရားရှင်များ ဖြစ်တော်မူကြတယ်၊ ယခု ဘဒ္ဒကမ္ဘာမှ နောက်ဆုတ်ပြန်တွက်လျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ကပေါ့၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီ ဘုရားသုံးဆူ ပွင့်တော်မူကြစဉ်က ငါတို့ ဂေါတမဘုရားအလောင်းဟာ မရင့်ကျက်သေးလို့ နိယတဗျာဒိတ် မခံယူသေးဘူး၊ နောက်ဆုံး ဒီပင်္ကရာ ဘုရားရှင်ထံရောက်မှ ဗျာဒိတ်ခံယူတော်မူရတယ်၊ ဒါကြောင့် အဲသည် ဘုရားသုံးဆူကို ဂေါတမ ဘုရားအလောင်းဟာ မဖူးတွေ့ခဲ့ရဖူးဘူး၊ မဖူးတွေ့ဖူးတဲ့အတွက် ဘုရားရှင်ဟာ ဗုဒ္ဓဝင်ကို ဟောတော်မူတော့ ဒီပင်္ကရာဗုဒ္ဓဝင်ကို အဦးအစထားပြီး ကိုယ်တိုင် တွေ့ကြုံတော်မူခဲ့တဲ့ နှစ်ကျိပ်လေးဆူသော ဘုရားရှင်များရဲ့ အကြောင်းကိုသာ ဟောတော်မူသွားတယ်၊ ကိုယ်တိုင် မတွေ့ကြုံခဲ့ရတဲ့ တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ ဘုရားသုံးဆူရဲ့အကြောင်းကို အကျယ် မဟောဘူး၊ နောင်ပွင့်လတ္တံ့ဖြစ်တော်မူတဲ့ အရိမေတ္တယျ ဘုရားရှင်ရဲ့အကြောင်းကိုလည်း အကျယ် ဟောတော်မမူဘူး၊ ယခုရှိနေတဲ့ တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ ဘုရားသုံးဆူရဲ့အကြောင်းနှင့် အရိမေတ္တယျဘုရားရှင်အကြောင်း အနာဂတဝင်တို့ဟာ ဘုရားရှင်တိုက်ရိုက်ဟောမဟုတ်ကဲ့ အဋ္ဌကထာဆရာ၊ ဋီကာဆရာများရဲ့ဖွင့်ဆိုချက်များသာ ဖြစ်ကြတယ်ကွယ့်၊ ဒါကြောင့် တဏှင်္ကရာ စတဲ့ ဘုရားသုံးဆူတို့ရဲ့ အကြောင်းဟာ နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့ရဲ့ အကြောင်းလို ပြည့်ပြည့်စုံစုံ မရှိဘူး၊ ခိုင်ခိုင်မာမာမရှိဘူး၊ မပြည့်မစုံ မခိုင်မာတဲ့အတွက် သားတော်, ဇနီးတော်တို့ရဲ့အမည် မပါရှိခြင်းဖြစ်တယ်၊ အမှန်ကတော့ သမ္မာသမ္ဗုဒ္ဓဘုရားရှင်မှန်လျှင် လူပျိုဘုရားမရှိတာ အမှန်ပဲကွယ့်"

"ဘယ်လိုကြောင့် လူပျိုဘုရားမရှိရတာလဲ အမိန့်ရှိပါဦး ဘုရား"

http://www.dhammadownload.com



"ဗုဒ္ဓဝံသ၊ ၄၊ ၃၅၁–မှာ (သဓမ္မတာကထာ) ဆိုတာပါသကွယ့်"

"အမိန့်ရှိပါဦး ဘုရား"

"သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ရဲ့ ဖြစ်ရိုးဖြစ်စဉ်သဘောကို ဓမ္မတာတရားလို့ ခေါ်တယ်၊ ဘုရားရှင်ရဲ့ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာပေါင်း (၃၀) ရှိတယ်။

၁။ နောက်ဆုံး အလောင်းတော်ဟာ မယ်တော်ဝမ်း၌သာ ပဋိသန္ဓေ နေရတယ်၊

၂။ မယ်တော်ဝမ်း၌ တင်ပျဉ်ခွေ ရှေ့ကို မျက်နှာပြု နေရတယ်၊

၃။ မယ်တော်ဟာ အလောင်းတော်ကို ရပ်ပြီး ဖွားရတယ်၊

၄။ တောအရပ်မှာသာ ဖွားရတယ်၊

၅။ ဖွားလျှင်ဖွားချင်း မြောက်ဘက်သို့ ခုနစ်ဖဝါး လှမ်းပြီး သီဟနာဒ ကြုံးဝါးရတယ်၊

၆။ နိမိတ်ကြီး လေးပါးမြင်ပြီး သားတစ်ယောက်ရမှ တောထွက်ရတယ်၊

၇။ ကြာသက်နှမ်းဖြင့် ဒုက္ကရစရိယာ အနည်းဆုံး ခုနစ်ရက်ကျင့်ရတယ်၊

၈။ ဘုရားဖြစ်မည့်နေ့ နို့ဃနာ ဘုဉ်းပေးရတယ်၊

၉။ မြက်အခင်းပေါ်မှာ ဘုရားအဖြစ် ရောက်ရတယ်၊

၁၀။ ဗောဓိပလ္လင်ပေါ်မှာ အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းရတယ်၊

၁၁။ မာရ်စစ်သည်ကို အောင်မြင်ရတယ်၊

၁၂။ ဗောဓိပလ္လင်ထက်မှာ ဝိဇ္ဇာသုံးပါး ရရတယ်၊

၁၃။ သတ္တသတ္တာဟ စံတော်မူရတယ်၊

၁၄။ တရားဟောရန် ဗြဟ္မာတောင်းပန်ရတယ်၊

၁၅။ ဓမ္မစကြာ တရားဦးဟောရတယ်၊

၁၆။ တပို့တွဲလပြည့်နေ့မှာ ဩဝါဒပါတိမောက် ပြရတယ်၊

၁၇။ ဇေတဝန်ကျောင်းတော်မှာ အမြဲနေရတယ်၊

၁၈။ သာဝတ္ထိမြို့တံခါးမှာ တန်ခိုးပြရတယ်၊

၁၉။ တာဝတိံသာမှာ အဘိဓမ္မာဟောရတယ်၊

၂၀။ သင်္ကဿမြို့တံခါးသို့ တာဝတိံသာက ဆင်းရတယ်၊

၂၁။ ဖလသမာပတ်ကို မပြတ်ဝင်စားရတယ်၊

http://www.dhammadownload.com


၂၂။ ကျွတ်ထိုက်သောဝေနေယျကို ကြည့်ရတယ်၊
၂၃။ အကြောင်းပေါ်လျှင် ဝိနည်းပညတ်ရတယ်၊
၂၄။ အကြောင်းဖြစ်လာလျှင် ဇာတ်တော်ဟောရတယ်၊
၂၅။ ဆွေးမျိုးအစည်းအဝေးမှာ ဗုဒ္ဓဝင်ကို ဟောရတယ်၊
၂၆။ အာဂန္တုရဟန်းများနှင့် ပဋိသန္ထာရ ဟောပြောရတယ်၊
၂၇။ ဒါယကာတို့ပင့်၍ ဝါဆိုလျှင် ဝါကျွတ်တဲ့အခါ ပန်ကြားပြီးမှ သွားရတယ်၊
၂၈။ ဗုဒ္ဓကိစ္စ ငါးပါးကို ပြုရတယ်၊
၂၉။ ပရိနိဗ္ဗာန် ဝင်စံမည့်နေ့ သားပွဲမ်းဆွမ်းကို ဘုဉ်းပေးရတယ်၊
၃၀။ ကုဋေနှစ်သန်း လေးသိန်းသော သမာပတ်တို့ကို ဝင်စားပြီး ပရိနိဗ္ဗာန် ပြုရတယ်။

ယခုဖော်ပြခဲ့တဲ့ တရားသုံးဆယ်ဟာ ဘုရားရှင်တိုင်း ဖြစ်ရိုးဖြစ်စဉ်သဘောဖြစ်လို့ ဓမ္မတာသုံးဆယ်လို့ ခေါ်တယ်၊ သည်ဓမ္မတာ ၃၀–အနက် အမှတ်(၆)ဓမ္မတာကို ကြည့်လိုက်စမ်း၊ နိမိတ်ကြီးလေးပါးမြင်ပြီး သားတစ်ယောက်ရမှ တောထွက်ရခြင်းဟာ ဘုရားရှင်ရဲ့ ဓမ္မတာတဲ့၊ သည်ဓမ္မတာတရားကို ဗုဒ္ဓဝံသအဋ္ဌကထာ ၃၅၂–မှာ **"စတ္တာရိ နိမိတ္တာနိ ဒိသွာ ဇာတမတ္တပုတ္တာနံ မဟာသတ္တာနံ မဟာဘိနိက္ခမနံ"**လို့ ဖွင့်ပြထားတယ်၊ **စတ္တာရိ နိမိတ္တာနိ**–နိမိတ်ကြီး လေးပါးတို့ကို၊ **ဒိသွာ**–မြင်ပြီး၍၊ **ဇာတမတ္တပုတ္တာနံ**–သားတော်ဖွားပြီးစဖြစ်ကုန်သော၊ **မဟာသတ္တာနံ**–ဘုရားလောင်းတို့အား၊ **မဟာဘိနိက္ခမနံ**–မြတ်သော တောထွက်ခြင်းသည်၊ ဟောတိ–ဖြစ်၏တဲ့၊ သည် အဋ္ဌကထာအရ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်မှန်သမျှ လူပျိုဘုရားမရှိဘူးလို့ သန္နိဋ္ဌာန်ကျကျ မှတ်ယူသင့်တာပေါ့ကွယ်။

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# မယ်တော်နတ်သား

"ဟောသည်စာက အရှင်သုဘာသိတ မထေရ်မြတ်ထံကစာ ဖြစ်ပါတယ်၊ အရှင်မြတ်ရဲ့ လိပ်စာအပြည့်အစုံက "အရှင်သုဘာသိတ၊ တမာကုန်းကျောင်းဆရာတော်၊ အမှတ်(၃) ကပစနယ်မြေ၊ ဆင်တဲ(ပြည်) ဖြစ်ပါတယ် ဘုရား"

"အရှင်သုဘာသိတရဲ့ စာကို ဖတ်စမ်းပါဦး"

"အရှင်သုဘာသိတရဲ့ လျှောက်ထားစာက သည်လိုပါဘုရား၊ တပည့်တော်တို့ မြတ်စွာဘုရားသည် ၇-ဝါမြောက်၌ တာဝတိံသာနတ်ပြည်သို့ ကြွရောက်၍ ဝါတွင်း သုံးလပတ်လုံး နတ်ဗြဟ္မာတို့အား အဘိဓမ္မာဒေသနာတော်မြတ်ကို ဟောကြားခဲ့ရာတွင် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြီးအမှူးပြု၍ ဟောကြားသည့်အကြောင်း စာသင်သားဘဝက ညဝါတက်ဆိုခဲ့စဉ် သိခဲ့ရပါသည်၊ သန္တုသိတနတ်သားသည် တုသိတာနတ်ပြည်၌ ဖြစ်သောကြောင့် "မာတရံ ပမုခံ ကတွာ-အရ မယ်တော်ကို ဦးစားပေးပါလျှင် မယ်တော်ရှိရာ တုသိတာသို့ကြွ၍ ဟောကြားသင့်ပါသည်၊ သို့ပါလျက် အဘယ်ကြောင့် မယ်တော်ဖြစ်ရာဌာနသို့ မကြွရောက်ဘဲ တာဝတိံသာသို့ ကြွရောက်ရသည့် အကြောင်း အမိန့်ရှိစေလိုပါသည်၊ ၎င်းပြင် မယ်တော်မိနတ်သားသည် အဘိဓမ္မာတရားကို နာကြား၍ အကျွတ်တရား ရ မရကိုလည်း သိလိုပါသည် ဘုရား၊ ယခုအမေးကို ဓမ္မဗျူဟာစာစောင်မှ အမြန် ဖြေကြားပေးပါရန်

http://www.dhammadownload.com



လျှောက်ထားပါသည်ဘုရားတဲ့၊ အရှင်သုဘာသိတရဲ့ ပေးစာက ဒါပါပဲဘုရား"

"အရှင်သုဘာသိတရဲ့ ပေးစာမှာ ၁၉၊၂၊၈၅– ရက်စွဲတပ်ထားတော့ အတော်ကြာသွားပြီကွယ့်၊ သို့သော်လည်း ဓမ္မဗျူဟာစာစောင်မှာ အစဉ်အတိုင်း ထည့်ရတာဆိုတော့ ကိုယ်က မြန်ချင်တိုင်းလည်း မြန်လို့ မရဘူး၊ ဒါကြောင့် အမေးရှင်များကို တောင်းပန်ချင်တာက သည်းခံပြီး စောင့်စား ဖတ်ရှုကြပါလို့ ပေါ့ကွယ်၊ ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အရှင်သုဘာသိတရဲ့ အမေးဟာ မေးသင့်မေးထိုက်တဲ့ အမေးပါပဲ၊ သို့သော်လည်း တာဝတိံသာကိုကြွပြီး ဘုရားရှင် အဘိဓမ္မာတရားတော် ဟောတာက နတ်ပြည်မှာ မယ်တော်ဖြစ်တာမို့ မယ်တော်နောက် လိုက်ပြီး တရားဟော တာ မဟုတ်ပါဘူး၊ ဘုရားရှင်တိုင်းရဲ့ ဓမ္မတာအားလျော်စွာ တာဝတိံသာမှာ တရားဟောခြင်း ဖြစ်တယ်ကွယ့်"

"ဓမ္မတာဆိုတာ ဘာတုန်းဘုရား"

"ဓမ္မဆိုတာ ဖြစ်ရိုးဖြစ်စဉ်ပေါ့ကွယ်၊ နွေရာသီမှာပူတယ်၊ မိုးရာသီမှာ မိုးရွာတယ်၊ ဆောင်းရာသီမှာ အေးတယ်ဆိုတာဟာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်သလို ဘုရားရှင်တို့ရဲ့ ဖြစ်ရိုးဖြစ်စဉ်ကို ဓမ္မတာလို့ ခေါ်တယ်၊ ဓမ္မတာ(၃၀)ကို လူပျို ဘုရားအမေးမှာ ဖြေဆိုပြီးပါပြီ၊ အဲသည် ဓမ္မတာ(၃၀)ကို ပြန်ပြီးကြည့်ပါ၊ အမှတ်(၁၉)မှာ ဘယ်လိုဖွင့်ပြထားသလဲ။

**"တာဝတိံသာဘဝနေ အဘိဓမ္မဒေသနာ"**လို့ အဋ္ဌကထာမှာ ဖွင့်ပြ ထားတယ်၊ တာဝတိံသာမှာ အဘိဓမ္မာတရားတော် ဟောခြင်းဟာ ဘုရားရှင် တို့ရဲ့ ဓမ္မတာအားလျော်စွာ ဟောခြင်းဖြစ်သတဲ့၊ တာဝတိံသာမှာ ဘာကြောင့် ဟောတော်မူရသလဲဆိုတာကိုတော့ ဇိနာလင်္ကာရဋီကာ ၂၉၁–မှာ **သတ္ထာ ပါဋိဟာရိယံ ကရောန္တော ကဏ္ဍ နု ခေါ အတီတာ ဗုဒ္ဓါ ဝဿံ ဥပေန္တီတိ အာဝဇ္ဇေတွာ တာဝတိံသာဘဝနေ ဝဿံ ဥပဂန္တွာ မာတု အဘိဓမ္မပိဋကံ ဒေသေန္တီတိ ဒိသွာ**–လို့ ပြထားသကွယ့်"

"မှန်ပါ–အဓိပ္ပာယ်ကို အမိန့်ရှိပါဦး ဘုရား"

"အဓိပ္ပာယ်ကတော့ ရှေးရှေးသော ဘုရားရှင်များဟာ ရေမီးအစုံ တန်ခိုး

http://www.dhammadownload.com



ပြာဋိဟာ ပြတော်မူပြီး ဘယ်အရပ်မှာ ဝါကပ်ဆိုတော်မူကြသလဲလို့ ဆင်ခြင်တော်မူတဲ့အခါ တာဝတိံသာနတ်ပြည်မှာ ဝါကပ်ရင်း မယ်တော်ကို အဘိဓမ္မာတရားဟောတာကို မြင်တော်မူသတဲ့၊ ဒါကြောင့် ရှေးဘုရားရှင်တို့ ဓမ္မတာ တာဝတိံသာကို ဝါကပ်ရင်း တရားဟောရင်း ကြွတော်မူခြင်းဖြစ်တယ်၊ မယ်တော်ကို တမင်တရားဟောဖို့ တာဝတိံသာကို ကြွတော်မူခြင်းမှ မဟုတ်တာကွယ့်"

"သည်လိုဆို (မာတရံ ပမုခံ ကတွာ) မယ်တော်ကို အဦးပြု၍ ဘာကြောင့် ဆိုတာလဲဘုရား၊ အမိန့်ရှိပါဦး"

"ဘုရားရှင်ဟာ အဘိဓမ္မာတရားတော် ဟောရန်အတွက် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ခင်းထားတဲ့ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာအပေါ် စံနေတော်မူတယ်ဆိုရင်ပဲ ဇာတိခေတ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းများစွာ အဘိဓမ္မာတရားတော်ကို နာယူဖို့ လာရောက်ကြတယ်၊ ဤစကြဝဠာမျှမက အခြား စကြဝဠာ ကမ္ဘာတွင်းက နတ်ဗြဟ္မာတွေတော့ အထူး ပြောစရာမလိုတော့ဘူး၊ အမြောက်အမြား လာရောက်ကြမှာပေါ့၊ အခြား နတ်တွေ ဗြဟ္မာတွေ တရားနာဖို့ တသောသော သွားနေမှတော့ မယ်တော် ဖြစ်ဖူးတဲ့ သန္တုဿိတနတ်သားက အောင့်နေလို့ ဖြစ်ပါ့မလား၊ တရားဟောမယ့် ဘုရားရှင်က သူ့သားတော်အစစ်ပဲ၊ သူများထက် သူက ဦးစွာ သွားမှာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘုရား"

"သူတစ်ပါးထက် ဦးအောင်မသွားဘူး၊ နောက်မှ သွားတယ်ပဲဆိုကြပါစို့၊ မယ်တော်နတ်သား ကြွလာတယ်ဆိုလျှင် မြင်မြင်သမျှ နတ်ဗြဟ္မာအပေါင်းတို့က ရှေ့ကိုကြွပါ၊ ရှေ့ကို ကြွပါလို့ ဦးစားပေးရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ သူက မယ်တော်ဖြစ်ခဲ့ဖူးတာကိုး၊ သည်လိုနှင့် မယ်တော်နတ်သားဟာ နတ်ဗြဟ္မာတို့ကို ကျော်လွန်ပြီး ဘုရားရှင်ရဲ့ ရှေ့တော် လက်ယာနံပါးဆီ ရောက်သွားတာပေါ့၊ အဘိဓမ္မာတရားတော်ကို ဟောတော်မူတော့ မယ်တော်နတ်သားဟာ ရှေ့ဆုံးက တရားတော်ကို နာရတယ်လေ၊ ဒါကြောင့် (မာတရံ ပမုခံ ကတွာ) လို့ အဋ္ဌသာလိနီ အဋ္ဌကထာက ဆိုတာပေါ့၊ သည်ယုတ္တိက ကျမ်းဂန်လာတဲ့

http://www.dhammadownload.com


**အာဂမယုတ္တိမဟုတ်ဘူး၊** သဘာဝယုတ္တိနှင့် ညှိနှိုင်းပြီး ဖြေဆိုလိုက်တာပါပဲ၊ ဒါကြောင့် ဘုရားရှင်က မယ်တော်နတ်သား ရှိရာဌာနကို တမင်ကြွသွားပြီး တရားဟောတာ မဟုတ်ပါဘူး၊ ဘုရားရှင် တရားဟောရာကိုသာ မယ်တော် နတ်သားက လာတယ်လို့ မှတ်တော့တာပေါ့ကွယ်"

"မှန်ပါ၊ သည်အဖြေ သဘောကျတန်ကောင်းပါရဲ့၊ မယ်တော် အကျွတ် တရား ရ မရကိုလည်း ဖြေကြားတော်မူပါဦး"

"အဘိဓမ္မာဒေသနာတော်ကို ကြားနာရတဲ့အတွက် မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားဟာ သောတာပန်တည်တယ်၊ ကုဋေရှစ်သောင်းသော နတ်ဗြဟ္မာအပေါင်းလည်း သစ္စာတရား သိမြင်ကြတယ်၊ သည်အကြောင်းကို ဇိနာလင်္ကာရဋီကာ ၂၉၃-မှာ **"တဒါ အသီတိကောဋိသဟဿာနံ ဓမ္မာဘိသမယော အဟောသိ၊ မဟာမာယာပိ သောတာပတ္တိဖလေ ပတိဋ္ဌာသိ"**လို့ ပြထားပါတယ်ကွယ့်"

"မှန်ပါ-သည်ပါဌ်ကလေးကိုလည်း အနက်ဖော်ပေးပါဦး ဘုရား"

"အနက်ကတော့ သည်လိုကွယ့်၊ **တဒါ**-ထိုအဘိဓမ္မာတရားပွဲတော် ပြီးဆုံးသောအခါ၌၊ **အသီတိကောဋိသဟဿာနံ**-ကုဋေရှစ်သောင်းကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား၊ **ဓမ္မာဘိသမယော**-သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်သည်၊ အဟောသိ-ဖြစ်ပြီ၊ **မဟာမာယာပိ**- မဟာမာယာဖြစ်ခဲ့ ဖူးသော သန္တုသိတနတ်သားသည်လည်း၊ **သောတာပတ္တိဖလေ**-သောတာပတ္တိ ဖိုလ်၌၊ **ပတိဋ္ဌာသိ**-တည်လေပြီတဲ့ကွယ်"

"မှန်ပါ-ဝမ်းမြောက်လှပါပြီ ဘုရား"

"သာဓု-သာဓု-သာဓု"

http://www.dhammadownload.com



# မိန်းမဘဝနှင့် ဗြဟ္မာ ဘုရားအလောင်း

"ဟောသည်မှာ ဆရာတော်ထံ အမေးလွှာတစ်စောင် ရောက်လာပြန်ပြီ ဘုရား"

"ဘယ်က အမေးလွှာလဲကွယ့်"

"ကသာမြို့၊ သီဂီရပ်၊ ကိုညိုဝင်းရဲ့ထံကပါ"

"ဆိုစမ်းပါဦးကွယ့်၊ သူ့အမေးက ဘာတွေများလဲ"

"မှန်ပါ–တပည့်တော် ဖတ်လျှောက်ပါ့မယ် ဘုရား"

ဆရာတော်ဘုရား–တပည့်တော် ကသာမြို့၊ သီဂီရပ်၊ မောင်ညိုဝင်း လျှောက်ထားပါသည်၊ မဃဒေဝ အပိုဒ် ၂၄၃–၌ **"ဟီနလိင်္ဂ၊ ဘာဝယုတ်ကြား၊ မိန်းမများတို့၊ သိကြားမန္ဓာတ်၊ မာရ်နတ်ဗြဟ္မာ၊ မဖြစ်ရာသို့၊ သုံးဖြာအမိုက်၊ ဒုစရိုက်မျိုး၊ ထိုက်ဆိုးလည်း၊ ကောင်းကျိုးဘယ်ခါ၊ မပေးရာဘူး၊ မြတ်စွာလူ့ဘ၊ သမ္ဗုဒ္ဓတို့၊ မုချသေချာ၊ ဟောမိန့်မှာ၏"**ဟူသော အထက်ပါလင်္ကာ၌ မိန်းမ များသည် သိကြားမင်း, မန္ဓာတ်မင်း, မာရ်မင်း, ဗြဟ္မာမင်း မဖြစ်နိုင်ကြောင်း ဖော်ပြထားပါသည်၊ သို့ရာတွင် အသိတာဘူ မင်းသမီးသည် (ဒုကနိပါတ်) အပ္ပနာဈာန်ရ၍ သေသည်၏ အခြားမဲ့၌ ဗြဟ္မာ မဖြစ်နိုင်ဘူးလား။

ရင်းပြင် ဗုဒ္ဓ ထင်ရှားရှိစဉ် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွစဉ်က ဝက်မ ကလေးအကြောင်းပြု၍ ဟောတော်မူရာ ဥဗ္ဗရီမင်းသမီးဖြစ်စဉ် ပရိဗိုဇ်မလုပ်ပြီး

http://www.dhammadownload.com


အိမ်သာထဲမှာ လောက်ကောင်တွေ မြင်ပြီးနောက် ပထမဈာန်ရရှိကာ သေသည်မှ နောက်တွင် ဗြဟ္မာဖြစ်သွားရခြင်းစသော ဝတ္ထုများကို ထောက်ထား၍ ဖြေရှင်း ပေးပါရန် မဃဒေဝလင်္ကာအရ မိန်းမများ၏ သုံးဖြာအမိုက် ဒုစရိုက်မျိုး စသော စကားများကို ဖြေရှင်းပေးစေလိုကြောင်း လျှောက်ထားပါသည် ဆရာ တော် ဘုရား၊ (တပည့် ညိုဝင်း၊ သီဂီရပ်၊ ကသာ) သူ့အမေးလွှာက ဒါပါပဲ ဘုရား"။

"သူ့အမေးလွှာထဲမှာ စကားနှစ်ခွန်းပါတယ်ကွယ့်၊ စကားတစ်ခွန်းက မဃဒေဝလင်္ကာမှာ မိန်းမများ သိကြား, မန္ဓာတ်, မာရ်, ဗြဟ္မာမဖြစ်နိုင်ဘူးလို့ ရေးထားတယ်၊ ဘာကြောင့် မဖြစ်နိုင်တာလဲ၊ အသိတာဘူမင်းသမီး ဥဗ္ဗရီဒေဝီ တို့ဟာ အပ္ပနာဈာန်ရပြီး ဗြဟ္မာဖြစ်သွားတယ်မဟုတ်လား၊ မဃဒေဝလင်္ကာ သစ်က ဘာဖြစ်လို့ မဖြစ်နိုင်ဘူးလို့ ရေးသလဲ၊ ဒါက အမေးစကားတစ်ခွန်းကွယ့်"

"ဒုတိယစကားတစ်ခွန်းက သုံးဖြာအမိုက် ဒုစရိုက်မျိုး ထိုက်ဆိုးလည်း ကောင်းကျိုးဘယ်ခါ မပေးရာဘူး–ဆိုတဲ့ မဃဒေဝ လင်္ကာဟာ မိန်းမများရဲ့ သုံးဖြာအမိုက် ဒုစရိုက်လို့ ဆိုလိုတာလား၊ မိန်းမများရဲ့ သုံးဖြာအမိုက်ဆိုတာ က ဘာလဲလို့ မေးလိုရင်းဖြစ်တယ်၊ သည်စကားနှစ်ခွန်းအနက် ပထမစကားကို ဦးစွာ ဖြေကြစို့ရဲ့"

"မှန်ပါ–ဖြေတော်မူပါဘုရား"

"အင်္ဂုတ္တရ ဧကနိပါတပါဠိ ၂၉၊ အဋ္ဌာနပါဠိ ဒုတိယဝဂ်မှာ အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော စသောအားဖြင့် လောကမှာ မဖြစ်နိုင်တဲ့ တရားအစုများကို ဘုရားရှင် ဟောထားသကွယ့်"

"မဖြစ်နိုင်တဲ့ တရားများက ဘာတွေများလဲဘုရား"

(၁) တစ်ခုသော လောကဓာတ်အတွင်းမှာ စကြဝတေး မင်းနှစ်ပါး ပြိုင်တူ မဖြစ်ကောင်းဘူး၊

(၂) မိန်းမဟာ ဘုရား မဖြစ်ကောင်းဘူး၊

(၃) မိန်းမဟာ စကြဝတေးမင်း မဖြစ်ကောင်းဘူး၊

(၄) မိန်းမဟာ သိကြားမင်း မဖြစ်ကောင်းဘူး၊

(၅) မိန်းမဟာ မာရ်မင်း မဖြစ်ကောင်းဘူး၊

http://www.dhammadownload.com



(၆) မိန်းမဟာ ဗြဟ္မာကြီး မဖြစ်ကောင်းဘူး၊
(၇) ဒုစရိုက် သုံးပါးတို့ဟာ ကောင်းကျိုးကို ပေးနိုင်တဲ့ အကြောင်း မရှိဘူး။

ယခုပြောခဲ့တဲ့ အဋ္ဌာနပါဠိ ဒုတိယဝဂ်မှာ ဘုရားဟောတဲ့ မဖြစ်နိုင်သော တရားအစုများပါပဲ၊ သည် တရားအစုထဲက ပထမ အဋ္ဌာနပုဒ်ကို ချန်ပြီး ကျန် အဋ္ဌာနပုဒ်များကို မဃဒေဝလင်္ကာသစ်က ဥပမာ ဥပမေယျပြုပြီး လင်္ကာစပ် ထားခြင်း ဖြစ်တယ်။

လင်္ကာရဲ့ အဓိပ္ပာယ်က "ဘဝယုတ်သော မိန်းမများဟာ သိကြား, မန္တာတ်, မာရ်နတ်, မဟာဗြဟ္မာ မဖြစ်နိုင်သလို အမိုက်သုံးပါးဖြစ်တဲ့ ကာယ ဒုစရိုက်, ဝစီဒုစရိုက် မနောဒုစရိုက် အမိုက်များဟာလည်း ဘယ်သောအခါမှ ကောင်းကျိုးချမ်းသာကို မပေးနိုင်ဘူး"လို့ ဆိုလိုတယ်၊ သည်စကားရပ်မှာ မိန်းမဟာ ဘာကြောင့် ဘုရား၊ စကြဝတေး၊ သိကြား၊ မာရ်နတ် မဖြစ်နိုင်တာ လဲဆိုတော့ (ဟီနလိင်္ဂ၊ ဘာဝယုတ်ဩား) လို့ စပ်ဆိုတော်မူတဲ့အတိုင်း ဘာဝ ယုတ်ညံ့နေလို့ပဲ၊ ဘာဝယုတ်ညံ့တဲ့ မိန်းမဆိုတော့ တကယ် ရဲရဲတောက် အဆင့်အမြင့်ဆုံး ဘဝကြီးများနဲ့ မဟပ်မိဘူးပေါ့၊ ဒါကြောင့် ဘုရား၊ စကြဝတေး၊ သိကြား၊ မာရ်နတ် မဖြစ်နိုင်ခြင်းဖြစ်တယ်၊ သို့သော် ဗြဟ္မာရဲ့အဖြစ်ဆိုတာ လူ့ဘဝက မိန်းမပင်ဖြစ်စေ ဗြဟ္မာဘဝရောက်သွားရင် မိန်းမအသွင် မဟုတ် တော့ဘူး၊ ယောကျ်ားအသွင်ဖြစ်သွားပြီ၊ ဒါကြောင့် ဘာဝ (ဘာဝ-လိင်္ဂ)နှင့် စပ်ဟပ်ဖို့ မရှိဘူး၊ ပြီးတော့ တရားသဘောဆိုတာဟာလည်း မိန်းမ, ယောကျ်ား, လူဆင်းရဲ, လူချမ်းသာ, နတ်ဗြဟ္မာရယ်လို့ ဘယ်ဘက်မှ မျက်နှာလိုက်ရိုးထုံးစံ မရှိဘူး။

မိန်းမ အကုသိုလ်လုပ်ရင်လည်း အပါယ်ကျမှာပဲ၊
ယောကျ်ား အကုသိုလ်လုပ်ရင်လည်း အပါယ်ကျမှာပဲ၊
မိန်းမ ကုသိုလ်လုပ်ရင်လည်း သုဂတိလားမှာပဲ၊
ယောကျ်ား ကုသိုလ်လုပ်ရင်လည်း သုဂတိလားမှာပဲ၊

ဒီတော့ ယောကျ်ားဖြစ်သူ သမထတရား ပွားများလို့ ဈာန်ရခဲ့လျှင် ဈာန်အားလျော်စွာ ဗြဟ္မာဖြစ်နိုင်သလို မိန်းမ ဖြစ်သူ ဈာန်ရလျှင်လည်း ဗြဟ္မာ

ဖြစ်နိုင်တာပါပဲ၊ ဒါဖြင့် မဃဒေဝလင်္ကာသစ်က (မာရ်နတ်ဗြဟ္မာ မဖြစ်ရာသို့) လို့ ဘာလို့ ရေးထားတာလဲဆိုတော့ သည်နေရာမှာ လင်္ကာဖြစ်လို့ **မဟာ**ပုဒ်ကို ချန်ပြီး ရေးသွားခြင်းဖြစ်တယ်၊ တကယ်ရေးရမှာက (မာရ်နတ် **မဟာ**ဗြဟ္မာ မဖြစ်ရာ) လို့ ရေးရမှာပဲ၊ ဘာကြောင့်မို့လဲဆိုတော့ အံ၊ ဠ(ပ) ၃၆၃-မှာ **(ဗြဟ္မတ္တန္တိ ဟိ မဟာဗြဟ္မတ္တံ အဓိပ္ပေတံ)**လို့ ဖွင့်ပြထားလို့ပဲပေါ့၊ ဒါကြောင့် မိန်းမဈာန်ရလျှင် ဈာန်အားလျော်စွာ ဗြဟ္မာဖြစ်နိုင်ပါတယ်၊ သို့သော်လည်း မဟာဗြဟ္မာတော့ မဖြစ်နိုင်ဘူးလို့ ဆိုလိုတယ်"

"ဈာန်အားလျော်စွာ ဗြဟ္မာဖြစ်နိုင်တယ်ဆိုတာ ဘယ်လို လျော်စွာလဲ ဘုရား၊ အမိန့်ရှိပါဦး"

"ဈာန်အားလျော်စွာဆိုတာကို နားရှင်းအောင် ပြောရရင် ဦးစွာ ဗြဟ္မာ့ဘုံ ၂၀-ကို ပြောဦးမှ ဖြစ်မယ်ကွယ့်"

"မှန်ပါ-မိန့်တော်မူပါ ဘုရား"

"ဗြဟ္မာများ နေထိုင်ရာဘုံဟာ (၁) ပထမဈာန် ၃-ဘုံ၊ (၂) ဒုတိယဈာန် ၃-ဘုံ၊ (၃) တတိယဈာန် ၃-ဘုံ၊ (၄) စတုတ္ထဈာန် ၇-ဘုံ၊ (၅) အရူပ ၄-ဘုံ ပေါင်း ဘုံပေါင်း ၂၀-ရှိတယ်၊ အဲဒီဘုံ ၂၀-ကို တစ်ခုစီ ခွဲပြရမယ်ဆိုရင် **ပထမဈာန် ၃-ဘုံက-** (၁) ဗြဟ္မပါရိသဇ္ဇာဘုံ၊ (၂) ဗြဟ္မပုရောဟိတာဘုံ၊ (၃) မဟာဗြဟ္မာဘုံတို့ဖြစ်ကြတယ်၊ **ဒုတိယဈာန် ၃-ဘုံက-** (၁) ပရိတ္တာဘာဘုံ၊ (၂) အပ္ပမာဏာဘာဘုံ၊ (၃) အာဘဿရာဘုံ တို့ဖြစ်ကြတယ်၊ **တတိယဈာန် ၃-ဘုံက-** (၁) ပရိတ္တသုဘာဘုံ၊ (၂) အပ္ပမာဏသုဘာဘုံ၊ (၃) သုဘကိဏှာဘုံ တို့ဖြစ်ကြတယ်၊ **စတုတ္ထဈာန်ဘုံ ၇-ဘုံက-** (၁) ဝေဟပ္ဖိုလ်ဘုံ၊ (၂) အသညသတ်ဘုံ၊ (၃) အဝိဟာဘုံ၊ (၄) အတပ္ပါဘုံ၊ (၅) သုဒဿာဘုံ၊ (၆) သုဒဿီဘုံ၊ (၇) အကနိဋ္ဌဘုံတို့ ဖြစ်ကြတယ်၊ **အရူပဘုံ ၄-ဘုံက-**(၁) အာကာသာနဉ္စာယတနဘုံ၊ (၂) ဝိညာဏဉ္စာယတနဘုံ၊ (၃) အာကိဉ္စညာယတနဘုံ၊ (၄) နေဝသညာနာသညာယတနဘုံ တို့ဖြစ်ကြတယ်၊ မှတ်မိရဲ့လား"

"မှန်ပါ-မှတ်မိပါတယ် ဘုရား"

"မှတ်မိလို့ရှိရင် အဲဒီဗြဟ္မာ့ဘုံသို့ ရောက်ကြောင်း အကျင့်ကို ပြောကြဦးစို့ရဲ့"

http://www.dhammadownload.com


"မိန့်တော်မူပါ ဘုရား"

"ဗြဟ္မာဆိုလျှင် ဘယ်ဗြဟ္မာပဲဖြစ်စေ ဈာန်အရာကို အခြေခံပြီးမှ ရောက်ကြရတယ်၊ ဈာန်တရားဆိုတာကလည်း သမထ ၄၀–အနက် အပ္ပနာဘာဝနာထိ ရောက်နိုင်တဲ့ ကမ္မဋ္ဌာန်း ၃၀–ကို အခြေခံပြီးမှ ဖြစ်ပွားရတယ်၊ အဲဒီလို အခြေခံကြရာမှာ ပထမဈာန်ရဖို့ အခြေခံ ကမ္မဋ္ဌာန်းက ကသိုဏ်း ၁၀–ပါး၊ အသုဘ ၁၀–ပါး၊ ကာယဂတာသတိ၊ အာနာပါနဿတိ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာရယ်လို့ ကမ္မဋ္ဌာန်းတရား ၂၅–ပါး ဖြစ်တယ်၊ ဒီ ကမ္မဋ္ဌာန်းတရား ၂၅–ပါးအနက် တစ်ပါးပါးသော ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်တဲ့အတွက် ဈာန်အင်္ဂါ ၅–ပါးရှိတဲ့ ပထမဈာန်ကို ရခဲ့လျှင် ပထမဈာန် (၃) ဘုံကို ရောက်နိုင်တယ်၊ ပထမဈာန် သုံးဘုံကို ရောက်ရာမှာလည်း ဣဒ္ဓိပါဒ် အာနုဘော်ညံ့လျှင် ဗြဟ္မပါရိသဇ္ဇာဘုံကိုရောက်တယ်၊ အာနုဘော်အလတ်ဆိုလျှင် ဗြဟ္မပုရောဟိတာ ဘုံကိုရောက်နိုင်တယ်၊ အာနုဘော်ထက်လျှင် မဟာဗြဟ္မာ ဘုံကို ရောက်တယ်။

ဒုတိယဈာန်နှင့် တတိယဈာန်ဆိုတာက ပဉ္စကနည်းနှင့်သာ ဈာန်အမည်ကွဲနေတာ၊ စတုက္ကနည်းနှင့်ဆိုတော့ ဒုတိယဈာန်နှင့် တတိယဈာန်ဟာ အတူတူပဲကွယ့်၊ ပဉ္စကနည်းမှာ ဝိတက်ကိုပယ် ဈာန်အင်္ဂါ ၄–ပါးရှိတော့ ဒုတိယဈာန်ဖြစ်တယ်၊ ဝိစာရကိုပယ် ဈာန်အင်္ဂါသုံးပါးရှိတော့ တတိယဈာန် ဖြစ်တယ်၊ စတုက္ကနည်းအရ ဝိတက်နှင့် ဝိစာရကို တစ်ပြိုင်တည်း ပယ်လိုက်တော့ ဈာန်အင်္ဂါ ၃–ပါးရှိတဲ့ ဒုတိယဈာန် ဖြစ်လာတယ်၊ ဒါကြောင့် ဒုတိယဈာန်နှင့် တတိယဈာန်ဟာ တူကြတယ်။

သည် ဒုတိယဈာန်နှင့် တတိယဈာန်ရဖို့ အကျင့်ကမ္မဋ္ဌာန်းက ကသိုဏ်း ၁၀–ပါး၊ အာနာပါနဿတိ တစ်ပါး၊ မေတ္တာ, ကရုဏာ, မုဒိတာ ဗြဟ္မဝိဟာရ ၃–ပါး ပေါင်း ၁၄–ပါးဖြစ်တယ်၊ သည် ၁၄–ပါးသော ကမ္မဋ္ဌာန်းအနက် တစ်ပါးပါးသော ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်လို့ ရလာတဲ့ ဝိစာရ ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါလေးပါးရှိတဲ့ ဒုတိယဈာန်နှင့် စတုက္ကနည်းအားဖြင့် ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃–ပါးရှိတဲ့ တတိယဈာန်ဟာ ဒုတိယ ဈာန်ဘုံသို့ ရောက်ကြောင်း အကျင့် ဖြစ်တယ်။

http://www.dhammadownload.com


အဲသည် ဒုတိယစျာန်နဲ့ တတိယစျာန် အာနုဘော်ညံ့လျှင် ပရိတ္တာဘာဘုံကို ရောက်တယ်၊ အာနုဘော်တော် အလတ်ဆိုလျှင် အပ္ပမာဏာဘာ ဘုံကို ရောက်တယ်၊ အာနုဘော်တော်ထက်လျှင် အာဘဿရာဘုံကို ရောက်တယ်၊ ဒုတိယစျာန် နှင့် တတိယစျာန်ကို စတုက္ကနည်းနဲ့ ပေါင်းလိုက်တော့ တတိယစျာန်ဟာ ဒုတိယစျာန်အတွင်းကို ဝင်သွားပြီ၊ ဒါကြောင့် စတုတ္ထစျာန်ကျတော့ တတိယစျာန်လို့ မှတ်ရတော့မယ်။

စတုတ္ထစျာန်ဟာ သုခနဲ့ ဧကဂ္ဂတာလို့ စျာန်အင်္ဂါ ၂-ပါးသာရှိတယ်၊ အဲဒီ စတုတ္ထစျာန်ကို ရလျှင် တတိယစျာန် ၃-ဘုံကို ရောက်တယ်၊ စတုတ္ထစျာန် ရောက်အောင်ကျင့်ရမယ့် ကမ္မဋ္ဌာန်းက ကသိုဏ်း ၁၀ပါး, အာနာပါနဿတိ, မေတ္တာ, ကရုဏာ, မုဒိတာ ပေါင်း ၁၄-ပါးဖြစ်တယ်၊ အဲဒီ ၁၄-ပါးအနက် တစ်ပါးပါးကိုပွားလျှင် စတုတ္ထစျာန်ကို ရနိုင်တယ်၊ ရပြီးတဲ့ စတုတ္ထစျာန် အာနုဘော်ညံ့လျှင် ပရိတ္တသုဘာဘုံရောက်တယ်၊ အာနုဘော်အလတ်ဖြစ်လျှင် အပ္ပမာဏသုဘာဘုံကို ရောက်တယ်၊ အာနုဘော်တော် ထက်လျှင် သုဘကိဏှာဘုံကို ရောက်တယ်။

စတုက္ကနည်းအားဖြင့် ဒုတိယစျာန်နှင့် တတိယစျာန်ကို ပေါင်းလိုက်တဲ့အတွက် ပဉ္စကနည်းအရပြထားတဲ့ စျာန်ငါးပါးဟာ ၄-ပါးဖြစ်သွားတယ်၊ စျာန် ၄-ပါးဖြစ်သွားတော့ စတုတ္ထစျာန်က တတိယစျာန်ဖြစ်ပြီး ပဉ္စမစျာန်က စတုတ္ထစျာန်ဖြစ်လာတယ်၊ ဒါကြောင့် ပဉ္စမစျာန်ကိုရလျှင် စတုတ္ထစျာန်ဘုံကို ရောက်တယ်၊ စတုတ္ထစျာန်ဘုံဆိုသော်လည်း စတုတ္ထစျာန် ၇-ဘုံလုံးကို မရောက်နိုင်ဘူး၊ ဝေဟပ္ဖိုလ်ဘုံကိုသာ ရောက်နိုင်တယ်။

ပဉ္စမစျာန်ဟာ ဥပေက္ခာနှင့် ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးရှိတယ်၊ ပဉ္စမစျာန်ရအောင် ကျင့်ရမယ့် ကမ္မဋ္ဌာန်းကတော့ ကသိုဏ်း ၁၀-ပါး၊ အာနာပါနဿတိ၊ ဥပေက္ခာ ပေါင်း ၁၂-ပါး ဖြစ်တယ်၊ အဲဒီ ကမ္မဋ္ဌာန်း ၁၂-ပါးအနက် တစ်ပါးပါးကို ပွားများလို့ ပဉ္စမစျာန်ကိုရလျှင် ဝေဟပ္ဖိုလ်ဘုံကို ရောက်တယ်၊ ထို ပဉ္စမစျာန်ကိုပင် သညာကင်းအောင် ပွားများခဲ့လျှင် အသညသတ် ဘုံကိုရောက်တယ်။

ဝေဟပ္ဖိုလ်၊အသညသတ်မှ ကြွင်းတဲ့ အဝိဟာ, အတပ္ပါ, သုဒဿာ,

http://www.dhammadownload.com



သုဒဿီ, အကနိဋ္ဌဆိုတဲ့ စတုတ္ထစျာန်ဘုံကိုတော့ အနာဂါမ်ပုဂ္ဂိုလ်ကြီးများ ဖြစ်ရာဌာနမို့ (သုဒ္ဓါဝါသဘုံ)လို့ ခေါ်ရတယ်၊ အရူပကုသိုလ် ၄-ပါးကို ပွား များလျှင် အစဉ်အတိုင်း အရူပ ၄-ဘုံကို ရောက်တယ်၊ ယခု ပြောဆိုခဲ့တာက အဘိဓမ္မာနည်းအရ ဗြဟ္မာဖြစ်ကြောင်း တရားတွေပဲကွယ့်၊ သည်တရားများကို အားထုတ်လို့ ပထမစျာန်ရလျှင် ပထမစျာန်ဘုံ၊ ဒုတိယစျာန်နှင့် တတိယစျာန် ရလျှင် ဒုတိယစျာန်ဘုံ၊ စတုတ္ထစျာန်ကိုရလျှင် တတိယစျာန်ဘုံ စသည် ရောက်နိုင်တယ်၊ သည်အထဲ မိန်းမ, ယောကျ်ား ခွဲခြားခြင်းမရှိဘူး။

ဒါကြောင့် ကိုညိုဝင်းရဲ့အမေးမှာပါတဲ့ အသိတာဘူတို့, ဥဗ္ဗရီဒေဝီတို့ဟာ လည်း စျာန်စိတ်နဲ့ စုတိကျလို့ ဗြဟ္မာ့ပြည်မှာ ဖြစ်ကြတာ မှန်ပါတယ်၊ မိန်းမသားဟာ ဗြဟ္မာမဖြစ်ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး၊ ဆိုလိုတာက ဗြဟ္မာတော့ ဖြစ်နိုင်တယ်၊ သို့သော် မဟာဗြဟ္မာတော့ မဖြစ်နိုင်ဘူးလို့ ဆိုလိုတာပါ”

“သည်လိုဆို မိန်းမသားဟာ စျာန်ရအောင် အားထုတ်နိုင်သော်လည်း အာနုဘော် ထက်မြက်အောင်တော့ အားမထုတ်နိုင်ဘူးပေါ့ဘုရား”

“အာနုဘော် ထက်မြက်အောင် မဟုတ်သေးဘူး၊ အလယ်အလတ် အာနုဘော်ရှိအောင်တောင် အားမထုတ်နိုင်ဘူး၊ အာနုဘော် ညံ့ညံ့သာ အားထုတ် နိုင်တယ်၊ ဒါကြောင့် စျာန်ရမိန်းမ ကွယ်လွန်ရင် ဗြဟ္မပါရိသဇ္ဇာဘုံမှာသာ ဖြစ်ခွင့်ရှိတယ်၊ ဒီအကြောင်းကို အံ၊ဋ္ဌ၊ပ၊ ၃၆၃-မှာ (**ဣတ္ထိ စ ဣဓ စျာနံ ဘာဝေတွာ ကာလံ ကတွာ ဗြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇတိ၊ န မဟာဗြဟ္မာနံ**)လို့ ဖွင့်ပြထားတယ်”

“သည်လိုဆို ပြဿနာတစ်ခု ပြန်ဝင်လာပြီ ဘုရား”

“ဘာပြဿနာများ ဝင်လာတုန်း၊ ဆိုစမ်းပါဦး”

“မိန်းမနဲ့ ယောကျ်ားဟာ ဘာဝကွဲပြားခြင်းမှ တစ်ပါး ဘာမျှ မခြားနားဘူး ဘုရား၊ ယောကျ်ားတွေ စာသင်လျှင် တတ်သလို မိန်းကလေးတွေ စာသင်လျှင် လည်း တတ်တာပဲ၊ ယောကျ်ားတွေ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မြင်နိုင် သလို မိန်းမတွေလည်း မြင်နိုင်တာပဲ၊ သို့သော် မိန်းမဆိုတဲ့ ဘဝနိမ့်မှုကြောင့် အများ ဗိုလ်ထုအလယ် အတင့်တယ်ဆုံးဖြစ်ရမည့်၊ ဘုရား, စကြဝတေးမင်း,

http://www.dhammadownload.com


မာရ်နတ် မဖြစ်နိုင်ဘူးဆိုတာ ယုံကြည်ပါတယ်၊ ဗြဟ္မာဘဝရောက်တော့ ဣတ္ထိဘာဝလည်း မဟုတ်တော့ဘူး၊ ပုရိသဘာဝလည်း မဟုတ်တော့ဘူး၊ အသွင်ကတော့ ယောကျ်ား အသွင်ဖြစ်လာပြီ၊ မဟာဗြဟ္မာကြီး အသွင်နဲ့လည်း ဘာမျှ မတင့်တယ်စရာ မရှိဘူး၊ သို့ပါလျက် မိန်းမဟာ ဘာကြောင့် မဟာဗြဟ္မာ မဖြစ်ရဘဲ ဗြဟ္မပါရိသဇ္ဇာ လောက်သာ ဖြစ်ရသလဲ၊ ဒါဟာ ဝင်လာတဲ့ ပြဿနာပဲ ဆရာတော်၊ အဖြေကို အမိန့်ရှိပါဦး"

"တရားသဘောက မိန်းမမို့လို့ အောက်တန်းကျဘုံကို လျှော့ချလိုက်တာ မဟုတ်ပါဘူး၊ မိန်းမများကိုယ်တိုင်က ဈာန်ပင်ရသော်ငြားလည်း ဣဒ္ဓိပါဒ် ၄–ပါး ကြီးမားအောင် မပွားများနိုင်လို့ သူတို့ပွားများနိုင်သလောက် ဗြဟ္မပါရိသဇ္ဇာဆိုတဲ့ အောက်တန်းဘုံမှာ ဖြစ်ရတာပါကွယ့်"

"မိန်းမသားက ဘာကြောင့် ဣဒ္ဓိပါဒ် ၄–ပါး ကြီးမားအောင် မပွားများနိုင်တာလဲဘုရား၊ ယောကျ်ားတွေ ပွားများနိုင်လျှင် မိန်းမသားတွေလည်း ပွားများနိုင်သင့်တာပေါ့"

"ယောကျ်ားတွေ ပွားများနိုင်တိုင်း မိန်းမတွေ မပွားများနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဘာဝ ညံ့နေလို့ပေါ့၊ ဘာဝ ညံ့နေတာနဲ့ ဘာကြောင့် မပွားများနိုင်တာလဲဆိုတာ နည်းနည်း ချဲ့ပြီး ပြောပြဦးမယ်"

"မှန်ပါ–မိန့်တော်မူပါ ဘုရား"

"ယောကျ်ားနဲ့ မိန်းမကို ယှဉ်ကြည့်လိုက်ရင် အလုံးအရပ်ချင်း တူရဲ့လားကွယ့်"

"မတူပါဘူးဘုရား၊ ယောကျ်ားက အလုံးအရပ် ထွားကျိုင်းပြီး မိန်းမက အလုံးအရပ် ငယ်ပါတယ်"

"လူဖြစ်တာချင်းတူပါလျက်နှင့် ဘာကြောင့် သည်လို ကွာခြားသွားတာလဲဆိုတော့ ဘာဝ ခြားသွားလို့ကွယ့်၊ ဘာဝခြားသွားတဲ့အတွက် ရုပ်ဒြပ်ဟာ အားနည်းသွားတယ်၊ ရုပ်ဒြပ် အားနည်းတော့ ဉာဏ်ရဲ့တည်ရာ ဦးနှောက်အားလည်း နည်းသွားတာပေါ့၊ ဒါကြောင့် မိန်းမကို စာသင်လို့ တတ်ပါတယ်၊ ဒါပေမယ့် အရည်အချင်းကျတော့ ယောကျ်ားကို မမီဘူး၊ မမီတာကို မျက်မြင်ပြောရရင် စာတတ်မိန်းမ ပြုစုထားတဲ့ကျမ်း ဘယ်လောက်ရှိသလဲ၊ ယောကျ်ား

http://www.dhammadownload.com



ပြုစုထားတဲ့ကျမ်း အပုံတစ်ရာပုံ တစ်ပုံတောင် ရှိပါ့မလား၊ ဒါက ဘာပြော သလဲဆိုတော့ မိန်းမဟာ ယောကျ်ားလောက် ပေါက်မြောက်သူ မများဘူးလို့ ပြောတယ်၊ စာပေါက်မြောက်သူ မများတာ ဘာကြောင့်လဲဆိုတော့ ယောကျ်ား လောက် ဉာဏ်မကြီးမားလို့ပဲပေါ့၊ သည် ဥပမာအတိုင်း အားလုံး နှိုင်းယှဉ်ကြည့် ပါ၊ ကာယခွန်အား, ဉာဏခွန်အား, စိတ်နေစိတ်ထား, အတွေးအခေါ်, အရည် အချင်း, လက်ရေးလက်သား အားလုံးဟာ ယောကျ်ားကို မမီပါဘူး၊ ဒါကြောင့် ကမ္မဋ္ဌာန်းတရား အားထုတ်ရင် ဈာန်ရနိုင်ပါတယ်၊ သို့သော်လည်း စိတ္တ, ဆန္ဒ, ဝီရိယ, ဝီမံသဆိုတဲ့ ဣဒ္ဓိပါဒ်အရာကျတော့ ယောကျ်ားလောက် မထက်မြက်ဘူး၊ အာနုဘော် ညံ့တယ်၊ အာနုဘော် ညံ့တဲ့အတွက် အထက်အထက် ဗြဟ္မာ့ဘုံမှာ မဖြစ်နိုင်ဘဲ ဗြဟ္မပါရိသဇ္ဇာဘုံမှာသာ ဖြစ်ကြရတယ်ကွယ့်"

"မှန်ပါ– သည်အဖြေကို သဘောကျပါပြီ၊ သို့သော်လည်း ပြဿနာက တစ်ပိုင်း ကျန်နေပါသေးတယ်ဘုရား"

"ဘယ်လို ပြဿနာတစ်ပိုင်းလဲ၊ ဆိုစမ်ပါဦး"

"ပထမဈာန်ရတဲ့ မိန်းမများ ဣဒ္ဓိပါဒ် အာနုဘော် ညံ့တဲ့အတွက် ဗြဟ္မ ပါရိသဇ္ဇာဘုံမှာ ဖြစ်ကြရတယ်ဆိုတာ ရှိပါစေတော့၊ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ရကြတဲ့ မိန်းမများတော့ အကြောင်းအကျိုး မကိုက်ဘဲ ဘာကြောင့် ပါရိသဇ္ဇာဘုံမှာ ဖြစ်ကြရပါသလဲဘုရား"

"အေးကွယ့်– သည်အမေးကတော့ အမှန်မေးသင့်တဲ့ ပြဿနာပဲ၊ တရား သဘောအရဆိုလျှင် ပထမဈာန်ရရင် ပထမဈာန်ဘုံမှာ ဖြစ်ရတယ်၊ ဒုတိယနှင့် တတိယဈာန်ကိုရလျှင် ဒုတိယဈာန်ဘုံမှာ ဖြစ်ရတယ်၊ စတုတ္ထဈာန်ကို ရလျှင် တတိယဈာန်ဘုံမှာ ဖြစ်ရတယ်၊ ပဉ္စမဈာန်ကို ရလျှင် ဝေဟပ္ဖိုလ်ဘုံမှာ ဖြစ်ရတယ်၊ ဒါက အဘိဓမ္မာရဲ့ သဘောပဲ၊ ယောကျ်ားသော, မိန်းမသော ပြောင်းလွဲလို့ မရဘူး၊ သို့ပါလျက် အံ၊ ဋ္ဌ၊ ပ၊ ၃၆၃–မှာ ဆိုထားတဲ့ မိန်းမဟာ သည်ဘဝ ဈာန် ပွားပြီး သေလျှင် ဗြဟ္မပါရိသဇ္ဇာဘုံမှာသာ ဖြစ်ရမယ်၊ မဟာဗြဟ္မာ မဖြစ်နိုင်ဘူး ဆိုတဲ့စကား၊ ပြီးတော့ **"ဣတ္ထိယော ပန အရိယာ ဝါ အနရိယာ ဝါ အဋ္ဌ သမာပတ္တိ လာဘိယော ဗြဟ္မပါရိသဇ္ဇေသုယေဝ နိဗ္ဗတ္တန္တိ"** သမာပတ်ရှစ်ပါးကို ရပြီးတဲ့ မိန်းမများဟာ အရိယာဖြစ်စေ၊ ပုထုဇဉ်ဖြစ်စေ၊ ဗြဟ္မပါရိသဇ္ဇာဘုံမှာသာ

http://www.dhammadownload.com


ဖြစ်နိုင်တယ်ဆိုတဲ့ ဋီကာကျော် စကားများဟာ တိုက်ရိုက်အနက် ကောက်ယူရင် အဘိဓမ္မာသဘောနှင့် ဆန့်ကျင်နေတယ်၊ ဒါကြောင့် ဆရာမြတ် တို့က သည်စကားရပ်ကို တိုက်ရိုက်မကောက်ယူဘဲ ပရိယာယ်နှင့် ကောက်ယူကြတယ်ကွယ့်"

"ဘယ်လို ပရိယာယ်ပါလဲဘုရား၊ မိန့်တော်မူပါဦး"

"မိန်းမသားတွေဟာ သမထကမ္မဋ္ဌာန်း စီးဖြန်းပွားများလို့ ဈာန်ရခဲ့လျှင် ဈာန်အားလျော်စွာ ထိုက်တန်သော ဗြဟ္မာဘုံမှာ ဗြဟ္မာဖြစ်နိုင်တယ်၊ သို့သော် မိန်းမသားဘဝဟာ ဘာဝအင်အား နည်းတဲ့အတွက် ဣဒ္ဓိပါဒ် မထက်မြက်ဘူး၊ ဣဒ္ဓိပါဒ် မထက်မြက်လို့ ဖြစ်ရာဗြဟ္မာဘုံမှာ မဟာဗြဟ္မာမဖြစ်နိုင်ဘူး၊ ပါရိသဇ္ဇာ ဗြဟ္မာမျှသာ ဖြစ်နိုင်တယ်လို့ ကောက်ယူစေလိုတယ်"

"ဒီလို ဗြဟ္မာပါရိသဇ္ဇာဘုံဟာ ပဌမဈာန် ၃-ဘုံမှာ အောက်ဆုံးဘုံကို ခေါ်သော်လည်း ဒုတိယဈာန်ဘုံ, တတိယဈာန်ဘုံ, စတုတ္ထဈာန်ဘုံအရာမှာတော့ ဗြဟ္မာတစ်ဘုံတည်းမှာပင် အငယ်, အလတ်, အမြတ် ဗြဟ္မာ ၃-မျိုးခွဲပြီး မိန်းမ ဖြစ်သူဈာန်ရလျှင် ဈာန်အားလျော်စွာ အထက်အထက် ဗြဟ္မာဘုံများမှာ ဗြဟ္မာတော့ ဖြစ်နိုင်တယ်၊ သို့သော်လည်း အကြီးအမြတ် ဗြဟ္မာတော့ မဖြစ်နိုင်ဘူး၊ ဗြဟ္မာအငယ်မျှသာ ဖြစ်နိုင်တယ်လို့ ဆိုလိုတာပေါ့ဘုရာ့"

"ဟုတ်တယ်-သည်အဓိပ္ပာယ်ပါပဲ၊ သည်အကြောင်းကို ပရမတ္ထသရုပ အနုဝဏ္ဏနာ(ဒု) ၄၃၁-မှာ သည်လိုရေးသားထားတယ်ကွယ့်"

"ဘယ်လိုများ ရေးသားထားပါသလဲဘုရား"

"ဋီကာကျော်ဆရာသည် "**ဣတ္ထိယော ပန အရိယာ ဝါ အနရိယာ ဝါ အဋ္ဌသမာပတ္တိလာဘိယော ဗြဟ္မာပါရိသဇ္ဇေသုယေဝ နိဗ္ဗတ္တန္တိ**"ဟူ၍ မိန့်တော်မူရာ၌လည်း ဗြဟ္မပါရိသဇ္ဇာအရ ဘုံကိုမမှတ်ယူအပ်၊ ဗြဟ္မာမင်းကြီး တို့၏ ပရိသတ် ဗြဟ္မာငယ်ပုဂ္ဂိုလ်တို့ဟူ၍ ပုဂ္ဂိုလ်ကိုသာလျှင် မှတ်ယူအပ်၏၊ သို့မှသာလျှင် ပါဠိတော် အဋ္ဌကထာကြီးတို့နှင့် ညီညွတ်တော့မည်၊ ဤကဲ့သို့ မယူဆဘဲ သမာပတ်ရသော မိန်းမတို့သည် ဗြဟ္မပါရိသဇ္ဇာဘုံ၌သာဖြစ်၏၊ ဗြဟ္မပုရောဟိတာစသော ဘုံတို့၌ မဖြစ်ဟု မဏိမဉ္ဇူဆရာ ဖွင့်တော်မူသည့် အတိုင်း မှတ်ယူကြပါမူ ပါဠိတော် အဋ္ဌကထာတို့နှင့် ဆန့်ကျင်လိမ့်မည်ဟူ၍

http://www.dhammadownload.com



မှတ်၊ အဘယ်ကြောင့်ဟူမူ ဝိသာခါ ဒါယိကာမ၏ နှောင်ကာလ၌ ဥဒ္ဒိသောတ အကနိဋ္ဌဂါမိဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သည်၏အဖြစ်ကို ဟောတော်မူခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာပျက်သောကာလ၌ ရှာန်ရကုန်သော မိန်းမတို့၏ အထက်အထက်ဘုံ၌ ဖြစ်သည်၏ အဖြစ်ကို ဟောတော်မူခြင်းကြောင့်လည်းကောင်း၊ ဥဒါန်းအဋ္ဌကထာဝယ် သာမာဝတီအမှူးပြုသော မိန်းမငါးရာတို့တွင် အချို့သော အနာဂါမ်တည် ဥပါသိကာမတို့သည် သုဒ္ဓါဝါသဘုံ၌ ဖြစ်၏ဟု မိန့်တော်မူခြင်းကြောင့်လည်းကောင်း၊သမာပတ် ရရှိသော မိန်းမတို့သည် ဗြဟ္မပါရိသဇ္ဇာဘုံ၌ သာလျှင် ဖြစ်၏ဟူ၍ မယူမမှတ် အပ်သောကြောင့်တည်းလို့ ရေးသားထားတယ်ကွယ့်"

"မှန်ပါ–သည်လိုဆို ပထမပြဿနာ ရှင်းသွားပါပြီ၊ ဒုတိယပြဿနာ ဆက်တော်မူပါဦး"

"ဒုတိယပြဿနာလည်း ဖြေပြီးပြီကောကွယ့်"

"ဘယ်တုန်းက ဖြေလိုက်တာလဲဘုရာ့"

"ဒုတိယမေးခွန်း သုံးဖြာအမိုက်၊ ဒုစရိုက်မျိုး၊ ထိုက်ဆိုးလည်း၊ ကောင်းကျိုးဘယ်ခါ၊ မပေးရာဘူးဆိုတဲ့ လင်္ကာမှာပါတဲ့ သုံးဖြာအမိုက် ဒုစရိုက်ဆိုတာဟာ မိန်းမများရဲ့ သုံးဖြာအမိုက် ဒုစရိုက်လို့ ဆိုလိုတာလား၊ မိန်းမများရဲ့ သုံးဖြာအမိုက်ဆိုတာ ဘာလဲ"လို့ မေးတာမဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"မဃဒေဝလင်္ကာသစ်ကို ပြန်ဖတ်ကြည့်ကွယ့်၊ (မာရ်နတ်ဗြဟ္မာ၊ မဖြစ်ရာသို့ သုံးဖြာအမိုက်၊ ဒုစရိုက်မျိုး)လို့ ဖွဲ့စပ်ထားတာကို တွေ့ရလိမ့်မယ်၊ မဖြစ်ရာသို့မှာ ပါဝင်တဲ့ သို့ ဆိုတဲ့ ပုဒ်ဟာ ကံအနက်ကိုဟောတဲ့ ဒုတိယ ဝိဘတ်(သို့)မဟုတ်ဘူး၊ (ကဲ့သို့) ဆိုတဲ့ ဥပမာနက်ဟောဖြစ်တယ်၊ ဒါကြောင့် ပုဒ်စပ်တဲ့အခါ မိန်းမများဟာ သိကြား မန္ဓာတ် မာရ်နတ် ဗြဟ္မာ မဖြစ်နိုင်သကဲ့သို့ အမိုက်သုံးပါးဖြစ်တဲ့ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် ကံဆိုးများဟာလည်း ဘယ်သောအခါမှ ကောင်းကျိုးကို မပေးဘူးလို့ ဆိုလိုရင်းဖြစ်တယ်၊ သည်အကြောင်း နောက်က ဖြေပြီးပါပြီကွယ့်"

"မှန်ပါ–နားရှင်းသွားပါပြီဘုရား၊ သည်ပြဿနာရှင်းသွားပြန်တော့ ၁၊၂၊

http://www.dhammadownload.com



၈၃ နေ့စွဲနှင့် မိန်းမပြဿနာတစ်ပုဒ် ထပ်ရောက်လာပြန်ပါတယ် ဘုရား"
"ဘယ်က ပြဿနာလဲကွယ့်"

## ဘုရားလောင်း မိန်းမဘဝ ဖြစ်ဖူးမဖြစ်ဖူး

"မေးသူက နော်မြင့်မြင့်အေး၊ ရွှေတောင်ကုန်း၊ အုတ်ဖိုပါတဲ့ ဘုရား"

"သူ့ပြဿနာက ဘယ်လိုတဲ့တုန်း"

"ဂေါတမဘုရားအလောင်း နုစဉ်ကာလတွင် မိန်းမဘဝ ဖြစ် မဖြစ်နှင့် ဖြစ်သည်ရှိသော် ဘယ်နှစ်ကြိမ် ဖြစ်ပါသနည်းတဲ့ ဘုရား"

"သည်အမေးကို ဖြေဖို့ ဘုရားအလောင်းတော်ကို ခေတ်နှစ်ခေတ်ခွဲပြီး ပြရမှာပဲ၊ ခေတ်နှစ်ခေတ်ဆိုတာက"

(၁) နိယတဗျာဒိတ်မရသေးသော နုသောဘုရားအလောင်းတော်ခေတ်၊

(၂) နိယတဗျာဒိတ်တော်ရပြီးသော ရင့်သော ဘုရားအလောင်းတော် ခေတ်–များပေါ့၊ အဲသည်ခေတ် ၂–ပါးနက် ငါသည် သတ္တာလေးပါးကို ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိမြင်တဲ့ ဗုဒ္ဓဘုရားဖြစ်လျှင် ကောင်းမှာပဲလို့ စိတ်ဖြင့် ဘုရားဆုကို တောင်းသော မနောပဏိဓိခေတ်၊ စိတ်ဖြင့် ဆုတောင်းရုံမျှမက ဗုဒ္ဓဘုရားဖြစ်ရပါလို၏လို့ နှုတ်က မြွက်ဆိုဆုတောင်းတဲ့ ဝါစာပဏိဓိခေတ်၊ သည်ခေတ်နှစ်ခုတို့ဟာ နိယတဗျာဒိတ် မရရှိသေးတဲ့ နုသော ဘုရားအလောင်း ခေတ်ဖြစ်တယ်။

သောတတ္ထကီကျမ်းရဲ့အလိုအားဖြင့် ဘုရားအလောင်း မာတုပေါသက ဘဝမှစ၍ သိဒ္ဓတ္ထတေလ ဒါယိကာမင်းသမီးဘဝအထိ (၇)သင်္ချေကာလအတွင်းဟာ မနောပဏိဓိခေတ်ဖြစ်တယ်၊ သိဒ္ဓတ္ထတေလ ဒါယိကာမင်းသမီးဘဝက နိယတဗျာဒိတ်ခံတဲ့ သုမေဓာရသေ့ဘဝအထိ (၉)အသင်္ချေကာလအတွင်းဟာ ဝါစာပဏိဓိခေတ်ဖြစ်တယ်။

သည် နှစ်ခေတ်အတွင်း ဘုရားလောင်းရဲ့ဘဝဟာ ကေန်ဘုရားဖြစ်ဖို့ မသေချာဘူး၊ အကြားကာလမှာ သာဝကဘဝနှင့် ကျွတ်တမ်းဝင်ချင်လည်း ဝင်တတ်တယ်၊ ပဏိဓိ(ဆုတောင်း)ပြောင်းချင်လည်း ပြောင်းသွားတတ်တယ်၊

http://www.dhammadownload.com



ဒါကြောင့် ဘဝလည်း မသေချာဘူး၊ အဝီစိရောက်ချင်လည်း ရောက်မယ်၊ ဗြဟ္မာဖြစ်ချင်လည်း ဖြစ်မယ်၊ မိန်းမဖြစ်ချင်လည်း ဖြစ်မယ်၊ ယောကျ်ားဖြစ်ချင်လည်း ဖြစ်မယ်၊ သူ့ရဲ့ကံအားလျော်စွာ ယောကျ်ားအကြိမ်မည်မျှ ၊ မိန်းမအကြိမ်မည်မျှလို့ ရေတွက် ပိုင်းခြားဖို့လည်း မလွယ်ဘူး”

“သုမေဓာ ရသေ့ဘဝမှာ နိယတဗျာဒိတ် ခံယူပြီးတဲ့နောက် ယခုဂေါတမ ဘုရား ဖြစ်တော်မူသည့်တိုင်အောင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်းကတော့ စိတ်ညွှတ်ရုံ နှုတ်မြွက်ရုံမကတော့ဘူး၊ ကိုယ်ရော၊ နှုတ်ရော၊ စိတ်ရော အားလုံးကုန် ညွှတ်လာခဲ့ပြီ၊ ပါရမီအင်အားလည်း ကောင်းသည်ထက် ကောင်းလာခဲ့ပြီ၊ ဥပမာအားဖြင့် ဧကန် အပင်ပေါက်မည့် ရင့်ကျက်တဲ့မျိုးစေ့ကို ပိုးစသော အန္တရာယ်များ မဖျက်ဆီးနိုင်သလို၊ ရင့်ကျက်တဲ့ ဘုရားလောင်းရဲ့ဘဝဟာလည်း ဇစ္စန္ဓ၊ ဇစ္စဗဓိရ စတဲ့ အန္တရာယ်မျိုး မဖြစ်တော့ဘူး၊ သည်လို မဖြစ်နိုင်တာကို အဘဗ္ဗလို့ ခေါ်တယ်ကွယ့်၊ အဲသည် အဘဗ္ဗဋ္ဌာနဟာ (၁၈)ပါးရှိကြောင်း (သုတ္တနိပါတ်၊ ဋ္ဌ၊ ပ၊ ၄၅)မှာ ပြဆိုထားတယ်။

ဘုရားအလောင်းမဖြစ်နိုင်တဲ့ အဘဗ္ဗဋ္ဌာန ၁၈–ပါးဆိုတာ–

(၁) အမိဝမ်းတွင်းက မျက်စိကန်းလာတဲ့ ဇစ္စန္ဓ မဖြစ်နိုင်ဘူး၊
(၂) အမိဝမ်းတွင်းက နားပင်းလာတဲ့ ဇစ္စဗဓိရ မဖြစ်နိုင်ဘူး၊
(၃) ရူးသွပ်သောသူ မဖြစ်နိုင်ဘူး၊
(၄) စကားမပြောတတ်သော သူအ မဖြစ်နိုင်ဘူး၊
(၅) ခြေလက်ဆွံ့သူ မဖြစ်နိုင်ဘူး၊
(၆) လူရိုင်း မဖြစ်နိုင်ဘူး၊
(၇) ကျွန်မဝမ်းမှာ ပဋိသန္ဓေ မနေနိုင်ဘူး၊
(၈) နိယတ မိစ္ဆာဒိဋ္ဌိ မဖြစ်နိုင်ဘူး၊
(၉) လိင် မပြောင်းလဲနိုင်ဘူး၊
(၁၀) အနန္တရိယ ကံငါးပါးကို မကျူးလွန်နိုင်ဘူး၊
(၁၁) နူသောသူ မဖြစ်နိုင်ဘူး၊
(၁၂) တိရစ္ဆာန်ဖြစ်သော်လည်း ငုံးအောက်ငယ်တဲ့ တိရစ္ဆာန် မဖြစ်နိုင်ဘူး၊

http://www.dhammadownload.com


(၁၃) မစားမသောက်ရလို့ အမြဲ ဆာလောင် မွတ်သိပ်ရတဲ့ ခုပ္ပိပါသိက ပြိတ္တာမျိုး၊ ခန္ဓာကိုယ် အမြဲ မီးလောင်နေလို့ အပူဒဏ်ခံနေရတဲ့ နိစ္စျာမတဏှိက ပြိတ္တာမျိုး၊ ခံတွင်း အပ်နဖားလောက်နဲ့ ကိုယ်ခန္ဓာ သုံးဂါဝုတ်လောက်ရှိတဲ့ ကာလကဉ္စိက အသုရာမျိုး မဖြစ်နိုင်ဘူး၊

(၁၄) အဝီစိငရဲနှင့် လောကန္တရိကငရဲမှာ မဖြစ်နိုင်ဘူး၊

(၁၅) ကာမဝစရနတ်ဘုံမှာ မာရ်နတ်မဖြစ်နိုင်ဘူး၊

(၁၆) ရူပဝါစရဘုံမှာ အသညသတ်ပြဟ္မာနှင့် သုဒ္ဓါဝါသဗြဟ္မာ မဖြစ်နိုင်ဘူး၊

(၁၇) အရူပဗြဟ္မာ မဖြစ်နိုင်ဘူး၊

(၁၈) သည် စကြဝဠာမှတစ်ပါး အခြားစကြဝဠာမှာ မဖြစ်နိုင်ဘူး။

သည် ၁၈–ပါးသောဌာနဟာ နိယတဗျာဒိတ်ရတဲ့ ရင့်ကျက်သော ဘုရား အလောင်းများ မဖြစ်နိုင်တဲ့ ဌာနများ ဖြစ်ကြတယ်၊ သည် ၁၈–ဌာန အနက် အမှတ်(၉)အရ (နသဿ လိင်္ဂံ ပရိဝတ္တတိ) လိင်မပြောင်းလွဲနိုင်ဘူးဆိုတာ ပါတယ်ကွယ့်၊ သုမေဓာရှင်ရသေ့ နိယတဗျာဒိတ် ခံယူ တော်မူစဉ်က (ပုရိသ ဘာဝ) ယောကျ်ားဘဝဖြစ်တယ်၊ အဲသည်ယောကျ်ားဘဝဟာ ဗုဒ္ဓဘုရားဖြစ် သည့်တိုင်အောင် မပြောင်းလဲနိုင်ဘူး။

ဒါကြောင့် နော်မြင့်မြင့်အေးရဲ့အမေးကို အကျဉ်းချုပ်ပြီးဖြေရလျှင် ဂေါတမဘုရားအလောင်းဟာ အလွန်နုတဲ့ မနောပဏိဓိခေတ်, ဝါစာပဏိဓိ ခေတ်မှာ မိန်းမဖြစ်ခဲ့ဖူးပါတယ်၊ သိဒ္ဓတ္ထတေလ ဒါယိကာမင်းသမီးဟာ ဂေါတမဘုရား အလောင်းပါပဲ၊ မိန်းမဘဝပေါင်း ဘယ်မျှ ဖြစ်တယ်ဆိုတာ အသေအချာ ကျမ်းညွှန်ချက် မရှိပါဘူး၊ နိယတဗျာဒိတ်ရပြီး ဂေါတမဘုရား ဖြစ်သည့်တိုင်အောင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းမှာ ဘုရားအလောင်း တော်ဟာ ယောကျ်ားဘဝမှ ပြောင်းလဲခြင်း မရှိပါဘူးလို့ အဖြေပေးလိုက်ပါတယ်”

“မှန်ပါ–ဝမ်းသာလှပါပြီ ဘုရား”

“သာဓု–သာဓု–သာဓု”

http://www.dhammadownload.com



# ရုပ်ပွားတော်နှင့် လက္ခဏာတော်

“၁၃၄၇–ခုနှစ်၊ ဒုတိယဝါဆိုလဆုတ်၈–ရက်နေ့စွဲနှင့် လာတဲ့စာက တပ်ကုန်းမြို့၊ အောင်မြေရိပ်သာကျောင်း။ ဦးကောဝိဒထံမှ ဖြစ်ပါတယ်ဘုရား”

“ဦးကောဝိဒရဲ့စာ ဘာတွေများ ရေးထားတုန်းကွယ့်”

“ဦးကောဝိဒရဲ့စာမှာ–”

(၁) ဗုဒ္ဓရုပ်ပွားတော်များကို ဘယ်ခေတ်, ဘယ်အချိန် ကာလကစပြီး ကိုးကွယ်မှု ပြုပါသလဲ။

(၂) မြတ်စွာဘုရား၏ လက္ခဏာတော် ကြီးငယ်များဟာ ဘုရားဖြစ်ပြီးမှ ဖြစ်ပေါ်လာသလား၊ ဒါမှမဟုတ် ဖွားမြင်စကပင် ရှိပါသလား။

(၃) မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်ဟာ ဘုရားဖြစ်ပြီးမှ ပေါ်လာသလား၊ သို့မဟုတ် ဖွားမြင်စကပင် ပါပါသလား–

အားလုံး အမေးသုံးပုဒ်ပါပါတယ် ဘုရား၊ အဖြေမိန့်ကြားတော်မူပါဦး”

“ဦးကောဝိဒရဲ့ မေးခွန်းသုံးပုဒ်အနက် ဗုဒ္ဓရုပ်ပွားတော်မေးခွန်းကို ဦးစွာ ဖြေကြစို့ရဲ့”

“မှန်ပါ–ဖြေတော်မူပါဘုရား”

http://www.dhammadownload.com



## ရုပ်ပွားတော်များ

"ဗုဒ္ဓရုပ်ပွားတော်များ ဘယ်ခေတ် ဘယ်ကာလက စတင် ဖြစ်ပွားလာသလဲဆိုတာနှင့် ပတ်သက်လို့ အပိုင်းနှစ်ပိုင်း ခွဲခြားပြီး ဖြေရလိမ့်မယ်ကွယ့်၊ အပိုင်း(၁)က ရှေးဟောင်းအယူအဆဖြစ်ပြီး အပိုင်း(၂)က ခေတ်သစ်အယူအဆပေါ့ကွယ်၊ အပိုင်း(၁) အရ ရှေးဟောင်းကျမ်းများကို လေ့လာကြည့်လိုက်တော့ ရှေးဦးစွာ ဇာတ်ဝင်သနိဒါနတ္ထု ကာလိင်္ဂဇာတ်တော်မှာ အာနန္ဒာဗောဓိပင်နှင့်ပတ်သက်ပြီး စေတီသုံးပါးကို ဘုရားရှင် ခွင့်ပေးတော်မူခဲ့တယ်၊ စေတီသုံးပါးဆိုတာက (၁) သာရီရိကစေတီ၊ (၂) ပရိဘောဂစေတီ၊ (၃) ဥဒ္ဒိဿကစေတီတို့ဖြစ်ကြတယ်၊ သာရီရိက စေတီဆိုတာ ဘုရားရှင်ရဲ့ကိုယ်တော်မှ ဖြစ်တဲ့ ဓာတ်တော်များ ဌာပနာယူပြီး တည်ထားတဲ့ စေတီတော်ဖြစ်တယ်၊ ပရိဘောဂစေတီဆိုတာက ဘုရားရှင်ရဲ့ သပိတ်, တောင်ဝှေးစတဲ့ အသုံးအဆောင်များဖြစ်ကြတယ်၊ ဥဒ္ဒိဿကစေတီဆိုတာက အစုဖြေခဲ့တဲ့ ရုပ်ပွားတော်, ဆင်းတုတော်ကို ဆိုလိုတာပဲ၊ သည်စေတီသုံးပါးအနက် သာရီရကစေတီတော်ဆိုတာ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီးမှဖြစ်တဲ့ ဓာတ်တော်များ ဌာပနာပြီးတည်တဲ့ စေတီဖြစ်လို့ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် တည်ထားကိုးကွယ်လို့ မဖြစ်ဘူး၊ ကျန်တဲ့ စေတီနှစ်ပါးကိုတော့ ဘုရားရှင် ထင်ရှားရှိတုန်းပင် တည်ထား ကိုးကွယ်နိုင်ကြောင်း ယုံကြည် ကြတယ်၊ အဲသည်ယုံကြည်ချက်ကြောင့် ဘုရားရှင်လက်ထက်တော်မှာပင် ရုပ်ပွားတော်များ ထုလုပ်ကိုးကွယ်ကြတယ်လို့ ဖော်ပြကြတယ်၊ သည်အကြောင်းနဲ့ပတ်သက်ပြီး ပေါရာဏဒီပနီကလာတဲ့ ဒုတိယနဝဒေး ရေးဖွဲ့ခဲ့တဲ့ မုနိရှစ်ဆူမော်ကွန်းလင်္ကာကို ဖော်ပြဦးမယ်"

## မုနိရှစ်ဆူမော်ကွန်း

**ဧယချင်း**။ ။မုနိရှစ်ဆူ၊ မော်ကွန်းထုပိမ့်၊ မိုးသူဗြဟ္မာ၊ ဃဋိကာလျှင်၊ မဟာဓမ္မရာဇ်၊ ဂုဏ်ပေါင်းဖြစ်သား၊ ရှင်ချစ်မြတ်ဖျား၊ ကိုယ်တော်စားဟု၊ ထင်ရှားနောက်နောင်၊ ကိုးရစ်အောင်လျှင်၊ ရည်ဆောင်စိတ်သန်၊ လျှောက်တောင်းပန်သော်၊ ဗိမာန်သာလှ၊ ကနိဋ္ဌဝယ်၊ ဒုဿမုနိ၊ ဘုန်းရှိတစ်ပါး၊ လွန်ထင်ရှား၏၊ သိကြားလည်း

http://www.dhammadownload.com



ကောင်း၊ နတ်တစ်ကြောင်းဖြင့်၊ ခွင့်တောင်းပန်ပွှာ၊ ဝတ်သာဝယ်၊ စူဠာမုနိ၊ သာကိယစစ်၊ ကေရာဇ်ဟု၊ နောက်ဖြစ်ဘုန်းစည်၊ တောင်းပန်သည်တွင်၊ ပြည်ကပ္ပိလ၊ ယင်းဌာနဝယ်၊ သကျမုနိ၊ သာဝတ္ထိဟု၊ ပြည်ကြီးတိမ်ဖွေ၊ စိုးစံနေသား၊ ပသေနဒီ၊ မြှောက်ချီရှိဝန်၊ လျှောက်တောင်းပန်က၊ ဘုန်းဝန်လျှံထိန်၊ မြတ်ဇိနန်ကို၊ စိန္တာမုနိ၊ တစ်ရှိလျှောက်ပတ်၊ ဇာတသတ်ဟု၊ မင်းမြတ်လျှောက်ဆို၊ ရာဇဂြိုဟ်ဝယ်၊ ဗိုလ်လူနိစ္စ၊ ကိုးကွယ်ရသည်၊ ရာဇမုနိ၊ ဟိမဝန္တာ၊ တောခန်းဝါဝယ်၊ လောကမုနိ၊ နှံ့သိထင်စေ၊ မဟေသရ၊ တောင်းပန်သ၏၊ ဥဒေနိ၊ ခွန်ဆိပိုင်သ၊ အစိုးရသား၊ စန္ဒသူရိ၊ ဘူပတိလျှင်၊ နောက်ပြီးကိုးရာ၊ တောင်းပန်ထွာသော်၊ မဟာမုနိ၊ သီရိလျှံတောက်၊ ထက်အောက်ညာကြေ၊ တန်ခိုးမွှေလျက်၊ သရေကျွန်းခွင်၊ ဆဒ္ဒန်ရှင်ဟု၊ ကျော်ထင်ပေါက်ပြ၊ မင်းတိုင်းခသည်၊ အမရပူရ၊ ပြည်မသခင်၊ စောနတ်ရှင်လျှင်၊ ကြည်လင်စိတ်သန်၊ လျှောက်တောင်းပန်၍၊ စန္ဒမုနိ၊ တုမရှိသား၊ သီရိဝင်းလျှံ၊ ဇာတိသံလျက်၊ သယမ္ဘူစစ်၊ ဖြစ်သားအလို၊ ဘုန်းတော်ကိုလျှင်၊ သံချိုတိုက်ရိုက်၊ ကေပိုဒ်ဖြင့်၊ မှတ်ပိုက် စိမ့်ဟူ၊ ကမ္ဗည်းထူသည်၊ ရှစ်ဆူမုနိ မော်ကွန်းတည်း။

အခုဖော်ပြခဲ့တာက မုနိရှစ်ဆူမော်ကွန်း ဖြစ်တယ်ကွယ့်၊ မုနိရှစ်ဆူကို အသီးအခြား ထုတ်ကြည့်လိုက်တော့–

(၁) အကနိဋ္ဌဘုံမှာ အလောင်းတော်ရဲ့ ပုဆိုးကို ဌာပနာပြီး တည်ထားတဲ့ ဒုဿမုနိစေတီတော်၊

(၂) တာဝတိံသာမှာ အလောင်းတော်ရဲ့ဆံတော်ကို ဌာပနာပြီး တည်ထားတဲ့ စူဠာမုနိစေတီတော်၊

(၃) ကပ္ပိလဝတ်ပြည်မှာ ခမည်းတော် သုဒ္ဓေါဒနမင်း ထုလုပ်ကိုးကွယ်တဲ့ သကျမုနိ စေတီတော်၊

(၄) သာဝတ္ထိပြည်မှာ ပသေနဒီကောသလမင်း ထုလုပ်ကိုးကွယ်တဲ့

http://www.dhammadownload.com


စိန္တာမုနိ စေတီတော်၊

(၅) ရာဇဂြိုဟ်ပြည်မှာ အဇာတသတ်မင်း ထုလုပ်ကိုးကွယ်တဲ့ ရာဇမုနိ စေတီတော်၊

(၆) ဟိမဝန္တာမှာ မဟေသရနတ်မင်း ထုလုပ်ကိုးကွယ်တဲ့ လောကမုနိ စေတီတော်၊

(၇) ဓညဝတီပြည်မှာ စန္ဒသူရိယမင်း သွန်းလုပ်ကိုးကွယ်တဲ့ မဟာမုနိ စေတီတော်၊

(၈) အမရပူရပြည်မှာ ဘိုးတော်ဘုရား သွန်းလုပ်ကိုးကွယ်တဲ့ စန္ဒာမုနိ စေတီတော်–

ရယ်လို့ ရှစ်ပါးထွက်လာတယ်၊ ထိုရှစ်ပါးအနက် စန္ဒာမုနိ စေတီတော်မှ တစ်ပါး ကျန်သော မုနိခုနစ်ဆူဟာ ဘုရားရှင်လက်ထက်တော်က ဖြစ်တယ်၊ မုနိခုနစ်ဆူအနက် ဒုဿမုနိစေတီတော်နှင့် စူဠာမုနိ စေတီတော်တို့ကတော့ ရုပ်ပွားတော်များ မဟုတ်ကြဘူး၊ ကျန်သော ၅–ဆူကတော့ ရုပ်ပွားတော် (ဥဒ္ဒိဿကစေတီတော်)များ ဖြစ်ကြတယ်ကွယ့်၊ ဥဒ္ဒိဿက ရုပ်ပွားတော် ၅–ဆူအနက် ကပိလဝတ်ပြည်မှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ထုလုပ်ကိုးကွယ်တယ်ဆိုတဲ့ သကျမုနိရုပ်ပွားတော်အကြောင်း အကျယ်မတွေ့မိဘူးကွယ့်"

"ကျန်တဲ့ ရုပ်ပွားတော်များ အကြောင်းရော တွေ့ဖူးပါသလား ဘုရား"

"အသင့်အတင့် တွေ့ဖူးပါရဲ့"

"တွေ့ဖူးလျှင် အများဗဟုသုတအတွက် အမိန့်ရှိပေးပါဦး ဘုရား"

## စိန္တာမုနိရုပ်ပွားတော်

ကောသလမင်းကြီး ကိုးကွယ်တဲ့ စိန္တာမုနိ ရုပ်ပွားတော်အကြောင်း ဖင်းမယ် ပဏ္ဏာသအဋ္ဌကထာ အရိယဆတ္တဝဂ် ဝဋ္ဋဂုံလိဇာတ်တော်မှာ ပြထားတယ်ကွယ့်၊ ပြထားပုံက အခါတစ်ပါး ပသေနဒီကောသလမင်းကြီးဟာ အခြွေအရံနှင့်တကွ ဇေတဝန်ကျောင်းတော်ကို ဘုရားဖူးသွားသတဲ့၊ သည်အချိန်မှာ ဘုရားရှင်က ဒေသစာရီကြွခိုက်မို့ ဘုရားရှင်ကို မဖူးကြရဘူး၊ ဒါကြောင့် လှူဖွယ်ပစ္စည်းများကို စုပုံ ပူဇော်ထားခဲ့ကြပြီး စိတ်ပျက်အားငယ် ပြန်ခဲ့ကြရသတဲ့၊ ဘုရားရှင်

http://www.dhammadownload.com



ဒေသစာရီ ကြွချီရာက ပြန်ရောက်ကြောင်း ကောသလမင်းကြီး ကြားတော့ ကျောင်းတော်ကို အခြံအရံနှင့် သွားရောက် ပူဇော်ပြီး ယမန်နေ့က တပည့်တော်များ အပူဇော်ရောက်ကြပါတယ်၊ ရှင်တော်ဘုရားကို မဖူးတွေ့ကြရလို့ စိတ်ပျက်အားငယ် ပြန်ခဲ့ကြရပါတယ်၊ ရှင်တော်ဘုရား ဒေသစာရီကြွချီလျှင် ရှင်တော်မြတ်ကိုယ်စား ဖူးမြော်ရန် ရုပ်ပွားတော်ထုလုပ်ခွင့် ပေးသနားတော်မူပါလို့ လျှောက်ထားတဲ့အတွက် ဘုရားရှင်ခွင့်ပေးတော် မူခဲ့တယ်၊ ဘုရားရှင်ရဲ့ အခွင့်ရတဲ့အခါ ပသေနဒီ ကောသလမင်းကြီးဟာ စန္ဒကူးသားဖြင့် စိန္တာမုနိ ရုပ်ပွားတော် ထုလုပ် ပူဇော်ပြီး ဤကောင်းမှုကြောင့် နောင်အခါ ဖြစ်သောဘဝတိုင်း ဇာတိဿရဉာဏ် ရပါလို၏၊ မကောင်းမှုမှ ကင်းစင်၍ ချမ်းသာခြင်းနှင့် ပြည့်စုံ ရပါလို၏၊ ဤကောင်းမှုကြောင့် ဘုရားစင်စစ် ဖြစ်ရပါလို၏လို့ ဆုတောင်း လိုက်သတဲ့ကွယ်၊ သည်စိန္တာမုနိ ရုပ်ပွားတော်နဲ့ ပတ်သက်တဲ့ မှတ်တမ်းတစ်ခု ရှိသေးသကွယ့်"

"မိန့်တော်မူပါဘုရား"

"မှတ်တမ်းကတော့ ဖာဟီယန်မှတ်တမ်းပါ၊ မှတ်တမ်းမှာဆိုတာက ဘုရားရှင် တာဝတိံသာနတ်ပြည် တရားဟောကြွတော်မူတော့ ဇေတဝန်ကျောင်းတော်ဟာ ဆိတ်ပြီး ကောသလမင်းကြီးဟာ ဘုရားရှင်ကို ဖူးမြော်ခွင့်မရဘူးတဲ့၊ ဒါကြောင့် ကရမက်သားနှင့် ရုပ်ပွားတော်ထုပြီး ဘုရားရှင် သီတင်းသုံးမြဲနေရာမှာ တည်ထားသတဲ့၊ သီတင်းကျွတ်လို့ ဇေတဝန်ကျောင်းတော်ကို ဘုရားရှင်ပြန်ကြွလာတော့ ရုပ်ပွားတော်ဟာ နေရာကထပြီး ဘုရားရှင်ကို ကြိုဆိုသတဲ့၊ သည်အခါ ဘုရားရှင်က အသင်ရုပ်ပွားတော်သည် နေမြဲတိုင်းနေရာ၌ နေလော့၊ ငါ ပရိနိဗ္ဗာန် စံလွန်ပြီးနောက် သင်သည် ငါ ဘုရားကိုယ်စား ဖြစ်လိမ့်မည်လို့ မိန့်တော်မူမှ ရုပ်ပွားတော်ဟာ နေမြဲတိုင်းနေရာမှာ ပြန်နေသတဲ့၊ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးတဲ့နောက် ဇေတဝန်ကျောင်းတော်ကြီး မီးလောင် ပျက်စီးတဲ့အခါ ရုပ်ပွားတော်ကြီးလည်း မီးအတွင်း ပါသွားပြီလို့ အများက ထင်နေကြသတဲ့၊ သို့သော်လည်း လေး–ငါးရက်လောက် အရ အရှေ့ဘက်နဘေး ကျောင်းကလေးတစ်ဆောင်အတွင်း ရုပ်ပွားတော်ကို ပကတိအတိုင်း ဖူးတွေ့ကြရသတဲ့၊ အမေရိကန်ပြန်ကြားရေးဌာနမှ ထုတ်ဝေ

http://www.dhammadownload.com



လျှုဒါန်းတဲ့ ဗုဒ္ဓသာသနာတော် ၂၅၀၀–စာအုပ်မှာ “ပထမဦးဆုံးရုပ်ပွားတော်ကား ဤသို့လော” ဆိုတဲ့ ခေါင်းစဉ်နဲ့ မတ်တတ်ရုပ်ပွားတော်တစ်ဆူရဲ့ပုံပါတယ်၊ အဲသည်ပုံတော်ဟာ ဇေတဝန်ကျောင်းတော်အတွင်းမှာရှိတဲ့ မူလရုပ်ပွားတော် အတိုင်း တရုတ်ပြည်က ထုလုပ်တဲ့ ရုပ်ပွားတော် ဖြစ်ပြီး ယခု ဂျပန်ပြည်၌တည်ရှိကြောင်း ဖော်ပြထားတယ်၊ မူလရုပ်ပွားတော် အစစ်ကတော့ မဇ္ဈိမတိုက်အတွင်း ဗုဒ္ဓသာသနာတော်ကို မိစ္ဆာဒိဋ္ဌိများ ဖျက်ဆီးစဉ် ကာလက ပျောက်ဆုံးသွားတယ်လို့ သိကြရတယ်”

“အဇာတသတ်မင်း ကိုးကွယ်တဲ့ ရာဇမုနိ ရုပ်ပွားတော်အကြောင်းလည်း အမိန့်ရှိပါဦး ဘုရား”

“ရာဇမုနိရုပ်ပွားတော်အကြောင်းကိုတော့ အကျယ်မတွေ့မိဘူး၊ စကားအစဉ်အလာလောက်မျှသာ ကြားဖူးတယ်ကွယ့်”

“မဟာသရနတ်မင်း ကိုးကွယ်တဲ့ လောကမုနိအကြောင်းကော ဘုရား”

## လောကမုနိ ရုပ်ပွားတော်

“လောကမုနိရုပ်ပွားတော် အကြောင်းကတော့ ဇမ္ဗူဒီပစာတမ်းမှာ ပါပါတယ်”

“နည်းနည်းလောက် အမိန့်ရှိပါဦး ဘုရား“

“အေး–နည်းနည်းလောက် ပြောရသေးတာပေါ့၊ ဘုရားရှင် ဟိမဝန္တာနဲ့သာတောမှာ နေ့သန့်တော်မူစဉ်က မဟာသရနတ်ဘီလူးဟာ ဘုရားရှင်ထံ လာရောက်ပြီး တန်ခိုးပြိုင်ဖို့ လျှောက်ထားသတဲ့၊ ဘုရားရှင်က ဘယ်လိုပြိုင်ချင်သလဲလို့မေးတော့ ကလေးငယ်များ ကိုယ်ဝှက်တမ်းကစားသလို ကစားချင်ပါတယ်လို့ လောက်သတဲ့၊ ဘုရားရှင်က သည်လိုဆို သင်ဦးစွာပုန်းပေတော့လို့ အခွင့်ပြုတော့ မဟာသရနတ်ဘီလူးဟာ ကိုယ်ကို အနုမြူခန့် ဖန်ဆင်းပြီး မြေကြီးအတွင်း ပုန်းသတဲ့၊ ဘုရားရှင်က လက်ယာလက်တော်ဖြင့် မြေကိုပါယူပြီး လက်ဝဲလက်တွင်ထည့်ကာ မြေများကို ကြဲဖြန့်ပြီးမှ အသင်ထလော့လို့ ဆိုတော်မူသတဲ့၊ ဘုရားရှင် ဝှက်လှည့်ကျတော့ ကိုယ်တော်ကို အနုမြူခန့်မျှ ဖန်ဆင်းပြီး နတ်မင်းရဲ့ မျက်စိနှစ်ဖက်ကြားမှာ ပုန်းလိုက်တဲ့အတွက် နတ်မင်းဟာ ဘုရားရှင်ကို

http://www.dhammadownload.com


ရှာမတွေ့ဘဲ အရှုံးပေးရသတဲ့၊ အဲသည်အချိန်ကစပြီး နတ်မင်းဟာ ဘုရားရှင်ရဲ့ ဘုန်းကံကြီးမားကြောင်းသိလို့ ဥပါသကာအဖြစ် ဆည်းကပ် ကိုးကွယ်ခဲ့ရာ မန္တာဂီရိတောင်ဝှမ်းမှာ လောကမုနိရုပ်ပွားတော် တည်ထား ကိုးကွယ်ခဲ့သတဲ့ကွယ်"

"မှန်ပါ– လောကမုနိရုပ်ပွားတော် အကြောင်းကိုသိရတဲ့အတွက် ဝမ်းသာလှပါတယ် ဘုရား၊ မဟာမုနိ ရုပ်ပွားတော်အကြောင်းလည်း အမိန့်ရှိပါဦး ဘုရား"

## မဟာမုနိ, စန္ဒာမုနိ ရုပ်ပွားတော်

"မဟာမုနိ ရုပ်ပွားတော်ဆိုတာ ယခု မန္တလေးမှာ သီတင်းသုံးနေတဲ့ မဟာမြတ်မုနိ ရုပ်ပွားတော်ပါပဲ၊ သည်ရုပ်ပွားတော်ကို ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းကြီး ဘုရားရှင်လက်ထက်တော်က သွန်းခတ်ပူဇော်ထားသည်ကို ၁၁၄၇–ခု၊ ကဆုန်လပြည့်ကျော်(၁)ရက်၊ တနင်္လာနေ့ ဘိုးတော်မင်းလက်ထက် မြန်မာနိုင်ငံကို ပင့်ဆောင်ခြင်း ဖြစ်တယ်ကွယ့်"

"စန္ဒာမုနိ ရုပ်ပွားတော်ကကော ဘုရား"

"စန္ဒာမုနိ ရုပ်ပွားတော်က ဘိုးတော်ဘုရားလက်ထက်မှ သွန်းလုပ်ခြင်း ဖြစ်ပါတယ်၊ သံအချိန် ပိဿာတစ်သောင်း (၁၁၃၆၈)ပိဿာရှိသတဲ့ကွယ့်၊ စန္ဒာမုနိမော်ကွန်းကို ဒုတိယနဝဒေးကပဲရေးစီထား ပါတယ်၊ သည်ရုပ်ပွားတော်က ရှေးရုပ်ပွားတော် မဟုတ်ပါဘူး၊ (မုနိ) ဘွဲ့တော်ပါလို့ ထည့်သွင်း ရေတွက်ထားခြင်း ဖြစ်တယ်ကွယ့်၊ ဘုရားရှင် လက်ထက်တော်ကပင် ရုပ်ပွားဆင်းတုတော်များ ရှိတယ်ဆိုတဲ့ သည်အယူအဆဟာ ပုရာဏ်ကျမ်းဟောင်းများရဲ့ အယူအဆ ရှေးအယူအဆလို့ ရှေးဦးစွာ မှတ်ထားဦးကွယ့်"

"မှန်ပါ–မှတ်ထားပါ့မယ် ဘုရား"

"ရှေးဟောင်းအယူအဆကို ပြောပြီးလို့ ခေတ်သစ်အယူအဆကို ဆက်ပြောကြဦးစို့"

"မိန့်တော်မူပါဘုရား"

"ခေတ်သစ် အယူအဆဆိုတာက ကျေးဇူးကိုစာဌာနက ပညာရှိပုဂ္ဂိုလ်တို့ရဲ့ အယူအဆကို ဆိုလိုတယ်ကွယ့်၊ ခေတ်သစ်ပညာရှင်တို့ရဲ့ အယူအဆအားဖြင့်

http://www.dhammadownload.com


ဘုရားရှင် ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် နှစ်ပေါင်း ၅၀၀–ခန့်ကာလ ကြာအောင် ရုပ်ပွားတော်များကို ထုလုပ်ကိုးကွယ်တဲ့ အရိပ်အယောင်ကို မတွေ့ရဘူးတဲ့ကွယ်၊ ပိဋကတ်တော်များမှာ ကြည့်ပြန်တော့လည်း ဝိနည်းမဟာဝါ ပါဠိတော်မှာ–

န မေ အာစရိယော အတ္ထိ၊
သဒိသော မေ န ဝိဇ္ဇတိ။
သဒေဝကသ္မိံ လောကသ္မိံ
နတ္ထိ မေ ပဋိ ပုဂ္ဂလော–

ရယ်လို့ ဥပကတက္ကတွန်းကြီးကို ဟောထားတာရှိနေပြန်တယ်တဲ့၊ ငါ့မှာ ဆရာမရှိဘူး၊ လောကမှာ ငါနှင့်တူသောသူ မရှိဘူးလို့ ဟောထားချက်ရှိတဲ့ အတွက် ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ဘုန်းတော်အနန္တ ဖြစ်တော်မူတဲ့ ဘုရားရှင်ရဲ့ ရုပ်ပွားတော်, ရုပ်တုတော်ကို မထုလုပ်အပ်ဘူးလို့ ယူဆကြတဲ့ အတွက် ရုပ်တုတော်ကို ထုလုပ် ကိုးကွယ်ခြင်း မလုပ်ကြဘဲ ရုပ်တုတော်အစား ဘုရားဖြစ်သော အထိမ်းအမှတ်ဖြင့် ဗောဓိပင်၊ ပရိနိဗ္ဗာန်စံသော အထိမ်းအမှတ် အဖြစ် ထူပါပုံ၊ တရားဟောသော အထိမ်းအမှတ်အဖြစ် ဓမ္မစကြာပုံ၊ မယ်တော် ဝမ်းတိုက် ပဋိသန္ဓေတည်နေသော အထိမ်းအမှတ်အဖြစ် ဆင်ရုပ်၊ တောထွက် တော်မူတဲ့ အထိမ်းအမှတ်အဖြစ် မြင်းရုပ်၊ သီဟနာဒအထိမ်းအမှတ်အဖြစ် ခြင်္သေ့ရုပ်များကို ထုလုပ် ကိုးကွယ်ခဲ့ကြသတဲ့ကွယ်၊ ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ ပုဂ္ဂိုလ်များက ရုပ်ပွားတော် မထုလုပ်ဘဲ အမှတ်သင်္ကေတလောက်ကိုသာ ထုလုပ်ကိုးကွယ်ခဲ့ကြပေမယ့် ဗုဒ္ဓဘာသာဝင်မဟုတ်ကြတဲ့ ပုဂ္ဂိုလ်များကတော့ ရှေးအခါကာလကပင် ဗြဟ္မာရုပ်, ဗိဿနိုးရုပ်, သီဝနတ်ရုပ်, သူရဿတီရုပ်, လက္ချမီရုပ်, ပါရဝတီရုပ် အစရှိတဲ့ ၎င်းတို့ရဲ့ ဘုရားရုပ်တုများကို ထုလုပ် ကိုးကွယ်ခဲ့ကြသတဲ့။

သာသနာတော်နှစ် ၅၀၀–လောက်မှာ အိန္ဒိယပြည်ကြီးရဲ့ အနောက်မြောက် နယ်ဖြစ်တဲ့ ကသျှမီရ, ဂန္ဓရနယ်ကို ဂရိတို့က တိုက်ခိုက် သိမ်းပိုက်ခဲ့ကြတယ်၊ ထိုအခါ ကသျှမီရ, ဂန္ဓာရနယ်တစ်ဝန်းမှာလည်း ထေရဝါဒဂိုဏ်း အားနည်းပြီး မဟာယာနဂိုဏ်း အားကောင်းနေတယ်၊ ဝင်ရောက်လာတဲ့ ဂရိများဟာ မဟာယာန

http://www.dhammadownload.com


ဂိုဏ်းရဲ့ လွှမ်းမိုးမှုကြောင့် မဟာယာနဂိုဏ်း ဗုဒ္ဓဘာသာများ ဖြစ်လာကြတယ်၊ မဟာယာနသာသနာဟာ တချို့နေရာများမှ ဟိန္ဒူတို့ရဲ့ အယူဝါဒနှင့် ရောနှော နေတယ်၊ ဟိန္ဒူတို့က ကိုးကွယ်ခံရုပ်တုများ ထုလုပ်ကိုးကွယ်တာကို နမူနာယူပြီး ဂရိဘာသာဝင်တို့ကလည်း ဗုဒ္ဓရုပ်ပွားတော် စတင် ထုလုပ်ကိုးကွယ်ခဲ့ကြတယ်၊ ဂရိတို့ထုလုပ်တဲ့ ရုပ်ပွားတော်များကို အတုယူပြီး ရုပ်ပွား ထုလုပ် ကိုးကွယ်မှုဟာ ကမ္ဘာမှာ ပျံ့နှံ့လာတယ်၊ ရုပ်ပွားတော်များ စတင်ထုလုပ် ကိုးကွယ်တာဟာ မဟာယာန ဗုဒ္ဓဘာသာဝင်များဖြစ်ကြတယ်၊ နောင်အခါ ဘုရားရှင်ကို အာရုံပြုရာမှာ ရုပ်ပွားတော်ရှိလျှင် ပိုမိုလွယ်ကူတယ်လို့ ယူဆပြီး ထေရဝါဒဗုဒ္ဓဘာသာ ဝင်တို့ကလည်း ရုပ်ပွားတော် ထုလုပ်ကိုးကွယ်လာကြသတဲ့၊ သည်ခေတ်သစ် ပညာရှင်များရဲ့ အလိုဆိုလျှင် ဗုဒ္ဓရုပ်ပွားတော်များဟာ သာသနာတော်သက္ကရာဇ် ၅၀၀–ကျော် အေဒီသက္ကရာဇ် ၁–ရာစုလောက်ကမှ စတင်ဖြစ်ပေါ်လာတယ်၊ အေဒီ– ၁–ရာစုရဲ့ အထက်ကတော့ ရုပ်ပွားတော် ကိုးကွယ်မှု မရှိသေးဘူးလို့ ယူဆကြတယ်ကွယ့်”

“မှန်ပါ–သည်လောက်ဆိုလျှင် ဦးကောဝိဒရဲ့ အမေးပုစ္ဆာ (၁)ဟာ ပြေ လောက်ပါပြီ၊ အမေးပုစ္ဆာ(၂) ကို ဖြေဆိုတော်မူပါဦး ဘုရား”

## ဗုဒ္ဓ၏ ၃၂–ပါးသော လက္ခဏာတော်

“အမေးပုစ္ဆာ(၂) က ဘာတဲ့လဲ”

“အမေးပုစ္ဆာ(၂)က မြတ်စွာဘုရားရဲ့ လက္ခဏာတော်ကြီးငယ်များဟာ ဘုရားဖြစ်ပြီးမှ ပေါ်တာလား၊ သို့မဟုတ် ဖွားမြင်စကပင် ရှိသလားတဲ့ ဘုရား”

“မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ဗြဟ္မာယုအမည်ရှိတဲ့ သုတ်တစ်သုတ် ရှိတယ်၊ အဲသည်သုတ်ရဲ့ အလိုအားဖြင့်ဆိုလျှင် လက္ခဏာတော် ကြီးငယ်များဟာ ဘုရားဖြစ်ပြီးမှ ပေါ်လာတာမဟုတ်ဘဲ ဖွားမြင်စကပင် ပါလာတယ်လို့ ဖြေရမှာပဲကွယ့်”

“ဗြဟ္မာယုသုတ်ရဲ့အဓိပ္ပာယ်ကို အနည်းငယ် အမိန့်ရှိပေးပါဦးဘုရား”

“ဗြဟ္မာယုသုတ်ဆိုတာ အသက် ၁၂၀–ရှည်တဲ့ ဗြဟ္မာယု ပုဏ္ဏားကြီး

http://www.dhammadownload.com



ကို အကြောင်းပြုပြီး ဟောထားတာဖြစ်လို့ ဗြဟ္မာယုသုတ်လို့ ခေါ်တာကိုးကွယ့်၊ အခါတစ်ပါး ဘုရားရှင်ဟာ ရဟန်းငါးရာ အခြံအရံဖြင့် ဒေသစာရီ ကြွချီတော်မူရင်း ဝိဒေဟတိုင်းကို ရောက်တော်မူတယ်၊ သည်အချိန် ဝိဒေဟတိုင်း မိထိလာမြို့မှာ ဗြဟ္မာယုပုဏ္ဏားကြီး ရှိနေတယ်၊ ပုဏ္ဏားကြီးဟာ အသက် ၁၂၀– ရှည်လို့ အလွန် အိုမင်းနေပြီ၊ ဗေဒင်ပညာရှင်ကြီးဖြစ်လို့ တပည့် အပေါင်းများစွာကို ဗေဒင်ပညာ ပို့ချနေသတဲ့၊ ဘုရားရှင်ကြွရောက်လာကြောင်း သတင်းနှင့် ဘုရားရှင်ရဲ့ဂုဏ်သတင်းကို ကြားလို့ ပုဏ္ဏားကြီးဟာ ဘုရားဖူး သွားရောက်ချင်တယ်၊ သို့သော်လည်း ဘုရားဆိုတာ ဟုတ်မဟုတ် သံသယရှိနေ တယ်၊ ဒါကြောင့် တပည့် ဥတ္တရလုလင်ကိုခေါ်ပြီး "ချစ်သား–ရဟန်းဂေါတမဟာ ရဟန်းတပည့်အခြံအရံနှင့် မိထိလာကို ရောက်လာသတဲ့၊ ရဟန်းဂေါတမကို ဘုရားရယ်လို့ အများက ပြောနေကြတယ်၊ ဘုရားဟုတ်မဟုတ် ချစ်သား သွားရောက် စုံစမ်းပါ"လို့ ပြောတယ်၊ ဥတ္တရက "ဆရာ–ဘုရား ဟုတ်မဟုတ် သိရအောင် ဘယ်လို စုံစမ်းရမှာလဲ"လို့ မေးတော့ ဗြဟ္မာယုပုဏ္ဏားကြီးက "ချစ်သား–ငါတို့ရဲ့ ဝေဒကျမ်းများမှာ ၃၂–ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာဟာ လာတယ်၊ ထိုလက္ခဏာ ၃၂–ပါးနှင့် ပြည့်စုံသူဟာ လူသားဖြစ်လျှင် စကြဝတေးမင်းဖြစ်ရမယ်၊ ရဟန်းဖြစ်လျှင် ဘုရားဖြစ်ရမယ်လို့ ဆိုတယ်၊ ၃၂–ပါးသော လက္ခဏာတို့နှင့် တိုက်ဆိုင်ကြည့်ပြီး ဘုရား ဟုတ် မဟုတ် သိနိုင်တယ်" လို့ ပြောတယ်၊ ဥတ္တရလုလင်လည်း ဆရာရဲ့အမိန့်အတိုင်း ဘုရားသခင် သီတင်းသုံးရာ သွားရောက်စုံစမ်းတော့ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်မှာ ၃၂–ပါး သော လက္ခဏာများနှင့်တကွ တည်ငြိမ်စွာ လှုပ်ရှားသွားလာပုံများကိုပါ မြင်တွေ့ရတယ်၊ သည်အကြောင်း ဆရာဖြစ်သူ ဗြဟ္မာယုပုဏ္ဏားကြီးကို ပြန် ပြောတော့ ဗြဟ္မာယုပုဏ္ဏားကြီးဟာ အလွန်ကြည်ညိုတဲ့အတွက် နေရာ ကထကာ လက်ကတော့တင် လက်အုပ်ချီပြီး (နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)လို့ သုံးကြိမ်တိုင်တိုင် ဥဒါန်း ကျူးရင့်တော်မူ သတဲ့ကွယ်၊ သည်ဗြဟ္မာယုသုတ်အလိုကို ထောက်သောအားဖြင့် လက္ခဏာတော် ကြီး, ငယ်များဟာ ဘုရားဖြစ်မှ ပေါ်သည်မဟုတ်၊ မွေးကတည်းကပင် ပါလာ ကြောင်း သိသာတယ်၊ မွေးကတည်းက ပါလို့ ကောဏ္ဍည စတဲ့ လက္ခဏာဖတ်

http://www.dhammadownload.com


ပုဏ္ဏားများဟာ လက်တစ်ချောင်း, နှစ်ချောင်းထောင်ပြီး ဘုရားဖြစ်မယ်၊ စကြဝတေးဖြစ်မယ် ဆိုတာ ဟောနိုင်တာပေါ့၊ ဟုတ်လား"

"မှန်ကြောင်းပါဘုရား၊ အမေး(၃)မှာပါတဲ့ နဖူးသင်းကျစ်တော်အကြောင်း အမိန့်ရှိပါဦး ဘုရား"

## နဖူးသင်းကျစ်တော်

"သင်းကျစ်(ဝါ) သင်းကျပ်ဆိုတာ သီးခြားလက္ခဏာမဟုတ်ပါဘူး၊ ၃၂-ပါးသော လက္ခဏာအတွင်းပါဝင်တဲ့ ဥဏှီသလက္ခဏာတော်ပင် ဖြစ်တယ်၊ သင်းကျစ်နဲ့ ပတ်သက်ပြီး သိစရာက မူလ သင်းကျစ်ဆိုတာ ယခုခေတ် အမျိုးသမီးများ ဦးခေါင်းကို အလှဆင်ကြသလို မဇ္ဈိမတိုက်မှာလည်း ရှေးခေတ်က ဦးခေါင်းအထက် နဖူးပြင်မှာ သင်းကျစ်ပြားနှင့် ဦးခေါင်းအလှဆင်ကြတယ်၊ သည်အကြောင်းကို သုတ်, သီလက္ခန်, အဋ္ဌကထာ မဇ္ဈိမသီလအဖွင့်မှာ **(ကေစိ ရတနမတ္တာယာမံ စတုရင်္ဂုလဝိတ္ထတံ ကောသန္တပရိစ္ဆေဒံ ဒဿေတွာ မေဃမုခေ ဝိဇ္ဇုလတံ ဝိယ နလာဋေ ဥဏှီသပဋ္ဋံ ဗန္ဓန္တိ)**လို့ ပြထားသကွယ့်၊ အနက်ကတော့ (**ကေစိ**-အချို့သောသူတို့သည်၊ **ရတနမတ္တာယာမံ**-တစ်တောင်အလျားရှိသော၊ **စတုရင်္ဂုလဝိတ္ထတံ**-လက်လေးသစ် အနံရှိသော၊ **ကောသန္တပရိစ္ဆေဒံ**-ဆံလည် အပိုင်းအခြားကို၊ **ဒဿေတွာ**-ပြ၍၊ **မေဃမုခေ**-မိုးတိမ်ဝ၌၊ **ဝိဇ္ဇုလတံဝိယ**--လျှပ်စစ်နွယ်ကဲ့သို့၊ **နလာဋေ**-နဖူးပြင်၌၊ **ဥဏှီသပဋ္ဋံ**-သင်းကျစ်ပြားကို-**ဗန္ဓန္တိ**-ဖွဲ့ကုန်၏)တဲ့၊ သည်အနက်ကို ထောက်သောအားဖြင့် သင်းကျစ်ဆိုတာ ဦးခေါင်းတန်ဆာ တစ်မျိုးပါပဲ၊ အဲသည် ဦးခေါင်းတန်ဆာမျိုးဟာ ဘုရားရှင်မှာတော့ ပင်ကိုယ် ဦးခေါင်းမှာပါတဲ့ သင်းကျစ်ပုံစံကို ၃၂-ပါးသော လက္ခဏာအတွင်းမှာ ဥဏှီသလက္ခဏာအဖြစ်နဲ့ ပါဝင်တယ်၊

ဘုရားရှင်ရဲ့ ဥဏှီသလက္ခဏာတော်ကို သာရတ္ထဒီပနီဋီကာ စာ ၂၄၅-မှာ ဖွင့်ပြပုံက ဘုရားရှင်ရဲ့ ပြည့်သောနဖူးပြင်၊ ပြည့်သော ဦးခေါင်းတော်ဟာ လူများ အလှစွပ်ထားတဲ့ ဦးခေါင်းတန်ဆာ သင်းကျစ်နှင့် တူလို့ သင်းကျစ်တော်လို့ ခေါ်ရသတဲ့၊ သည်စကားရပ်ကို အကျယ်ပြောရဦးမယ်ဆိုလျှင်တော့ သင်းကျစ်တော်ဟာ ဘုရားရှင်ရဲ့ လက်ယာဘက်နားစွန်းမှ လက်ဝဲဘက်နားစွန်း အထိ အသားလွှာထပြီး နဖူးပြင်အားလုံးဖုံးပြီး တည်နေတယ်၊ မင်းရဲ့

http://www.dhammadownload.com



ဦးခေါင်းမှာဖွဲ့ထားတဲ့ သင်းကျစ်ပြားလိုပင် တင့်တယ်တယ်၊ ဘုရားရှင်ရဲ့ ဥဏှီသလက္ခဏာကို အတုယူပြီး မင်းများဟာ သင်းကျစ်ပြားကို ဖွဲ့ကြတယ်လို့ ဖွင့်ပြထားတယ်၊ သာရတ္ထဒီပနီကာအရ သင်းကျစ်တော်ဟာ (မံသပင္ဍလ်) အသားလွှာ ဖြစ်တယ်၊ သို့သော်လည်း ဘုရားရှင် ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် ခန္ဓာတော်ကို တေဇောဓာတ်လောင်တော့ ဥဏှီသ သင်းကျစ်ဓာတ်ဟာ မပျက်မစီးသော အသမ္ဘိန္နဓာတ်အဖြစ် ကျန်ရစ်တယ်၊ အသမ္ဘိန္နဓာတ်ဆိုလျှင် အသားလွှာ မဖြစ်သင့်ဘူး၊ အရိုးဖြစ်သင့်တာပေါ့"

"ဒီလိုဆို သင်းကျစ်တော်ဟာ အသားလွှာဓာတ်၊ အရိုးဓာတ်လို့ ငြင်းခုံစရာ ဖြစ်လာပြန်တာပေါ့ ဘုရား"

"သည် ငြင်းခုံစရာ ပြဿနာကြောင့် ဗုဒ္ဓရုပ်ပွားတော်များရဲ့ ဦးခေါင်းတော် ပုံစံဟာလည်း နှစ်မျိုး ပြားနေတာပေါ့ကွယ်"

"ဘယ်လိုနှစ်မျိုးပြားတာပါလဲ ဘုရား"

"ဦးခေါင်းတော် နှစ်မျိုးက သင်းကျစ်ပြားပါတဲ့ ဦးခေါင်းတော်နှင့် သင်းကျစ်ပြားမပါတဲ့ ဦးခေါင်းတော်ပေါ့ကွယ်"

"ဆက်ပြီး အမိန့်ရှိပါဦး ဘုရား"

"အိန္ဒိယပြည် ပတ်ဝန်းကျင် မြေပေါ်မြေအောက် အလုံးစုံသော ဗုဒ္ဓရုပ်ပွားတော်များရဲ့ ဦးခေါင်းတော်မှာ ဥဏှီသဆိုတဲ့ သင်းကျစ်ပြား မပါဘူးကွယ့်၊ မြန်မာနိုင်ငံတော် ပျူခေတ်၊ ပုဂံခေတ်က ထုလုပ်ကြတဲ့ ရုပ်ပွားတော်များရဲ့ ဦးခေါင်းတော်မှာလည်း သင်းကျစ်ပြားမပါဘူး၊ အင်းဝခေတ်ကိုရောက်လာမှ သင်းကျစ်ပြားပါလာတယ်၊ အင်းဝခေတ်ကအစ သင်းကျစ်ပြားငယ်သာ ပါတယ်၊ နောက်ပိုင်းရောက်လေ ကြီးလာလေနှင့် ကုန်းဘောင်ခေတ်ရောက်တော့ သိသိသာသာ ကြီးမားလာတဲ့ သင်းကျစ်ပြားကို မြင်တွေ့ကြရတယ်၊ ဒါကြောင့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရဲ့ ခေတ်ကို သိလိုပါလျှင် သင်းကျစ်တော်ကို ကြည့်ရုံနှင့် ဘယ်ခေတ်က ထုလုပ်တယ်ဆိုတာ ခန့်မှန်းလို့ ရတယ်ကွယ့်၊ ဘာကြောင့်လဲ သတိပြုမိရဲ့လား"

"မပြုမိပါဘူး ဘုရား"

"ရှေး အနုပညာရှင်များရဲ့ အယူဆက ပကတိသင်းကျစ်ဟာ စိန်တွေ့

http://www.dhammadownload.com



ကျောက်တွေ စီခြယ်ထားတဲ့ ဦးခေါင်းတန်ဆာပါပဲ၊ ဦးခေါင်းတန်ဆာဟာ ပကတိပုံအပေါ် ကွန့်ထားခြင်းသာဖြစ်တယ်၊ အစစ်အမှန်မဟုတ်ဘူး၊ ပကတိ ဦးခေါင်းမှာပါတဲ့ သင်းကျစ်တော်ကတော့ အလှခြယ်ထားလို့ ကြွနေတဲ့ သင်းကျစ်နဲ့ မတူဘူး၊ ကြည့်လို့လှတဲ့ နဖူးပြင်သာဖြစ်တယ်၊ အဲသည်နဖူးပြင် ကို ရှေးက မြန်မာလိုတော့ မဟာနဖူးလို့ ခေါ်ကြတယ်ပေါ့၊ အဲသည်အယူအဆ နှင့် ဂန္ဓာရခေတ်ရုပ်တုတော်၊ ဂုတ္တခေတ်ရုပ်တုတော်၊ ပါလခေတ်ရုပ်တုတော်၊ အန္ဓရခေတ် ရုပ်တုတော်၊ ပလ္လဝခေတ်ရုပ်တုတော်များမှစပြီး ပျူခေတ်၊ ပုဂံခေတ် ရုပ်တုတော်တိုင်အောင် ဆံစသပ်ရပ်တဲ့ နဖူးပြင် သင်းကျစ်တော်သာပါပြီး အသားလွှာတက်တဲ့ သင်းကျစ်တော် မပါဘူးကွယ့်၊ ဒုတိယ အရှင်သာရိပုတ္တရာ စီရင်တဲ့ သာရတ္ထဒီပနီဋီကာပေါ်လာမှ ရုပ်ပွားတော်များမှာ အသားလွှာတက်တဲ့ သင်းကျစ်တော်ပါလာတယ်၊ ဒါကြောင့် တတိယအမေးကို တစ်မျိုးဖြေရလျှင် ဘုရားရုပ်ပွားတော်ရဲ့ နဖူးသင်းကျစ်တော်ဟာ စတင်ထုလုပ်စကာလက မပါသေးဘူး၊ နောက်ခေတ်ကျမှ ပါလာတယ်လို့ ဖြေလိုက်ပါတယ်ကွယ်"

## မဏိတော်နှင့် ရောင်လျှံတော်

"မှန်ပါ–သင်းကျစ်တော်နှင့် စပ်နေလို့ ဆက်ပြီး လျှောက်ထားပါရစေ ဘုရား"

"ဘာများ လျှောက်ထားချင်သေးတာတုန်းကွယ့်"

"လျှောက်ထားချင်တာက မဏိတော်, ရောင်လျှံတော်ဆိုတဲ့ စကားပါ၊ ယခုအခါ ဘုရားရှင်ရဲ့ ဦးခေါင်းတော်ကို မဏိလို့ခေါ်ပြီး ဆံတော်ကိုတော့ ရောင်လျှံတော်လို့ ခေါ်နေကြပါတယ်၊ မဏိဆိုတဲ့ပုဒ်ဟာ ပါဠိစကားလား၊ မြန်မာစကားလား ဘုရား"

"မဏိဆိုတာ ပါဠိစကား၊ အဘိဓာန်ဂါထာ ၄၈၉–အရ မဏိသဒ္ဒါဟာ ရတနာအနက်ကို ဟောတယ်၊ အဘိဓာန်ဂါထာ ၄၉၀–အရ ရတနာဟာ ရွှေ, ငွေ, ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ, စိန်, သန္တာရယ်လို့ ၇–ပါးရှိတယ်၊ ပါစိတ်ပါဠိတော် ရတနသိက္ခာပုဒ်မှာတော့ ရတနာဆယ်ပါး ပြထားတယ်၊ ရတနာဆယ်ပါးအရ ရွှေ, ငွေ, ပုလဲ, ကြောင်မျက်ရွဲ, သန္တာ, ခရုသင်း,

http://www.dhammadownload.com



ကျောက်သလင်း, ပတ္တမြားနီ, ပတ္တမြားပြောက်, မြ တို့ဖြစ်ကြတယ်၊ **မနသဒ္ဓတော ဏ္ဍ** ဆိုတဲ့ အဘိဓာန်ဋီကာအရ မနသဒ္ဒါ နောင် ဏ္ဍပစ္စည်းသက်ပြီး နငယ်ကို ဏကြီးပြန်ထားတယ်၊ မောဂ္ဂလာန်မှာ ဝိဂြိုဟ်ပြုတော့ **(မနောတိ မဟဂ္ဃဘာဝံ ဂစ္ဆတီတိ မဏိ)**လို့ ဝိဂြိုဟ်ပြုတယ်၊ တန်ဖိုးများတဲ့အဖြစ်ကို ရောက်တတ်လို့ မဏိခေါ်သတဲ့ကွယ့်၊ တစ်နည်းအားဖြင့် **မဏတိ ဇောတတီတိ မဏိ**-ထွန်းလင်းတောက်ပတတ်လို့ မဏိ ခေါ်သတဲ့၊ တစ်နည်းအားဖြင့် **"မဏတိ စိတ္တံ အာရောစေတီတိ မဏိ"** စိတ်ကို နှစ်သက်စေတတ်လို့ မဏိ ခေါ်သတဲ့၊ မဏိဆိုတဲ့ ပါဠိစကားဟာ ရတနာဆယ်ပါးကို ဟောပါတယ်၊ ဦးခေါင်းကို မဟောပါဘူး၊ သို့သော်လည်း ဘုရားရှင်ရဲ့ ဦးခေါင်းတော်ဟာ ရတနာကဲ့သို့ ထွန်းလင်းတောက်ပတယ်၊ ဖူးမြင်သူရဲ့စိတ်ကို နှစ်သက်စေတတ် တယ်၊ အဲသည်အယူအဆနှင့် ဘုရားရှင်ဦးခေါင်းတော်ကို မဏိတော်ရယ်လို့ မြန်မာတို့က ခေါ်ခြင်းဖြစ်တယ်ကွယ့်"

"ရောင်လျှံတော်ကတော့ ကေတုမာလာရောင်လျှံတော်နှင့် ဗုဒ္ဓရောင်လျှံ တော်ရယ်လို့ နှစ်မျိုးရှိတယ်ကွယ့်၊ ကေတုမာလာ ရောင်လျှံတော်ဆိုတာ အနောမာသောင်ယံမှာ ဆံတော်ပယ်ပြီးတဲ့နောက် ဦးခေါင်းတော်ထက်မှာ ဆံတော် လက်နှစ်သက်လောက်သာ ကျန်သတဲ့၊ ကျန်တဲ့ဆံတော်များဟာ အောက်သို့ ဖရိုဖရဲမကျဘဲ ဆံဖျား အထက်သို့မော်ပြီး လက်ယာရစ် ပတ်နေကြတဲ့အတွက် ဦးခေါင်းတော် ဗဟိုတည့်တည့်မှာ စေတီပမာ စုံ့စုံ့ချွန်နေသတဲ့၊ စုံ့စုံ့ချွန်နေတဲ့ ဆံတော်ကထွက်တဲ့ နီလရောင်ခြည် အစုအပုံကို ကေတုမာလာရောင်လျှံတော် လို့ ခေါ်တယ်ကွယ့်။ [ဝဇီရဗုဒ္ဓိ ၂၆၊ သာရတ္ထဒီပနီ(ပ) ၁၂၅၊ ဝိမတိ (ပ) ၂၈]

သည် ကေတုမာလာရောင်လျှံတော်ဟာ လက္ခဏာတော်ငယ် (၈၀)မှာ ပါဝင်တာပေါ့၊ သည်နေရာမှာ သတိပြုစရာက ဘုရားရှင်ရဲ့ရုပ်တုတော်များကို ဖူးလျှင် ဦးခေါင်းတော်ထိပ်မှာ ဆံထုံးထုံးထားသလို ဖူးတွေ့ကြရတယ်၊ ပကတိဘုရားရှင်မှာ ဆံထုံး မရှိပါဘူး၊ ဆံထုံးမရှိပါဘဲနှင့် ရုပ်တုတော်ရဲ့ဦးထိပ် မှာ ဆံထုံးပမာထုလုပ်ကြတာက **(မုဒ္ဓနိမဇ္ဈေ ပညာယမာနော ဥန္နတပ္ပဒေသော တိပိ ဝဒန္တိ၊ တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တံ)**ဆိုတဲ့ သာရတ္ထ(ပ) ၁၂၅-လာ စကားရပ်ကိုယူပြီး ထုကြခြင်းဖြစ်တယ်ကွယ့်၊ သာရတ္ထ(ပ) ၁၂၅-ရဲ့ အဓိပ္ပာယ်က

http://www.dhammadownload.com


ကေတုမာလာဆိုတာ ဦးခေါင်းတော်မှ ထွက်၍ ဦးခေါင်းတော်အထက် ဦးထိပ်၌ အစုအပုံဖြစ်၍ထင်သော ရောင်ခြည်တော်အစုံကို ဆိုလိုပါသတဲ့၊ ဂဏ္ဍီကြီး ၃-စောင်တို့ရဲ့ အလိုအားဖြင့် ဘုရားရှင်ရဲ့ဦးထိပ်တော်အလယ်၌ ထင်ရှားသော မြင့် မောက်သောအရပ်ကို ကေတုမာလာလို့ ဆိုလိုသတဲ့ကွယ့်၊ ဦးထိပ်တော် အလယ် မြင့်မောက်ရာအရပ်ဆိုတာကို အမှီပြုပြီး ဦးထိပ်လယ်၌ ဆံထုံးသဏ္ဍာန် ထုလုပ်ခဲ့ကြခြင်းဖြစ်တယ်၊ အမှန်ကတော့ ဘုရားရှင်ရဲ့ ဦးထိပ်တော်အလယ် မြင့်မောက်ရာအရပ် ဆိုတာဟာ လူမျိုးပုံသဏ္ဍာန်နှင့် ဆက်စပ်နေတယ်ကွယ့်"

"ဘယ်လို ဆက်စပ်တာလဲ ဘုရား၊ အမိန့်ရှိပါဦး"

"ကျောက်စာသုတေသီတို့ရဲ့ အလိုအားဖြင့် ကမ္ဘာပေါ်မှာ လူသုံးမျိုး ရှိသတဲ့ ကွယ်၊ လူသုံးမျိုးဆိုတာက (၁) ပေမိယကုန်းပြင်မြင့်မှ စတင်ဖြစ်ပွားသော အာရှ တိုက်သား လူမျိုးနွယ်၊ (၂) ကော့ကေးသျှတောင်တန်း ကုန်းပြင်မြင့်များမှ စတင် ဖြစ်ပွားသော ဥရောပတိုက်သားလူမျိုးနွယ်၊ (၃) အာဖရိကကုန်းပြင်မြင့်မှ စတင် ဖြစ်ပွားသော အာဖရိကတိုက်သား လူမျိုးနွယ်ရယ်လို့ ကမ္ဘာတစ်ဝန်းလုံးမှာ သည် လူမျိုးသုံးမျိုးသာ ရှိသတဲ့၊ သည်လူမျိုး သုံးမျိုး အဆက်အနွယ်ကို ဘာနှင့် ဆုံးဖြတ် ရသလဲဆိုတော့ ဦးခေါင်းပုံနှင့် ဆုံးဖြတ်ရသတဲ့။

(၁) အာရှမျိုးနွယ် လူသားတို့ရဲ့ ဦးခေါင်းဟာ ဥသျှစ်သီးလို လုံးစောက် စောက်နေတယ်၊ (၂) ဥရောပမျိုးနွယ် လူသားတို့ရဲ့ ဦးခေါင်းက ဦးထိပ်မြင့်တယ်၊ ချွန်မောက်နေတယ်၊ (၃) အာဖရိက မျိုးနွယ် လူသားတို့ရဲ့ ဦးခေါင်းက ထန်းသီး လို လုံးဝိုင်းတယ်၊ အသားအရောင်အားဖြင့်လည်း (၁) အာရှမျိုးနွယ်လူသားတို့ရဲ့ အသားအရောင်က အညိုရောင်, အဝါရောင်ဖြစ်တယ်၊ (၂) ဥရောပမျိုးနွယ် လူသားတို့ရဲ့ အသားအရောင်က အဖြူရောင်ဖြစ်တယ်၊ (၃) အာဖရိကမျိုးနွယ် လူသားတို့ရဲ့ အသားအရောင်က မည်းနက်တယ်။

ဗုဒ္ဓဘုရားရှင်ကို အာရှတိုက်မှာ ဖွားသော်လည်း လူမျိုးအနွယ်က အာရှ မျိုးနွယ်မဟုတ်ဘူး၊ ဥရောပမှလာတဲ့ အာရိယန်မျိုးနွယ် ဖြစ်တယ်၊ ဗုဒ္ဓဘုရား ရှင်ရဲ့ ဦးခေါင်းတော်ဟာ အာရိယန်မျိုးနွယ် ဖြစ်လို့ အာရှတိုက်သားများလို မလုံးဘူး၊ မြင့်မောက်တယ်၊ အသားအရောင်က ရွှေရောင်ဖြစ်တယ်၊ အရပ် အမောင်းက အာရှတိုက်သားတို့ထက် သာလွန်တယ်၊ သည် လူမျိုးနွယ် အခြေခံ

http://www.dhammadownload.com


မှုကိုကြည့်လျှင် (မုဒ္ဓနိမဇ္ဈေ ပညာယမာနော ဥန္နတပ္ပဒေသော) ဆိုတဲ့ ထိပ်အလယ် ထင်ရှားသော မြင့်မောက်ရာအရပ်ဆိုတာဟာ ဆံထုံးမဟုတ်သော ဦးခေါင်းတော် အချွန်းကို ဆိုလိုကြောင်း သိသာပါတယ်၊ ဒါကြောင့် ဘုရားရှင်မှာ ဆံထုံးမရှိဘူး၊ စေတီကဲ့သို့ မြင့်မောက်ခြင်းသာ ရှိတယ်၊ အဲသည် မြင့်မောက်ရာအရပ်နှင့် တကွ ဆံတော်မှထွက်သော ရောင်ခြည်တော်များကို ကေတုမာလာရောင်လျှံတော်လို့ မှတ်တော့တာပေါ့ကွယ်"

"မှန်ပါ-ကေတုမာလာ ရောင်လျှံတော်ကိုတော့ သဘောကျပါပြီ ဗုဒ္ဓရောင်လျှံတော်ကို ဆက်ပြီး မိန့်တော်မူပါဦး ဘုရား"

"ယနေ့ကာတွန်းခေတ်မှာ သတ္တဝါတစ်ဦးတွေးဆလို့ အကြံဉာဏ်ပေါ်လာပုံကို ကာတွန်းဆရာက မီးလျှံနှင့်ပြတယ်ကွယ့်၊ ကာတွန်းဆရာဟာ သည်နည်းကို ဘယ်ကယူတာလဲဆိုတော့ ဗုဒ္ဓရုပ်ပွားတော်ပုံသဏ္ဍာန်က ယူတယ်၊ မဇ္ဈိမတိုက်မှာ ဗုဒ္ဓရုပ်ပွားတော်များလို ဂျိန်းရုပ်တု၊ သီဝရုပ်တုစသော ရုပ်တုများရှိကြတယ်၊ သည်ရုပ်တုများဟာ အပူဇော်ခံရုပ်တုများဖြစ်လို့ ဖူးမြင်သူတို့ ကြည်နူးဖွယ်ဖြစ်အောင် တည်ကြည်ငြိမ်သက်စွာ မျက်လွှာချထားပုံတွေ ထုလုပ်ကြတယ်၊ သာမန်ကြည့်ခဲ့လျှင် ဗုဒ္ဓရုပ်ပွားနှင့် ဂျိန်းရုပ်ပွားဟာ မုဒြာအနေအထားကစပြီး တူသလိုလိုပဲ၊ သို့သော်လည်း ဂျိန်းရုပ်ပွားမှာ ရောင်လျှံတော်မပါဘူး၊ ဗုဒ္ဓရုပ်ပွားတော်မှာတော့ အဝိဇ္ဇာမှောင်ပျောက်ပြီး ဝိဇ္ဇာအလင်းရောင်တောက်သော အထိမ်းအမှတ်ဖြင့် ရောင်လျှံတော်ပုံ ထည့်ထားတယ်၊ ရောင်လျှံတော်ပုံဆိုတာ ဗုဒ္ဓရုပ်ပွားတော်ရဲ့ ဦးထိပ်မှာပါရှိတဲ့ မီးတောက်ပုံအချွန်းကို ဆိုလိုတယ်၊ သည် မီးတောက်ပုံအချွန်းကို မှန်ကင်းထောင်ထားတာနှင့်တူလို့ အချို့က မှန်ကင်းပုံလို့ ပြောကြတယ်၊ ပိဋကဝင်ကျမ်းဂန်မှာတော့ ကေတုမာလာရောင်လျှံတော် အကြောင်း အကျယ်တဝင့် ပါရှိသော်လည်း ဗုဒ္ဓရောင်လျှံတော်အကြောင်းတော့ မပါဘူး၊ အခုပြောခဲ့တဲ့ ဗုဒ္ဓရောင်လျှံတော်အကြောင်းကိုတော့ ကျောက်စာဌာန ပညာရှင်များရဲ့ အတွေးအခေါ်ကို ထုတ်နုတ်ပြီး ပြောပြလိုက်ခြင်းဖြစ်ပါတယ်၊ ဘယ့်နှယ်လဲသဘောကျရဲ့လားကွယ့်"

"မှန်ပါ-သဘောကျပါတယ် ဘုရား"

"သာဓု-သာဓု-သာဓု"

http://www.dhammadownload.com

# လျှောင်းတော်မူ

"ဟောသည်စာက မန္တလေးမြို့၊ အနောက်ပြင်၊ စကုတိုက်၊ မင်္ဂလာအေး ကျောင်း၊ မြစ်ဖျား ဦးဝိမလထံက စာပါဘုရား"

"ဆိုစမ်းပါဦး၊ ဦးဝိမလရဲ့စာက ဘာများလဲကွယ့်"

"မြတ်စွာဘုရားရဲ့ လျောင်းတော်မူ ရုပ်ပွားတော်များကိုဖူးမြော်ရာမှာ လျောင်း တော်မူမှန်သမျှ လက်ယာနံတောင်းဖြင့် လျောင်းတော်မူသည်ကိုသာ တွေ့ဖူးပါသတဲ့၊ လျောင်းတော်မူ ရုပ်ပွားတော်များကို ဘာကြောင့် လက်ယာနံတောင်းဖြင့် လျောင်းတော်မူပုံကို ထုလုပ်ကြတာလဲ၊ လက်ဝဲနံတောင်း ဖြင့် လျောင်းတော်မူ ထုလုပ်လျှင် သင့်–မသင့်၊ ထုလုပ်ကိုးကွယ်မှုမှာ အကျိုး ရှိ–မရှိ သိလိုပါတယ်လို့ လျှောက်ထားခြင်း ဖြစ်ပါတယ် ဘုရား"

"ရုပ်ပွားတော်ထုလုပ်တယ်ဆိုတာ စာဆိုနှင့်ညီပြီး ထုလုပ်ကြမြဲဖြစ်တယ်၊ စာဆိုနှင့်မညီလျှင် လောကမှာသော်လည်း အပြစ်တင်ခံကြစမြဲဖြစ်တယ်၊ ဒါကြောင့် လျောင်းတော်မူ ရုပ်ပွား ထုလုပ်ရာမှာလည်း စာဆိုနှင့်အညီ ထုလုပ်ကြတာဖြစ် ပါတယ်၊ စိတ်ထင်တိုင်း ထုလုပ်ကြတာ မဟုတ်ဘူးကွယ့်"

"မှန်ပါ–စာဆိုက ဘယ်လိုရှိပါသလဲဘုရား"

"အင်္ဂုတ္တရပါဠိတော်၊ စတုက္ကနိပါတ်၊ ၅၆၆–မှာ အိပ်ခြင်း ၄–မျိုးကို ဘုရားရှင် ဟောတော်မူတယ်၊ သုတ်ရဲ့အမည်ကတော့ သေယျသုတ်ဖြစ်တယ်"

http://www.dhammadownload.com


"သုတ်ရဲ့အဓိပ္ပာယ်ကို အမိန့်ရှိပါဦး ဘုရား"

"သုတ်ရဲ့ အဓိပ္ပာယ်က–လောကမှာ အိပ်ခြင်း လေးမျိုး ရှိသတဲ့ကွယ်၊ လေးမျိုးဆိုတာက–

(၁) ပြိတ္တာရဲ့အိပ်ခြင်း၊ (၂) ကာမဂုဏ်ခံစားသူတို့ရဲ့အိပ်ခြင်း၊ (၃) ခြင်္သေ့တို့ရဲ့အိပ်ခြင်း၊ (၄) ဘုရားရှင်တို့ရဲ့အိပ်ခြင်းတို့ ဖြစ်ကြတယ်၊

အိပ်ခြင်း လေးမျိုးအနက် ပြိတ္တာတို့ရဲ့အိပ်ခြင်းက ပက်လက်အိပ်သတဲ့ကွယ်၊ ပြိတ္တာများ ဘာကြောင့် ပက်လက်အိပ်သလဲဆိုတော့ ပြိတ္တာမှာ အသား အသွေး နည်းပါးတယ်၊ အရိုးစုကောင်ကြီး ဖြစ်နေတယ်၊ အဖျား ရောဂါ တာရှည်တဲ့ လူသားဟာ အသားအသွေးနည်းပြီး အရိုး အကြော အပြိုင်းပြိုင်းထလာတဲ့အခါ လက်ဝဲလက်ယာ မလွန့်နိုင်ဘဲ ပက်လက် အိပ်နေရသလို ပြိတ္တာများလည်း အရိုးအပြိုင်းပြိုင်းထနေလို့ များသောအား ဖြင့် ပက်လက်အိပ်ကြရရှာသတဲ့၊ ကာမဂုဏ်ခံစားသူကတော့ လက်ဝဲဘက် ကို စောင်းပြီး အိပ်သတဲ့၊ သူက ဘာကြောင့် လက်ဝဲဘက်ကို စောင်းပြီး အိပ်တာပါလိမ့် သိရဲ့လား"

"မသိပါဘူးဘုရား"

"သူ့ဇနီးက လက်ဝဲဘက်မှာ ရှိတာကိုး၊ ဒါကြောင့် လက်ဝဲဘက်စောင်းပြီး အိပ်တာပေါ့"

"ခြင်္သေ့တို့ရဲ့အိပ်ခြင်းက ဘယ်လိုပါလဲဘုရား"

"ခြင်္သေ့ကတော့ လက်ယာနံတောင်းဖြင့် အိပ်သတဲ့၊ လက်ယာနံတောင်းဖြင့် အိပ်စက်ပုံကို အဋ္ဌကထာဆရာက သည်လိုဖွင့်ထားတယ်ကွယ့်"

"မိန့်တော်မူပါဘုရား"

"ခြင်္သေ့ဟာ တန်ခိုးကြီးမားတဲ့အတွက်ကြောင့် ရှေ့ခြေနှစ်ချောင်းတို့ကို တစ်ဌာန၊ နောက်ခြေနှစ်ချောင်းတို့ကို တစ်ဌာနထားပြီး အမြီးကို ပေါင်ကြားထဲ သွင်းထားတယ်၊ ပြီးတော့ ရှေ့ခြေ, နောက်ခြေ, အမြီးတို့ရဲ့ တည်ရာအရပ်ကို ကောင်းစွာမှတ်သားပြီး ရှေ့ခြေ နောက်ခြေထက်မှာ ဦးခေါင်းကိုတင်ထားပြီး အိပ်တယ်၊ နိုးတဲ့အခါ ဦးခေါင်းကိုထောင်ပြီး မှုလကမှတ်ထားတဲ့ လက်, ခြေ, အမြီး ရွေ့မရွေ့ကိုကြည့်သတဲ့၊ အကယ်၍ ရွေ့ခဲ့လျှင် ရဲရင့်တဲ့ ငါတို့ခြင်္သေ့

http://www.dhammadownload.com



အား မလျောက်ပတ်ဘူးလို့ စိတ်မချမ်းသာတဲ့အတွက် အစာရှာမထွက်တော့ဘဲ အဲသည်နေရာမှာ ထပ်အိပ်သတဲ့၊ မူလ်မှတ်သားထားတဲ့အတိုင်း မရွေ့ဘဲ တည်နေမှ နှစ်သက်ရွှင်လန်းတဲ့စိတ် ဖြစ်ပေါ်လာပြီး အိပ်ရာကထ, လည်ဆံမွေးများကို ခါ၊ သုံးကြိမ်တိုင်တိုင်ဟောက်ပြီးမှ စားကျက်ကို ထွက်သွားတယ်လို့ ဖွင့်ပြထားတယ်"

"ဘုရားရှင်တို့ရဲ့ အိပ်ခြင်းကတော့ လက်ယာဘက်ကိုစောင်းပြီး စတုတ္ထဈာန်ကို ဝင်စားရင်း အိပ်စက်တော်မူသတဲ့၊ ဘုရားရှင် ကျိန်းစက်တော်မူပုံအကျယ်ကို သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊ ၃၃၁–မှာလာတဲ့အတိုင်း ပြောပြဦးမယ်"

"မိန့်တော်မူပါ ဘုရား"

"စတုတ္ထဈာန်ဖြင့် ကိန်းတော်မူခြင်းကို ဘုရားရှင်ရဲ့ ကိန်းစက်ခြင်းလို့ ဆိုရမယ်တဲ့၊ ခြင်္သေ့မင်းဟာ လက်ယာနံတောင်းဖြင့် ကျိန်းစက်သလို ဘုရားရှင်များလည်း လက်ယာနံတောင်းဖြင့် လျှောင်းစက်တော်မူသတဲ့။

လျှောင်းစက်တဲ့အခါ လက်ယာခြေတော်မှာ လက်ဝဲခြေတော်ကို စဉ်းငယ်လွန်ပြီး တင်ထားတယ်၊ ဘာကြောင့်တုန်းဆိုတော့ ဖမျက်တစ်ခုနှင့် ဖမျက်တစ်ခု, ပုဆစ်ဒူးဝန်းတစ်ခုနှင့် ပုဆစ်ဒူးဝန်းတစ်ခု ထိခိုက်နေလျှင် ဝေဒနာမပြတ်ဖြစ်နေတတ်သတဲ့၊ စိတ်ရဲ့ တည်ကြည်ခြင်းလည်း မရှိဘူးတဲ့၊ အိပ်လို့လည်း မကောင်းဘူးတဲ့၊ ဒါကြောင့် ဖမျက်ချင်း ဒူးဆစ်ချင်းမထိအောင် စဉ်းငယ်လွန်ထားခြင်းဖြစ်သတဲ့၊ သည်လို ကိုယ်အနေအထားပြုပြီးမှ သတိသမ္ပဇဉ်တရားနှလုံးထားတယ်၊ ဘယ်အချိန်ထမယ်လို့လည်း ထမယ့်အချိန် ပိုင်းခြားပြီး ကျိန်းစက်တော်မူသတဲ့။

ကျမ်းဂန်များမှာ ဘုရားရှင်ရဲ့ ကျိန်းစက်ပုံကို သည်လိုဖွင့်ပြထားတဲ့အတွက် လျှောင်းတော်မူထုလုပ်တဲ့အခါ စာဆိုနှင့်ညီအောင် လက်ယာနံတောင်းဖြင့် လျှောင်းစက်ပုံကို ထုလုပ်ကြခြင်းဖြစ်တယ်၊ အကယ်၍ လက်ဝဲနံတောင်းဖြင့် လျှောင်းစက်ပုံထုလုပ်ခဲ့လျှင် ကာမဂုဏ်ခံစားသူရဲ့ ပုံမျိုး ဖြစ်သွားမှာလို့ လောကပြစ် သင့်ရောက်တတ်တယ်၊ ဒါကြောင့် လက်ဝဲနံတောင်းဖြင့် လျှောင်းစက်ပုံ လျှောင်းတော်မူဘုရား မထုလုပ်ကောင်းဘူးလို့ ဖြေဆိုလိုက်ပါတယ်"

http://www.dhammadownload.com



"မှန်ပါ–လျောင်းတော်မူထုလုပ်ပုံနှင့် ပတ်သက်လို့တော့ ရှင်းလင်းပါပြီ၊ ရွှေသာလျောင်းတည်ထားတဲ့အခါ ဦးခေါင်း ဘယ်အရပ်မှာ ထားရမည်ဆိုတာလည်း အမိန့်ရှိပါဦး ဘုရား"

"မြန်မာပြည်အရပ်ရပ်မှာ ရှိကြတဲ့ ရွှေသာလျောင်းများဟာ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာ သင့်လျော်စွာ ဦးခေါင်းတော်ထားပြီး ထုလုပ်ကြတာပဲကွယ့်၊ သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်မှာ ဘုရားရှင်က အာနန္ဒာ–အင်ကြင်းပင်အစုံတို့၏ အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြု၍ ညောင်စောင်းကို ခင်းလော့၊ ငါပင်ပန်း၏၊ လျောင်းစက်အံ့လို့ မိန့်တော်မူပြီး ညောင်စောင်းထက်မှာ မြောက်အရပ်ကို ဦးခေါင်းပြု၍ လျောင်းစက်တော်မူကြောင်းကို ပြဆိုထားတယ် သည်သုတ်တော်အရ မြောက်ဘက်အရပ် ဦးခေါင်းပြုထားတဲ့ လျောင်းတော်မူပုံကို ပရိနိဗ္ဗာန်စံတော်မူ ပုံလို့ ခေါ်ကြတယ်၊ အရှေ့ဘက်ကို ဦးခေါင်းပြုထားလျှင်တော့ လျောင်းစက်တော်မူပုံလို့ သတ်မှတ်ကြတယ်၊ တောင်အရပ်ကို ဦးခေါင်းပြုထားတဲ့ လျောင်းတော်မူကျတော့ ဖလသမာပတ် ဝင်စားပုံ ပေါင်းလဲဘုရားလို့ သတ်မှတ်ကြတယ်၊ အနောက်ဘက် ဦးခေါင်းထားတဲ့ လျောင်းတော်မူကတော့ နိရောဓသမာပတ် ဝင်စားပုံလို့ သတ်မှတ်ကြတယ်၊ သည်အကြောင်း ရှေးဆရာတော်များက သံပေါက်စပ်ထားကြသေးတယ်ကွယ့်"

"မှန်ပါ–အဲသည် သံပေါက်ကိုလည်း အမိန့်ရှိပါဦး ဘုရား"

"သံပေါက်က သည်လိုကွယ့်၊ "အရှေ့ ဦးခေါင်း၊ ရွှေသာလျောင်း၊ ပေါင်းလဲဒက္ခိဏာ၊ အနောက်နေရဗ္ဗာန်၊ မြောက်နိဗ္ဗာန်၊ လေးတန်ခေါ်ဝေါ်တာ" တဲ့ကွယ့်"

"မှန်ပါ–ဝမ်းသာလှပါပြီ ဘုရား"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com

# နိဗ္ဗာန်ဘုံမှ ရုပ်ထူးနာမ်ထူး အနာမာသဝတ္ထုဖြင့် ဘုရားတည်ခြင်း

"ဟောသည်စာက သီပေါမြို့၊ နက္ခတ်ဗေဒင်ပညာရှင် ဆရာသုခထံမှ အမေးလွှာ ဖြစ်ပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ ဦးသုခက ဘာတွေများ မေးပြန်တာလဲ"

"ဦးသုခရဲ့အမေးက သုံးပုဒ် ပါပါတယ်ဘုရား၊ **ပထမအမေးက** ဘုရားရှင် ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် ဘုရားရှင်ရဲ့ ရုပ်နာမ်ဟာ လောက အတွင်းမှ ချုပ်ငြိမ်းသွားသည် မဟုတ်ဘဲ ကံစသော အကြောင်းတို့ရဲ့ ပြုပြင်စီရင် ခြင်းကင်းတဲ့ ရုပ်ဝိသေသ, နာမ်ဝိသေသအားဖြင့် နိဗ္ဗာန်ဘုံမှာ စံမြန်းနေတယ်လို့ ဆိုကြပါတယ်တဲ့၊ ထိုအဆို မှန်–မမှန် သိလိုပါတယ်တဲ့။

ဒုတိယအမေးက – ရဟန်းတော်များဟာ ရဟန်းတော်များ မသုံးသပ်ကောင်း သော အနာမာသဝတ္ထုများဖြင့် ဘုရားတည်တတ်ကြပါတယ်၊ ထိုဘုရားများကို ရဟန်းတော်များ ဖူးလျှင် အာပတ်သင့်တယ်လို့ ပြောကြပါတယ်၊ အာပတ်သင့်လျှင် အပြစ်ဖြစ်တဲ့အတွက် ထိုဘုရားဖူးသော ရဟန်းများ အပြစ်သင့်ပြီး အပါယ်ကျ– မကျ သိလိုပါတယ်တဲ့။

တတိယအမေးက– လူကွယ်လွန်လို့ ရက်လည်တရား နာတဲ့အခါ တရား

http://www.dhammadownload.com



ဟောပုဂ္ဂိုလ်က ရေစက်ချ အမျှမဝေမီ ပရိတ်ရွတ်ခဲ့လျှင် ကွယ်လွန်သူ ပြိတ္တာဟာ သာဓုခေါ်ခွင့်မရဘဲ ထွက်ပြေးရတယ်ဆိုတာ ဟုတ်မဟုတ် သိလိုပါတယ်တဲ့၊ ဦးသုခရဲ့ အမေးက ဤသုံးပုဒ်ဖြစ်ပါတယ် ဘုရား"

"ဦးသုခရဲ့ အမေးသုံးပုဒ်အနက် ပထမအမေးကို ဖြေကြစို့ရဲ့"

"မှန်ပါ-ဖြေတော်မူပါ ဘုရား"

## နိဗ္ဗာန်ဘုံမှ ရုပ်ထူးနာမ်ထူး

"ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် နိဗ္ဗာန်ဘုံမှာ ပရိနိဗ္ဗုတ ရုပ်ထူးနာမ်ထူးအဖြစ် အမြဲထာဝရ တည်နေတယ်ဆိုတဲ့ အယူအဆနှင့် မီးပုံကြီးငြိမ်းသွားတဲ့အခါ ငြိမ်းသွားတဲ့မီးဟာ ဘယ်မှာမျှ မတည်ဘဲ အပြီးသတ် ချုပ်ငြိမ်းသွားသလို ဘုရားရှင်ရဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာ မီးပုံကြီးဟာလည်း သာသနာတော် မြောက်ဂိုဏ်း တောင်ဂိုဏ်းကွဲရာက စတင်ဖြစ်ပေါ်လာခြင်း ဖြစ်တယ်ကွယ့်"။

"မိန့်တော်မူပါဦး ဘုရား"

"ဘုရားရှင်ရဲ့ သာသနာတော်ဟာ သာသနာနှစ်ပေါင်း တစ်ရာအတွင်း စည်းလုံးညီညွတ်ခြင်းရှိတယ်၊ အယူဆကွဲပြားခြင်းမရှိဘူး၊ နှစ်ပေါင်းတစ်ရာ လောက် ရောက်ခဲ့တော့ စည်းလုံးညီညွတ်မှု မရှိချင်ဘူး၊ သာသနာ့တာဝန်ကို ထမ်းဆောင်နေကြတဲ့ ရဟန်းတော်တွေဟာ အယူအဆ ကွဲပြားလာခဲ့ကြတယ်၊ ခေတ်မီတယ်ဆိုတဲ့ ရဟန်းတော်များက ခေတ်ဆိုတာ တစ်ခေတ်နှင့်တစ်ခေတ် မတူဘူး၊ အမြဲ ပြောင်းလဲနေတယ်၊ ဟိုတစ်ခေတ်က အမည်းကို မှန်တယ်လို့ ယူဆခဲ့ကြသော်လည်း နောက်တစ်ခေတ်ကျတော့ အမည်းဟာ အမှားဖြစ်ခဲ့တယ်၊ အမည်းကို မှန်တယ်လို့ချည်း အမြဲဆုပ်ကိုင်ထားခဲ့လျှင် အမှားခေတ်တွင်း ရောက်လာလျှင် ဆုပ်ကိုင်ထားသူဟာ ကျဆုံးရမယ်၊ ဒါကြောင့် တိုးတက်တယ် ဆိုလျှင် ခေတ်ကို အမီလိုက်ရမယ်၊ ဘုရားရှင်က နိစ္စဝါဒီပုဂ္ဂိုလ်မဟုတ်ဘူး၊ အနိစ္စဝါဒီပုဂ္ဂိုလ်ဖြစ်တယ်၊ အတ္တဝါဒီပုဂ္ဂိုလ်မဟုတ်ဘူး၊ အနတ္တဝါဒီပုဂ္ဂိုလ်ဖြစ်တယ်၊ ဒါကြောင့် ဘုရားရှင်ရဲ့ တရားတော်ကို ခေတ်နှင့်မညီလျှင် ညီအောင် ပြုပြင်ပေးရမယ်၊ တရားသေ ဆုပ်ကိုင်မထားရဘူး၊ တရားသေဆုပ်ကိုင်ထားခဲ့လျှင်

http://www.dhammadownload.com


မကြာမီ သာသနာတော်ကြီး ကျဆုံးလိမ့်မယ်လို့ ယူဆပြီး ခေတ်မီတဲ့ ရဟန်းတော်များက ပိဋကတ်တော်ကို ခေတ်နဲ့အညီ ပြုပြင်ချင်ကြတယ်။

ရှေးဟောင်းရဟန်းတော်များကတော့ လောကမှာ စိန်ဆိုတာ အမာဆုံးဖြစ်လို့ စိန်ကို မာအောင်ပြုပြင်ဖို့ မလိုသလို ဘုရားရှင်ရဲ့ တရားတော်ဟာလည်း အမှန်ဆုံးမို့ အမှန်တရားကို ဘာမျှ ပြုပြင်ဖို့ မလိုဘူး၊ အကယ်၍ ခေတ်နှင့်အညီ ပြုပြင်ခဲ့လျှင် သာသနာတော်ဟာ ခေတ်နောက်ကိုလိုက်ပြီး မကြာမီ သာသနာအစစ် ကွယ်သွားလိမ့်မယ်လို့ ယူဆကြတယ်၊ ဒီ အယူအဆဟာ တစ်စတစ်စ ကျယ်လောင်လာပြီး နောက်ဆုံးမှာ ခေတ်နောက်လိုက်သောဂိုဏ်းနှင့် ကျမ်းရင်းကို တရားသေဆုပ်ကိုင်ထားတဲ့ ဂိုဏ်းရယ်လို့ ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲသွားတယ်၊ ခေတ်နောက်လိုက်တဲ့ ဂိုဏ်းဟာ အိန္ဒိယပြည်မြောက်ပိုင်း ဘူတန်၊ နီပေါ၊ တိဗက်၊ တရုတ် စသောတိုင်းပြည်များကို ပျံ့နှံ့သွားတယ်၊ အဲဒီဂိုဏ်းကို မဟာယာနဂိုဏ်းလို့ ခေါ်ပေါ်ကြတယ်၊ မဟာယာနဂိုဏ်းဟာ ခေတ်နှင့်အညီ ကျင့်သုံးတဲ့ဂိုဏ်းမို့ နတ်ကိုးကွယ်သူတွေနှင့် ကြုံလျှင် နတ်ကိုးကွယ်သူများနှင့် ရောသွားတယ်၊ ဗြဟ္မာကိုးကွယ်သူတွေနှင့် ကြုံလျှင် ဗြဟ္မာကိုးကွယ်သူများနှင့် ရောသွားတယ်။

လောကမှာ ဗုဒ္ဓဘာသာမှတစ်ပါး လူသားဘုရား ကိုးကွယ်တဲ့ ဘာသာရယ်လို့ မရှိဘူး၊ နတ်ဘုရားကိုးကွယ်တဲ့ ဘာသာတွေချည်း ဖြစ်ကြတယ်၊ မဟာယာနရဟန်းတော်များဟာ နတ်ကိုးကွယ်သူတွေနှင့် တွေ့တော့ ဂေါတမဘုရားကို လူသားဘုရားမဟုတ် နတ်ဘုရား လုပ်လိုက်ကြတယ်၊ သိဒ္ဓတ္ထမင်းသား ဖွားခြင်း, တောထွက်ခြင်း, တရားဟောခြင်း, အစာမိုဝဲခြင်း, ပရိနိဗ္ဗာန်စံခြင်းဆိုတာတွေဟာ အမှန်တကယ် မဟုတ်၊ ဖန်ဆင်းထားတဲ့ နိမ္မာနကာယမျှသာ ဖြစ်တယ်၊ ဖြူစင်တဲ့ ဓမ္မကာယကို လူသားများ မမြင်နိုင်ဘူး၊ ဈာန်သမာပတ်, ဖလသမာပတ်ဝင်စားနေတဲ့ သမ္ဘောဂကာယကိုလည်း သာမန်လူသားများ မမြင်နိုင်ဘူး၊ ဗောဓိသတ္တများမှသာ မြင်နိုင်တယ်၊ ဘုရားရှင်ရဲ့ ဖြူစင်တဲ့ ဓမ္မကာယဟာ နိဗ္ဗာန်ဖြစ်တယ်။

(သာသနာ ၂၅၀၀-ခရီး၊ ၁၄၃)

ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံလျှင် ဓမ္မကာယဖြစ်တယ်လို့ ယူဆကြတယ်၊ မဟာယာန ရဟန်းတော်များရဲ့ အလိုအားဖြင့် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီး ဓမ္မကာယအဖြစ်ဖြင့် တည်ရှိနေတယ်၊ လူသာ... ကို ကယ်တင်ရန် လိုသေးလျှင်

http://www.dhammadownload.com


လူ့ပြည်ကို ပြန်လည်ဝင်စားဦးမယ်လို့ ဟောပြောကြတယ်။ (၁၄၅)

သည်စကားရပ်က ဗိသနိုးဟာ လူတို့ကို ကယ်ဆယ်ရန် အာဟာရအဖြစ် ဝင်စားတယ်ဆိုတာနှင့် တူနေပါတယ်၊ တူနေရခြင်းကလည်း မဟာယာန ရဟန်းတော်များဟာ ဗိသနိုးယုံကြည်သူများနှင့် အထပ်သင့် ကျင့်ကြံဟော ပြောခြင်းကြောင့်ဖြစ်ပါတယ်၊ ဒါကြောင့် မြောက်ပိုင်းဂိုဏ်းဝင် ပုဂ္ဂိုလ်တို့ရဲ့ အလိုအားဖြင့် ဘုရားရှင်ဆိုတာဟာ ဓမ္မကာယပါပဲ၊ ဓမ္မကာယဆိုတာလည်း နိဗ္ဗာန်ပါပဲ၊ (၁၄၃) ဘုရားရှင်ဖွားခြင်း, တရားဟောခြင်း, ပရိနိဗ္ဗာန်စံလွန်ခြင်း ဆိုတာ အမှန်တကယ်မဟုတ်သော ဖန်ဆင်းမှုများသာ ဖြစ်တယ်၊ ဘုရားစင်စစ် ကတော့ နိဗ္ဗာန်ဘုံမှာ ဓမ္မကာယအဖြစ်ဖြင့် အမြဲတည်ရှိနေတယ်လို့ ဆိုလိုတယ်၊ နိဗ္ဗာန်ဘုံမှာ ဓမ္မကာယအဖြစ်ဖြင့် အမြဲစံနေတာကို အချို့က ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံဝင်ပြီးနောက် နိဗ္ဗာန်ဘုံမှာ ရုပ်ထူးနာမ်ထူးအဖြစ် အမြဲတည်နေတယ်လို့ ဟောပြောကြခြင်းဖြစ်တယ်ကွယ့်"

"မှန်ပါ–မြောက်ဂိုဏ်းရဲ့ အယူအဆကိုတော့ အနည်းငယ်ရိပ်မိပါပြီ၊ တောင်ဂိုဏ်းရဲ့ အယူအဆကိုလည်း မိန့်တော်မူပါဦး ဘုရား"

"တောင်ဂိုဏ်းဆိုတာ ယခု မြန်မာနိုင်ငံတော်မှာ ထွန်းလင်းနေတဲ့ ထေရဝါဒ အယူအဆကို ဆိုလိုတယ်ကွယ့်၊ ထေရဝါဒ အယူအဆကို နားလည်အောင်ပြော ရမည်ဆိုလျှင် ဘုရားရှင်သိတော်မူတဲ့ သစ္စာလေးပါးဆိုတာကို အကြမ်းနည်း အားဖြင့် သိထားရလိမ့်မယ်"

"သစ္စာလေးပါးကို ဘယ်လိုသိရမှာလဲဘုရား၊ အမိန့်ရှိပါဦး"

"သစ္စာလေးပါးဆိုတာ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာရယ်လို့ လေးပါးရှိတယ်၊ သည်လေးပါးအနက် ဒုက္ခသစ္စာက အကျိုး, သမုဒယသစ္စာက အကြောင်း၊ နိရောဓသစ္စာက အကျိုး၊ မဂ္ဂသစ္စာက အကြောင်း၊ သည်လို အကျိုးနှင့်အကြောင်းတွဲနေတယ်၊ အရကောက်လိုက်တော့ ဒုက္ခသစ္စာ ဆိုတာ ရုပ်ခန္ဓာ, နာမ်ခန္ဓာကို အရကောက်တယ်ကွယ့်"

"သဗ္ဗြိုဟ်ကျမ်းမှာတော့ ဒုက္ခ တေဘူမကဝဋ္ဋ–ဘုံသုံးပါးဖြစ်သော ဝဋ် တရားကို ဒုက္ခသစ္စာလို့ အရကောက်ထားပါသလားဘုရား"

"ဟုတ်ပါတယ်၊ ဝဋ်သုံးပါးဆိုတာက ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်

http://www.dhammadownload.com


ကို ဆိုလိုတာပါ၊ ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ်ဟာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ၁၂-ပါးပါပဲ၊ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးဆိုတာလည်း ရုပ်ခန္ဓာ နာမ်ခန္ဓာပါ၊ ဒါကြောင့် လူတိုင်းသိဖို့က ဆင်းရဲခြင်းမှန်တဲ့ ဒုက္ခသစ္စာဆိုတာ ရုပ်ခန္ဓာ နာမ်ခန္ဓာဖြစ်တယ်၊ ဆင်းရဲခြင်းမှန်တဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာဟာ ဘာကြောင့်ဖြစ်ရတာလဲလို့ အကြောင်းကိုရှာလိုက်တော့ သမုဒယသစ္စာကြောင့် ဖြစ်တာတဲ့ကွယ်၊ သမုဒယသစ္စာဆိုတာ ဘာလဲလို့ အရကောက်လိုက်တော့ (တဏှာ သမုဒယော ဘဝေ)ဆိုတဲ့အတိုင်း တဏှာကိုရတယ်၊ တဏှာဆိုတာ ဆင်းရဲတဲ့ ရုပ်နာမ်ခန္ဓာကို ဆင်းရဲမှန်းမသိလို့ တပ်မက်တဲ့လောဘကို ဆိုလိုတာပဲကွယ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာကို တပ်မက်တဲ့ တဏှာတရား တဏှာအားကြီးပြီး အစွဲအလမ်းဖြစ်လာတဲ့ ဥပါဒါန်တရား၊ သည်တရားတွေအကြောင်းခံခဲ့လျှင် ဒုက္ခသစ္စာဆိုတဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာဟာ ဧကန်ဖြစ်လိမ့်ဦးမယ်။

ဒုက္ခသစ္စာဖြစ်တဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်နေတာကို သံသရာလည်တယ်လို့ ခေါ်တယ်ကွယ့်၊ ယခုပြောခဲ့တာက သံသရာလည်ခြင်းရဲ့ အကြောင်းအကျိုးတရားတွေပေါ့၊ သံသရာပြတ်ခြင်းရဲ့ အကြောင်းအကျိုးတရားဟာ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာဖြစ်တယ်၊ မဂ္ဂသစ္စာက အကြောင်းတရား, နိရောဓသစ္စာက အကျိုးတရားဖြစ်တယ်၊ မဂ္ဂသစ္စာဆိုတာ အရကောက်လိုက်တော့ မဂ္ဂင်တရား ရှစ်ပါးကိုရတယ်၊ အကျဉ်းသိက္ခာအားဖြင့် ရေတွက်လျှင်တော့ သီလ, သမာဓိ, ပညာ သုံးပါးကိုရတယ်။

သီလ သမာဓိ ပညာ တရားသုံးပါးကို ဘာကြောင့် ပွားများအားထုတ်တာတုန်းဆိုခဲ့လျှင် ရုပ်ခန္ဓာ နာမ်ခန္ဓာဟာ ချမ်းသာတဲ့ တရားမဟုတ်ဘူး၊ ဆင်းရဲတဲ့တရားဆိုတာ အမှန်အတိုင်းမြင်အောင် အားထုတ်ရခြင်းဖြစ်တယ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာ ဆင်းရဲတာကို အမှန်အတိုင်းမမြင်လျှင် ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ် တပ်မက်တဲ့ တဏှာတရား, ဥပါဒါန်တရားကြောင့် အမှန်ဆင်းရဲတဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာဟာ မပြတ်မစဲ ထပ်တလဲလဲဖြစ်လိမ့်ဦးမယ်။

ရုပ်ခန္ဓာ နာမ်ခန္ဓာဆင်းရဲတာကို အမှန်အတိုင်းမြင်ခဲ့လျှင် ရုပ်ခန္ဓာ နာမ်ခန္ဓာကို ငြီးငွေ့လာတယ်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာအပေါ် တပ်မက်မှုကင်းလာတယ်၊ တပ်မက်မှုကင်းလာလို့ ကိလေသာကလွတ်သွားတယ်၊ လွတ်ပြီလို့သိလာတယ်၊

http://www.dhammadownload.com


ဒါကြောင့် ရုပ်ခန္ဓာ နာမ်ခန္ဓာ ထပ်မဖြစ်တော့ဘူး၊ အပြီးသတ် ချုပ်ငြိမ်းသွားတယ်၊ အဲဒါကို နိရောဓသစ္စာလို့ခေါ်တယ်၊ ဒီသစ္စာလေးပါး‌ရဲ့ အကြောင်းအကျိုးကို နားလည်ခဲ့သော်–

ရုပ်နာမ် ဘာကြောင့် ဖြစ်တာလဲလို့ မေးလျှင် တဏှာကြောင့် ဖြစ်တာပါလို့ ဖြေမယ်။

ရုပ်နာမ်တပ်မက်သော တဏှာဖြစ်ခဲ့လျှင် ဘာဖြစ်မည်တုန်း မေးခဲ့လျှင် ရုပ်နာမ်အသစ်ဖြစ်မယ်လို့ ဖြေမယ်။

ရုပ်နာမ်အပေါ် တပ်မက်သောတဏှာကင်းကွာလျှင် ဘာဖြစ်မည်တုန်း မေးခဲ့လျှင် ရုပ်နာမ်ချုပ်ငြိမ်းပါမယ်လို့ဖြေမယ်။

ဒီအဖြေကို သဘောကျခဲ့လျှင် အနုပါဒိသေသနိဗ္ဗာန် စံဝင်ပြီးသော ဘုရားရှင်ဟာ ဘယ်ဘုံမှာမှ ရုပ်ထူးနာမ်ထူးအနေနှင့် တစ်ခါပြန်ဖို့မရှိ၊ (ခီဏာဇာတိ) ဆိုတဲ့အတိုင်း ရုပ်နာမ် ပြန်ဖြစ်မှု ကုန်ပြီလို့သာ ယူဆဖို့ရှိတယ်၊ ဒီအယူ အဆက တောင်ဂိုဏ်းလို့ခေါ်တဲ့ ထေရဝါဒဂိုဏ်းရဲ့ အယူအဆဖြစ်တယ်၊ နိဗ္ဗာန်ရဲ့အကြောင်း ပြောမယ်ဆိုလျှင် အလွန်ကျယ်ဝန်းတာပေါ့၊ သို့သော် ဤမျှဆိုလျှင် သဘောပေါက်လောက်ပြီလို့ ယူဆပါတယ်၊ ဒါကြောင့် ဒုတိယမေးခွန်းရဲ့ အဖြေကို ဖြေကြစို့ရဲ့”

“မှန်ပါ၊ ဖြေတော်မူပါ ဘုရား”

## အနာမာသဝတ္ထုဖြင့် ဘုရားတည်ခြင်း

“ဒုတိယမေးခွန်းက ရဟန်းတော်များဟာ ရဟန်းများ မသုံးအပ် မသုံးကောင်းသော အနာမာသဝတ္ထုများဖြင့် ဘုရားတည်တတ်ကြပါတယ်၊ ထိုဘုရားများကို ရဟန်းတော်များဖူးလျှင် အာပတ်သင့်တယ်လို့ ပြောကြပါသတဲ့၊ အာပတ်သင့်လျှင် အပြစ်ဖြစ်တာမို့ ထိုဘုရားဖူးသောရဟန်းများအား အပြစ်သင့်ပြီး အပါယ်ကျ– မကျ သိလိုပါတယ်တဲ့၊ ဟုတ်လား”

“ဟုတ်ကြောင်းပါဘုရား”

“ဒီအမေးမှာ အနာမာသဝတ္ထုလို့ သုံးထားတယ်၊ အနာမာသဆိုတာ ရဟန်းတော်များ မသုံးအပ်၊ မကိုင်တွယ်အပ်၊ မထိအပ်တဲ့ဝတ္ထုများ ဖြစ်ပါ

http://www.dhammadownload.com



တယ်၊ ရဟန်းတော်များ မသုံးအပ်တဲ့ဝတ္ထုများဟာ–

အမှတ်(၁) မိန်းမတဲ့၊ မိန်းမမှန်လျှင် မယ်တော်, အစ်မ, နှမကစပြီး ဘယ်မိန်းမကိုမျှ မသုံးသပ်ကောင်းဘူး၊ အမှတ်(၂) က မိန်းမရဲ့ အဝတ်တန်ဆာ၊ အမှတ်(၃) က မိန်းမရုပ်၊ အမှတ်(၄)က စပါးအမျိုးမျိုး၊ အမှတ်(၅) က ပဲအမျိုးမျိုး, သစ်သီးအမျိုးမျိုး၊ အမှတ်(၆)က ရတနာမျိုး ၁၀–ပါး၊ အမှတ်(၇)က လူသတ်လက်နက်အမျိုးမျိုး၊ အမှတ်(၈)က သား,ငါး,ငှက် သတ်သော လက်နက်အမျိုးမျိုး၊ အမှတ်(၉)က တူရိယာအမျိုးမျိုး၊ အမှတ်(၁၀)က အကပ်မခံရသေးတဲ့ ခဲဖွယ်စားဖွယ်အမျိုးမျိုး၊ အမှတ် (၁၁)က စားကောင်းသော အသီးရှိတဲ့ အပင်အမျိုးမျိုး၊ ဤ(၁၁)မျိုးဟာ ရဟန်းတော်များ မသုံးသပ်ကောင်းတဲ့အတွက် အနာမာသဝတ္ထုများလို့ ခေါ်ရတယ်၊ ဤအနာမာသဝတ္ထုများအနက် ရွှေငွေ ဆန် စပါးစသော အနာမာသဝတ္ထုများကို အလှူခံပြီး ရဟန်းတော်များ ဘုရားတည်ခဲ့တာမှာ အလှူခံပုံ နည်းမကျလျှင် ရဟန်း အာပတ်သင့်တယ်၊ အလှူခံပုံ နည်းကျလျှင်တော့ အာပတ်မသင့်ဘူးကွယ့်”

“အလှူခံပုံ နည်းကျ–မကျ အမိန့်ရှိပါဦးဘုရား”

“အလှူခံပုံ နည်းကျ–မကျနှင့်ပတ်သက်ပြီး ပါရာဇိကဏ်၊ ဋ္ဌ၊ ဒု၊၂၅၇–ရဲ့ အဓိပ္ပာယ်ကို ပြောပြဦးမယ်၊ အလှူခံပုဂ္ဂိုလ်ဟာ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်ကို မသုံးသပ်ဘဲ “ဤရွှေငွေကို စေတီအားလှူပါ၏၊ ကျောင်းအား လှူပါ၏၊ အမှုအသစ်အား လှူပါ၏”လို့ ဒါယကာတို့က ဆိုပြီး လှူခဲ့လျှင် မပယ်အပ်ဘူး၊ ကပ္ပိယကာရကတို့ကို ပြောကြားရမယ်တဲ့၊ ဒါယကာက သည်လိုမဆိုဘဲ စေတီအတွက်, ကျောင်းအတွက် အရှင်ဘုရား ခံယူပါဆိုလျှင် မခံထိုက်ဘူး၊ အကယ်၍ ခံယူလျှင် ခံယူသောရဟန်း အာပတ်သင့်သကွယ့်၊ သည်စကားက ပါရာဇိကဏ် အဋ္ဌကထာကလာတဲ့ စကားပဲ၊ သည်စကားအရ အပ်–မအပ် နှစ်မျိုးရှိရာမှာ မအပ်သောနည်းဖြင့် ရဟန်းဖြစ်သူ ဘုရားတည်လျှင် တည်သော ရဟန်း အာပတ်သင့်တယ်၊ ရဟန်းသည်သာ အာပတ်သင့်တယ်၊ တည်ထားပြီးတဲ့ ဘုရားကတော့ဘာအပြစ်မှ မရှိပါဘူး၊ ဘုရားတည်တဲ့ပုဂ္ဂိုလ်ဟာ လူဖြစ်စေ, ရဟန်းဖြစ်စေ, နတ်ဖြစ်စေ, ဒုဿီလဖြစ်စေ, သုဿီလဖြစ်စေ စေတီတည်သူက တခြား၊ စေတီတော်က တ ခြားဖြစ်တယ်၊ အလဇ္ဇီ ဒုဿီလတည်သော

http://www.dhammadownload.com


ဘုရားဖြစ်တဲ့အတွက် ရှိမခိုးအပ်ဘူး၊ မပူဇော်အပ်ဘူးလို့ မရှိပါဘူး။

လောကမှာ ဘုရားတည်တဲ့ ပန်းရန်တွေအတွင်းမှာ ကံဆယ်ပါးမလုံတဲ့ ဒုဿီလတွေ အများကြီးပါမှာပေါ့၊ ဒုဿီလပန်းရန်တွေတည်တဲ့ ဘုရားမို့ ရှိမခိုးထိုက်ဘူးလို့ မကြားဖူးပါဘူး၊ ဒါကြောင့် ဘယ်လိုပုဂ္ဂိုလ်တည်သောဘုရား ပင်ဖြစ်စေ ဘုရားဂုဏ်တော်ကို ပွားများ ရှိခိုးတဲ့အတွက် မည်သည့်အာပတ်မျှ မသင့်ပါဘူး၊ ဘုရားရှိခိုးတဲ့ ဗုဒ္ဓပူဇဝန္ဒ စေတနာကြောင့် အပါယ်မကျသည့် အပြင် သုဂတိဘဝကို ရောက်နိုင်ပါတယ်လို့ ဖြေကြားလိုက်ပါတယ်ကွယ်"

"မှန်ပါ–ဒုတိယမေးခွန်းအဖြေကို သဘောပေါက်ပါပြီ၊ တတိယမေးခွန်း ကိုလည်း ဖြေကြားပေးတော်မူပါဘုရား"

"တတိယမေးခွန်းက ဘာတဲ့လဲကွယ့်၊ ဆိုစမ်းပါဦး"

## ရက်လည်ဆွမ်းသွတ်၌ ပရိတ်ရွတ်သင့်–မရွတ်သင့်

"တတိယမေးခွန်းက လူတစ်ယောက်ကွယ်လွန်လို့ ရက်လည်တရား နာတဲ့အခါ တရားဟောပုဂ္ဂိုလ်က အမျှမဝေမီ ပရိတ်ရွတ်ခဲ့လျှင် ကွယ်လွန်သူ ပြိတ္တာဟာ ပရိတ်သံကြောင့် ထွက်ပြေးသွားရလို့ အမျှဝေတဲ့အခါ သာဓုခေါ်ခွင့် မရဘူးဆိုတာ ဟုတ်ပါသလားဘုရား"

"အေး–သည်အမေးအတွင်းမှာ ဗုဒ္ဓဘာသာဝင်တိုင်း သိထိုက်တဲ့ အချက် ကလေး ပါနေတယ်၊ သတိပြုမိရဲ့လားကွယ့်"

"သတိမပြုမိပါ ဘုရား"

"ဗုဒ္ဓဘာသာဝင်များ သိထိုက်တဲ့အချက်ဆိုတာ တခြားမဟုတ်ဘူး၊ ရက်လည်တရားနာတဲ့အချက်ပဲကွယ့်၊ ဗုဒ္ဓဘာသာဝင်တွေဟာ လူသေလို့ ၇– ရက်လည်လျှင် ဆွမ်းကျွေးတရားနာတတ်ကြတယ်၊ သည်အလေ့အထက အန္တရ ဘဝ အယူရှိကြတဲ့ ပုဂ္ဂိုလ်များထံကလာတဲ့ အလေ့အထဖြစ်တယ်၊ အန္တရာဘဝ အယူရှိကြတဲ့ ပုဂ္ဂိုလ်များက စုတိနှင့် ပဋိသန္ဓေအကြားမှာ ဘဝတစ်မျိုးရှိသေး တယ်လို့ ယူဆကြတယ်၊ အဲဒီဘဝဟာ ကြည့်ချင်တာကို မြင်တယ်၊ လိုရာကို ရောက်တယ်၊ စိတ်ထင်သလိုဖြစ်နိုင်တယ်။

သို့သော်လည်း အဲသည် အန္တရာဘဝဟာ ၇–ရက်မျှသာကြာတယ်၊ ၇–

http://www.dhammadownload.com



ရက် လွန်မြောက်ခဲ့လျှင် ကံအားလျော့စွာ လားတယ်၊ ဒါကြောင့် သေသူ အန္တရာဘဝက ကျွတ်မည့် ၇–ရက်မြောက်နေ့မှာ ရှင်သူက ကုသိုလ်ပြုပြီး အမျှ အတန်းဝေလို့ အန္တရာဘဝက ပြိတ္တာဟာ သာဓုခေါ်နိုင်လျှင် ကောင်းရာသုဂတိ ကို ရောက်စေနိုင်တယ်လို့ ယူဆကြပြီး ၇–ရက်လည်မှာ (မတကဘတ္တ)ခေါ်တဲ့ သေသူကို ထမင်းကျွေးခြင်း၊ အမျှအတန်းပေးဝေခြင်းအမှု ပြုလုပ်ကြတယ်၊ ဗုဒ္ဓဝါဒီမှာတော့ အဲသည် အန္တရာဘဝဆိုတာမရှိဘူး၊ သေသည်ရဲ့အခြားမဲ့မှာ ဘဝသစ်ဆိုတာ ဖြစ်တာပါပဲ၊ စာစကားနှင့်ပြောရလျှင် စုတိခြင်းရဲ့အခြားမဲ့မှာ ပဋိသန္ဓေစိတ်ဖြစ်တာပဲ၊ စုတိစိတ်နှင့် ပဋိသန္ဓေအကြားမှာ အန္တရာဘဝဆိုတာ မရှိပါဘူး၊ ဒါကြောင့် သေသူကိုရည်မှန်းပြီး လှူဒါန်းခြင်း၊ အမျှအတန်းပေးဝေခြင်း ဆိုတာ ခုနစ်ရက်လည်ရယ်လို့ သတ်မှတ်ချက်မရှိပါဘူး၊ သင့်လျော်တဲ့အခါ လှူဒါန်း ပြီး အမျှအတန်းပေးဝေနိုင်တယ်၊ လှူဒါန်းပြီး အမျှအတန်းဝေတဲ့အခါ အမျှအတန်းမဝေမီ ပရိတ်တရားကိုရွတ်ခဲ့သော် ပရိတ်သံကြောင့် သေသူပြိတ္တာ ထွက်ပြေးတယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။

သည်စကားက ရတနသုတ်ဝတ္ထုနှင့် ရောထွေးပြီး ပြောတဲ့စကားပဲ၊ ရတနသုတ်က လူတွေကို အန္တရာယ်ပြုနေတဲ့ မိစ္ဆာကောင်တွေမို့ ရတနာသုံးပါး ဂုဏ်ကျေးဇူးသံကြားတော့ ထွက်ပြေးကြရတယ်၊ ယခု သေသူပြိတ္တာက အကုသိုလ် ကံငယ်ကြောင့် ပြိတ္တာဖြစ်နေသော်လည်း မိစ္ဆာဒိဋ္ဌိ မဟုတ်တဲ့အတွက် ထွက်မပြေး ရဘဲ ကံကောင်းခဲ့လျှင် ပိယင်္ကရမာတာ, ပုနဗ္ဗသုမာတာ(သဂါထာသံယုတ် ပါဠိ၊ ၂၁၁၊ ၂၁၂)တို့လို အကျွတ်တရားတောင် ရနိုင်ခွင့် ရှိပါသေးတယ်၊ ဒါကြောင့် ရှေးက မထေရ်ကြီးတွေဟာ ပရိတ်တရား အသုဘတရားကို ဦးစွာ ဟောပြီးမှ ရေစက်ချ အမျှဝေခြင်း ပြုစေကြတယ်၊ သာမှုနာမှု အလှူမှန်သမျှ ရေစက်ချ အမျှပေးဝေခြင်းဟာ နောက်ဆုံးအဆင့် ဖြစ်တယ်။

ဒါကြောင့် ပရိတ်သံကြားရတဲ့အတွက် သေသူပြိတ္တာ ထွက်ပြေးရတယ် ဆိုတာ မဟုတ်ဘူးလို့ ဖြေကြားလိုက်ပါတယ်ကွယ်"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com



# ရဟန္တာဓာတ်တော်

“၁၇၊၆၊၈၃–နေ့စွဲဖြင့် ဆရာတော်ထံ စာတစ်စောင် ရောက်လာပါတယ် ဘုရား”

“ဘယ်ကစာလဲကွယ့်”

“မင်းဘူးမြို့ကပါ ဘုရား၊ စာရွက်ရဲ့ ခေါင်းစည်းမှာ ဦးသန်း+ဒေါ်ခင်လေး၊ ကုန်သည်၊ ဈေးလမ်း၊ မင်းဘူးမြို့လို့ စာပုံနှိပ်ထားပါတယ် ဘုရား”

“စာရွက်မှာ ဘာတွေများ ရေးထားသလဲကွယ့်”

“စာရွက်မှာ ရေးထားပုံကို ဖတ်လျှောက်ပါ့မယ် ဘုရား”

“အင်း–ဖတ်စမ်းပါဦး၊ နားထောင်ရသေးတာပေါ့”

“ဘုရားတပည့်တော် လျှောက်ထားလိုသည်မှာ အာသဝေါကုန်သော ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုလျှင် အချို့ဓာတ်တော် မကျကြောင်း၊ အချို့ ဓာတ်တော်ကျ၍ ပူဇော်ကြရကြောင်း ဟောပြောကြပါသည်၊ ၎င်းနှစ်ဝါဒကို အထောက်အထားခိုင်လုံစွာဖြင့် အဆုံးအဖြတ်ပေးပါရန် တောင်းပန်လျှောက် ထားပါသည်လို့ ရေးသားထားပါတယ်ဘုရား”

“သူ့အမေးက ဒါပဲလားကွယ့်”

“မှန်ပါ–သည်အမေးတစ်ခုတည်းပါပဲ ဘုရား”

“အမေးတစ်ခုတည်းဆိုလျှင် စာဖတ်သူများ သဘောပေါက်သွားအောင် ခပ်ရှည်ရှည်လေး ဖြေကြစို့လားကွယ်”

“မှန်ပါ–သင့်လျော်သလို ဖြေဆိုတော်မူပါဘုရား”

http://www.dhammadownload.com



"အရှင်စုန္ဒဟာ သူ့ရဲ့ နောင်တော်ကြီး အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ကြွင်းကျန်တဲ့ ဓာတ်တော်များကို ရေစစ်အတွင်း ထည့်ပြီး နာလကရွာက သာဝတ္ထိပြည်ကို ဆောင်ယူခဲ့တယ်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို ရောက်တော့ သူ့ရဲ့ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ အရှင်အာနန္ဒာထံ အကြောင်းအကျိုး လျှောက်ထားပြီး အပ်တယ်၊ အရှင်အာနန္ဒာက ဓာတ်တော်ထည့်တဲ့ ရေစစ်ကို ဆောင်ယူပြီး အရှင်စုန္ဒနှင့်အတူ ဘုရားရှင်ထံ ရေစစ်နှင့်တကွ ဓာတ်တော်တွေကို အပ်တယ်၊ ဘုရားရှင်က လက်တော်ကို ဆန့်တန်းပြီး ဓာတ်တော်ရေစစ်ကို ခံယူတယ်၊ ခံယူပြီးတော့ လက်ဖဝါးအပြင်မှာ တင်ထားပြီး အရှင်သာရိပုတ္တရာရဲ့ ဂုဏ်များကို ပေါ်လွင်ထင်ရှားစွာ ထုတ်ဖော်ကာ ဓာတ်တော်များကို ရှိခိုးစေတယ်၊ ပြီးတော့မှ ရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်များကို စေတီတည်စေတယ်၊ ထို့အတူ ရှင်မဟာမောဂ္ဂလာန် စသော ရဟန္တာများရဲ့ ဓာတ်တော်များကိုလည်း ဓာတုစေတီ တည်ထားစေတယ်။

ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့နောက် အရှင်အာနန္ဒာ ပရိနိဗ္ဗာန် ဝင်စံချိန်နီးတော့ ရောဟိနီမြစ်ရဲ့အထက် ကောင်းကင်အလယ် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး ငါ၏ကိုယ်သည် အလယ်မှ ထက်ခြမ်းကွဲ၍ မြစ်ရဲ့ ဟိုဘက် သည်ဘက်ကမ်း ကျစေသတည်းလို့ ဓိဋ္ဌာန်တော်မူတဲ့အတိုင်း ဓာတ်တော်များ ဟိုဘက် သည်ဘက် ကွဲပြီး ကျတယ်၊ အခုပြောခဲ့တာက ရဟန္တာများရဲ့ ဓာတ်တော် ကျပုံများ ဖြစ်သကွယ့်၊ ဘုရားရှင်ရဲ့ ဓာတ်တော်ကျပုံကို ပြောကြဦးစို့"

"မိန့်တော်မူပါ ဘုရား"

"ကျမ်းမှာ ဆိုတာက သက်တော်ရှည်တဲ့ ဘုရားရှင်များရဲ့ ဓာတ်တော်ဟာ ဖရိုဖရဲ မကွဲဘဲ ရွှေခဲ ရွှေတုံးကြီးလို ဓာတ်တော်တစ်ဆူတည်းသာ ကျန်သတဲ့၊ သက်တော်တိုတဲ့ ဂေါတမဘုရားကျတော့ ဓာတ်တော်တွေ ဖရိုဖရဲ ပြိုကွဲပြီး ကျသတဲ့၊ ဘုရားရှင်များရဲ့ဓာတ်တော် ဘာကြောင့် နှစ်မျိုးကွဲရသလဲဆိုတော့ သက်တော်ရှည် ဘုရားရှင်များဟာ လောကအတွင်း အချိန်ကြာကြာ နေတော်မူကြရတဲ့အတွက် ကျွတ်သင့်ကျွတ်ထိုက်တဲ့ သတ္တဝါများ ကုန်အောင် ချွေချွတ်တော်မူနိုင်ကြတယ်၊ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံချိန်ကျတော့ ချွေချွတ်ဖို့ ပရိသတ်မရှိသလောက် ကုန်နေပြီ၊ ကျန်တဲ့ သတ္တဝါတွေက ဘုရားချွတ်လို့ ကျွတ်မ...

http://www.dhammadownload.com



သတ္တဝါတွေ မဟုတ်ကြဘူး၊ ဘုရားရဲ့ ဝေနေယျတွေ မဟုတ်ကြဘူး၊ ဒါကြောင့် ဘုရားရှင်ရဲ့ကိုယ်စား ခာတ်တော်များများ မချန်တော့ဘဲ တစ်ဆူတည်းသာ ကျန်ရစ်စေသတဲ့၊ သက်တော်တိုတဲ့ ဘုရားများကတော့ လောကအတွင်း ဘုရားအဖြစ်နှင့် ကျင်လည်နေရတာ အလွန်အချိန်တိုတယ်၊ အချိန်တိုလွန်းတဲ့ အတွက် ချွေချွတ်သင့်တဲ့ သတ္တဝါတွေ ကုန်အောင်မချွေချွတ်နိုင်ဘူး၊ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံပြီးတဲ့နောက် ချွေချွတ်ရဦးမည့် သတ္တဝါတွေ အများအပြား ကျန်ရစ်ခဲ့ကြတယ်၊ အဲသည်ကျန်ရစ်ကြတဲ့ ဝေနေယျသတ္တဝါများအတွက် ဘုရားရှင်ရဲ့ကိုယ်စား ခာတ်တော် အများအပြားကျန်ဖို့ အဓိဋ္ဌာန်တော်မူတဲ့အတွက် ခာတ်တော်များ အစိတ်အစိတ် ဖရိုဖရဲ ပြိုကွဲကျန်ရစ်ကြသတဲ့ကွယ်"

"စကားစပ်မိလို့ ဖြတ်ထိုးလျှောက်ပါရစေဦး ဘုရား"

"လျှောက်ပါလေ–ဘာများ လျှောက်ထားချင်တာတုန်း"

"သက်တော်တိုတဲ့ ဘုရားရှင်များဟာ အချိန်နည်းတဲ့အတွက် ဝေနေယျ ကုန်အောင် မချွတ်နိုင်ဘူးဆိုတော့ ဘုရားတစ်ဆူတစ်ဆူလျှင် ဝေနေယျပေါင်း မည်မျှ ချွတ်သင့်တယ်ဆိုတာကော ကျမ်းလာစကား ရှိပါသလားဘုရား"

"အင်း–ရှိပါရဲ့၊ သောတတ္ထကီဆိုတဲ့ ကျမ်းမှာ–

စတုဝီသတိ အသင်္ချေယျေ၊ သင္ဂယော စေဝ ကောဋိယော။

ပါဏာနိ သတသဟဿာနိ၊ ဧကော ဗုဒ္ဓေါ ပမောစယိ–။

လို့ပြထားသကွယ့်၊ ဘုရားတစ်ဆူလျှင် ၂၄–အသင်္ချေ၊ ကုဋေခြောက်ဆယ်၊ ဗိုလ်ခြေတစ်သိန်းမျှလောက်ကုန်သော သတ္တဝါတို့ကို ကယ်တင်ချွေချွတ်တော်မူမြဲဖြစ်တယ်လို့ ဆိုလိုတယ်ကွယ့်"

"ဒီလိုဆို တပည့်တော်များရဲ့ ဂေါတမဘုရားရှင်ဟာ ပရိသတ်ပေါင်း ဘယ်လောက် ချွတ်သွားပြီး ပရိသတ်ပေါင်း ဘယ်လောက် ကျန်သေးသတဲ့လဲ ဘုရား"

"ဂေါတမဘုရားဟာ ကိုယ်တော်တိုင် ချွေချွတ်သွားတဲ့ ပုဂ္ဂိုလ်ပေါင်း ၂၄–အသင်္ချေတဲ့၊ ကျန်တဲ့ ဝေနေယျပေါင်းက ကုဋေခြောက်ဆယ်နှင့် ဗိုလ်ခြေ တစ်သိန်းတဲ့ကွယ်၊ အဲဒီကျန်တဲ့ ဝေနေယျများအတွက် ဂေါတမဘုရားရှင်ဟာ ရိနိဗ္ဗာန်ပြုပြီးတဲ့နောက် သာသနာတော်ကိုလည်း ငါးထောင်ထားတော်မူခဲ့

http://www.dhammadownload.com



တယ်၊ ဓာတ်တော်အများအပြားလည်း ချန်ထားတော်မူခဲ့ခြင်း ဖြစ်တယ်ကွယ့်"

"ဘုရားရှင်ရဲ့ ကိုယ်စား အဓိဋ္ဌာန်ထားတော်မူခဲ့တဲ့ ဓာတ်တော်ပေါင်း ဘယ်လောက် ရှိပါသလဲ ဘုရား"

"အေးကွယ့် – မေးမှတော့ စုံအောင်ပဲ ပြောကြပါစို့၊ ဗုဒ္ဓဝံသပါဠိတော် ဓာတုဇနိယကထာမှာ ဘယ်လို ဟောသလဲဆိုတော့ ဂေါတမဘုရားရှင်ဟာ ကုသိ နာရုံမြို့မှာ ပရိနိဗ္ဗာန် စံလွန်တော်မူတယ်၊ ဘုရားရှင်ရဲ့ ဓာတ်တော်များဟာ ထိုထို အရပ်များကို ပျံ့နှံ့သွားတယ်၊ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီး မကြာမီပင် ဓာတ်တော် များကို ဌာပနာကြပြီး (၁) ရာဇဂြိုဟ်မှာ စေတီတစ်ဆူ၊ (၂) ဝေသာလီမှာ တစ်ဆူ၊ (၃) ကပိလဝတ်မှာ တစ်ဆူ၊ (၄) အလ္လကပ္ပမှာ တစ်ဆူ၊ (၅) ရာမရွာမှာ တစ်ဆူ၊ (၆) ဝေဋ္ဌဒီပတိုင်းမှာ တစ်ဆူ၊ (၇) မလ္လတိုင်း ပါဝေယျကမြို့မှာ တစ်ဆူ၊ (၈) ကုသိနာရုံမြို့မှာ တစ်ဆူ ပေါင်း စေတီတော် ရှစ်ဆူ ဖြစ်ထွန်းလာတယ်၊ အဲသည်နောက် ဒေါဏပုဏ္ဏား ဓာတ်တော်ခြင်အိုးကို ဌာပနာတည်တဲ့ ကုမ္ဘစေတီ ဖြစ်လာ တယ်၊ အဲသည်နောက် စန္ဒကူးမီးသွေးများကို ဌာပနာပြီး တည်ထားတဲ့ အင်္ဂါရ စေတီဖြစ်လာတယ်၊ အားလုံးပေါင်း စေတီတော် ဆယ်ဆူပွားခဲ့တာပေါ့၊ စေတီတော် ဆယ်ဆူအနက် ကုမ္ဘစေတီနှင့် အင်္ဂါရစေတီ မှတစ်ပါး စေတီတော် ရှစ်ဆူမှာ စံပျော်တဲ့ ဓာတ်တော်များက အစိတ်စိတ် ကွဲပျက်ခြင်းရှိတဲ့အတွက် သမ္ဘိန္နဓာတ်တော်လို့ ခေါ်တယ်။

သင်းကျစ်တော်ရယ်၊ စွယ်တော် လေးဆူရယ်၊ ညှပ်ရိုးတော် နှစ်ဆူရယ် သည်ဓာတ်တော် (၇)ပါးကတော့ မကွဲမပျက် ပကတိအတိုင်း တည်တဲ့အတွက် အသမ္ဘိန္နဓာတ်တော်လို့ ခေါ်တယ်၊ သမ္ဘိန္နဓာတ်တော်ထဲက အကြီးဆုံးဓာတ်တော် ဟာ ပဲနောက်စေ့လောက် ရှိတယ်၊ အရောင်က ရွှေရောင်အဆင်း ရှိတယ်၊ အခြင့် ပမာဏကတော့ ငါးပြည်ရှိတယ်၊ အလတ်စား ဓာတ်တော်များက ဆန်ကျိုးစေ့ခန့် ရှိတယ်၊ အရောင်က ပုလဲရောင်၊ အခြင့်ပမာဏကတော့ ငါးပြည်သား ရှိတယ်၊ အငယ်ဆုံးဓာတ်တော်များက မုန်ညင်းစေ့လောက် ရှိတယ်၊ အရောင်က ချယားစေ့ ရောင် (သို့မဟုတ်) မြတ်လေးငုံရောင်၊ အခြင့်ပမာဏက ခြောက်ပြည်သား ရှိ တယ်၊ အားလုံး ဓာတ်တော်များကို စုပေါင်းလိုက်လျှင် တစ်ဆယ့်ခြောက်ပြည်သား (သို့မဟုတ်) တစ်ဟင်းတိတိ ရှိတယ်၊ သည်တစ်တင်းဆိုတာက ကုသိနာရုံပြည်

http://www.dhammadownload.com


မှာ သုံးတဲ့ တင်းတဲ့ကွယ်၊ ကုသိနာရုံမှာ သုံးတဲ့တင်းဟာ ပကတိတင်းထက် ထက်ဝက်ကြီးသတဲ့၊ ဒါကြောင့် ပကတိတင်းနဲ့ဆိုရင် ဓာတ်တော် နှစ်တင်း ကျန်ရစ်သတဲ့၊ စိတ်အားဖြင့်ဆိုလျှင် ရှစ်စိတ်ကျန်ရစ်သတဲ့၊ ဒါကြောင့် လယ်တီ ဆရာတော်ရဲ့ (၇)နေ့ ဘုရားရှိခိုးလင်္ကာမှာ–

"ရှင်စောဉာဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဖော်သည်၊ မွေတော်ရှစ်စိတ်၊ ကြွင်းတယ်ကို–လို့ ရေးဖွဲ့တော်မူတာပေါ့"

"မှန်ပါ–သည်လိုဆို ဘုရားရှင်ရဲ့ ဓာတ်တော်များဟာ ပုံစံအားဖြင့် မုန်ညင်းစေ့လို ဆန်စေ့လို ပဲနောက်စေ့လို လုံးလုံးလေးတွေ၊ ရှည်မျောမျောလေး တွေ နေမှာပေါ့ ဘုရား"

"အဓိဋ္ဌာန်လို့ ဖြစ်ပေါ်လာတာဆိုတော့ ဘုရားရှင်အဓိဋ္ဌာန်တော်မူတဲ့ အတိုင်း ဖြစ်မှာပေါ့ကွယ်၊ ဒါက အဓိကမဟုတ်ပါဘူး၊ အဓိကပြောချင်တာက ဘုရားရှင် ခန္ဓပရိနိဗ္ဗာန်ဝင်စံပြီး ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်လိုက်တော့ ပကတိ လူသားများလို အရိုးအတိုင်းမကျဘူး၊ အရိုးအသားများဟာ အဓိဋ္ဌာန်ချက်အတိုင်း အစိတ်စိတ်ဖြစ်ပြီး ကျတယ်၊ ရဟန္တာများမှာကော ဘယ်လိုဓာတ်တော်ကျမလဲ၊ ဒါဟာ မေးသင့်တဲ့ ပြဿနာပေါ့။

ဘုရားရှင်များဟာ အဓိဋ္ဌာန်တော်မူသည့်အတိုင်း ဓာတ်တော်အစိတ်စိတ် ဖြစ်ပြီး ကျတယ်၊ ရဟန္တာများမှာလည်း အဓိဋ္ဌာန်တော်မူခဲ့လျှင် ဘုရားရှင်လိုပင် ဓာတ်တော် အစိတ်စိတ်ကျသင့်တာပါပဲ၊ ရှင်အာနန္ဒာဝတ္ထုမှာကြည့်လေ၊ အဓိဋ္ဌာန် တော်မူခဲ့တော့ အဓိဋ္ဌာန်ချက်အတိုင်း ခန္ဓာနှစ်ခုကွဲပြီး ကျခဲ့တယ်မဟုတ်လား၊ ဒါကြောင့် ဆဠာဘိညာ ရဟန္တာပုဂ္ဂိုလ်ဟာ ပရိနိဗ္ဗာန်ဝင်စံကာနီး အဓိဋ္ဌာန်တော် မူခဲ့လျှင် ဓာတ်တော်အစိတ်စိတ် ကျမယ်လို့ ဖြေဆိုရမယ်၊ အကယ်လို့ အဓိဋ္ဌာန်ချက် မရှိခဲ့လျှင် ပကတိ အရိုးသာကျမယ်၊ အစိတ်စိတ်ဖြစ်ပြီးကျမှာ မဟုတ်ဘူး၊ များသောအားဖြင့် ရဟန္တာဟာ ဗုဒ္ဓဘုရားရှင်လို သာသနာတော် တည်ထောင်ခဲ့တဲ့ပုဂ္ဂိုလ် မဟုတ်ဘူး၊ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာအရိပ်မှာ တာဝန် နည်းပါးစွာ ကျွတ်တန်းဝင်တဲ့ ပုဂ္ဂိုလ်မို့ ဝေနေယျ ကျန်သတ္တဝါများကို ငဲ့ဖို့မရှိ ဘူး၊ ငါ့ခန္ဓာဟာ ဓာတ်တော်အစိတ်စိတ်ဖြစ်ပြီး ငါ့ရဲ့ဝေနေယျများ ကိုးကွယ်ရာ ဖြစ်ပါစေလို့ ကျန်ဝေနေယျများအတွက် အဓိဋ္ဌာန်ဖို့မရှိဘူး၊

http://www.dhammadownload.com


ဒါကြောင့် ရဟန္တာ ပုဂ္ဂိုလ် ပရိနိဗ္ဗာန် စံလွန်ပြီးတဲ့နောက် မီးသင်္ဂြိုဟ်ပြီးလျှင် ဓာတ်တော် အစိတ် စိတ်မကျပါဘူး၊ အရိုးသာကျပါတယ်၊ အမှန်ကတော့ ဓာတ်ဆိုတဲ့ မြန်မာသဒ္ဒါဟာ (ဓာတု)ဆိုတဲ့ ပါဠိပျက်ဖြစ်တယ်ကွယ့်၊ ဓာတုဆိုတဲ့ ပါဠိသဒ္ဒါက ဘယ်အနက်ကို ဟောသလဲဆိုတော့ အဘိဓာနပ္ပဒီပိကာပါဠိ ဂါထာနံပါတ် ၈၁၇–မှာ–

သေမှာဒေါ ရသရတ္တာဒေါ၊ မဟာဘူတေ ပဘာဒိကေ။

ဓာတုဒွိသွင်္ဂ စက္ခာဒိ–သွာဒီသု ဂေရိကာဒိသု–

လို့ ဓာတုသဒ္ဒါ ဟောနိုင်တဲ့အနက်များကို ပြထားသတဲ့ကွယ်”

“ဓာတုသဒ္ဒါ ဘယ်လိုအနက်များ ဟောနိုင်ပါသတဲ့လဲ ဘုရား”

“ဓာတုသဒ္ဒါ ဟောနိုင်တဲ့ အနက်များက–

(၁) သလိပ်, သည်းခြေ, လေဆိုတဲ့ သန္ဓိပါတ်ဓာတ်ကိုလည်း ဟောနိုင်တယ်၊ (၂) အကြော, အသွေး, အသား, အဆီ, အရိုး, သုက်, ခြင်ဆီဟူသော သာရီရိကဓာတ် ၇–ပါးကိုလည်း ဟောနိုင်တယ်၊ (၃) ပထဝီ, အာပေါ, တေဇော, ဝါယော အာကာသဆိုတဲ့ မဟာဘုတ်ဓာတ်ကိုလည်း ဟောနိုင်တယ်၊ (၄) ရူပ ဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်စတဲ့ ဝိသယဓာတ်များကိုလည်း ဟောနိုင်တယ်၊ (၅) အရိုးဓာတ်ကိုလည်း ဟောနိုင်တယ်၊ (၆) စက္ခုဓာတ်, သောတ ဓာတ် စသော ဓာတ်တစ်ဆယ့်ရှစ်ပါးကိုလည်း ဟောနိုင်တယ်၊ (၇) ဘူဓာတ်, ပစဓာတ် စသော သဒ္ဒါဓာတ်များကိုလည်းဟောနိုင်တယ်၊ (၈) ငွေ့နီ သံကျောက် မြင်းသီလာ, ဆေးဒါန်းစသော အင်္ဂယတ်ဓာတ်များကိုလည်း ဟောနိုင်တယ်၊ သည်လိုအနက်အမျိုးမျိုး ဟောရာက ယခု ဓာတ်တော်ဆိုတဲ့ ဓာတုသဒ္ဒါက (အရိုး)ဆိုတဲ့ အနက်ကို ဟောတယ်။

လူရိုး, သားရိုးစသော အရိုးဟောတဲ့ ပါဠိပုဒ်ဟာ ဓာတုဆိုတဲ့ ပုဒ်နှင့် အဋ္ဌိဆိုတဲ့ ပုဒ် နှစ်ပုဒ်ရှိကြောင်းကို အဘိဓာန်ဂါထာ နံပါတ် ၂၇၈–မှာ “ပဏ္ဍကေ အဋ္ဌိဓာတွိတ္ထိ”လို့ ပြဆိုထားတယ်၊ ဒါကြောင့် ဓာတုဓာတ်တော် ဆိုတာဟာ အမှန်တကယ်တော့ အရိုးပါပဲ၊ အရိုးရှိတဲ့ သတ္တဝါမှန်လျှင် ဘယ် ပုဂ္ဂိုလ်ပင်ဖြစ်စေ ကွယ်လွန်ပြီးတဲ့နောက် အရိုးကျန်မှာချည်းပါပဲ၊ ဒါကြောင့် ဓာတ်တော်ကျတယ် ဆိုတာဟာ အရိုးကျခြင်းကို ဆိုလိုပါတယ်၊ အခု လူများ

http://www.dhammadownload.com


ထင်နေကြတာက ဓာတ်တော်ဆိုတာ ဘုရားရှင်ရဲ့ဓာတ်တော်လို အစိတ်စိတ် အလုံးအလုံးတွေလို့ ထင်နေကြတာကိုး၊ ရဟန္တာရဲ့ဓာတ်တော်ဟာ ဘုရားရှင်ရဲ့ ဓာတ်တော်လို အလုံးအလုံးမဟုတ်ပါဘူး၊ ရိုးရိုးလူအရိုးအတိုင်းပါပဲ၊ အေးလေ- အရှင်အာနန္ဒာတို့လို ပရိနိဗ္ဗာန်စံလွန်ခါနီး အဓိဋ္ဌာန်ပြုခဲ့လျှင်ဖြင့် အစိတ်စိတ် အလုံးအလုံးကလေးတွေ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။

များစွာသော ရဟန္တာအရှင်မြတ်တို့ကတော့ ငါ့ခန္ဓာသည် ဓာတ်တော် အစိတ်စိတ်ဖြစ်ပါစေလို့ အဓိဋ္ဌာန်ခြင်း မရှိကြပါဘူး၊ အဓိဋ္ဌာန်ခြင်း မရှိတဲ့အတွက် မီးပူဇော်တော့ ပကတိအရိုးသာ ကျပါတယ်၊ အများထင်သလို ဓာတ်တော်အစိတ် စိတ်မကျပါဘူး၊ သည်နေရာမှာ သတိမူဖို့ ပြောလိုက်ရဦးမယ်ကွယ့်"

"မှန်ပါ-အမိန့်ရှိပါဦး ဘုရား"

"အဓိဋ္ဌာန်ခြင်း မပြုခဲ့သော်လည်း ပကတိရဟန္တာများကို မဆိုထားဘိ၊ ရှင်ပစ္စေကဗုဒ္ဓါများသော်လည်း ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် အများထင် သလို အစိတ်စိတ် ဓာတ်တော်လုံးကလေးတွေ မကျပါဘူး၊ ပကတိသောအရိုးသာ ကျပါတယ်"

"ဟုတ်လား ဘုရား၊ သည်အကြောင်း ကျမ်းဂန်လာ ရှိပါသလား ဘုရား"

"ရှိတာပေါ့ကွယ်၊ သုတ္တနိပါတ် ဋ္ဌ၊ ပ၊ စာမျက်နှာ ၁၁၇-ဇီဝိတသင်္ခယ ဂါထာအဖွင့်မှာ ရှိတယ်ကွယ့်"

"အဲသည်အဖွင့်ကို အမိန့်ရှိပါဦး ဘုရား"

"ဂေါတမဘုရား ထင်ရှား ပွင့်လုခါနီးမှာ မာတင်္ဂအမည်တော်ရှိတဲ့ ရှင်ပစ္စေကဗုဒ္ဓါဟာ ရာဇဂြိုဟ်ပြည်ကို ဆွမ်းခံရာပြုပြီး သီတင်းသုံး စံနေတော် မူသတဲ့၊ သည်အချိန်မှာ အလောင်းတော် သိဒ္ဓတ္ထမင်းသားလည်း မယ်တော်မာယာ ရဲ့ ဝမ်းမှာ ပဋိသန္ဓေတည်နေတယ်၊ နတ်ပေါင်းများစွာဟာ အလောင်းတော်ကို ပူဇော်ဖို့လာကြစဉ် မာတင်္ဂပစ္စေကဗုဒ္ဓါကို မြင်တွေ့ကြတော့ အရှင်ဘုရား ယခု အခါ ဘုရားအလောင်း ပဋိသန္ဓေ တည်နေပါပြီလို့ လျှောက်ထားကြသတဲ့၊ ရှင်ပစ္စေက ဗုဒ္ဓါဟာ နိရောဓသမာပတ်မှ ထတော်မူစဉ် နတ်များလျှောက်ကြား

http://www.dhammadownload.com



သွားတဲ့ စကားကို ကြားလိုက်သတဲ့၊ ဒါကြောင့် မိမိရဲ့အသက်အပိုင်းအခြားကို ကြည့်လိုက်တော့ သက်တမ်းကုန်နေတာကို တွေ့ရတယ်။

ဒီနေရာမှာ စကားဖြတ်ထိုး ပြောရဦးမယ်၊ သည် ဇမ္ဗူဒိပ်ကျွန်းဟာ ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ ရဟန္တာတို့မှ ဆိတ်သုဉ်းတယ်လို့ မရှိဘူး၊ ဘုရားပွင့်ရာ သာသနာတော်ကာလမှာ အာသဝေါကုန်တဲ့ ပုဂ္ဂိုလ်ကို တော့ ရဟန္တာလို့ခေါ်တယ်၊ ရဟန္တာဟာ ဘုရားသာသနာရိပ်ကိုခိုပြီး ဘုရားရှင် ဟောတဲ့ သစ္စာတရားတော်အတိုင်း လိုက်နာကျင့်သုံးလို့ အာသဝေါကုန်ခန်း သွားသူဖြစ်တယ်၊ သာသနာပမှာ အာသဝေါကုန်သူကိုတော့ ပစ္စေကဗုဒ္ဓါလို့ ခေါ်တယ်၊ ပစ္စေကဗုဒ္ဓါကတော့ သစ္စာတရားကို ဘယ်သူ့ထံမှ နာယူတာမဟုတ် ဘူး၊ မိမိဘာသာထိုးထွင်းပြီး သိတော်မူတာဖြစ်တယ်၊ ဘုရားရှင်ရဲ့ သာသနာတော် ကာလမှာ မိမိဘာသာတရားပေါက်သော (ပစ္စေကဗုဒ္ဓါ)ရယ်လို့ မရှိစကောင်းဘူး၊ ဇကရာဇ်မင်းရဲ့ တိုင်းနိုင်ငံမှာ အခြားမင်းတစ်ပါး မရှိကောင်းသလိုပေါ့၊ ဒါပေသိ ခုခေတ်ကာလမှာ အချို့သော ဓမ္မကထိကများက ပြောကြသတဲ့ကွယ်"

"ဘယ်လို ပြောသတဲ့လဲ ဘုရား"

"သူပြောပုံက သည်လိုတဲ့ကွယ်၊ ငါတို့က အခြား ဓမ္မကထိကများလို စာတွေ နင်းကန်ကျက်ပြီး စာပြန်နေတာမဟုတ်ဘူး၊ ကိုယ့်ဉာဏ်နှင့် တွေ့ထိတဲ့ တရားစစ် တရားမှန်ကိုသာ ဟောပြခြင်း ဖြစ်ပါသတဲ့"

"သည်လို ပြောသတဲ့လား ဘုရား"

"အေးကွယ့်–သည်လို ပြောတယ် ဆိုကြတာပဲ"

"သည်လို ပြောရိုးမှန်လျှင်တော့ သည်ဓမ္မကထိကဟာ ဗုဒ္ဓသာသနာတွင်း က ဓမ္မကထိက မဖြစ်သင့်ဘူး၊ သာသနာရဲ့ပြင်ဘက်က ဓမ္မကထိကလို့သာ ဆိုသင့်တာပေါ့"

"အေးအေး–ဆိုသင့်တာပ၊ အမှန်ကတော့ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော် ကာလအတွင်းမှာ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမ ပိဋကတ်စာပေကိုလွှတ်ပြီး ကိုယ်ပိုင်အသိဖြင့် မဂ်ဖိုလ်သိဖို့ဆိုတာ လုံးဝမဖြစ်သင့်ဘူး၊ ကိုယ်ပိုင်အသိဉာဏ် နှင့် သိနိုင်တဲ့ ရှင်ပစ္စေကဗုဒ္ဓါဆိုတာ သာသနာတော်တွင်းမှာ မရှိဘူး၊ သာသနာပ ကာလမှာသာ ရှိနိုင်ဘယ်၊ ဒါကြောင့် မာတင်္ဂရှင်ပစ္စေက ဗုဒ္ဓါဟာ ဗုဒ္ဓကာလအထိ

http://www.dhammadownload.com



သက်တမ်းရှည်ကြာဖို့ အခွင့်မရှိဘူး၊ နေထွက်ချိန်အခါ တခြားအရောင်များ ကင်းပျောက်ရသလို ဗုဒ္ဓသာသနာတော်နှင့် ထိတွေ့ချိန်နီးလာတော့ မာတင်္ဂ ရှင်ပစ္စေကဗုဒ္ဓါရဲ့ သက်တမ်းလည်း ကုန်သွားရတယ်၊ မာတင်္ဂရှင်ပစ္စေက ဗုဒ္ဓါ ဟာ သက်တမ်းကုန်နေတဲ့ မိမိခန္ဓာကိုယ်ကို စွန့်ပစ်ဖို့ ရှင်ပစ္စေကဗုဒ္ဓါများ ခန္ဓာတော်ချရာ ဟိမဝန္တာတောင် မဟာပပါတ ချောက်ကမ်းပါးကြီးရှိရာကို ကောင်းကင်ခရီးက ကြွလာတယ်၊ ချောက်ကမ်းပါးကြီးဆီရောက်တော့ ရှေးက ခန္ဓာဝန်ကို စွန့်ချသွားကြရှာတဲ့ ရှင်ပစ္စေကဗုဒ္ဓါများရဲ့ အရိုးစုဓာတ်တော် များကို ချောက်ကမ်းပါးအောက် ပစ်ချတော်မူပြီး ကျောက်ဖျာအပြင်မှာ ထိုင်တော် မူကာ–

**ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ၊**

**သန္ဒာလယိတွာန သံယောဇနာနိ။**

**အသန္တသံ ဇီဝိတသင်္ခယောမှိ၊**

**ဧကော စရေ ခဂ္ဂဝိသာဏကပ္ပေါ**–(သုတ္တ၊ ၄၃၊ ပ၊ ၁၁၆–၁၁၇)လို့ ဥဒါန်း ကျူးရင့်တော်မူသတဲ့။

(အနက်) အဟံ–ငါသည်၊ **ရာဂဉ္စ**–ရာဂတရားကိုလည်းကောင်း၊ **ဒေါသဉ္စ**– ဒေါသတရားကိုလည်းကောင်း၊ **မောဟဉ္စ**–မောဟတရားကိုလည်းကောင်း၊ **ပဟာယ**–ပယ်စွန့်ပြီး၍၊ **သံယောဇနာနိ**–သံယောဇဉ်ကြိုးများကို၊ **သန္ဒာလယိ တွာန**–ဖြတ်တောက်ဖျက်ဆီး၍၊ **အသန္တသံ**–ငြိမ်းခြင်းကြီး ငြိမ်းရသည်ဖြစ်၍၊ **ဇီဝိတသင်္ခယော**–အာယုသင်္ခါရ ကုန်ဆုံးသည်၊ အမှိ–ဖြစ်ရတော့အံ့၊ **မာဒိသော**– ငါကဲ့သို့ ဖြစ်လိုသောသူသည်၊ **ခဂ္ဂဝိသာဏကပ္ပေါ**–ကြံ့ချိုနှင့်တူစွာ၊ **ဧကော**– တစ်ယောက်တည်းတည်း၊ **စရေ**–ကျင့်ရာ၏။

မာတင်္ဂရှင်ပစ္စေကဗုဒ္ဓါဟာ သည်ဥဒါန်းဂါထာကို ကျူးရင့်တော်မူပြီး ဥဒါန်းဂါထာတော်ရဲ့အဆုံးမှာ ပရိနိဗ္ဗာန် ဝင်စံတော်မူသတဲ့၊ သည်နေရာမှာ သတိပြုစရာက ယခု ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့ မာတင်္ဂရှင်ပစ္စေကဗုဒ္ဓါဟာ နောက်ဆုံး ရှင်ပစ္စေကဗုဒ္ဓါ ဖြစ်တယ်၊ မာတင်္ဂရှင်ပစ္စေကဗုဒ္ဓါရဲ့အထက် မြောက်မြား လှစွာသော ရှင်ပစ္စေကဗုဒ္ဓါများဟာ ဟိမဝန္တာ တောင်ခါးပြတ်မှာချည်း ပရိနိဗ္ဗာန်ဝင်စံတော်မူကြတဲ့အတွက် ရှင်ပစ္စေကဗုဒ္ဓါများရဲ့ အရိုးဓာတ်တော်တွေဟာ

http://www.dhammadownload.com



အများအပြား စုပုံနေတယ်၊ ယခု မာတင်ဂ်ရှင်ပစ္စေကဗုဒ္ဓါပရိနိဗ္ဗာန် ဝင်စံမည်ဆိုတော့ ခန္ဓာချစရာမရှိအောင် အရိုးစုဓာတ်တော်တွေ ထပ်နေတယ်၊ ဒါကြောင့် ခန္ဓာချဖို့ နေရာရအောင် ရှေးကအရိုးစုများကို ချောက်တွင်း ချပစ်ရခြင်း ဖြစ်တယ်။

## ရဟန္တာငါးရာတို့၏ ဓာတ်တော်များ

သည်နေရာမှာ စကားစပ်ရတာနှင့် ရဟန္တာငါးရာတို့ရဲ့ အရိုးဓာတ်တော်များအကြောင်း ကြားညှပ်ပြီး ပြောလိုက်ချင်သေးတယ်ကွယ့်"

"ဘယ်က ရဟန္တာငါးရာတို့ရဲ့ အရိုးဓာတ်များပါလဲ၊ အမိန့်ရှိပါဦး ဘုရား"

"ကောဇာသက္ကရာဇ် ၁၃၄၀–ပြည့်နှစ်၊ ဝါခေါင်လက ဘုန်းကြီးဆီကို ဒါယကာတစ်ဦး ရောက်လာတယ်ကွယ့်၊ ရောက်လာတဲ့ ဒကာက နယ်လှည့် ဆေးဆရာ ဗေဒင်ဆရာကိုး၊ သူ့နာမည်ရင်းက ဦးစံဟိန်းတဲ့၊ ဆရာအမည်ကတော့ ဆရာစံဗလတဲ့ကွယ်၊ သူ့ရဲ့ဇာတိက ဂန့်ဂေါမြို့နယ် ကန်ရွာကတဲ့"

"သည်ဒကာက ဆရာတော်ဆီ ဘာကိစ္စရောက်လာတာလဲဘုရား"

"ပြောမှာပေါ့ကွယ်၊ သူရောက်လာတဲ့ကိစ္စက သူဟာ အလောင်းတော်ကဿပဘုရားကို စိတ်ဝင်စားနေသူဖြစ်သတဲ့၊ ဒါကြောင့် အလောင်းတော်ကဿပဆီကိုလည်း မကြာမကြာရောက်ပြီး သူတတ်နိုင်တဲ့ ကောင်းမှုများကိုလည်း လုပ်တယ်၊ အလောင်းတော်ကဿပနှင့် ပတ်သက်တဲ့ အကြောင်းများကိုလည်း ရှာဖွေတယ်၊ စုဆောင်းတယ်၊ သည်လိုနှင့် အလောင်းတော်ကဿပမှာ ဝတ်ပြုနေတာ ဆယ်နှစ်လောက်ကြာသွားပြီတဲ့၊ ယခု သူဟာ အလောင်းတော်ကဿပနှင့် ပတ်သက်တဲ့အကြောင်းတွေ အတော်များများ စုဆောင်းမိနေပြီ၊ သူ စုဆောင်းထားတဲ့ အကြောင်းအရာတွေ ရေးမှတ်ပြီး ဘုန်းကြီးဆီ လာအပ်တာကိုး"

"ဘာကြောင့် ဘုန်းကြီးဆီ လာအပ်တာလဲဘုရား"

"ဘုန်းကြီးဆီ လာအပ်တာက အလောင်းတော်ကဿပ သမိုင်းသစ် ရေးပေးဖို့ပေါ့ကွယ်၊ ဘုန်းကြီးလည်း သူ့စာတွေကြည့်ပြီး စိတ်ဝင်စားလာတာ နှင့် (ကဿပသမိုင်း)အမည်နှင့် စာတစ်စောင် ပြုစုလိုက်တယ်၊ သမိုင်းစာအုပ်က

http://www.dhammadownload.com


သိပ်မကြီးပါဘူး၊ ဖူးစကတ်နှင့် စာမျက်နှာ ၁၂၀–သာရှိပါတယ်၊ သို့သော်လည်း အလုပ်ကိစ္စအကြားမှာ ပြုစုရတာဆိုတော့ ချက်ချင်း မပြီးဘူးပေါ့ကွယ်၊ သမိုင်းရေးမပြီးမီ ဆရာစံဗလဟာ မကြာခဏလာပြီး သူ့စာမူ ပြီးမပြီး မေးတယ်၊ စာရေးပြီးတဲ့နောက်တော့ မပေါ်လာဘူး၊ အဲသည်စာမူဟာ တို့ထံမှာ သည်အတိုင်း ညဉ့်အိပ်နေတယ်၊ အဲသည်စာမူထဲက ထူးဆန်းတဲ့ ရဟန္တာ ဓာတ်တော်များ အကြောင်း ပြောရဦးမယ်။

အလောင်းတော်ကဿပသမိုင်းဟောင်း အလိုအားဖြင့် အလောင်းတော် ကဿပဟာ တတိယသာဝက ဖြစ်တော်မူတဲ့ ရှင်မဟာကဿပရဲ့ အလောင်း လို့ ဖော်ပြထားတယ်၊ အရှင်မဟာကဿပဟာ တောတောင်အတွင်း သီတင်းသုံး စံပျော်တော်မူတဲ့ ဓုတင်ဆောင်ပုဂ္ဂိုလ် ဖြစ်တော်မူတဲ့အတိုင်း ခန္ဓာဝန်ကိုချဖို့ ကြည့် လိုက်တော့လည်း တောတောင်အတွင်းကိုပင် ကြည့်တော်မူတယ်၊ ဒါကြောင့် ခန္ဓာဝန်ကို ချဖို့အတွက် မည်သည့်ရဟန်းကိုမျှ အကြောင်းကြားတော်မမူဘဲ တစ်ပါးတည်း ထွက်ခွာတော်မူလာသတဲ့၊ သည်အကြောင်းကို တပည့်အပေါင်း ငါးရာတို့ကသိလို့ ဆရာကြွရာနောက်ကို လိုက်ခဲ့ကြတယ်၊ ချင်းတွင်းနယ်မြေ ရောက်ကြတဲ့အခါ ရဟန်းငါးရာတို့ဟာ အစုနှစ်စုပြုပြီး ဆရာကိုရှာကြသတဲ့၊ သည်အကြောင်းကို အရှင်မဟာကဿပက ကြိုတင်သိတော်မူလို့ တပည့်များကို သိစေဖို့ ကျောက်တုံးမှာ ဘုရားရှင်ရဲ့ အဆုံးအမဂါထာများကို ရေးသားထားခဲ့ တယ်တဲ့၊ တောင်အတက်လမ်းမှာ ရေးသားတော်မူခဲ့တဲ့ဂါထာက–

**အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ။**
**အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဗ္ဘတိ ဒုလ္လဘံ -တဲ့ကွယ်။**

သည်ဂါထာက ဓမ္မပဒပါဠိတော် အတ္တဝဂ်ကလာတဲ့ ဂါထာ ပါပဲ၊ အဓိပ္ပာယ်က မိမိသည်သာ မိမိရဲ့ ကိုးကွယ်ရာဖြစ်တယ်၊ အခြားသူဟာ မိမိရဲ့ကိုးကွယ်ရာမဟုတ်ဘူး၊ မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမနိုင်လျှင် ရရန်ခက်ခဲတဲ့ အရဟတ္တဖိုလ်ကို ရနိုင်တယ်လို့ ဆိုလိုတယ်၊ တောင်ခြေအောက် လမ်းက လာကြမည့် တပည့်များအတွက်လည်း ဓမ္မပဒပါဠိတော်လာ ဂါထာ တစ်ပုဒ်ကို ကျောက်တုံးမှာ ရေးသားတော် မူခဲ့တယ်–

အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာ ပိ န ဟာပယေ။

http://www.dhammadownload.com



အတ္တဒတ္ထ မဘိညာယ၊ သဒတ္ထပ္ပသုတော သိယာ–တဲ့ကွယ်၊

သည်ဂါထာရဲ့ အဓိပ္ပာယ်က သူတစ်ပါးအကျိုးကြောင့် မိမိရဲ့ အကျိုးမယုတ်စေရဘူးတဲ့၊ မိမိရဲ့အကျိုးကို အထူးသိပြီး မိမိအကျိုးရှိမည့် အလုပ်ကို လုပ်ပါလို့ ဆိုလိုပါတယ်၊ တပည့်ရဟန်းတော်များဟာ ဂါထာတော်ရဲ့ အဓိပ္ပာယ်ကို သိတာနှင့် အချင်းချင်း တိုင်ပင်ကြသတဲ့။

ငါတို့ရဲ့ဆရာဟာ ငါတို့အား သူ့ထံ မလိုက်လာစေချင်ဘူး၊ ငါတို့လိုက် သွား၍လည်း ငါတို့ရော ဆရာရော ဘာအကျိုးမျှ မရှိဘူး၊ ဒါကြောင့် ဆရာရဲ့ ဩဝါဒအတိုင်း သူတစ်ပါးအတွက် ကိုယ်ကျိုးပျက်မခံဘဲ ကိုယ်ကျိုးရှိတဲ့ ဝိပဿနာအလုပ် အားထုတ်ကြစို့လို့ တိုင်ပင်ညီညွတ်ကြပြီး တစ်ခုသော တောအုပ်မှာ အတူတကွ တရားအားထုတ်တော်မူကြရာ ရဟန်းတော်အားလုံး အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူကြသတဲ့၊ ရဟန္တာဖြစ်ပြီး ရဟန္တာငါးရာ လုံး ဆရာဖြစ်သူ ရှင်မဟာကဿပနှင့် တစ်ပြိုင်နက် ပရိနိဗ္ဗာန် ဝင်စံတော်မူ ကြတယ်၊ ပရိနိဗ္ဗာန် ဝင်စံတော်မူကြတဲ့ ဌာနက သင်ပေါင်းချောင်းရဲ့အနီးမှာ ဖြစ်သတဲ့ကွယ်၊ ရဟန္တာပေါင်း ငါးရာ ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့အတွက် ခန္ဓာ တော်မှ ကြွင်းကျန်တဲ့ အရိုးဓာတ်တော်တွေဟာ လူသူမနီး တောကြီးအလယ် မှာ အများအပြားစုပုံနေသတဲ့၊ တောနက်ထဲမှာဆိုတော့ ဘယ်သူမျှလည်း စေတီတည်ထားခြင်း မရှိခဲ့ဖူးဘူး၊ နှစ်ကာလ ရှည်ကြာသည့်တိုင်အောင် ဆွေးမြည့် သွားခြင်းမရှိဘဲ အချို့သော အရိုးဓာတ်များဟာ ကျောက်သားအဖြစ် ရောက်နေတာကိုပင် ဖူးတွေ့ကြရသတဲ့၊ အချို့သောအရိုးဓာတ်များလည်း မြေ၌ နစ်မြုပ်ပြီး အချို့အရိုးဓာတ်များကတော့ ခြေဆစ်လက်ဆစ်များတောင် မပြုတ်ဘဲ တည်နေရာက လူကဆွဲကိုင်လိုက်မှ ပြုတ်ကျသွားကြသတဲ့။

တစ်နေ့တော့ ကျောက်တံခါးရွာက ဒေါ်ဆန်စေ့ဆိုတဲ့ အမျိုးသမီးကြီး တစ်ယောက်ဟာ မျှစ်ချိုး မှိုကောက်သွားရင်း အဲသည်ဓာတ်တော် အရိုးပုံကြီး ကို တွေ့သွားတယ်၊ ဒေါ်ဆန်စေ့ဟာ သည်အရပ်မှာ ရဟန္တာများ ပရိနိဗ္ဗာန် ဝင်စံဖူးကြောင်း ပုံပြင်သဘောမျိုးကြားဖူးတယ်၊ ယခု အရိုးပုံကြီးကို မြင်ရတော့ ဤအရိုးပုံဟာ အခြားသောတိရစ္ဆာန်တို့ရဲ့ အရိုးပုံမဟုတ်ဘူး၊ ပရိနိဗ္ဗာန်ဝင်စံ သော ရဟန္တာများရဲ့ အရိုးပုံသာဖြစ်ရမယ်လို့ သဒ္ဓါတရား ဖြစ်ပွားလာပြီး

http://www.dhammadownload.com


အရိုးများကို တစ်ဖာလုံလောက်ကွာဝေးတဲ့ သင်ပေါင်းချောင်းအနီး အင်ကြင်း ပျိုပင်ရှိရာမြေပြန့်ကို ထပ်တလဲလဲ ဆောင်ယူ စုပုံထားပြီး ဆီမီး, ရေချမ်း, ပန်းနံ့သာတို့ဖြင့် မပြတ် ပူဇော်နေသတဲ့၊ သည်သတင်းကို ကန္နီမြို့ ဘိုမယ်ချောင် ရွှေသိမ်တော်တောရ ပထမဆရာတော်ဘုရားကြီး ကြားသိတော်မူတော့ အဲသည်ဌာနကို တမန်စေလွှတ်ပြီး ကြွင်းကျန်သော ဓာတ်တော်များပါ ရှာဖွေ စုရုံးစေလျက် ၁၃၂၆–ခု၊ တန်ဆောင်မုန်းလပြည့်နေ့အပြီး ဓာတုစေတီ တည်တော် မူစေသတဲ့၊ ရွှေသိမ်တော်ဆရာတော်ဆိုတာ (ယောဂီပါရဂူကျမ်း)ကို ပြုစုတော် မူပြီး အများက ရဟန္တာပုဂ္ဂိုလ်ကြီးအဖြစ် အသိအမှတ်ပြုခံရတဲ့ ပုဂ္ဂိုလ်ထူးကြီး ဖြစ်တယ်၊ ဓာတ်တော်များ ရှာဖွေ စုရုံးစေဖို့ စေလွှတ်တဲ့အဖွဲ့ထဲမှာ ဆရာစံဟိန်း လည်းပါတယ်၊ အားလုံးဓာတ်တော်ရှာ အဖွဲ့ဝင် ၁၆–ဦးဖြစ်သတဲ့၊ ဓာတ်တော်ရှာ အဖွဲ့ဝင် ပုဂ္ဂိုလ်များက–

| | | |
|---|---|---|
| (၁) | ဦးသောမ<br>ကျောက်တံခါး ဆရာတော် | သက်တော် ၃၃၊ သိက္ခာ ၁၃–ဝါ |
| (၂) | ကိုရင်ရေဝတ | အသက် ၁၃–နှစ် |
| (၃) | ကိုရင်စန္ဒန | အသက် ၁၄–နှစ် |
| (၄) | ဦးအောင်ဝ | အသက် ၂၅–နှစ် |
| (၅) | ဦးသန်းရွှေ | အသက် ၃၀–နှစ် |
| (၆) | ဦးအောင်သိုက် | အသက် ၃၄–နှစ် |
| (၇) | ဦးငွေဒေါင်း | အသက် ၂၈–နှစ် |
| (၈) | ဦးတင်ငွေ | အသက် ၂၈–နှစ် |
| (၉) | မောင်စောမောင် | အသက် ၁၈–နှစ် |
| (၁၀) | မောင်ဉာဏ်ဝေ | အသက် ၁၄–နှစ် |
| (၁၁) | မောင်စောအောင် | အသက် ၁၅–နှစ် |
| (၁၂) | မောင်ညိုမောင် | အသက် ၁၂–နှစ် |
| (၁၃) | မောင်သိန်းနိုင် | အသက် ၁၃–နှစ် |
| (၁၄) | မောင်စံမောင် | အသက် ၁၂–နှစ် |
| (၁၅) | မောင်သစ် | အသက် ၁၀–နှစ် |

http://www.dhammadownload.com



(၁၆) ဆရာဦးစံဟိန်း　　　　အသက် ၄၀–နှစ်

ဓာတ်တော်ရှာအဖွဲ့ ၁၆–ယောက်တို့ဟာ ၁၃၂၆–ခု၊ နယုန်လဆန်း (၁) ရက်နေ့ နံနက်အချိန် ကန္နီမြို့ ရွှေသိမ်တော်တောရက စထွက်ပြီး တောင်ပေါက်ရွာ ဘုန်းတော်ကြီးကျောင်းမှာ ညအိပ်ကြတယ်၊ နောက်တစ်ရက် မိုးလင်းလင်းချင်း ခရီးဆက်ကြတော့ ညောင်ပင်လယ်ခေါ်တဲ့ (ကျောက်တံခါးရွာ)ကို နံနက် ၁၀ နာရီလောက် ရောက်ကြတယ်၊ ကျောက်တံခါးရွာ ဘုန်းတော်ကြီးကျောင်းမှာ အပန်းဖြေပြီး ကျောက်တံခါးဆရာတော်ကျွေးမွေးတဲ့ ခဲဖွယ်ဘောဇဉ်များကို စားသောက်ကြပြီး နာရီပြန်တစ်ချက်လောက်မှာ ဒေါ်ဆန်စေ့ စုပုံထားတဲ့ အရိုးတော်များကို သွားရောက် ဖူးမြော်ကြတယ်၊ အဲသည်နောက် ကျောက်တံခါး ဆရာတော်နှင့်အတူ တောနင်းပြီး အရိုးဓာတ်များကို သွားရောက် ဖူးမြော်ကြတယ်၊ အဲသည်နောက် ကျောက်တံခါးဆရာတော်နှင့်အတူ တောနင်းပြီး အရိုးဓာတ်များကို နေဝင်သည့်တိုင်အောင် ရှာဖွေကြရာ အရိုးဓာတ် ၆–ပြည်သားခန့်နှင့် သွားတော်, စွယ်တော်, အံတော်ပေါင်း ၆၂–ဆူ ရကြသတဲ့၊ နောက်တစ်ရက်ဖြစ်တဲ့ နယုန် လဆန်း ၃– ရက်နေ့ ဆက်လက် ရှာကြပြန်ရာ အရိုးဓာတ် ၃–ပြည်ခန့်နှင့် သွားတော်ဓာတ် ၄၄–ဆူ ထပ်မံရရှိကြပြန်သတဲ့၊ မူလက ဒေါ်ဆန်စေ့ စုဆောင်းထားတဲ့ အရိုးဓာတ်ပေါင်းကတော့ (၄–တင်း)လောက်ရှိသတဲ့ကွယ့်၊ ဒေါ်ဆန်စေ့ စုဆောင်းထားသော ဓာတ်တော်များနှင့် နောက်ထပ် ရှာဖွေ ရရှိရသော ဓာတ်တော်များကို စုပေါင်းပြီး ရွှေသိမ်တော် ဆရာတော်ဘုရားက စေတီတည်ထားတော်မူခြင်း ဖြစ်တယ်။

သည်စကားရပ်က ရှင်ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာများ ပရိနိဗ္ဗာန် ဝင်စံတော်မူသော် အများထင်သလို ဓာတ်တော်များ အစိတ်အစိတ် အလုံးအလုံး မကျဘူး၊ အရိုးပကတိအတိုင်း ကျတယ်ဆိုတာ ဖော်ပြတဲ့ စကားရပ်ပါပဲ၊ သည်နေရာမှာ ရှင်ဗာကုလ ပရိနိဗ္ဗာန် ဝင်စံပုံကို ပြောပြဦးမယ်"

"မိန့်တော်မူပါ ဘုရား"

"ဥပရိပဏ္ဏာသပါဠိတော်၊ သုညတဝဂ် ဗာကုလသုတ်မှာ–အရှင် ဗာကုလ သည် ရဟန်းအပေါင်း၏ အလယ်၌ ထိုင်လျက်သာလျှင် ပရိနိဗ္ဗာန်ဝင်စံ၏လို့ ဟောထားတယ်၊ ထိုင်လျက် ဘယ်လိုများ ပရိနိဗ္ဗာန် ဝင်စံသလဲ ဆိုတာကိုတော့

http://www.dhammadownload.com



ဥပရိပဏ္ဏာသအဋ္ဌကထာ ၁၄၀–မှာ သည်လို ဖွင့်ပြထားတယ်။

"ငါ့အသက်ထင်ရှားရှိနေစဉ် အခြားရဟန်းတစ်ပါးပါး၏ တာဝန်မဖြစ်ချေ၊ ပရိနိဗ္ဗာန် ဝင်စံသော ငါ၏ခန္ဓာကိုယ်သည်လည်း ရဟန်းသံဃာ၏ ကြောင့်ကြမှု မဖြစ်ပါစေနှင့်လို့ ဆင်ခြင်တော်မူကာ တေဇောဓာတ်ဝင်စားပြီး ရဟန်းသံဃာ၏ အလယ်၌ ထိုင်လျက်ပင် ပရိနိဗ္ဗာန် ဝင်စံတော်မူသတဲ့၊ ပရိနိဗ္ဗာန် ဝင်စံတော်မူသည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်က မီးထွက်ပြီး လောင်ကျွမ်းသွားတယ်၊ အရေ အသား အသွေးများဟာ ထောပတ် မီးလောင်သလို ကုန်ခန်းသွားတယ်၊ မုလေးပွင့် အဆင်းရှိတဲ့ အရိုးဓာတ်တော်များသာ ကြွင်းကျန်သတဲ့။

သည်နေရာမှာ–**"သုမနမကုလသဒိသာ ဓာတုယောဝ အဝသေသိံသု"** ဆိုတဲ့ ပါဠိမှာပါဝင်တဲ့ (ဓာတုယော) ဆိုတဲ့ပုဒ်ကို နာမသတ်အားဖြင့် ဓာတ်တော်လို့ ဘာသာပြန်ကြတယ်၊ အမှန်ကတော့ ဓာတု–ဓာတ်ဆိုတာ (အရိုး)လို့ ဆိုလိုရင်း ဖြစ်တယ်ကွယ့်၊ ဒါကြောင့် အဓိဋ္ဌာန်ချက်ကြောင့် အရိုးတွေကြေမွပြီး အလုံးအလုံး အစိတ်စိတ်ဖြစ်လာသည်ကိုပင် ဖြစ်စေ၊ အလုံးလုံးမဖြစ်ဘဲ ပကတိအရိုးအတိုင်း ကျသည်ပင် ဖြစ်စေ ဓာတုဆိုတဲ့ ပုဒ်က အရိုးကို ဟောတဲ့အတွက် (ဓာတ်တော် ကျတယ်)လို့ပင် ခေါ်ဆိုနိုင်ပါတယ်"

"သည်လိုဆို ပုထုဇဉ်ကွယ်လွန်လျှင်လည်း အရိုးကျတယ်၊ ရဟန္တာ ပရိနိဗ္ဗာန်ဝင်စံတော်မူတော့လည်း အရိုးပဲကျတယ်၊ အရိုးကျတာချင်းအတူတူ မို့ ပုထုဇဉ်နှင့် ရဟန္တာ ဘယ်လိုခွဲခြားပြီး သိနိုင်မှာလဲဘုရား"

"အေးကွယ့်၊ ရုတ်တရက်တော့ မသိနိုင်ဘူးပေါ့၊ သို့သော်လည်း သိနိုင်တဲ့ နည်း ရှိပါသေးတယ်"

"ဘယ်လိုနည်းလဲဘုရာ့၊ အမိန့်ရှိပါဦး"

"သုတ္တနိပါတ် အဋ္ဌကထာ၊ (ပ) အာမဂန္ဓသုတ်အဖွင့် ၃၀၃–မှာ **ယေဟိ ဥဿန္နကိလေသာ သတ္တာ၊ တေ အတိဒုဂ္ဂန္ဓာ ဟောန္တိ၊ နိက္ကိလေသာနံ မတသရီရမ္ပိ ဒုဂ္ဂန္ဓံ န ဟောတိ"** လို့ ဖွင့်ပြထားတယ်၊ အဓိပ္ပာယ် ကတော့ "အကြင်ပုဂ္ဂိုလ်တွေဟာ ကိလေသာအလွန်ထူပြောတယ် ဆိုလျှင် ထိုပုဂ္ဂိုလ်တွေဟာ အလွန် အနံ့ဆိုးသတဲ့ကွယ့်၊ ကိလေသာကင်းတဲ့ ရဟန္တာများကျတော့ ပရိနိဗ္ဗာန်ဝင်စံပြီးတဲ့ ခန္ဓာကိုယ်သော်လည်း မကောင်းသော အပုပ်အနံ့

http://www.dhammadownload.com



မထွက်ဘူးတဲ့ကွယ့်”

သည်စကားရပ်ဟာ ကွယ်လွန်ပြီးတဲ့ ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ် နံခြင်း– မနံခြင်းကိုထောက်ပြီး ပုထုဇဉ်နှင့် ရဟန္တာ ခွဲခြားပြခြင်းဖြစ်တယ်၊ သို့သော် ခန္ဓာကိုယ် မနံတိုင်းလည်း ရဟန္တာလို့ မဆုံးဖြတ်နိုင်သေးဘူး၊ ဘာကြောင့်လဲဆိုတော့ အချို့ပုဂ္ဂိုလ်များမှာ ရှေးဆုတောင်းကောင်းလို့ ပုထုဇဉ်ဘဝနှင့် ခန္ဓာကိုယ်ဟာ မနံဘဲ မွှေးနေသေးတယ်၊ ပြီးတော့ သီလပြည့်ဝတဲ့ ပုဂ္ဂိုလ်များလည်း သီလတန်ခိုးကြောင့် ခန္ဓာကိုယ်က အပုပ်နံ့မထွက်ဘဲ အမွှေးနံ့ထွက်နေသေးတယ်၊ ဒါကြောင့် ခန္ဓာကိုယ် မပုပ်သိုးတိုင်းလည်း ရဟန္တာလို့ ကောက် မဆုံးဖြတ်နိုင်ဘူး၊ လောကမှာ အအေးစာတ်စိမ်ထားလို့ မပုပ်ခြင်း, ဆေးအေးထိုးထားလို့ မပုပ်ခြင်း, မံမိဆေးများ လိမ်းကျံထားလို့ မပုပ်ခြင်းဆိုတာတွေလည်း ရှိနေတယ် မဟုတ်လား၊ ဒါကြောင့် ခန္ဓာကိုယ် မပုပ်ရုံမျှနှင့် ရဟန္တာလို့ ကောက် မဆုံးဖြတ်နိုင်ဘူး၊ ရဟန္တာရယ်လို့ အတော်အတန် ဆုံးဖြတ်နိုင်တာကတော့ ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်ပြီးသည့်နောက် ကျန်ရစ်တဲ့ အရိုးစုဓာတ်ကို အကဲခတ်ကြည့်ဖို့ပဲကွယ့်”

“ဘယ်လိုများ အကဲခတ်ကြည့်ရမှာလဲဘုရား”

“အကဲခတ်ရမှာက ဗာကုလသုတ် အဖွင့်အတိုင်းပေါ့ကွယ်၊ ကျန်ရစ်တဲ့ အရိုးဓာတ်ဟာ အညစ်အကြေးမတင်, ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်း, နှစ်သက်စဖွယ်, ကြည်ညိုစဖွယ် အသွင်ကို ဆောင်လျှင် ရဟန္တာသော်လည်းကောင်း, သီလဝန္တ ပုဂ္ဂိုလ်သော်လည်းကောင်း ဖြစ်ရမယ်လို့ ယုံကြည်သင့်တာပေါ့၊ အကယ်၍ ကျန်ရစ်တဲ့ အရိုးဓာတ်ဟာ မည်းမည်းညစ်ညစ် ညှိုညှိုဟောက်ဟောက်, မသန့်မစင်, နှစ်သက်ဖွယ်မရှိ, ကြည်ညိုဖွယ်မရှိဖြစ်ခဲ့လျှင် ကိလေသာ မကုန်သေးသော ပုဂ္ဂိုလ်လို့ ယုံကြည်သင့်တယ်ကွယ့်”

“မှန်ပါ–လွန်စွာ မှတ်သားသင့်လှပါတယ် ဘုရား”

“အေးကွယ့်–မေးသူရဲ့အတွက် အဖြေကတော့ သည်လောက်ဆိုလျှင် ပြည့်ပါပြီ၊ သို့သော်လည်း “ဆိုရေးရှိက၊ ဆိုအပ်စွတည့်၊ ဆိုစများလျှား၊ ထားပချေမိ၊ ငါ့ဝန်ရှိခဲ့” ဆိုတာလို တိုက်ရိုက် အမေးမပါသော်လည်း ရဟန္တာ ပရိနိဗ္ဗာန်ဝင်စံတာနှင့် ပတ်သက်ပြီး ပြောစရာ အနည်းအကျဉ်းကျန်သေးတယ်ကွယ့်”

http://www.dhammadownload.com



"မှန်ပါ–အမိန့်ရှိပါ ဆရာတော်"

"ရဟန္တာဆိုတာ အန္တိမပုဂ္ဂိုလ်ဖြစ်တယ်၊ အန္တိမပုဂ္ဂိုလ်မှာ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ပြည့်စုံပြီးသား၊ ဟုတ်တယ် မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"သီလ သမာဓိ ပညာ ပြည့်စုံပြီးသားပုဂ္ဂိုလ်ဟာ "ကိံ နာမ ကမ္မံ န သိဇ္ဈတိ" ဆိုတဲ့အတိုင်း သူတို့ဖြစ်ချင်တာ အားလုံးဖြစ်နိုင်တယ်၊ ဒါကြောင့် ကွယ်လွန်ပြီးတဲ့နောက် အရိုးဓာတ်ဟာ အစိတ်စိတ် အလုံးအခဲတွေ ဖြစ်ရစ် စေဆိုလျှင်လည်း ဖြစ်နိုင်တယ်၊ ဘာကိုမှ အဓိဋ္ဌာန်မပြုခဲ့လျှင်လည်း ပကတိ အတိုင်း ကျန်ရစ်တယ်၊ ဒါမှမက ငါ့ခန္ဓာ လုံးဝ မကျန်ရစ်စေသတည်းဆိုလျှင် လည်း လုံးဝ မကျန်ရစ်နိုင်ဘူးကွယ့်"

"ခန္ဓာတော် လုံးဝ မကျန်ရစ်စေဘဲ ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့ ရဟန္တာ များကော ရှိပါသလား ဘုရား"

"ရှိတာပေါ့ကွယ်၊ ဒဗ္ဗထေရ်ဟာ ပရိနိဗ္ဗာန်စံလွန်တော့ ခန္ဓာတော် လုံးဝ မကျန်ရစ်ဘူးကွယ့်"

"အဲသည် အကြောင်း အမိန့်ရှိပါဦး ဘုရား"

"ဒဗ္ဗမထေရ်ဟာ မလ္လာမင်းရဲ့ သားတော်ဖြစ်တယ်၊ သူ့ကို မယ်တော် ကိုယ်ဝန်ဆောင်စဉ် ကွယ်လွန်လို့ မီးသင်္ဂြိုဟ်ရာမှာ ဗိုက်က ပေါက်ထွက်ပြီး နေဇာမြက်ခင်းပေါ် ကျသတဲ့၊ နေဇာမြက်ကို ဒဗ္ဗလို့ ခေါ်တဲ့အတွက် နေဇာ မြက်အမည်နှင့် သူ့ကို (ဒဗ္ဗ)လို့ ခေါ်ကြတယ်၊ သူ့ကို မီးသင်္ဂြိုဟ်ရာမှာ သုသာန်မှာ ဖွားတာမို့ ခမည်းတော် မလ္လာမင်းက မမွေးမြူဘူး၊ အဘွားဖြစ်သူက မွေးမြူခဲ့ရတယ်၊ ခုနစ်နှစ်သားအရွယ်မှာ ရှင်သာမဏေဝတ်ဖို့ ဦးခေါင်းရိတ်ရင်း "တစပဉ္စက ကမ္မဋ္ဌာန်း"ကို ကြားရာက ဆံချပြီး အဆုံးမှာ ရဟန္တာဖြစ်တယ်၊ သေနာသနပညာပက တေဒဂ်ရပုဂ္ဂိုလ်ဖြစ်တယ်၊ မထေရ်မြတ် ပရိနိဗ္ဗာန်ဝင်စံခါနီး တဲ့အခါ ဘုရားရှင် သီတင်းသုံးရာ ရာဇဂြိုဟ်ပြည် ဇေတဝန်ကျောင်းကိုသွားပြီး ဘုရားရှင်ကို ကန်တော့တယ်။

ကန်တော့ပြီးတော့ "မြတ်စွာဘုရား–ယခုအခါသည် တပည့်တော် ပရိနိဗ္ဗာန်ပြုရန် အခါပါတည်း"လို့ လျှောက်ထားတော့ ဘုရားရှင်က "သင်သည်

http://www.dhammadownload.com



ပင် ပရိနိဗ္ဗာန်အခါကို သိရှိ၏”လို့ မိန့်တော်မူတယ်၊ အဲသည်နောက် အရှင်ဒဗ္ဗဟာ ဘုရားရှင်ကို ရှိခိုးပြီး ကောင်းကင်ကို ပျံတက်တယ်၊ ကောင်းကင်ထက်ရောက်တော့ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး တေဇောကသိုဏ်းစျာန်ကို ဝင်စားတယ်၊ တေဇောကသိုဏ်းစျာန်ကထပြီး ကိုယ်ခန္ဓာ၌ တေဇောဓာတ်လောင်ရန် အဓိဋ္ဌာန်တော်မူတယ်၊ အဓိဋ္ဌာန်တော်မူပြီး တစ်ဖန် တေဇောကသိုဏ်းကို ဝင်စားပြန်တယ်၊ တေဇောကသိုဏ်းစျာန်ကထပြီး အဘိညာဉ်စိတ် ဖြစ်ပေါ်လာတယ်၊ အဘိညာဉ်စိတ် ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်မှာ မီးဟုန်းဟုန်းတောက်လာတယ်၊ တောက်လာတဲ့ ထိုမီးဟာ တစ်ခဏအတွင်း ခန္ဓာကိုယ်၌ အဏုမြူမျှ မကျန်စေဘဲ အလုံးစုံ လောင်ကျွမ်းပြီးမှ ငြိမ်းစဲ သွားတယ်၊ အရှင်ဒဗ္ဗရဲ့ ခန္ဓာကိုယ်ဟာ ပြာလည်း မကျန်၊ မီးသွေးလည်း မကျန်၊ မီးလောင်ကျွမ်းသွားတဲ့ ထောပတ်ဆီလို အလုံးစုံ လောင်ကျွမ်းသွားတယ်။

သည်အကြောင်းကို ဘုရားရှင် သိတော်မူလို့ “ဒဗ္ဗကိုယ်သည် အကြွင်းမရှိ ကွယ်ပျောက်ပြီ၊ ရူပသညာစသော သညာတို့သည် ချုပ်ကုန်ပြီ၊ ဝေဒနာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် ချုပ်ငြိမ်း ပြတ်စဲကုန်ပြီ” လို့ ဥဒါနပါဠိ (ပါတလိဂါမိယဝဂ်)မှာ ဥဒါန်းကျူးရင့်တော်မူတယ်၊ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ဝင်စံတော်မူလျှင် အချို့ဓာတ်တော် အစိတ်စိတ်ကျတယ်၊ အချို့ဓာတ်အတိုင်းကျတယ်၊ အချို့ခန္ဓာငါးပါး လုံးဝ မကျန်ရစ်ဘူးလို့ မှတ်သင့်တာပေါ့ကွယ်”

“မှန်လှပါ–ဝမ်းသာလှပါပြီ”

“သာဓု–သာဓု–သာဓုပါ ဘုရား”



http://www.dhammadownload.com



## ပကတိသာဝကနှင့် ဗောဓိဉာဏ်

## အရိယာသံဃာနှင့် သမ္မုတိသံဃာ

"၆၊၅၊၈၄ နေ့စွဲဖြင့် အမေးလွှာတစ်စောင် ရောက်လာပါတယ် ဘုရား"

"ဘယ်က အမေးလွှာလဲကွယ့်"

"ဒေါ်ရီ၊ နယ်မြေ ၉၊ ရပ်ကွက် ၄၊ လားရှိုးမြို့က ဖြစ်ပါတယ် ဘုရား"

"သူ့အမေးလွှာ ဖတ်ပေးစမ်းပါဦး"

"သူ့အမေးလွှာက သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီ ၁၀–ပါးကို ဖြည့်၍ ပါရမီရင့်ကျက်သော အခါမှ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရသည်ဟုဆိုပါသည်။ ရှင်ပစ္စေကဗုဒ္ဓါများသည် နှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဖြည့်ကျင့်၍ ပါရမီရင့်ကျက်သောအခါမှ ပစ္စေကဗောဓိဉာဏ်ကို ရသည်ဟု ဆိုပါသည်၊ အဂ္ဂသာဝကတို့သည် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်များကို ဖြည့်ကျင့်၍ ပါရမီရင့်သောအခါမှ အဂ္ဂသာဝကဗောဓိဉာဏ်ကိုရသည်ဟု ဆိုပါသည်၊ မဟာသာဝကတို့သည် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်၍ ပါရမီတော် ရင့်သောအခါမှ မဟာသာဝကဗောဓိဉာဏ်ကို ရသည်ဟု ဆိုပါသည်။

http://www.dhammadownload.com



ပကတိသာဝကတို့သည် ကမ္ဘာတစ်ရာသော်လည်းကောင်း၊ ကမ္ဘာတစ်ထောင်သော်လည်းကောင်း၊ ပါရမီတော်များကို ဖြည့်ကျင့်၍ ပါရမီ ရင့်ကျက်သောအခါမှ ပကတိသာဝက ဗောဓိဉာဏ်ကို ရသည်ဟု ဆိုပါသည်၊ ထိုထိုဗောဓိဉာဏ်တို့ကိုရရန် ကာလအပိုင်းအခြားကား အလွန် များပြားလှပါသည်၊ ထိုကာလ အပိုင်းအခြားတို့သည် သိချင် ရချင်သောအချိန်မှစ၍ စံချိန်ပြည့်မှ ဖြစ်ပါသလား၊ စံချိန်ယုတ်၍ကော မဖြစ်ဘူးလား။

အထူးလျှောက်ထားလိုသည်မှာ ကမ္ဘာကိုပတ်နိုင်ရန် အမြန်ယာဉ်ဂြိုဟ်တုနှင့် သွားစေကာမူ နာရီအတော်ကြာ သွားရပါလိမ့်မည်၊ စိတ်နှင့်ဉာဏ်နှင့်သွားလျှင် စက္ကန့်လောက်နှင့် ရောက်နိုင်ပါလိမ့်မည်၊ ယခု ဗုဒ္ဓုပ္ပါဒ နဝမခေတ်တွင် ပစ္စုပ္ပန်တည့်တည့် ဘဝကိုသိသော ပုဂ္ဂိုလ်အား ပါရမီဖြည့်ရန် လိုပါဦးမည်လား၊ ငါသည် ယခုမှ ပါရမီအစမဟုတ်၊ ပါရမီပြည့်ပြီးသောပုဂ္ဂိုလ်ဟု စိတ်ဆုံးဖြတ်၍ ကျင့်ပါက သာဝကဗောဓိဉာဏ်ကို မရနိုင်ပါလား အရှင်ဘုရား၊ ဒါက ပထမမေးခွန်းလွှာဖြစ်ပါတယ် အရှင်ဘုရား"

"အင်း–ဆက်စမ်းပါဦး"

"ဒုတိယအမေးလွှာပါ ဘုရား၊ ဘုရား၊တရား၊သံဃာ ရတနာမြတ်သုံးပါးတို့ကို ရိုသေစွာ ရှိခိုးကြပါသည်၊ ဘုရားတရား၌ သံသယမရှိပါ၊ သံဃာ၌ အရိယာသံဃာနှင့် သမုတိသံဃာဟု နှစ်မျိုးရှိရာ မည်သည့်သံဃာတော်က မြတ်ပါသနည်း၊ ယနေ့ဝတ်သစ်စ သာမဏေကလေးကို သံဃာ့ဂုဏ် ရည်မှန်းပြီး တပည့်တော် ရိုသေစွာရှိခိုးပါသည်၊ ရှိခိုးပူဇော်၍ အကျိုးရှိမရှိ ဖြေကြားတော်မူပါ အရှင်ဘုရားတဲ့၊ သည်မှာ အမေးလွှာဆုံးသွားပါပြီ ဘုရား"

"အမေးလွှာ နှစ်ခုအနက် ပထမမေးခွန်းလွှာကို ဖြေကြစို့ရဲ့"

"ဖြေတော်မူပါ ဘုရား"

## ပကတိသာဝကဗောဓိဉာဏ်

"လောကမှာ မျိုးစေ့ဟာ ပေါက်ချိန်တန်မှ ပေါက်တယ်၊ သီးချိန်တန်မှ သီးတယ်၊ မှည့်ချိန်တန်မှ မှည့်တယ်၊ ဒါဟာ လောကသဘာဝပဲကွယ့်၊ အဲသည် သဘာဝအတိုင်း ဗောဓိဉာဏ်တည်းဟူသော မျိုးစေ့ပေါက်ဖို့ရာအတွက် ကာလ

http://www.dhammadownload.com


အပိုင်းအခြားဟာ ပညာဓိက သမ္မာသမ္ဗောဓိဉာဏ်အတွက် ၄–အသင်္ချေ ကမ္ဘာတစ်သိန်း, သဒ္ဓါဓိက သမ္မာသမ္ဗောဓိဉာဏ်အတွက် ၈–အသင်္ချေနှင့် ကမ္ဘာတစ်သိန်း, ဝီရိယာဓိက သမ္မာသမ္ဗောဓိဉာဏ်အတွက် ၁၆–အသင်္ချေနှင့် ကမ္ဘာတစ်သိန်း, ပစ္စေကဗောဓိဉာဏ်အတွက် နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း, အဂ္ဂသာဝက ဗောဓိဉာဏ်အတွက် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း, မဟာသာဝကဗောဓိဉာဏ်အတွက် ကမ္ဘာတစ်သိန်း, ပကတိသာဝကဗောဓိဉာဏ်အတွက် ကမ္ဘာ အရာ အထောင် ဖြစ်တယ်။

သည်အပိုင်းအခြားဟာ နိယတဗျာဒိတ်ရပြီး နောက်မှ အပိုင်းအခြား ဖြစ်တယ်၊ နိယတဗျာဒိတ်မရခင်က အပိုင်းအခြားမပါဘူး၊ ဒါကြောင့် ဗောဓိဆုတစ်ခုခုပြည့်စုံချင်ရင် ဤအပိုင်းအခြားအတိုင်း ပါရမီဖြည့်ရမြဲ ဖြစ်တယ်၊ ပကတိသာဝကကျတော့ ကာလအပိုင်းအခြားဟာ သည်လောက်မများဘူး၊ ကမ္ဘာအရာ ကမ္ဘာအထောင် ပါရမီဖြည့်ရုံနှင့် ရနိုင်သတဲ့၊ သို့သော်လည်း အာတာပီလို့ခေါ်တဲ့ ကိလေသာကို ပူပန်စေတတ်တဲ့ လုံ့လအပေါ်မှာ မူတည်သေးတယ်"

"ဘယ်လို မူတည်တာပါလဲဘုရား"

"လုံ့လအပေါ် မူတည်တာက ပါးစပ်ကသာ နိဗ္ဗာန်ရချင်တယ်လို့ ပြောတယ်၊ တကယ်တမ်း နိဗ္ဗာန်ရတဲ့ မဂ္ဂင်အလုပ်ကျတော့ မလုပ်ဘူး၊ သည်လို ပုဂ္ဂိုလ်မျိုးကျတော့ ပါရမီအဟုန်နည်းတဲ့အတွက် ကျွတ်တမ်းဝင်ရမည့်ဘဝကို မှန်းဆလို့ မရဘူးကွယ့်၊ ဒီနေရာမှာ မှတ်သားစရာ ပုံပြင်လေးတစ်ခု ပြောလိုက်ရဦးမယ်"

"အမိန့်ရှိပါ ဘုရား"

"ပုံပြင်က သည်လိုတဲ့ကွယ့်၊ အခါတစ်ပါး ဘုရားရှင်ဟာ ညီတော် အာနန္ဒာကို နောက်လိုက်ပြုပြီး ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်တော်မူသတဲ့၊ ဆွမ်းခံပြီးလို့ ရာဇဂြိုဟ်မြို့ကအထွက်မှာ ဝက်မများနှင့် ပျော်ပါးနေတဲ့ ဝက်ထီး ကစ်ကောင်ကိုမြင်လို့ ဘုရားရှင် ပြုံးတော်မူသတဲ့၊ ဒီအခါ ညီတော်အာနန္ဒာက ပြုံးခြင်းအကြောင်းကို လျှောက်ထားတော့ ဘုရားရှင်က "အာနန္ဒာ–ဝက်မများနှင့် ပျော်ပါးနေတဲ့ ဟိုဝက်ထီးကို မြင်ရဲ့လား"လို့ မေးတော်မူတော့ ညီတော်

http://www.dhammadownload.com



အာနန္ဒာက မြင်ပါတယ် ဘုရားလို့ လျှောက်ထားတယ်၊ သည်အခါ ဘုရားရှင်က "အာနန္ဒာ– သည်ဝက်နှင့် ငါဟာ လွန်လေပြီးသော ရှေးဘုရားများရဲ့ သာသနာတွင်းမှာ အတူ ရဟန်းပြုကြပြီး အတူ တောရ ဆောက်တည်ခဲ့ကြဖူးတယ်၊ တစ်ရက်တော့ သူနဲ့ငါ မည်သည့်ဆုကို ပန်သနည်းဟု အချင်းချင်း မေးမြန်းကြသောအခါ သူက သံသရာဒုက္ခသည် လွန်စွာ ကြောက်စရာကောင်းလှသောကြောင့် ယခုဘဝ၌ပင် ပကတိသာဝကဆုဖြင့် နိဗ္ဗာန်ဝင်ရန် ရည်မှန်းကြောင်း ပြောပြသည်၊ သို့သော် သူသည် အပြောသာရှိ၍ အလုပ်မပါသောကြောင့် ယခု ငါ ဘုရားစင်စစ် ဖြစ်သောအခါ သူသည် ဝက်ဘဝ၌ ပျော်မွေ့နေဆဲဖြစ်တော့သည်"လို့ မိန့်တော်မူသတဲ့ကွယ်၊ ဒါကြောင့် ပကတိသာဝကဆုဟာ ပါရမီဖြည့်ရတာတော့ တိုပါရဲ့၊ သို့သော်လည်း စိတ်မချရဘူး၊ ဓမ္မပဒအဋ္ဌကထာ ဇရာဝဂ်မှာ မဟာဓနသူဌေးသားဝတ္ထုဆိုတာ ပါတယ်ကွယ့်"

"မှန်ပါ– မိန့်တော်မူပါ ဘုရား"

"ဗာရာဏသီပြည် ကုဋေရှစ်ဆယ် ကြွယ်ဝတဲ့သူဌေးမှာ သားတစ်ယောက်ရှိတယ်၊ မိဘတို့ဟာ သားကို အလွန်ချစ်ကြတဲ့အတွက် ငါတို့မှာ ဥစ္စာတွေအများ ကြီး ရှိတယ်၊ ငါ့သား ဆယ်သက်စားတောင် မကုန်ဘူး၊ ဒီတော့ ငါ့သားကို စိတ်ပင်ပန်း ကိုယ်ပင်ပန်းအောင် ဘာပညာမှ သင်စေဖို့ မလိုဘူး၊ ဘာအလုပ်ကိုမျှ လည်း လုပ်ဖို့ မလိုဘူး၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာတဲ့ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းကိုသာ သင်စေရမယ်လို့ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းကိုသာ သင်စေတယ်၊ အရွယ်ရောက်တော့ မယားပေးစားပြီး ပျော်သလို နေထိုင်စေတယ်၊ ဒီလိုနှင့် မိဘနှစ်ပါး ကွယ်လွန်ကြတော့ ပညာမရှိတဲ့ သူဌေးသားဟာ လူပေါ်ကြော့တွေနှင့် ပေါင်းပြီး သောက်လိုက် ရှူလိုက် ကစားလိုက်နှင့် မကြာခင် ရှိတဲ့စည်းစိမ် ကုန်ပါရော၊ စည်းစိမ်ကုန်သွားတော့ ဘာမျှလည်း မလုပ်တတ်၊ အငတ်လည်း မနေနိုင်လို့ လင်မယားနှစ်ယောက် ခွက်လက်ဆွဲပြီး တောင်းရမ်း စားသောက်ရှာကြသတဲ့။

တစ်ရက်တော့ ဆွမ်းစားဇရပ်ရဲ့ တံခါးဝမှာ ရပ်ပြီး သာမဏေများက စွန့်ကြဲ ပေးကမ်းကြတဲ့ဆွမ်း ခံယူနေတာကို ဘုရားရှင် မြင်တော်မူလို့ ပြုံးသတဲ့၊ အာနန္ဒာက ပြုံးတဲ့အကြောင်း လျှောက်ထားတော့ ဘုရားရှင်က "အာနန္ဒာ–

http://www.dhammadownload.com



ဤဇာရာဏာသီမှာ ကုဋေရှစ်ဆယ်သော ဥစ္စာများကို ဖြုန်းတီးပြီး မယားနှင့်အတူ ထမင်းတောင်းနေတဲ့ သူဌေးသားကို မြင်ရဲ့လား၊ ဤသူဌေးသားသည် ပထမအရွယ်၌ လောကီစီးပွားရေး၊ ကြီးပွားရေးကို အကယ်၍ လိုက်စားခဲ့လျှင် ဤမြို့၌ သူဌေးကြီး ဖြစ်နိုင်သည်၊ အကယ်၍ ငယ်ရွယ်စဉ်က ရဟန်းပြုခဲ့လျှင် ရဟန္တာဖြစ်နိုင်သည်၊ သူ့မယားလည်း အနာဂါမ်ဖြစ်နိုင်သည်၊ မဇ္ဈိမအရွယ်၌ စီးပွားရေး၊ ကြီးပွားရေးကို လိုက်စားခဲ့လျှင် ဒုတိယသူဌေးဖြစ်နိုင်သည်၊ အကယ်၍ ရဟန်းပြုခဲ့လျှင် အနာဂါမ်ဖြစ်နိုင်သည်၊ သူ၏မယားလည်း သကဒါဂါမ် ဖြစ်နိုင်သည်၊ အကယ်၍ ပစ္ဆိမအရွယ်၌ စီးပွားရေးကိုလိုက်စားခဲ့လျှင် တတိယ သူဌေးဖြစ်နိုင်သည်၊ ရဟန်းပြုခဲ့လျှင် သကဒါဂါမ် ဖြစ်နိုင်သည်၊ သူ့မယားလည်း သောတာပန်ဖြစ်နိုင်သည်၊ ယခုမူကား ဤသူဌေးသားသည် လူ့စည်းစိမ်မှလည်း ယုတ်၏၊ မဂ်ဖိုလ်မှလည်း ယုတ်၏၊ ဥပမာအားဖြင့်ကား ခြောက်သောညွန်အိုင်၌ အတောင်ကျိုးသော ကြိုးကြာအိုကဲ့သို့ ပျက်စီးရရှာလေပြီ”လို့ မိန့်တော်မူ သတဲ့ကွယ်။

သည်ဝတ္ထုမှာ သူဌေးသားဟာ ပကတိသာဝကအလောင်းပေါ့၊ သို့သော် လည်း အလောင်းမျှသာဖြစ်တာ၊ အကြောင်းက မပြည့်စုံတော့ သည်လိုနှင့်ပင် ဘဝဆုံးရရှာတယ်၊ ဒါကြောင့် ပကတိသာဝကဆုဟာ ပါရမီတော့ တိုပါရဲ့၊ သိပ်ပြီး စိတ်မချရဘူးကွယ့်၊ အထူးလျှောက်ထားချက်ကို ဖြေကြဦးစို့ရဲ့”

“မှန်ပါ–ဖြေတော်မူပါဘုရား”

“ယခု ဗုဒ္ဓုပ္ပါဒ နဝမခေတ်လို့ခေါ်ရတဲ့ သာသနာတော်နှင့် ကြုံကြိုက် နေတဲ့ သူတော်ကောင်းတွေဟာ ပါရမီအရိုင်းတွေ မဟုတ်ကြပါဘူး၊ ပါရမီ ပြည့်ဝပြီးတဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြတယ်၊ မိမိတို့ ပါရမီဟာ ဘယ်လောက်ရင့်ကျက် နေပြီလဲ၊ ပွင့်လုနီးနီးရင့်ကျက်နေပြီလားဆိုတာကို ချိန်ဆဖို့အတွက် ပဓာနိယင်္ဂ တရား ၅–ပါးကို သိထားဖို့ လိုသကွယ့်”

“ပဓာနိယင်္ဂတရား ၅–ပါးဆိုတာ မိန့်တော်မူပါဦး ဘုရား”

“ကမ္မဋ္ဌာန်းအားထုတ်တဲ့ ရဟန်းရဲ့ အင်္ဂါ ၅–ပါးကို ပဓာနိယင်္ဂတရား ၅–ပါးလို့ ခေါ်တယ်၊ သုတ်ပါထေယျ သံဂီတိသုတ်နှင့် အံ၊ပါ၊၅၇၊ ၄၊ ၂၆– တို့က လာတယ်၊ ပဓာနိယင်္ဂတရား ၅–ပါးက–

http://www.dhammadownload.com



(၁) သဒ္ဓါ = ရတနာသုံးပါးကို ယုံကြည်ရမယ်၊ ရတနာသုံးပါးကို ယုံကြည်ပြီး သည်တရား အားထုတ်လျှင် ငါဟာ တကယ် ပေါက်ရောက်လိမ့်မယ်လို့ မိမိ ကိုယ်ကို ယုံကြည်ရမယ်၊

(၂) အပ္ပါဗာဓ = အနာရောဂါ ကင်းရမယ်၊ ကမ္မဋ္ဌာန်း အားထုတ်နိုင်လောက်တဲ့ ကျန်းမာရေးနဲ့ ပြည့်စုံရမယ်၊

(၃) အသဌ = မာန်မရှိရဘူး၊ မိမိကိုယ်ကို လှည့်ပတ်ခြင်း မရှိရဘူး၊ ဖြောင့်မတ်ရမယ်၊

(၄) အာရဒ္ဓဝီရိယ = ကိလေသာကို သေအောင်သတ်မယ်လို့ အားထုတ်ခြင်း ဝီရိယ ရှိရမယ်၊

(၅) ဥဒယတ္ထဂါမိနီ = ဖြစ်ပျက်ကို မြင်နိုင်စွမ်းတဲ့ ပညာရှိရမယ်၊

သည် အင်္ဂါ ၅–ချက် မိမိသန္တာန်မှာ ရှိနေလျှင် မိမိကိုယ်ကို ပါရမီပြည့်ပြီးသော ပုဂ္ဂိုလ်လို့ ယူဆရမယ် ပါရမီ အထူး ဖြည့်ကျင့်စရာ မရှိပါဘူး၊ အမှန်တကယ် အားထုတ်လျှင် ယခုအခါ ပကတိသာဝက ဗောဓိဉာဏ်ကို ကေန်ရနိုင်သေးတယ်လို့ ဖြေဆိုလိုက်ပါတယ်"

"မှန်ပါ– ပထမအမေးရဲ့ အဖြေကို သဘောကျပါပြီ၊ ဒုတိယအမေးရဲ့ အဖြေကိုလည်း ဆက်တော်မူပါဦး"

## အရိယာသံဃာနှင့် သမ္မုတိသံဃာ

"ဒုတိယအမေးက ဘုရား တရား သံဃာရယ်လို့ ရတနာသုံးပါး ရှိရာမှာ ဘုရားနှင့် တရားကိုတော့ သံသယကင်းပါတယ်တဲ့၊ သံဃာကျတော့ အရိယာသံဃာ, သမ္မုတိသံဃာရယ်လို့ ကွဲပြားနေရာမှာ ဘယ်သံဃာက မြတ်ပါသလဲလို့ မေးထားတယ်နော်"

"မှန်ပါ ဘုရား"

"သည်နေရာမှာ ကင်္ခါဝိတရဏီ အဋ္ဌကထာ နိဒါန်းအဖွင့်မှာ "**သံဃောတိ ဣမိနာ ပန ပဒေန ကိဥ္စာပိ အဝိသေသတော ပုဂ္ဂလသမူဟော ဝုတ္တော**"လို့ ဖွင့်ပြထားတယ်၊ သံဃာဆိုတဲ့ ပုဒ်ဟာ သာမညအားဖြင့် ပုဂ္ဂိုလ်အပေါင်းကို

http://www.dhammadownload.com



ဟောတာပါတဲ့၊ ဝိသေသထုတ်ရဦးမယ်ဆိုလျှင် "အထ ခေါ သော ဒက္ခိဏေယျ သံဃော သမ္မုတိ သံဃောစာတိ ဒုဝိဓော ဟောတိ" တဲ့၊ ထိုသံဃာဟာ ဒက္ခိဏေယျသံဃာ, သမ္မုတိသံဃာလို့ နှစ်မျိုးကွဲပြားသတဲ့၊ "တတ္ထ ဒက္ခိဏေယျ သံဃောတိ အဋ္ဌ အရိယပုဂ္ဂလသမူဟော ဝုစ္စတိ" အဲဒီ သံဃာနှစ်မျိုးအနက် ဒက္ခိဏေယျ သံဃာဆိုတာ ရှစ်ပါးသောအရိယာပုဂ္ဂိုလ်ကို ဆိုလိုသတဲ့။

"သမ္မုတိသံဃော အဝိသေသေန ဘိက္ခုသမူဟော" သမုတိသံဃာဆိုတာ သာမညအားဖြင့် ပုထုဇဉ်ရော အရိယာရော အားလုံးသော ရဟန်းအပေါင်းကို ဆိုလိုသတဲ့၊ သည်စကားရပ်ကိုကြည့်လျှင် အရိယာသံဃာ, သမုတိသံဃာလို့ ခွဲမရဘူး၊ ခွဲချင်လျှင် အရိယသံဃာ, ပုထုဇဉ်သံဃာလို့ ခွဲရလိမ့်မယ်၊ ဘာကြောင့် လဲဆိုတော့ သမ္မုတိသံဃာရဲ့အတွင်းမှာ အရိယာရော, ပုထုဇဉ်ရော ပါဝင်နေတဲ့ အတွက်ကြောင့်ပေါ့။

ယခုခေတ်မှာ သမုတိသံဃာဆိုလျှင် ပုထုဇဉ်သံဃာလို့ မြင်တတ်ကြ တယ်၊ ဒါကြောင့် သံဃာရှိခိုးနှိုးဆော်စာတစ်ပုဒ်မှာ "ပရမတ္ထသံဃာ အရိယာ အရှင်သူမြတ်တို့ကို ရည်မှတ်၍ ယခုရှိကြသော သမုတိထေရ် သံဃာတို့ကို ကြည်လင်စွာအသိန္နီးပြီး ရှိခိုးပူဇော်ကြဦးစို့ဗျာ" လို့ ကြားရဖူးသေးတယ်။

အမှန်ကတော့ "သမုတိသံဃောတိ အဝိသေသေန ဘိက္ခုသမူဟော" လို့ ဖွင့်ပြထားတဲ့အတိုင်း အရိယာရော ပုထုဇဉ်ပါ ရဟန်းအားလုံးတို့ကို သမုတိသံဃာ လို့ ဆိုလိုတယ်ကွယ့်၊ သည်ရဟန်းတော်အားလုံးကို ဘာကြောင့် သမုတိလို့ ခေါ်ရသလဲဆိုတော့ "စတုဝဂ္ဂါဒိဝိနယပညတ္တိယာ သိဒ္ဓေါ သမ္မုတိသံဃော" လို့ ဋီကာသစ်က ဖွင့်ပြတဲ့အတိုင်း စတုဝဂ်သံဃာ အစရှိသော ဝိနည်းပညတ် တော်ဖြင့် ပြီးတဲ့အတွက်ကြောင့် (ဝါ) လေးပါးအစုရှိသော သံဃာ၊ ငါးပါး အစုရှိသော သံဃာ စသည်ဖြင့် သမုတ်အပ်တဲ့အတွက်ကြောင့် သမုတိသံဃာ လို့ ခေါ်တာတဲ့ကွယ့်၊ ဒါကြောင့် သမုတိသံဃာရဲ့အတွင်းမှာ ပုထုဇဉ်သံဃာရော အရိယာသံဃာပါ ပါဝင်တယ်။

ဒေါ်ရီမေးလိုတာက အရိယာသံဃာနှင့် ပုထုဇဉ်သံဃာ ဘယ်သံဃာက မြတ်သလဲလို့ မေးခြင်းဖြစ်ပါတယ်၊ အရိယာနှင့် ပုထုဇဉ် နှစ်ပါးအနက် အရိယာမှာ ကိလေသာမရှိဘူး၊ ပုထုဇဉ်မှာ ကိလေသာရှိတယ်၊ မြတ်ခြင်း

http://www.dhammadownload.com


မမြတ်ခြင်းဆိုတာက ကိလေသာ ရှိခြင်း မရှိခြင်းအပေါ်မှာ မူတည်တာမို့ ပုထုဇဉ်ထက် အရိယာက မြတ်တယ်ဆိုတာ လူတိုင်း သိကြတာပေါ့။

သို့သော်လည်း ပူဇော်မှု ပြုတဲ့နေရာမှာတော့ အဲသည်ပုဂ္ဂိုလ် မြတ်မမြတ် အပေါ်မှာ မူမတည်ဘူး၊ အစိတ်နဲ့အပေါင်းပေါ်မှာ မူတည်တယ်၊ အစိတ်ဖြစ်ရတဲ့ ရဟန္တာတစ်ပါးကို ရည်ညွှန်းပူဇော်တာထက် အပေါင်းဖြစ်တဲ့ သံဃာအပေါ် ရည်ညွှန်းတာက ပိုပြီးအကျိုးကြီးမားတယ်၊ သည်အကြောင်းကို ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်ကို လေ့လာလျှင် သိသာနိုင်တာမို့ အကျယ်မပြောတော့ပါဘူး၊ အနည်းငယ်ပြောချင်သေးတာက ကင်္ခါဋီကာသစ်က ဖွင့်ပြတဲ့ သံဃောပုဒ်ရဲ့ အဖွင့်ကလေးပဲကွယ့်"

"မှန်ပါ–အမိန့်ရှိတော်မူပါဦး ဘုရား"

"သံဃောပုဒ်ကို ကင်္ခါဋီကာသစ်ဖွင့်ပြပုံက အရိယေန ဒိဋ္ဌိသီလသာ မညေန သံဟတော ဃဋိတောတိ သံဃော၊ အဋ္ဌ အရိယပုဂ္ဂလသမူဟော၊ **တေဟိ တေဟိ ဝါ မဂ္ဂဖလေဟိ ကိလေသာဒရထာနံ သမုစ္ဆေဒပဋိပ္ပဿဒ္ဓိဝသေန သမ္မဒေဝ ဃာတိတတ္တာ သံဃော။ ပေါထုဇ္ဇနိကသံဃဿာပိ ပုဗ္ဗာဘာဂပ္ပဋိပဒါယ ဋ္ဌိတတ္တာ ပုရိမစေတနာယ ဝိယ ဒါနေ ဧတ္ထေဝ သင်္ဂဟော ဒဋ္ဌဗ္ဗော၊ သော ပိ ဟိ ကိဉ္စာပိ အရိယေန ဒိဋ္ဌိသီလသာမညေန အသံဟတော နိယျာနိကပက္ခိကေန ပန ပေါထုဇ္ဇနိကေန သံဟတတ္တာ ဒက္ခိဏေယျသံဃော ပဏ်ပါတာဒယော သံဃော ယေဝါတိ**–တဲ့ကွယ်"

"အနက်ဖွင့်ပြပါဦး ဆရာတော်"

"အနက်ကတော့ သည်လိုကွယ့်–အဋ္ဌအရိယပုဂ္ဂလသမူဟော–အကြင် ရှစ်ယောက်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းကို၊ အရိယေန–မြတ်သော၊ ဒိဋ္ဌိသီလသာမညေန–အယူသီလတူသောအားဖြင့်၊ **သံဟတော ဃဋိတော**–ပေါင်းအပ်၏၊ **ဣတိတသ္မာ**–ထို့ကြောင့်၊ **သော အဋ္ဌအရိယပုဂ္ဂလသမူဟော**–ထို ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းသည်၊ **သံဃော**–သံဃာ မည်၏၊ အဋ္ဌအရိယပုဂ္ဂလသမူဟော–ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့၏ အပေါင်းကို ရ၏၊

ဝါ–တစ်နည်းကား၊ **တေဟိ တေဟိ မဂ္ဂဖလေဟိ**–ထိုသို့သော မဂ်ဉာဏ်

http://www.dhammadownload.com



ဖိုလ်ဉာဏ်တို့ဖြင့်၊ **ကိလေသာဒရထာနံ**–ကိလေသာတည်းဟူသော ပူပန်ကြောင့်ကြဖြစ်ကုန်သော တရားတို့ကို၊ **သမုစ္ဆေဒ ပဋိပ္ပဿဒ္ဓိဝသေန**–အကြွင်းမဲ့ပယ်ဖြတ်ခြင်းမှ ငြိမ်းစေခြင်း၏ အစွမ်းအားဖြင့်၊ **သမ္မဒေဝ**–ကောင်းစွာသာလျှင်၊ **ဃာတိတတ္တာ**–ဖျက်ဆီးတတ်သည်၏အဖြစ်ကြောင့်၊ သံဃော–သံဃာမည်၏။

**ပေါထုဇ္ဇနိကသံဃဿာပိ**–ကလျာဏပုထုဇဉ်ဖြစ်သော သံဃာ၏လည်း၊ ပုဗ္ဗဘာဂပဋိပဒါယ–အရိယာမဂ်၏ ရှေ့အဖို့ဖြစ်သော အကျင့်၌၊ ဌိတတ္တာ–တည်သည်၏အဖြစ်ကြောင့်၊ **ပုရိမစေတနာ**–မလှူမီရှေးအဖို့၌ဖြစ်သော ပုဗ္ဗစေတနာကို၊ ဒါနေ–ဒါနၣ်၊ **သင်္ဂဟိတာဝိယ**–ပေါင်း၍ ယူအပ်သကဲ့သို့၊ **ဧတ္ထေဝ**–ဤသံဃာရတနာ၌သာလျှင်၊ **သင်္ဂဟော**–ပေါင်း၍ယူခြင်းကို၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏။

**ကိဉ္စာပိ** အဂဟိတော–အကယ်၍မပေါင်းအပ်သည်ပင်ဖြစ်စေ၊ ပန **တထာပိ**–ထိုသို့ မပေါင်းအပ်သော်လည်း၊ **နိယျာနိကပက္ခိကေန**–ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော တရားအဖို့၌တည်သော၊ **ပေါထုဇ္ဇနိကေန**–ပုထုဇဉ်ဖြစ်သော သံဃာနှင့်၊ **သဟ**–တကွ၊ **ဒက္ခိဏေယျသံဃော**–ဒက္ခိဏေယျ သံဃာသည်၊ **ပဏိပါတာဒယော**–ပဏိပါတသရဏဂုံစသည်တို့ကို၊ **အရဟာတေဝ= အရဟာတိ ဧဝ**–ခံထိုက်သည်သာလျှင်တည်း၊ **ဣတိ**–ဤသို့ မှတ်အပ်၏”။

“အနက်တော့ ကြားရပါပြီ၊ အဓိပ္ပာယ်ကိုလည်း ရှင်းလင်းပြပါဦး ဆရာတော်”

“အဓိပ္ပာယ်ကတော့ သည်လိုကွယ့်၊ သံဃောဆိုတဲ့ပုဒ်ကို သဒ္ဒါရေးနှင့် စစ်လိုက်တော့ သံရှေးရှိသော ဟနဓာတ်၊ **သံဟနညာယ ဝါ ရော ဃော** ဆိုတဲ့ ကိတ်သုတ်ဖြင့် သံရှေးရှိသော ဟနဓာတ်နောင် ရ ပစ္စည်းသက်၊ ဟနဓာတ်(ဃ) ပြုပြီးတော့ သံဃောလို့ ရုပ်ပြီးထားတယ်၊ ဟနဓာတ်က သတ်ပုတ်ညှဉ်းဆဲခြင်း ဆိုတဲ့ ဟိံသာအနက်နှင့် သွားခြင်းဖြစ်ခြင်းဆိုတဲ့ ဂတိအနက်ကို ဟောတယ်၊ သံရှေး ရှိတဲ့ ဂတိအနက်က သည်လိုတဲ့ကွယ့်”

“အမိန့်ရှိပါ ဘုရား”

“သံဟန ဆိုတဲ့ပုဒ်မှာ သံသဒ္ဒါသည် သမ္မာ–ကောင်းစွာဆိုတဲ့အနက်ကို ဟောပြီး၊ ဟန–က ဖြစ်တတ်၏လို့ ဂတိအနက်ကိုဟောလျှင် (သမ္မာ ဟနတိ

http://www.dhammadownload.com



ဂစ္ဆတိ ပဝတ္တတီတိ သံဃော) ကောင်းစွာအတူတကွ ဖြစ်တတ်၏ဆိုတဲ့အနက် ထွက်ခဲ့တယ်၊ သည်အနက်ကိုရည်ပြီး အရိယာရှစ်ပါးတို့ဟာ အတူတကွ ဖြစ်တတ်ကြတယ်၊ ဒါကြောင့် သံဃာခေါ်တယ်လို့ ဋီကာဖွင့်ပြတယ်၊ အတူတကွ ဖြစ်တယ်ဆိုတာ ဘာအတူတကွဖြစ်တာလဲလို့ မေးရင် ဉာဏ်အမြင်ချင်းလည်း တူတယ်၊ ကျင့်သုံးတဲ့ သီလချင်းလည်း တူတယ်၊ ဤသို့ အယူသီလတူမျှသော အဖြစ်ဖြင့် အတူတကွဖြစ်ကြတယ်လို့ ဖွင့်ပြထားတယ်၊ သည်နေရာမှာ အတူတကွ ဖြစ်တယ်ဆိုတာနှင့် (သံဟတော ဃဋိတော) ပေါင်းစပ်တယ်ဆိုတာ အသံကွဲသော်လည်း အနက်အတူတူလို့ မှတ်ယူရမယ်ကွယ့်၊ သည်သံဃာထဲမှာ အရိယာတွေသာပါတယ်၊ ပုထုဇဉ်သံဃာ မပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ ပုထုဇဉ် သံဃာဟာ အရိယာတို့နှင့် အယူအဆချင်း, အကျင့်သီလချင်း မတူကြ သေးလို့ပေါ့။

ဂတိအနက်ရဲ့ဖွင့်ပုံကို ပြပြီးတော့ ဟိံသာအနက်ရဲ့ ဖွင့်ပုံကိုပြလိုတဲ့အတွက် (တေတိ တေဟိ)ဆိုတဲ့ ဒုတိယပုဒ်ကို ဆက်လာတယ်၊ အဲဒီဒုတိယပုဒ်က ဝိဂြိုဟ်ပြပုဒ်ပဲကွယ့်၊ သူ့ကို ဝိဂြိုဟ်စစ်လုပ်ချင်လျှင် (သမ္ဗဒေဝ ကိလေသဒရထော ဟနတီတိ သံဃော)လို့ လုပ်ရမှာပဲ၊ ကိလေသာတည်းဟူသော ပူပန်ကြောင်း တရားတို့ကို မဂ်က သမုစ္ဆေဒပဟာန်အားဖြင့် သတ်တတ်တယ်၊ ဖိုလ်က ပဋိပ္ပဿမ္ဘနပဟာန်အားဖြင့် သတ်တတ်တယ်၊ ဒါကြောင့် အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့ကို သံဃာလို့ ဆိုပါသတဲ့၊ သည်အထဲမှာလည်း ပုထုဇဉ်သံဃာ မပါဘူး၊ သည်လိုဆို သံဃာက ဘယ်လိုတုန်းလို့ မေးစရာစကားရှိလို့(ပေါ္ဒနိက သံဃဿာပိ) စသောအားဖြင့် စကားတက်လာတယ်ကွယ့်”

“ဆက်ပါဦး ဆရာတော်”

“ပုထုဇဉ်သံဃာဟာ အရိယာသံဃာလောင်းပဲကွယ့်၊လောကမှာ အရိယာ ဆိုတာ တသီးတခြားပုဂ္ဂိုလ် မဟုတ်ဘူး၊ ပုထုဇဉ်ပုဂ္ဂိုလ်က ဖြစ်တာပဲ၊ ပုထုဇဉ် ပုဂ္ဂိုလ်ဟာ တရားမြင်ခဲ့လျှင် အရိယာအဖြစ်ကို ရောက်တယ်၊ အမှန်ကတော့ ရဟန်းတိုင်း, သာမဏေတိုင်းဟာ (ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ)လို့ သာမဏေဘဝလောင်းက ရွတ်ဆိုပြီး သာမဏေဘဝ, ရဟန်းဘဝ ခံယူကြတဲ့အတိုင်း အရိယာအဖြစ်ရောက်အောင် ဦးတည်လာခဲ့ကြတဲ့

http://www.dhammadownload.com


ပုဂ္ဂိုလ် ချည်းပဲ၊ ဒါကြောင့် ပုထုဇဉ်သံဃာကို အရိယာသံဃာလောင်းလို့ ဆိုရတယ်၊ လောကမှာ မင်းအဖြစ်ရည်ရွယ်ထားတဲ့ ပုဂ္ဂိုလ်ကို ဥပရာဇာလို့ ခေါ်ရတယ်၊ မြန်မာလိုတော့ အိမ်ရှေ့မင်းပေါ့ကွယ်၊ အိမ်ရှေ့မင်းဟာ တစ်ပြည်လုံးကို အစိုးရတဲ့ မင်းတော့ မဟုတ်ဘူး၊ သို့သော် မင်းလောင်းဖြစ်လို့ မင်းတစ်ပါးအဖြစ် သတ်မှတ်ပြီး အလေးအမြတ်ပြုကြရတယ်၊ အလေးအမြတ် မပြုခဲ့လျှင် နောင်အခါ ဘေးသင့်လာတတ်သကိုးကွယ့်၊ ဒီအကြောင်းကို သဂါထာဝဂ္ဂသံယုတ် ဒဟရသုတ်မှာ ဘုရားရှင် အတိအလင်း ဟောထားတာရှိတယ်"

"ဘယ်လိုများ ဟောထားပါလဲဘုရား"

## ဒဟရသုတ်

"သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် သီတင်းသုံးတော်မူစဉ်ကာလက ပသေနဒီကောသလမင်းကြီးဟာ ဘုရားရှင်ထံ ချဉ်းကပ်ပြီး "အရှင်ဂေါတမ–အရှင်ဟာ အတုမရှိသော သဗ္ဗညုတဉာဏ်တော်ကို သိတယ်လို့ ဝန်ခံပါသလား"လို့ လျှောက်ထားတယ်၊ ဘုရားရှင်က ဝန်ခံကြောင်း မိန့်တော် မူတော့ ကောသလမင်းကြီးက "အရှင်ဂေါတမ–ယခုအခါ လူအများက သူတော်ကောင်းလို့ သမုတ်ထားကြတဲ့ ဂိုဏ်းဆရာကြီးများ အထင်အရှား ရှိနေကြ တယ်၊ အဲသည်ဆရာကြီးတွေဟာ ဘယ်သူတွေလဲဆိုတော့ ပူရာဏကဿပ, မက္ခလိ ဂေါသာလ, နိဂဏ္ဌနာဋပုတ္တ, ဗေလဋ္ဌ၏သား သိဉ္စည်း, ပကုဓ ကစ္စာယန, ဆံပင်ကမ္ဗလာကိုဆောင်သော အဇိတတို့ဖြစ်ကြပါတယ်၊ ထိုဆရာကြီးများထံ ချဉ်းကပ်ပြီး သဗ္ဗညုတဉာဏ်ကို သိတယ်လို့ ဝန်ခံပါသလားလို့မေးတဲ့အခါ တစ်ဦးမျှ ဝန်ခံသူမရှိကြပါဘူး၊ အရှင်ဂေါတမဟာ အရွယ်အားဖြင့် ငယ်တယ်၊ ရဟန်းပြုသစ်စလည်း ဖြစ်တယ်၊ သို့ပါလျက် ဘာကြောင့် ဝန်ခံပါသလဲ"လို့ လျှောက်ထားတယ်၊ သည်အခါ ဘုရားရှင်က မင်းကြီး–ငယ်တယ်ရယ်လို့ မထီမဲ့မြင် မပြုအပ်၊ ပြက်ရယ်မပြုအပ်တဲ့ အရာ လေးပါးရှိတယ်–

(၁) မင်းသားကို ငယ်တယ်ရယ်လို့ မထီမဲ့မြင် မပြုအပ်ဘူး၊

http://www.dhammadownload.com



(၂) မြွေကို ငယ်တယ်ရယ်လို့ မထီမဲ့မြင် မပြုအပ်ဘူး၊

(၃) မီးကို ငယ်တယ်ရယ်လို့ မထီမဲ့မြင် မပြုအပ်ဘူး၊

(၄) ရဟန်းကို ငယ်တယ်ရယ်လို့ မထီမဲ့မြင် မပြုအပ်ဘူး။

မင်းကြီး–မင်းသားကို ငယ်တယ်ရယ်လို့ မထီမဲ့မြင်ပြုခဲ့လျှင်, ပြက်ရယ်ပြုခဲ့လျှင် ထိုမင်းသား မင်းဖြစ်သောအခါ ရာဇဒဏ်ခတ်ခြင်းကို ခံရတတ်တယ်၊ မြွေကို ငယ်တယ်ရယ်လို့ မထီမဲ့မြင်ပြုခဲ့လျှင် မြွေပေါက်ခြင်းကို ခံရတတ်တယ်၊ မီးကို ငယ်တယ်ရယ်လို့ မထီမဲ့မြင်ပြုခဲ့လျှင် မီးအလောင်ခံရတတ်တယ်၊ မင်းကြီး–ရဟန်းရဲ့ တန်ခိုးဟာ သီလဖြစ်တယ်၊ သီလရှိသောရဟန်းကို ငယ်သော ကြီးသော မထီမဲ့မြင် မပြုကောင်းဘူး၊ ပြက်ရယ်မပြုကောင်းဘူး။

မင်းကြီး–သီလရှိတဲ့ ရဟန်းရဲ့မီးဟာ မထီမဲ့မြင်ပြုသူ, ပြက်ရယ်ပြုသူကို လောင်တတ်တယ်၊ ရဟန်းမီးအလောင်ခံရတဲ့သူဟာ အခြွေအရံ သားသမီး မဖြစ်ထွန်းဘူး၊ ဖြစ်ထွန်းတဲ့ အခြွေအရံ သားသမီးများလည်း ပျက်စီးတတ်တယ်၊ ဆင်းဆင်းရဲရဲ ကျန်ရတတ်တယ်၊ လောကမှာ ရိုးရိုးမီးအလောင်ခံရတဲ့ မြက်သစ်ပင်များဟာ အချိန်တန်လျှင် အခက်အရွက်တွေ ပြန်ထွက်ပြီး စည်စည်ပင်ပင် ဖြစ်နိုင်သေးတယ်၊ ရဟန်းမီးအလောင်ခံရတဲ့ သူကတော့ အတက်အရွက် ပြန်မပေါက်နိုင်တော့ဘူး၊ ထန်းပင်ငုတ်တိုလို ဖြစ်ရတတ်တယ်၊ ဒါကြောင့် မြွေ, မီး, မင်း, ရဟန်းများကို မထီမဲ့မြင် မပြုကောင်းဘူးလို့ ဟောတော်မူသတဲ့၊

သည်အခါမှ ပသေနဒီကောသလမင်းကြီးဟာ သဘောပေါက်ပြီး ဥပါသကာအဖြစ် ဝန်ခံသတဲ့ကွယ်၊ သည်ဒေသနာတော်ကို ထောက်ထားလျှင် ရဟန်းဘဝရဲ့ အဓိကတရားဟာ သီလတရားဖြစ်တယ်၊ ဈာန်အဘိညာဉ်ဆိုတဲ့ သမာဓိတရားလည်း၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ ပညာတရားလည်း အဓိက မဟုတ်ဘူး၊ ဈာန်အဘိညာဉ်ဆိုတဲ့ သမာဓိတရား၊ မဂ်ဖိုလ်ဆိုတဲ့ ပညာတရားကို ရဟန်းမဟုတ်သူလည်း ရနိုင်တယ်၊ ရဟန်းတို့ရဲ့သီလကိုတော့ ရဟန်းမဟုတ်သူ မရနိုင်ဘူး၊ ဒါကြောင့် သီလရှိတဲ့ရဟန်းဟာ ပုထုဇဉ်ပင်ဖြစ်စေ အရိယာအတွင်း ထည့်သွင်းရေတွက်ရတယ်။

ဒဟရသုတ်မှာ ဟောတဲ့မင်းသားဟာ မင်းမဟုတ်စေကာမူ တစ်ရက်ရက်မှာ မင်းဖြစ်မှာမို့ မင်းအဖြစ် ရေတွက်ရသလို ပုထုဇဉ်သံဃာဟာလည်း တစ်ရံ

http://www.dhammadownload.com



သောအခါ အရိယာဖြစ်မှာမို့ အရိယာသံဃာအတွင်း ထည့်သွင်းရေတွက်ရတယ်၊ တစ်နည်းအားဖြင့် မလျှုမီဖြစ်ပေါ်တဲ့ ပုဗ္ဗစေတနာဟာ လှူ ဆဲဒါနအချိန် မရောက်သေးသော်လည်း ဒါနအတွင်း ထည့်သွင်းရေတွက်သလို ပုထုဇဉ်သံဃာဟာ အရိယာမဖြစ်သေးသော်လည်း ပုဗ္ဗစေတနာကဲ့သို့ အရိယာသံဃာအတွင်း ထည့်သွင်းရေတွက်ရတယ်။

သို့သော်လည်း ပုထုဇဉ်ဟာ ပုထုဇဉ်ပဲ၊ ဘယ်နည်းနှင့်မှ အရိယာမဟုတ်ဘူးဆိုခဲ့လျှင်လည်း သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးမှာ သီလသိက္ခာဟာ အကြီးဆုံးဖြစ်တဲ့အတွက် သီလရှိသော ပုထုဇဉ်သံဃာဟာ အရိယာသုံးပါးမှာ ဖြစ်တဲ့ ဒက္ခိဏေယျသံဃာလို့ ပါဏိပါတစသော သရဏဂုံကို ကေန်ခံယူထိုက်တယ်လို့ ဖွင့်ပြထားတယ်၊ ဒါကြောင့် ယနေ့ ဝတ်သစ်စ သာမဏေကလေးအား သံဃာဂုဏ်ကို ရည်မှန်းရှိခိုးခြင်းဟာ အကျိုးမယုတ်ပါဘူးလို့ ဒေါ်ရီထံ ပြန်ကြားလိုက်ပါကွယ်"

"မှန်ပါ–ပြန်ကြားပါ့မယ် ဘုရား၊ အနည်းငယ် လျှောက်ထားခွင့်ပြုပါဦး"

"ဘာများ လျှောက်ထားစရာ ကျန်သေးလဲကွယ့်"

"လျှောက်ထားစရာက အခြားမဟုတ်ပါဘူး၊ ဆရာတော် အမိန့်ရှိတဲ့ ပါဏိပါတ သရဏဂုံဆိုတာက ဘယ်လိုသရဂုံမျိုးကို ဆိုလိုပါသလဲဘုရာ့"

"ပါဏိပါတ သရဏဂုံဆိုတာ သရဏဂုံလေးပါးထဲက တစ်ပါးအပါအဝင် သရဏဂုံကို ဆိုလိုတာပါကွယ့်"

"သရဏဂုံ လေးပါးကိုလည်း အမိန့်ရှိပေးပါဦး ဘုရား"

"သရဏဂုံ လေးပါးဆိုတာ–

(၁) ပါဏိပါတ သရဏဂုံ၊

(၂) သိဿဘာဝူပဂန သရဏဂုံ၊

(၃) တပ္ပရာယနတာ သရဏဂုံ၊

(၄) အတ္တသန္နိယျာတန သရဏဂုံ–ရယ်လို့ လေးမျိုးရှိတယ်ကွယ့်"

"ရှည်တယ်လို့တော့ မအောက်မေ့ပါနှင့် ဆရာတော်၊ နည်းနည်းချဲ့ပြီးတော့ အမိန့်ရှိပေးပါဦး"

"အင်း–ပြောရသေးတာပ၊ ပါဏာတ္တပါတ သရဏဂုံဆိုတာ ယနေ့ကစပြီး

http://www.dhammadownload.com



သရဏဂုံ သုံးပါးကို ဦးချရှိခိုးတယ်၊ ရတနာသုံးပါးမှတစ်ပါး အခြား ဘုရားများ၊ နတ်များကို ရှိမခိုးပါဘူးလို့ ခံယူတဲ့ သရဏဂုံကို ပါဏိပါတ သရဏဂုံလို့ ခေါ်တယ်ကွယ့်"

"ပါဏိပါတဆိုတဲ့ ပါဠိစကားဟာ မြန်မာလို ဘယ်လို အနက်ထွက်သလဲ ဘုရား"

"ပါဏိပါတဆိုတဲ့ နှစ်ပုဒ်မှာ ပါဏိက လက်ကို ဟောတယ်၊ ပါတ က ချခြင်းကို ဟောတယ်၊ လက်ကို ချခြင်းလို့ အနက်ထွက်တယ်၊ လက်ကို ချတယ် ဆိုတာ မြှောက်ချီထားတဲ့ လက်အုပ်ကို ချခြင်းကို ဆိုလိုတာပဲကွယ့်"

"သိဿဘာဝူပဂမနသရဏဂုံကို အမိန့်ရှိပါဦး"

"ရတနာသုံးပါးရဲ့ အတွင်းတပည့်အဖြစ် ဆည်းကပ်ခံယူတဲ့ သရဏဂုံကို သိဿဘာဝူပဂမနသရဏဂုံလို့ ခေါ်တယ်၊ ဝိဂြိုဟ်ရချင်သေးလျှင်– (သိဿဿ ဘာဝေါ သိဿဘာဝေါ၊ သိဿဘာဝေန ဥပဂမနံ ယံ သိဿဘာဝူပဂမနံ)လို့ လုပ်တော့တာပေါ့ကွယ်၊ အနက်ကတော့ လွယ်ပါပြီ"

"မှန်ပါ၊ သဘောပေါက်ပါပြီ၊ တပ္ပရာယန သရဏဂုံဆိုတာကို မိန့်ပါဦး"

"တပ္ပရာယနဆိုတဲ့ ပုဒ်ကို ဒီ–ဋီ ၁–မှာ (တံ ရတနတ္တယံ ပရာယနံ ပဋိသ ရဏံ ဧတဿာတိ တပ္ပရာယနော)လို့ ဖွင့်ထားတယ်၊ အနက်ကတော့ **ဧတဿ**– ထိုသရဏဂုံအား၊ **တံ ရတနတ္တယံ**– ထိုရတနာမြတ်သုံးပါးတို့၏ အပေါင်းကို၊ **ပရာယနံ**– လဲလျောင်းရာသည်၊ ပဋိသရဏံ– ကိုးကွယ်ရာသည်၊ **အတ္ထိ**– ရှိ၏၊ **ဣတိ**– ထို့ကြောင့်၊ **တပ္ပရာယနော**– တပ္ပရာယနမည်၏တဲ့ကွယ့်၊ သည်ဝိဂြိုဟ် အနက်အတိုင်း ထိုရတနာသုံးပါးသည်သာ ကိုးကွယ်ရာ, လဲလျောင်းရာ ရှိတယ်၊ ရတနာသုံးပါးမှတစ်ပါး အခြား ကိုးကွယ်ရာ, လဲလျောင်းရာ မရှိပါလို့ ခံယူတဲ့ သရဏဟုံကို တပ္ပရာယနသရဏဂုံလို့ ခေါ်တယ်ကွယ့်"


"အတ္တသန္နိယျာတန သရဏဂုံဆိုတာ မိန့်ပါဦးဘုရား"

"အတ္တဆိုတာက ခန္ဓာကိုယ်ကို ဟောတယ်၊ သန္နိယျာတန ဆိုတာက ကောင်းစွာ ဆောင်နှင်းခြင်းကို ဟောတယ်၊ ယနေ့က စပြီး မိမိခန္ဓာကို ရတနာသုံးပါးအား ဆောင်နှင်း လှူဒါန်းပြီး ခံယူတဲ့ သရဏဂုံကို အတ္တသန္နိယျာတနသရဏဂုံလို့ ခေါ်တယ်၊ သည် သရဏဂုံလေးပါးကို မူလပဏ္ဏာသ– (ဋ္ဌ) ၁၃၆ – ၁၃၇ တို့မှာ အကျယ် ဖွင့်ပြထားပါတယ်၊ သည်နေရာမှာတော့

http://www.dhammadownload.com



သည်လောက်နှင့် ဖြတ်ကြစို့နော်"
"တင်ပါ့ဘုရား"
"သာဓု-သာဓု-သာဓု"



http://www.dhammadownload.com



# အရိုးဆက်ပြဿနာ

"၁၉၊၈၄ နေ့စွဲပါတဲ့ သည်စာလွှာက မန္တလေးတိုင်း၊ ပျဉ်းမနားမြို့၊ ပြည်သူ့သကြားစက်၊ စက်မှုအလုပ်ရုံက မောင်မောင်ရဲ့ လျှောက်ထားလွှာ ဖြစ်ပါတယ် ဘုရား"

"သူ့စာမှာ ဘာများ ပါသလဲကွယ့်"

"သူ့စာမှာ ပါတာက မြတ်စွာဘုရားရဲ့အရိုးဟာ ကွင်းဆက်၊ ရဟန္တာရဲ့ အရိုးဟာ ချိတ်ဆက်၊ ပုထုဇဉ်ရဲ့အရိုးဟာ တော့ဆက်လို့ လူအများ ပြောနေကြပါတယ်တဲ့၊ သည်စကားရပ်ဟာ အမှန်တကယ် အရိုးကို ပြောနေတာလား၊ ဒါမှ မဟုတ် သစ္စာ, သမာဓိ, သဒ္ဓါ, ပညာ ခိုင်မြဲ မခိုင်မြဲကို တင်စားပြော ဆိုကြတာလားဆိုတာ သံသယရှိနေပါတယ်တဲ့၊ သည်အကြောင်း ကျမ်းရင်းကို ဖော်ပြပြီး ရှင်းလင်းပေးပါရန် လျှောက်ထားခြင်း ဖြစ်ပါတယ် ဘုရားတဲ့"

"ကွင်းဆက်, ချိတ်ဆက်, တော့ဆက်ဆိုတာဟာ တင်စားတဲ့ စကား မဟုတ်ပါဘူး၊ အမှန်တကယ် အရိုးတို့ရဲ့ ဆက်ပုံကို ပြောဆိုခြင်း ဖြစ်တယ်ကွယ့်၊ အရိုးဆက်တာဟာ သူမေးလျှောက်သလို ဘုရားမှာ ကွင်းဆက်ဆိုတာတော့ မှန်တယ်၊ ရဟန္တာမှာ ချိတ်ဆက်၊ ပုထုဇဉ်မှာ တော့ဆက်ဆိုတာတော့ မမှန်ဘူး။ သုတ်မဟာဝါ အဋ္ဌကထာ ၁၅၄–မှာ ဆိုတာက–

http://www.dhammadownload.com


ယထာ ဟိ ပကတိမဟာဇနဿ အဋ္ဌီနိ ကောဋိယာ ကောဋိံ အာဟစ္စ ဋ္ဌိတာနိ၊ ပစ္စေကဗုဒ္ဓါနံ အင်္ကုသကလဂ္ဂါနိ ဝိယ၊ န ဧဝံ ဗုဒ္ဓါနံ ပန သင်္ခလိကာ ဝိယ ကောဗဒ္ဓါနိ ဟုတွာ ဋ္ဌိတာနိ။

ဟိ–ဝိတ္ထာရယိဿာမိ၊ အကျယ်ချဲ့ဆိုပါဦးအံ့၊မဟာဇနဿ–လူအပေါင်း၏၊ အဋ္ဌီနိ–အရိုးတို့သည်၊ ကောဋိယာ–အစွန်းဖြင့်၊ ကောဋိံ–အစွန်းကို၊ အာဟစ္စ–ထိ၍၊ (ဝါ)တေ့၍၊ ဋ္ဌိတာနိယထာ–တည်ကုန်သကဲ့သို့၊ ပစ္စေကဗုဒ္ဓါနံ–ပစ္စေက ဗုဒ္ဓါတို့၏၊ အဋ္ဌီနိ–အရိုးတို့သည်၊ အင်္ကုသကလဂ္ဂါနိ ဝိယ–ချွန်းကဲ့သို့ ချိတ်ငြိကုန်သည်၊ ဟုတွာ–ဖြစ်၍၊ ဋ္ဌိတာနိယထာ–တည်ကုန်သကဲ့သို့၊ ဧဝံ တထာ–ထို့အတူ၊ ဗုဒ္ဓါနံ–ဘုရားရှင်တို့အား၊ အဋ္ဌီနိ–အရိုးတို့သည်၊ န ဋ္ဌိတာနိ–မတည်ကုန်၊ ပန–စင်စစ်သော်ကား၊ ဗုဒ္ဓါနံ–ဘုရားရှင်တို့၏၊ အဋ္ဌီနိ–အရိုးတို့သည်၊ သင်္ခလိကာနိ ဝိယ–သံခြေချင်းကဲ့သို့၊ ကော ဗဒ္ဓါနိ–တစ်ပေါင်းတည်းဖွဲ့ကုန်သည်၊ ဟုတွာ–ဖြစ်၍၊ ဋ္ဌိတာနိ–တည်ကုန်၏–တဲ့"

"အဓိပ္ပာယ်ကတော့ ပကတိသော လူသားနှင့် ရဟန္တာများရဲ့ အရိုးဟာ အရိုးတစ်ခုနှင့် တစ်ခုတေ့ပြီးတည်ကြသတဲ့၊ ရှင်ပစ္စေက ဗုဒ္ဓါတို့ရဲ့ အရိုးကျတော့ ချွန်းများလို ချိတ်ဖြစ်ပြီး ချိတ်ချင်းချိတ်ငြိပြီး တည်ကြသတဲ့၊ ဘုရားရှင်များမှာတော့ သည်လို မတည်ဘူး၊ အရိုးများဟာ သံခြေချင်းကွင်းဆက်လို တစ်ပေါင်းတည်းဖွဲ့ပြီး တည်ကြတယ်လို့ ဆိုလိုတယ်။

"လူအရိုးများ သည်လိုနေတယ်ရယ်လို့ ဘာကို အကြောင်းပြုပြီး ဖွင့်ဆိုတော်မူတာလဲဘုရား"

"သည်စကားရပ်ကို အဋ္ဌကထာမှာဖွင့်တာ နှစ်ဌာနရှိတယ်ကွယ့်၊ တစ်ဌာနက ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူခါနီး အရှင်အာနန္ဒာနှင့်အတူ ဝေသာလီပြည်မှာ ဆွမ်းခံလှည့်လည်တော်မူပြီး နံနက်ဆွမ်းဘုဉ်းပေးတော်မူတယ်၊ ဆွမ်းစားပြီးတဲ့နောက် အရှင်အာနန္ဒာကို နောက်လိုက်ပြုပြီးတော့ ဝေသာလီပြည်က ထွက်ခွာတော်မူတယ်၊ ဝေသာလီပြည်ရဲ့ အပြင်တစ်နေရာရောက်တော့ ဘုရားရှင်ဟာ ဆင်ပြောင်ကြီးပမာ ကိုယ်ကိုလှည့်ပြီး ဝေသာလီပြည်ကိုကြည့်တော်မူတယ်၊ ကြည့်တော်မူပြီး "အာနန္ဒာ–ယခုကြည့်ခြင်းဟာ ဝေသာလီပြည်ကို ငါ ဘုရား နောက်ဆုံးကြည့်ခြင်း ဖြစ်တယ်"လို့ မိန့်တော်မူတယ်"

http://www.dhammadownload.com


ငါဟာ ရှေးက ဒုသီအမည်ရှိတဲ့ မာရ်နတ်ဖြစ်ခဲ့ဖူးတယ်၊ ငါ့ရဲ့နှမကို ကာဠီလို့ခေါ်တယ်၊ သင်ဟာ ငါ့နှမ ကာဠီရဲ့သား၊ ငါ့ရဲ့ တူဖြစ်တယ်၊ ငါ မာရ်နတ်ဖြစ်စဉ်ဘဝက လောကမှာ ကကုသန်ဘုရား ထင်ရှားဖြစ်ပွင့်တော်မူတယ်၊ ကကုသန်ဘုရားရဲ့ လက်ယာတော်ရံက အရှင်ဝိဓုရတဲ့၊ လက်ဝဲတော်ရံကတော့ အရှင် သဉ္ဇီဝလို့ ခေါ်တယ်၊ ထိုအခါက ငါဟာ ဒါယကာများကို လှည့်စားပြီး ရဟန်းများကို ပြစ်မှားစေခဲ့တယ်၊ ငါ့ရဲ့လှည့်စားချက်ကြောင့် ဒါယကာများဟာ ရဟန်းများကို ပြစ်မှားကြတဲ့အတွက် ငရဲသို့ ရောက်ကြရတယ်၊ ထိုအကြောင်းကို ကကုသန်ဘုရားရှင်သိလို့ ရဟန်းများအား ဗြဟ္မစိုရ်တရား ပွားများစေတယ်၊ ထိုအခါ ငါဟာ ရဟန်းတော်များ လာဘ်များပြီး ကုသိုလ်တရား ပျက်ပြားရန် ဒါယကာများကို ပူဇော်ကြဖို့ လှည့်ပတ်ပြန်တယ်၊ ငါ့ရဲ့လှည့်ပတ်မှုကြောင့် ဒါယကာများက လှူဒါန်းကြ, ပူဇော်မှုပြုကြလို့ နတ်ပြည်၌ဖြစ်သူများကြပြန်တယ်၊ သည်အကြောင်းကို ကကုသန်ဘုရားရှင် သိတော်မူလို့ ရဟန်းများအား အသုဘကမ္မဋ္ဌာန်း စီးဖြန်းပွားများစေတယ်။

ငါဟာ မာရ်နတ်ဘဝဖြင့် ရဟန်းများအား နှိမ့်ချမှု, ချီးမြှောက်မှုတို့ဖြင့် ဖျက်ဆီးခဲ့တယ်၊ သို့သော်လည်း မအောင်မြင်ဘူး၊ တစ်ရက်တော့ ကကုသန် ရှင်တော်ဘုရားနှင့် လက်ယာတော်ရံ အရှင်ဝိဓုရတို့ဟာ ရွာတွင်းသို့ ဆွမ်းခံဝင်ခဲ့ကြတယ်၊ သည်အခါ ငါဟာ သူငယ်တစ်ယောက်ကို ဝင်ပူးကာ ကျောက်ခဲကို ကောက်ယူပြီး အရှင်ဝိဓုရရဲ့ ဦးခေါင်းကို ပစ်ထည့်လိုက်တယ်။

ငါပစ်လိုက်တဲ့ ကျောက်ခဲဒဏ်ကြောင့် အရှင်ဝိဓုရ ဦးခေါင်းကွဲပြီး သွေးများယိုစီးကျလာတယ်၊ သည်အခါ ကကုသန်ရှင်တော်ဘုရားဟာ ဤမာရ်နတ်ဟာ အတိုင်းအရှည်ကိုမသိ လို့ နှလုံးပြုပြီး ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်ကို လှည့်ပြီး ကြည့်တော်မူတယ်၊ ဘုရားရှင်ကြည့်တော်မူသည်နှင့် တစ်ပြိုင်နက် ဒုသီမာရ်နတ်ဟာ နတ်လောကမှ ရွေ့လျောပြီး ငရဲသို့ ကျရောက်တယ်”လို့ မာရတဇ္ဇနီယသုတ်မှာ ဆိုတယ်”

“သည် မာရတဇ္ဇနီယသုတ်ကလာတဲ့ (ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်ကို လှည့်ပြီး ကြည့်တယ်) ဆိုတဲ့ ပါဠိတော်ကိုလည်း မူလပဏ္ဏာသ အဋ္ဌကထာက

http://www.dhammadownload.com



သုတ်မဟာဝါ အဋ္ဌကထာနှင့် ထပ်တူထပ်မျှ အရိုးဆက် သုံးမျိုးနှင့်ပင် ဖွင့်ပြထားတယ်၊ ဒါကြောင့် အရိုးဆက် သုံးမျိုးကို ပြတာဟာ တင်စားပြီး ပြတာ မဟုတ်ပါဘူး၊ အမှန်တကယ် အရိုးများဆက်ပုံကို ပြခြင်းဖြစ်တယ် ဆိုတာ ဖြေကြားလိုက်ပါတယ်ကွယ်”

“သာဓု–သာဓု–သာဓု”

http://www.dhammadownload.com



# ဗြဟ္မစရိယပဉ္စမကသီလ, အဋ္ဌာနိယျာတန သရဏဂုံ

"ဟောသည့် စာက ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ ကျော်စိုးလင်းဆိုသူရဲ့ ထံက မေးလျှောက်လွှာ ဖြစ်ပါတယ် ဘုရား"

"ဆိုစမ်းပါဦး၊ ကျော်စိုးလင်းက ဘာတွေများ မေးထားတာတုန်းကွယ့်"

"ကျော်စိုးလင်းရဲ့ အမေးက လေးခုပါတယ် ဘုရား၊ (၁) နမတ္ထုနှင့် နမော အဘယ်က ပိုသင့်ပါသလဲ၊ (၂) ဗြဟ္မစရိယပဥ္စမက သီလအကျိုး အဘယ်မျှ ကြီးပါသလဲ၊ (၃) အဋ္ဌာနိယျာတန သရဏဂုံ၏အကျိုး၊ ၎င်းသရဏဂုံကို အိမ်ထောင်ရှင်များ ဆောက်တည်သင့် မသင့်၊ (၄) တပည့်တော် ပွားမြဲဖြစ်သော ဝင်လေ အရဟံ၊ ထွက်လေ အရဟံဟု ပုတီးမကိုင်ဘဲ ထွက်လေ, ဝင်လေကို မှတ်၍ အရဟံဂုဏ်တော်ကို ပွားများခြင်းသည် စာပေနှင့် ညီမညီ၊ ကျော်စိုးလင်းရဲ့ ဒီအမေး လေးချက် ဖြစ်ပါတယ်ဘုရား"

## နမတ္ထုနှင့် နမော

သဂါထာဝဂ္ဂသံယုတ်ပါဠိတော် စာမျက်နှာ ၄၈–မှာ စန္ဒိမာသုတ်၊ သူရိယသုတ်ရယ်လို့ သုတ်နှစ်သုတ် ပါဝင်တယ်ကွယ့်၊ သုတ်နှစ်သုတ်ရဲ့ အဓိပ္ပာယ်က လနတ်သား, နေနတ်သားတို့ကို ရာဟုအသူရိန်ဖမ်းတဲ့အခါ လနတ်သား, နေနတ်သားတို့ဟာ အလွန်ကျဉ်းကျပ်သွားကြတဲ့အတွက် ကြီးသော

http://www.dhammadownload.com



လုံ့လရှိတော်မူသော မြတ်စွာဘုရား– အရှင်ဘုရားအား ရှိခိုးခြင်းသည် ဖြစ်ပါစေ သတည်း၊ အရှင်ဘုရားသည် အလုံးစုံသော ဘေးဒုက္ခတို့မှ လွတ်မြောက်တော်မူ၏၊ တပည့်တော်သည် အကျဉ်းအကျပ်သို့ ရောက်နေပါ၏၊ ထိုတပည့်တော်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါလော့”လို့ ဘုရားထံ ရည်စူး၍ လျှောက်ထားကြတယ်၊ ဒီ အကြောင်းကို ဘုရားရှင် သိတော်မူတော့ ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကို လနတ်သား, နေနတ်သားတို့ ကိုးကွယ်ခြင်းသို့ ရောက်ကုန်၏၊ အို ရာဟု အသူရိန်– လနတ်သား, နေနတ်သားတို့ကို လွှတ်လော့၊ မြတ်စွာဘုရားတို့သည် လူနတ်တို့ကို အစဉ် သနားတော်မူကုန်၏ လို့ မိန့်တော်မူလိုက်တဲ့ အခါ ရာဟုအသူရိန်ဟာ လနတ်သား, နေနတ်သားတို့ကို လွှတ်ပြီး ဝေပစိတ္တိ အသူရိန်ထံ ပြေးသွားကာ တစ်နေရာမှာ တုန်တုန်ခိုက်ခိုက် ရပ်နေသတဲ့၊ ဒီအခါ ဝေပစိတ္တိက ရာဟု– တုန်တုန်ခိုက်ခိုက်နှင့် ဘာဖြစ်တာလဲလို့ မေးတော့ ရာဟု အသူရိန်က ငါဟာ ဘုရားရှင်ရဲ့ ဂါထာမှ အလွန်ကြောက်တယ်၊ လနတ်သား နေနတ်သားတို့ကို မလွှတ်ခဲ့လျှင် ငါ့ခေါင်း ခုနစ်စိတ်ကွဲလိမ့်မယ်၊ ဒါကြောင့် လနတ် နေနတ်တို့ကို လွှတ်ပြီး အလျင်အမြန် လာခဲ့ရပါတယ်လို့ ပြန်ပြော တယ်၊ သည် သုတ္တန်မှာ ပါဝင်တဲ့ လနတ်သား, နေနတ်သားတို့ ရွတ်ဆိုတဲ့ ဂါထာရင်းက–

**နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊**
**သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ–**

တဲ့ကွယ်။

သည်နေရာမှာ ပြောချင်တာကတော့ “နမော တေ ဗုဒ္ဓဝီရတ္ထု”ဆိုတဲ့ တစ်ဝါကျမျှပါပဲ၊ သည်တစ်ဝါကျကို တစ်ပါဒစီ အနက်ဖော်လိုက်လျှင် ဝီရ– ကြီးသော လုံ့လရှိတော်မူသော၊ ဗုဒ္ဓ– မြတ်စွာဘုရား၊ တေ– အရှင်မြတ်ဘုရားအား၊ နမော– ရှိခိုးခြင်းသည်၊ အတ္ထု– ဖြစ်ပါစေသတည်းလို့ ဖြစ်လာတယ်၊ သည်ဝါကျမှာ ပါဝင်တဲ့ ဝီရတ္ထုကို သန္ဓိပုဒ် ဖြတ်လိုက်တော့ ဝီရ– အတ္ထု ဖြစ်လာတယ်၊ အတ္ထု– ကို အနက်တွဲတော့ နမောနှင့် တွဲရတယ်၊ ဒါကြောင့် နမတ္ထုဆိုတာဟာ သန္ဓိပုဒ် ဖြတ်လိုက်လျှင် နမော–အတ္ထုဖြစ်တာမို့ နမတ္ထုနှင့် နမောဟာ ကွာခြားခြင်း မရှိ၊ အတူတူပဲလို့ ပြန်ကြားလိုက်ပါတယ်ကွယ်။

http://www.dhammadownload.com



## ဗြဟ္မစရိယပဌမက သီလ

"ဒုတိယအမေးက ဗြဟ္မစရိယ ပဌမကသီလအကျိုး အဘယ်မျှ ကြီးပါသလဲတဲ့ ဘုရား၊ အမိန့်ရှိပါဦး"

"သီလရဲ့အကျိုးကို မပြောမီ ဗြဟ္မစရိယဆိုတဲ့စကားရဲ့ အနက်အဓိပ္ပာယ်ကို ဦးစွာ ပြောကြစို့ဦးရဲ့"

"မှန်ပါ–အမိန့်ရှိတော်မူပါဘုရား"

"ဗြဟ္မစရိယဆိုတဲ့ပါဠိကို ဗြဟ္မတစ်ပုဒ်၊ စရိယတစ်ပုဒ် နှစ်ပုဒ်ခွဲလိုက်ကွယ့်၊ ဗြဟ္မဆိုတဲ့ပုဒ်က (၁) ဗြဟ္မာမင်း၊ (၂) ဘုရား၊ (၃) ပုဏ္ဏား၊ (၄) မိဘ၊ (၅) ဂဠုန်၊ (၆) မဂ်တရား၊ (၇) ဗြဟ္မာပြည်၊ (၈) ဗြဟ္မဝိဟာရတရား၊ (၉) ဗေဒင်၊ (၁၀) အကျင့်သီလ၊ (၁၁) အမြတ်၊ (၁၂) ပွားများအပ်ပြီးသော ဂုဏ်ရှိသောသူရယ်လို့ အနက် ၁၂–ပါး ဟောနိုင်ကြောင်း ပါဠိမြန်မာအဘိဓာန် အတွဲ(၁၅)၊ နှာ (၄၁၈)မှာ ဖွင့်ပြထားတယ်၊ သည် ၁၂–ပါးအနက်မှာ ယခု ဗြဟ္မစရိယမှာ ပါဝင်တဲ့ ဗြဟ္မသဒ္ဒါက အကျင့်သီလနှင့် စရိယဆိုတဲ့ပုဒ်က တော့ ကျင့်ခြင်းဆိုတဲ့ အနက်ကို ဟောတယ်၊ ပုဒ်နှစ်ခု စပ်လိုက်လျှင် သီလကို ကျင့်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်းလို့ အဓိပ္ပာယ်ရတယ်၊ ဗြဟ္မစရိယ မြတ်သောအကျင့်ကို ကျင့်တယ်ဆိုတာဟာလည်း အလွန်နယ်ကျယ်တယ်၊ ဘယ်လောက် နယ်ကျယ်သလဲဆိုတော့ သုတ် သီလက္ခန် အဋ္ဌကထာ ၁၆၀–မှာ–

> ဗြဟ္မစရိယံ ပကာသေတီတိ ဧတ္ထ ပနာယံ ဗြဟ္မစရိယသဒ္ဒေါ ဒါနေ၊ ဝေယျာဝစ္စေ၊ ပဉ္စသိက္ခာပဒသီလေ၊ အပ္ပမညာသု၊ မေထုနဝိရတိယံ၊ သ ဒါရသန္တောသေ၊ ဝီရိယေ၊ ဥပေါသထင်္ဂေသု၊ အရိယမဂ္ဂေ၊ သာသနေတိ ဣမေသွေတ္ထေသု ဒိဿတိ– လို့ ဖွင့်ပြသကွယ့်"

"မှန်ပါ–အနက်ပေးတော်မူပါဦး ဘုရား"

"အနက်ကတော့ သည်လိုကွယ့်၊ ဗြဟ္မစရိယံ ပကာသေတီတိ ဧတ္ထ– ပန–ဗြဟ္မစရိယံ ပကာသေတိဟူသော ဤပါဠ်၌ကား၊ အယံဗြဟ္မစရိယသဒ္ဒေါ–

http://www.dhammadownload.com



ဤဗြဟ္မစရိယသဒ္ဒါသည် (၁) ဒါနေ–အလှူ၌လည်းကောင်း၊ (၂) ဝေယျာဝစ္စေ–အမှုကြီးငယ်ကို ပြုခြင်း၌လည်းကောင်း၊ (၃) ပဉ္စသိက္ခာပဒသီလေ–ငါးပါးသော သိက္ခာသီလ၌လည်းကောင်း၊ (၄) အပ္ပမညာသု–အပ္ပမညာတို့၌လည်းကောင်း၊ (၅) မေထုနဝိရတိယံ–မေထုန်မှုကြဉ်၍ လည်းကောင်း၊ (၆) သဒါရသန္တောသေ–မိမိမယားလင်ဖြင့် ရောင့်ရဲခြင်း၌လည်းကောင်း၊ (၇) ဝီရိယေစ–လုံ့လဝီရိယ၌လည်းကောင်း၊ (၈) ဥပေါသထင်္ဂေသု–ဥပုသ်အင်္ဂါတို့၌လည်းကောင်း၊ (၉) အရိယမဂ္ဂေ–အရိယာမဂ်၌လည်းကောင်း၊ (၁၀) သာသနေ–သာသနာတော်၌လည်းကောင်း၊ ဣတိ–ဣမေသုအတ္ထေသု–ဤဆယ်ပါးသော အနက်တို့၌၊ ဒိဿတိ–ထင်၏တဲ့ ကွယ့်"

သည်အနက်အဓိပ္ပာယ်က ဗြဟ္မစရိယပုဒ်ကို ရသလောက် အနက်ထုတ်မည်ဆိုလျှင် (၁) အလှူပေးခြင်း၊ (၂) ဝေယျာဝစ္စပြုလုပ်ခြင်း၊ (၃) ငါးပါးသီလ၊ (၄) အပ္ပမညာတရား၊ (၅) မေထုန်ကြဉ်ခြင်း၊ (၆) မိမိမယား, လင်ဖြင့် ရောင့်ရဲခြင်း၊ (၇) လုံ့လဝီရိယ၊ (၈) ဥပုသ်အင်္ဂါ၊ (၉) အရိယမဂ်၊ (၁၀) သာသနာတော်ဆိုတဲ့ အနက် ၁၀–ပါးကို ဟောနိုင်တယ်တဲ့ကွယ့်"

"မှန်ပါ–အဲသည် အနက် ၁၀–ပါးကိုလည်း အကျယ်အမိန့်ရှိပါဦး ဘုရား"

"အကျယ်တော့ မချဲ့နိုင်ဘူး၊ တိုစိတိုစိကလေးတော့ ပြောရသေးတာပ"

"မိန့်တော်မူပါ ဘုရား"

"ဝိဓုရဇာတ်တော်မှာ ပုဏ္ဏကဘီလူးက ဝိဓုရသုခမိန်ကို နဂါးပြည်ဆောင်လို့ ရောက်သွားတော့ နဂါးပြည်ကြီးဟာ နတ်ပြည်ပမာ တင့်တယ်နေတာကိုတွေ့ရသတဲ့၊ ဒါကြောင့် ဝိဓုရသုခမိန်က "အရှင်နဂါးမင်း–ဤမျှတင့်တယ်သော နတ်ဗိမာန်ကို ဘယ်လိုအကြောင်းနှင့် ရပါသလဲ"လို့ မေးတယ်၊ နဂါးမင်းက ဤဘုံဗိမာန်ကို ရှေးကပြုဖူးတဲ့ ကောင်းမှုကံကြောင့် ရတာပါလို့ ပြန်ပြောတယ်၊ ဝိဓုရက ယခုစိုးစံရတဲ့စည်းစိမ်ဟာ အလွန်ကြီးကျယ်တယ်၊ ဤမျှကြီးကျယ်တဲ့ စည်းစိမ်ဟာ အဘယ်ကောင်းမှုကြောင့် ဖြစ်ပါသလဲလို့ မေးတယ်၊ သည်အခါ နဂါးမင်းက ငါနှင့် မိဖုရား ဝိမလဟာ အင်္ဂတိုင်း ကာလစမ္ပာနဂိုရ်မှာ လူဖြစ်စဉ်ကာလက တူညီတဲ့ သဒ္ဓါတရားဖြင့် ဒါနတည်းဟူသော ဗြဟ္မစရိယအကျင့်ကို

http://www.dhammadownload.com


ကျင့်ကြံခဲ့ကြတယ်၊ အဲသည်ကောင်းမှုကံကြောင့် သည်နဂါးပြည်မှာ မြတ်တဲ့ စည်းစိမ်ကို ရပါတယ်လို့ ပြန်ဖြေတယ်။

ဇာတကဋ္ဌကထာ (သတ္တမ) စာမျက်နှာ ၂၂၅–မှာလာတဲ့ (တံ မေဝ တံတံ ပန ဗြဟ္မစရိယံ)ဆိုတာကို ထောက်ပြီး ဗြဟ္မစရိယ သဒ္ဒါဟာ အလှူတည်းဟူသော မြတ်သောအကျင့်ကို ဟောကြောင်း သိရတယ်ကွယ့်"

## ဝေယျာဝစ္စ ဗြဟ္မစရိယ

"အမှုကြီးငယ် လုပ်ကိုင်တဲ့ ဝေယျာဝစ္စကို မြတ်သောအကျင့် (ဗြဟ္မ စရိယ) ဟောကြောင်းလည်း မိန့်တော်မူပါဦး ဘုရား"

"ပေတဝတ္ထု ပါဠိတော် ၁၅၄–၁၆၁ မှာ အင်္ကုရပေတဝတ္ထုဆိုတာ ရှိတယ်၊ အင်္ကုရဆိုတာ ဥတ္တရမဓုရတိုင်း မဟာသာဂရမင်းကြီးရဲ့သားက ဥပသာဂရတဲ့၊ ဥပသာဂရမင်းမှာ အဥ္စနဒေဝီဆိုတဲ့ သမီးတော်ရယ်၊ ဝါသုဒေဝ, ဗလဒေဝ, စန္ဒဒေဝ, သူရိယဒေဝ, အဂ္ဂိဒေဝ, ဝရုဏဒေဝ, အဇ္ဇုနဒေဝ, သဇ္ဇုနဒေဝ, ဃဋပဏ္ဍိတ, အင်္ကုရရယ်လို့ သားတော် ၁၀–ပါးရှိတယ်၊ သည် မင်းသားတစ်ကျိပ်တို့ဟာ ဇမ္ဗူဒိပ်ကျွန်း ခြောက်သောင်းသုံးထောင်သောမြို့တို့ကို အောင်မြင်တဲ့အတွက် ဒသဘာတိကမင်းသားများလို့ ထင်ရှားကြတယ်၊ ဇမ္ဗူဒိပ် တစ်ကျွန်းလုံး အောင်မြင်တဲ့အခါ ဇမ္ဗူဒိပ်ကို ၁၀–ပုံပြုပြီး ညီနောင်များ ဝေယူကြတယ်၊ ဝေယူပြီးမှ နှမတော် အဥ္စနဒေဝီကို သတိရကြတဲ့အတွက် ပြန်ပြီး ခွဲဝေကြမည့်အခါ အင်္ကုရမင်းသားက သူ့ဝေစု နှမတော်ကို ပေးပါ၊ သူ့အတွက် နောင်တော်များ အစ်မတော်များ အခွန်လွတ် ကုန်ရောင်းဝယ်ခွင့်ရလျှင် တော်ပါပြီလို့ ပြောတဲ့အတွက် အင်္ကုရမင်းသားအတွက် တိုင်းပြည်ကို နှမတော် အားပေးပြီး အင်္ကုရမင်းသားကိုတော့ သူ့ဆန္ဒအတိုင်း ကုန်ရောင်းဝယ်ခွင့် ပြုလိုက်ကြသတဲ့။

အင်္ကုရမင်းသားဟာ ကုန်ရောင်းကုန်ဝယ်ရင်း ပစ္စည်းဥစ္စာတိုးပွားလာတဲ့ အတွက် နေ့စဉ်အလှူကြီးကို ပေးလှူတယ်၊ အင်္ကုရမင်းသားရဲ့ ဘဏ္ဍာစိုးဟာ အလွန်သစ္စာကတိတည်ကြည်ပြီး အရှင်ကို လေးစားတဲ့အတွက် အင်္ကုရမင်းသား ကလည်း ဘဏ္ဍာစိုးကို အလွန်ချစ်ခင်တယ်တဲ့၊ အဲသည်ဘဏ္ဍာစိုးဟာ မယား

http://www.dhammadownload.com


ကိုယ်ဝန်အရင့်အမာရှိချိန် ကွယ်လွန်ရှာသတဲ့၊ ဖွားလာတော့ ယောကျ်ားကလေး၊ သည်ကလေးကိုလည်း အကုံရမင်းသားက သူ့အဖေ ရထိုက်တဲ့ ရိက္ခာကို ပေးတယ်၊ သူငယ် အရွယ်ရောက်တော့ အကုံရမင်းသားရဲ့ ကျွန် ဖြစ်သင့်, မဖြစ်သင့် ပြဿနာပေါ်လာတယ်၊ သည်ပြဿနာကို အစ်မတော် အဥ္စနဒေဝီထံ အဆုံးအဖြတ် ခံယူတော့ နွားမက မွေးတဲ့နွားကလေးဟာ နွားမပိုင်ရှင်နှင့်သာ သက်ဆိုင်တယ်၊ နွားထီးပိုင်ရှင်နှင့် မသက်ဆိုင်ဘူး၊ ယခု ကလေးရဲ့အဘဟာ အကုံရမင်းသားရဲ့ ကျွန်ဖြစ်စေကာမူ အမိက ကျွန်မဟုတ်တဲ့အတွက် အကုံရမင်းသားရဲ့ ကျွန်မဟုတ်ဘူးလို့ အဆုံးအဖြတ်ပေးတဲ့အတွက် သူငယ်ဟာ ကျွန်ဘဝက လွတ်သွားတယ်၊ သို့သော်လည်း သည်အရပ်မှာ နေသမျှ ကျွန်ဆိုတဲ့အမည်ဟာ ပျောက်မှာ မဟုတ်ဘူး၊ ဒါကြောင့် ကျွန်အမည် ပျောက်အောင် ရောရုဝမြို့ကို သွားပြီး အပ်ချုပ်သည်ရဲ့ သမီးနှင့် သင့်မြတ်ကာ အပ်ချုပ်အတတ်နှင့် အသက်မွေးသတဲ့။

ရောရုဝမြို့မှာလည်း အသယှသူဌေးကြီးဟာ နေ့စဉ် အလှူကြီးပေးတယ်၊ အပ်ချုပ်သမားဟာ အလှူအိမ် မသိကြတဲ့ ဖုန်းတောင်းယာစကာတို့ကို စိတ်ရင်း ကောင်းကောင်းနှင့် နေ့စဉ် လမ်းညွှန်ပြတတ်သတဲ့၊ အဲသည် ခရီးညွှန်ပြတဲ့ ကောင်းမှုကြောင့် သေသွားတော့ သဲကန္တာရအရပ် ပညောင်ပင်ကြီးမှာ ရုက္ခစိုး ဖြစ်သွားတယ်၊ တစ်ရက်မှာ အကုံရမင်းသားဟာ လှည်းငါးရာဖြင့် အရောင်းအဝယ် သွားလာရင်း ရေမရှိတဲ့ သဲကန္တာရအတွင်း မျက်စိလည် နေတယ်၊ မင်းသားနှင့်အတူ ပုဏ္ဏားကုန်သည်တစ်ယောက်လည်း လှည်းငါးရာနှင့် မျက်စိ လည်နေတယ်၊ သူတို့ကို ရုက္ခစိုးက မြင်တော့ သည်ပုဂ္ဂိုလ်ဟာ ငါ လူသားဘဝတုန်းက ကျေးဇူးရှင်ကြီး ဖြစ်တယ်၊ ငါ ကယ်မှ တော်မယ်လို့ သူနေတဲ့ ညောင်ပင်ကြီးကို ပြတယ်၊ ပညောင်ပင်ကြီးကလည်း မြစ်ပျဉ်းက တစ်ထောင်ကျော်၊ အလျား အနက တစ်ယူ ဇနာ၊ အမြင့်က တစ်ယူဇနာ ရှိသတဲ့၊ အင်မတန် ပူပြင်းတဲ့ သဲကန္တာရအတွင်းမှာ ပညောင်ပင်ကြီးဟာ မဏ္ဍပ်ကြီးလို အလွန် အေးမြနေတာပေါ့၊ မင်းသားအဖွဲ့၊ ပုဏ္ဏားအဖွဲ့သား များလည်း ပညောင်ပင်အောက်မှာ တဲထိုးပြီး အမောဖြေနေတုန်း ရုက္ခစိုးနတ် ပေါ်လာပြီး လက်ယာ ဘက်လက်ကို ဆန့်တန်းလိုက်တော့ ရေပြွန်ထဲက ရေတွေ ထွက်လာသလို လက်တွင်းက ရေတွေ တဝေါဝေါ စီးထွက်လာ

http://www.dhammadownload.com


တယ်၊ ရေငတ်ပြီး သေလုလုဖြစ်နေကြတဲ့ လူတွေ, နွားတွေဟာ ခုမှ ရေကို အားရပါးရသောက်ကြရတယ်၊ ရက္ခစိုးက သင်တို့ ဘာအလိုရှိကြသလဲလို့မေးတယ်၊ မေးပြီး လူတွေအလိုရှိတဲ့ အစားအစာ, အဝတ်အထည်တွေ လိုသလောက်ပေးတယ်၊ ဒီတော့ ပုဏ္ဏားကုန်သည်က– "သည်ရက္ခစိုးဟာ ဣစ္ဆာသယလွတ်အိတ်ကြီးပဲ၊ သူ့ကို ဖမ်းခေါ်သွားလျှင် ရချင်တာ သူ့ဆီကယူရုံပဲ၊ ဒီတော့ ကုန်ရောင်းကုန်ဝယ် အတွက် ကမ္ဗောဇကိုမသွားတော့ဘူး၊ ရက္ခစိုးကိုဖမ်းယူပြီး ဒွါရာဝတီကိုပြန်မှ ပဲ"လို့ အင်္ကုရမင်းသားနှင့် တိုင်ပင်သတဲ့။

မင်းသားက ပုဏ္ဏား–သစ်ရိပ်ခိုပြီးလျှင် သစ်ခက်မချိုးကောင်းဘူးလို့ စကားရှိတယ်၊ သူ့ကျေးဇူးကို ချေဖျက်သောအားဖြင့် သည်လို မကြံစည်သင့်ဘူးလို့ ပြောတယ်၊ သည်အကြောင်းကို ရက္ခစိုးကသိတော့ ချက်ချင်းပင် ကိုယ်ရောင် ပြပြီး "ငါ့ကို ဘယ်လူ, ဘယ်နတ်, ဘယ်ပုဂ္ဂိုလ်ကမှ မညှဉ်းဆဲနိုင်ဘူး၊ ငါဟာ လွန်ကဲတဲ့ ဣဒ္ဓိရှင်ဖြစ်တယ်၊ တစ်ဒဏ္ဍချင်း အဝေးကို သွားနိုင်တဲ့ စွမ်းအားနှင့် ပြည့်စုံတယ်"လို့ပြောတယ်၊ သည်အခါ အင်္ကုရမင်းသားက "အရှင်နတ်မင်း– အရှင့်လက်ယာလက်က လိုရာကို ပြည့်စုံစေနိုင်တဲ့အတွက် အရှင့်ကို သိကြားမင်း လို့ ထင်ပါတယ်၊ ဟုတ်ပါလား"လို့ မေးတယ်၊ ရက္ခစိုးက "ငါဟာ သိကြား လည်း မဟုတ်ဘူး၊ စာတုမဟာရာဇ်နတ်လည်း မဟုတ်ဘူး၊ အမှန်တော့ ရောရုဝမြို့မှဖြစ်လာတဲ့ တန်ခိုးကြီးတဲ့ ပြိတ္တာတစ်ဦးမျှသာဖြစ်ပါတယ်"လို့ ပြန်ပြောသတဲ့၊ "ပြိတ္တာဖြစ်ပါလျက် ဘာကြောင့် ဤမျှလောက် တန်ခိုးကြီး နေရပါသလဲ"လို့ မေးတော့ ရက္ခစိုးက "ငါဟာ ရောရုဝမြို့ အပ်ချုပ်သမားဖြစ်စဉ် ကာလက အသယှသူဌေးရဲ့ အလှူရှိရာဌာနကို လက်ညှိုးညွှန်ပြဖူးတဲ့ ဗြဟ္မ စရိယ အကျင့်မြတ်ကြောင့် ဤလို စည်းစိမ်မျိုး ရပါတယ်"လို့ ပြန်ပြောတယ်၊ သူပြန်ပြောတဲ့ ပါဠိက–

တေန ပါဏိ ကာမဒဒေါ၊ တေန ပါဏိ မဓုဿဝေါ၊
တေန မေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမှိ ဣဇ္ဈတိ–တဲ့။

အင်္ကုရ–အင်္ကုရမင်းသား၊ တေန ပုညေန–လက်ညှိုးညွှန်ပြရသော ကောင်းမှုကြောင့်၊ မေ–ငါ၏၊ ပါဏိ–လက်သည်၊ ကာမဒဒေါ–လိုရာကိုပေး စွမ်းနိုင်၏၊ တေန–ထိုကောင်းမှုကြောင့်၊ မေ–ငါ၏၊ ပါဏိ–လက်သည်၊

http://www.dhammadownload.com



မဇ္ဈေသဝေါ– ချိုမြိန်သော အရသာကို ယိုစီးစေတတ်၏၊ မေ– ငါ၏၊ တေနဗြဟ္မ စရိယေန– ဝေယျာဝစ္စဟုဆိုအပ်သော ထိုအကျင့်မြတ်ကြောင့်၊ ပါဏိမို– လက်၌၊ ပုညံ– ကောင်းမှု၏အကျိုးသည်၊ ဣဇ္ဈတိ– ပြည့်စုံလေ၏။

ဤပါဠိစကားရပ်မှာ ကိုယ်ပိုင်ဥစ္စာဟူ၍ မပါ၊ လက်ကို ညွှန်ပြကာ ပြတတ်ရုံမျှသာဖြစ်သည့် ဝေယျာဝစ္စကို ဗြဟ္မစရိယလို့ သုံးထားတယ်၊ ဒါကြောင့် ဗြဟ္မစရိယသဒ္ဒါဟာ တစ်ရံတစ်ခါ ဝေယျာဝစ္စအမှုကိုလည်း ဟောပါသတဲ့”

## ငါးပါးသီလ ဗြဟ္မစရိယ

“ငါးပါးသီလကို ဗြဟ္မစရိယ ခေါ်တယ်ဆိုတဲ့အကြောင်းလည်း အမိန့်ရှိ ပါဦးဘုရား”

“အသက်ကြီးသူ ဂုဏ်ကြီးသူများကို အရိုအသေ ပြုထိုက်တာနှင့် ပတ်သက် တဲ့ ဆင်, မျောက်, ခါ သတ္တဝါသုံးဦးအကြောင်းကို မြန်မာဖတ်စာမှာ ပါတဲ့ အတွက် သိသူများပါတယ်၊ ဇာတ်တော်ရင်းကတော့ ၅၅၀– ကေနိပါတ်နှင့် ဝိနည်း စူဠဝဂ္ဂပါဠိတော် ၃၁၀–ကပါပဲ၊ တိတ္တိရဇာတ်တော်မှာ ခါက အသက် အကြီးဆုံးဖြစ်လို့ ဆင်နှင့် မျောက်တို့ဟာ ခါရဲ့ အဆုံးအမကို နာယူကြတယ်၊ ခါက ဘယ်လို အဆုံးအမ ပေးသလဲဆိုတော့ ငါးပါးသီလ ဆောက်တည် ကျင့်သုံး ဖို့ အဆုံးအမ ပေးပါတယ်၊ ကိုယ်တိုင်လည်း ငါးပါးသီလ ဆောက်တည်တဲ့အတွက် ကွယ်လွန်သွားကြတော့ နတ်ပြည်မှာ ဖြစ်ကြတယ်၊ ခါရဲ့ အဆုံးအမ ငါးပါး သီလကို ပါဠိတော်မှာ “ဧဝံ ခေါ တံ ဘိက္ခဝေ တိတ္တိရိယံ နာမ ဗြဟ္မစရိယံ အဟောသိ”လို့ ဘုရားရှင် ဟောတော်မူတယ်၊ ဒါကြောင့် အချို့နေရာမှာ ငါးပါး သီလကို ဗြဟ္မစရိယလို့ သုံးတယ်”

## အပ္ပမညာ ဗြဟ္မစရိယ

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတဲ့ အပ္ပမညာတရား လေးပါး ကိုလည်း သုတ်မဟာဝါပါဠိ၊ မဟာဂေါဝိန္ဒသုတ်မှာ ဗြဟ္မစရိယလို့ သုံးတော်မူတယ်၊ မဟာဂေါဝိန္ဒဆိုတာ ဘုရားအလောင်းတော်ကြီးပဲ၊ အလောင်းတော်ဘဝက ဗြဟ္မာနှင့်တွေ့အောင် ကျင့်လို့ သနင်္ကုမာရဗြဟ္မာမင်းနှင့် တွေ့ရတယ်၊ ဗြဟ္မာမင်း နှင့်တွေ့တော့ ဘယ်တရားကို ကျင့်တဲ့ ပုဂ္ဂိုလ်ဟာ သေခြင်းကင်းတဲ့ ဗြဟ္မာ့ပြည်

http://www.dhammadownload.com



ကို ရောက်နိုင်ပါသလဲလို့ မေးတယ်၊ အဲဒီတုန်းက ဗြဟ္မာဖြစ်လျှင် သေခြင်းကင်းပြီ လို့ ယူဆနေကြတဲ့ ခေတ်ဖြစ်တယ်၊ ဂေါဝိန္ဒပုဏ္ဏားကမေးတော့ ဗြဟ္မာမင်းက သေခြင်းကင်းရာ ဗြဟ္မာလောကကို ရောက်လိုလျှင် ရှိသမျှပစ္စည်းကိုစွန့်ပယ်၊ မေထုန်အကျင့်ကို ရှောင်ကြဉ်ပြီး တစ်ဦးတည်း ကရုဏာစျာန်ကို ဝင်စားနိုင်ရမယ်၊ မိမိစိတ်မှာလည်း အမျက်ထွက်ခြင်း, လိုချင်ခြင်း, မာန်မူခြင်း, တွေဝေခြင်း မဖြစ်စေရဘူးလို့ ပြောတယ်။

ဗြဟ္မာမင်းရဲ့အဆုံးအမအတိုင်း ဂေါဝိန္ဒပုဏ္ဏားဟာကျင့်တယ်၊ သူ့ကို ယုံကြည်ကြတဲ့ တပည့်များကိုလည်း မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတဲ့ အပ္ပမညာတရား ပွားများဖို့ ဟောကြားတယ်၊ အဲဒီအတွက် သူ့တပည့်တွေလည်း သေလွန်တော့ ဗြဟ္မာဖြစ်ကြတယ်၊ သူလည်း ဗြဟ္မာဖြစ်တယ်၊ အဲဒီဗြဟ္မာဘဝ က အဆင့်ဆင့်ရင့်ကျက်လာခဲ့ပြီး ယခု ဘဒ္ဒကမ္ဘာမှာတော့ ဂေါတမမြတ်စွာ ဘုရားသည် ထိုအကြောင်းများကို အမှတ်ရပါသလားလို့ လျှောက်ထားတော့ ဘုရားရှင်က–

တံ ခေါ ပန မေ ပဉ္စသိခ ဗြဟ္မစရိယံ န နိဗ္ဗိဒါယ န ဝိရာဂါယ န နိရောဓာယ န ဥပသမာယ န အဘိညာယ န သမ္ဗောဓာယ န နိဗ္ဗာနာယ သံဝတ္တတိ၊ ယာဝဒေဝ ဗြဟ္မလောကူပပတ္တိယာ–

လို့ ပြန်လည်မိန့်ကြားတော်မူတယ်၊ အဓိပ္ပာယ်ကတော့ "ပဉ္စသိခနတ်သား ဂေါဝိန္ဒဖြစ်စဉ် ငါဟောကြားခဲ့တဲ့ အပ္ပမညာဗြဟ္မစရိယအကျင့်ဟာ ငြီးငွေ့ရန်၊ တပ်မက်မှုကင်းရန်၊ ရုပ်နာမ်ချုပ်ရန်၊ တပ်မက်မှုငြိမ်းရန်၊ ထူးသောဉာဏ်ဖြင့် သိရန်၊ သစ္စာကို သိရန်၊ နိဗ္ဗာန်မျက်မှောက်ပြုရန် မဖြစ်၊ ဗြဟ္မာ့ဘုံရောက်ရုံ သာ ဖြစ်တယ်လို့ဆိုလိုပါတယ်၊ ဒါကြောင့် ဗြဟ္မစရိယ သဒ္ဒါဟာ အချို့သော နေရာမှာ အပ္ပမညာတရားကို ဟောတယ်"လို့လဲသိရပါတယ်။

## မေထုန်မှ ကြဉ်ရှောင်မှု

မူလပဏ္ဏာသပါဠိတော် သလ္လေခသုတ်မှာတော့– "ပရေ အဗြဟ္မစာရီ ဘဝိဿန္တိ၊ အယမေတ္ထ ဗြဟ္မစာရီ ဘဝိဿာမာတိ"လို့ ဟောတော်မူထားတယ်၊ အဓိပ္ပာယ်ကတော့ "အခြားသူတို့သည် မမြတ်သော မေထုန်အကျင့်ကို ကျင့်တတ်

http://www.dhammadownload.com



သူတို့ဖြစ်ကြသော်လည်း ငါမူကား ဤအရာ၌ မေထုန်အမှုကို ကြဉ်သော မြတ်သော အကျင့်ကို ကျင့်တတ်သူတို့ ဖြစ်ကြကုန်အံ့”လို့ ဆိုလိုတယ်၊ ဒါကြောင့် မမြတ်သော မေထုန်မှုမှ ကြဉ်ရှောင်ခြင်းကိုလည်း ဗြဟ္မစရိယလို့ ခေါ်ဆိုပါတယ်။

## မိမိသားမယား၌ ရောင့်ရဲခြင်း

၅၅၀-ဒသကနိပါတ်၊ မဟာဓမ္မပါလ ဇာတ်တော်မှာတော့ “ငါတို့ဟာ မိမိမယားကို လွန်ပြီး တစ်ပါးသော မိန်းမများနှင့် မှားယွင်းခြင်းလည်း မရှိဘူး၊ ငါတို့ရဲ့ မယားများကလည်း မိမိလင်ကို လွန်ပြီး ယောကျ်ားတစ်ပါးနှင့် မှားယွင်း ခြင်းလည်း မရှိဘူး၊ ဤသို့ သူ့လင် သူ့မယားတို့မှ ကြဉ်ကြကုန်၍ ဗြဟ္မစရိယ အကျင့်ကို ကျင့်ခဲ့ကြတယ်၊ ဒီလို ကာမေသုမိစ္ဆာစာရကံက ကြဉ်လေ့ ရှိတဲ့အတွက်ကြောင့် ငါတို့အမျိုးမှာ ငယ်ငယ်ရွယ်ရွယ်နှင့် သေသူမရှိဘူးလို့ ပြဆိုထားတဲ့အတွက် မိမိမယား၊ လင်မျှဖြင့် ရောင့်ရဲတဲ့အကျင့်ကိုလည်း ဗြဟ္မစရိယလို့ ခေါ်တယ်။

## လုံ့လဗြဟ္မစရိယ

မဇ္ဈိမ၊ ၁၊ လောမဟံသနသုတ်မှာတော့ စတုရင်္ဂသမန္နာဂတံ ဗြဟ္မစရိယံ ရယ်လို့ လေးပါးသောအင်္ဂါနှင့် ပြည့်စုံတဲ့ လုံ့လဝီရိယကို ဗြဟ္မစရိယလို့ ဟောတယ်။

## ရှစ်ပါးသီလဗြဟ္မစရိယ

နေမိဇာတ်မှာတော့-

“ဟီနေန ဗြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။
မဇ္ဈိမေန စ ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။

ရှစ်ပါးသီလကို အညံ့စား ဆောက်တည် ကျင့်သုံးလျှင် မင်းမျိုးမှာ ဖြစ်နိုင်တယ်၊ အလယ်အလတ် ဆောက်တည် ကျင့်သုံးနိုင်လျှင် နတ်ဖြစ်နိုင်တယ်၊ အမြတ်ဆုံး ကျင့်သုံး ဆောက်တည်နိုင်လျှင် ကိလေသာက စင်ကြယ်နိုင်တယ်ရယ်လို့ (ရှစ်ပါးသီလ)ကို (ဗြဟ္မစရိယ)အဖြစ် ဟောတော်မူထားတယ်။

http://www.dhammadownload.com



## မဂ္ဂင်ဗြဟ္မစရိယ

မဟာဂေါဝိန္ဒသုတ်မှာတော့ အရိယမဂ်တည်းဟူသော ဗြဟ္မစရိယသည်သာ စင်စစ် ငြီးငွေ့ရန်၊ တပ်မက်ခြင်းကင်းရန်၊ ရုပ်နာမ်ချုပ်ငြိမ်းရန်၊ ကိလေသာငြိမ်းရန်၊ ထူးသောဉာဏ်ဖြင့်သိရန်၊ သစ္စာလေးပါးကို သိရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်တယ်ရယ်လို့ မဂ္ဂင်ရှစ်ပါးတရားကို ဗြဟ္မစရိယလို့ ဟောတော်မူပြန်တယ်။

## သာသနာတော် ဗြဟ္မစရိယ

သုတ်ပါထိက ပါသာဒိကသုတ်မှာတော့ သိက္ခာသုံးပါးတို့ဖြင့် ရေတွက်အပ်သော အလုံးစုံသော သာသနာတော်ကို ဗြဟ္မစရိယလို့ ဟောတယ်၊ ဣတိဝုတ် အဋ္ဌကထာ ၁၃၀၊ မူလပဏ္ဏာသ အဋ္ဌကထာ ၃၄၆–တို့မှာလည်း ဒီလိုပင်ဗြဟ္မစရိယသဒ္ဒါရဲ့အနက်ကို ဖွင့်ပြတယ်၊ သည်ဗြဟ္မစရိယ သဒ္ဒါရဲ့ အနက် ၁၀–ပါးထဲက ကျော်စိုးလင်းရဲ့အမေးမှာ ပါဝင်တဲ့ (ဗြဟ္မစရိယ ပဉ္စမကသီလ)ဆိုတာ ရိုးရိုးငါးပါးသီလအတွင်းက ကာမေသုမိစ္ဆာစာရမှမက (ဗြဟ္မစရိယန္တိမေထုနဝိရတိ)လို့ အင်္ဂုတ္တရအဋ္ဌကထာဖွင့်ပြတဲ့ မေထုန်မှုမှ ရှောင်ကြဉ်ခြင်းကို ထည့်သွင်းပြီးဆောက်တည်ထားတဲ့ သီလကို ဆိုလိုရင်း ဖြစ်တယ်။

မိမိမယားလင်မျှဖြင့် ရောင့်ရဲတင်းတိမ်ခြင်းပါဝင်တဲ့ ရိုးရိုး ငါးပါးသီလရဲ့ အကျိုးပင်လျှင် အလွန်ကြီးမားပါတယ်၊ ထေရာပဒါနပါဠိတော် တိဘူတိဝဂ်မှာ ပါဝင်တဲ့ ပဉ္စသီလသမာဒါနိယထေရ်ဟာ အနောမဒဿီမြတ်စွာဘုရားရှင် လက်ထက် နိသဘမထေရ်ရဲ့ထံမှာ ရိုးရိုးငါးပါးသီလဆောက်တည် ကျင့်သုံးခဲ့ရုံမျှဖြင့် သေခါနီးနီး နတ်ပြည်က နတ်မြင်းတစ်ထောင်ကတဲ့ နတ်ရထားဆိုက်ပြီး တာဝတိံသာနတ်ပြည်ကို လိုက်ပါသွားရတယ်၊ သိကြားမင်းအကြိမ် ၃၀– ဖြစ်တယ်၊ စကြဝတေးမင်း ၇၅–ကြိမ်ဖြစ်တယ်၊ ယခုဘုရားရှင်ပွင့်တော်မူတော့ ဝေသာလီပြည် မဟာသာလမျိုးမှာဖြစ်တယ်၊ မိဘနှစ်ပါးတို့ဟာ ဗုဒ္ဓဘာသာဖြစ်ကြလို့ ဝါဆိုခါနီးအချိန် ငါးပါးသီလကိုဆောက်တည်ကြတယ်၊မိဘများငါးပါးသီလ ခံယူသံကို ကြားရုံနှင့်ပင် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်သတဲ့၊ ဒီအချိန်မှာ မထေရ်ဟာ ၅–နှစ်သားမျှသာရှိသေးတယ်၊ သို့သော်လည်း သူ့ရဲ့ အရဟတ္တဖိုလ်ဂုဏ်ကြောင့် ဘုရားရှင်က ရဟန်းအဖြစ် ချီးမြှောက်ပေးတော်မူပါသတဲ့။

http://www.dhammadownload.com



ငါးပါးသီလအကျိုးနှင့် ပတ်သက်ပြီး အဲဒီမထေရ်မြတ်က ဘယ်လိုဟော ခဲ့သလဲဆိုတော့ "ငါဟာ ငါးပါးသီလအစွမ်းကြောင့် လူနတ်စည်းစိမ်ကို အကြိမ်ကြိမ်ခံစားခဲ့တယ်၊ အဲသည်စည်းစိမ်တွေကို ကမ္ဘာကုဋေပတ်လုံး ပြောကြား နေသော်လည်း တစ်စိတ်တစ်ဒေသမျှသာ ပြောနိုင်မယ်၊ အပြည့်အစုံမပြောနိုင် ဘူးတဲ့၊ ငါဟာ ငါးပါးသီလကို စောင့်ရှောက်ခဲ့လို့ ချမ်းသာသုံးပါးကို ရတယ်၊ ဖြစ်ရာဘဝမှာ သက်တမ်းရှည်တယ်၊ စည်းစိမ်ဥစ္စာပေါများတယ်၊ မြတ်သော ပညာရှိတယ်၊ ငါးပါးသီလအကျိုးကြောင့် အနှောင်အဖွဲ့အားလုံးက ယခုလွတ် ရတယ်"လို့ ဟောတော်မူသွားတယ်။

ဒါကြောင့် ရိုးရိုးငါးပါးသီလရဲ့ အကျိုးပင်လျှင် အလွန်ကြီးမားပါတယ်၊ ဗြဟ္မစရိယထည့်ပြီးကျင့်သုံးရတဲ့ အကျိုးကတော့ အထူးပြောစရာမလိုအောင် ကြီးမားပါတယ်၊ မူလပဏ္ဏာသ ၅၅–မှာ–

> အဗြဟ္မစာရိဿ ပုရိသပုဂ္ဂလဿ အဗြဟ္မစရိယာ ဝေရမဏီ ဟောတိ ပရိနိဗ္ဗာနာယ–

လို့ဟောထားတယ်၊ မမြတ်သော မေထုန်အကျင့်ကို ကျင့်တတ်သော ပုဂ္ဂိုလ်အား မမြတ်သောမေထုန်အကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းသည် ထက်ဝန်းကျင် ကိလေသာရန်ဘေး ငြိမ်းအေးရန်ဖြစ်တယ်လို့ ဟောတော်မူထား ပါတယ်၊ ဒါကြောင့် ဗြဟ္မစရိယပဉ္စမကသီလရဲ့ အကျိုးဟာ နိဗ္ဗာန်ကို လျင်မြန် စွာ မျက်မှောက်ပြုနိုင်သည်အထိ အကျိုးကြီးကြောင်း ပြောပြလိုက်ပါတယ်"

"မှန်လှပါ–ဗြဟ္မစရိယပဉ္စမကသီလနှင့် ပတ်သက်ပြီး ယခုလို ကျယ်ကျယ် ပြန့်ပြန့်သိရသည့်အတွက် အလွန်ဝမ်းသာလှပါတယ်ဘုရား၊ တတိယပုစ္ဆာ ကိုလည်း အဖြေပေးတော်မူပါဦး ဘုရား"

## အတ္တသန္နိယျာတန သရဏဂုံ

"တတိယအမေးပုစ္ဆာက ဘာတဲ့လဲကွယ်"

"အတ္တသန္နိယျာတန သရဏဂုံ၏အကျိုးနှင့် ၎င်းသရဏဂုံကို အိမ်ထောင်ရှင် များ ဆောက်တည် သင့်–မသင့်ပါတဲ့ ဘုရား"

"အတ္တသန္နိယျာတန သရဏဂုံနှင့်ဆက်စပ်ပြီး ဦးစွာ သရဏဂုံ လေးပါးကို ပြောပြဦးမယ်နော်"

http://www.dhammadownload.com



"မှန်ပါ၊ မိန့်တော်မူပါ ဘုရား"

"ဘုရား, တရား, သံဃာ ရတနာသုံးပါးကို အမြဲမပြတ် ကိုးကွယ်ယုံကြည် ဆည်းကပ်တာကို သရဏဂုံခေါ်ကြောင်းတော့ သိမှာပေါ့"

"မှန်ပါ၊ သိပါတယ် ဘုရား"

"ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ သရဏဂုံက လေးမျိုးရှိတယ်ကွယ့်"

"မိန့်တော်မူပါ ဘုရား"

"သရဏဂုံလေးပါးဆိုတာ (၁) အတ္တသန္နိယျာတန သရဏဂုံ၊ (၂) တပ္ပရာယန သရဏဂုံ၊ (၃) သိဿဘာဝူပဂမန သရဏဂုံ၊ (၄) ပါဏိပါတ သရဏဂုံတို့ ဖြစ်ကြတယ်။

(၁) အတ္တသန္နိယျာတန သရဏဂုံဆိုတာ မိမိရဲ့ ခန္ဓာကိုယ်ကို ရတနာ သုံးပါးအား စွန့်လှူဆည်းကပ်တဲ့ သရဏဂုံဖြစ်တယ်၊ အဲဒီသရဏဂုံကို "အဇ္ဇ အာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိ" လို့ သီဆိုပြီး ခံယူဆောက်တည်ရတယ်။

(၂) တပ္ပရာယတန သရဏဂုံဆိုတာ ရတနာသုံးပါးမှ တစ်ပါး ငါ့မှာ ကိုးကွယ်ရာမရှိ၊ ရတနာသုံးပါးသည်သာ ငါ၏ ကိုးကွယ် လဲလျောင်း ပုန်းအောင်း မှီခိုရာဖြစ်တယ်လို့ ဆည်းကပ်ကိုးကွယ် ခြင်းဖြစ်တယ်၊ အဲဒီ သရဏဂုံကို "အဇ္ဇ အာဒိံ ကတွာ အဟံ ဗုဒ္ဓဿ ပရာယနော၊ ဓမ္မဿ ပရာယနော၊ သံဃဿ ပရာယနော" လို့ သီဆိုပြီး ခံယူဆောက်တည်ရတယ်။

(၃) သိဿဘာဝူပဂမန သရဏဂုံဆိုတာ ရတနာသုံးပါးကို ဆရာသမား အဖြစ် ဆည်းကပ်ကိုးကွယ်တဲ့ သရဏဂုံဖြစ်တယ်၊ သရဏဂုံ ဆောက်တည်ပုံကတော့ "အဇ္ဇ အာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ အန္တေဝါသိကော၊ သံဃဿ အန္တေဝါသိကော" လို့ မြွက်ဆိုပြီး ခံယူဆောက်တည်ရတယ်။

http://www.dhammadownload.com



(၄) ပါဏိပါတ သရဏဂုံဆိုတာ ချိမိုးထားသော လက်အုပ်ကိုချပြီး ဆည်းကပ်ကိုးကွယ်တဲ့ သရဏဂုံဖြစ်တယ်၊ ခံယူတည်ဆောက်ပုံကတော့ "အဇ္ဇ အာဒိံ ကတွာ အဟံ ဗုဒ္ဓဿ၊ ဓမ္မဿ၊ သံဃဿ အဘိဝါဒန် ပစ္စုပ္ပဋ္ဌာန် အဉ္ဇလိကမ္မံ သာမိစိကမ္မံ ကရောတိ"လို့ သိဆိုပြီး ခံယူဆောက်တည်ရတယ်။

သည်သရဏဂုံ လေးပါးထဲမှာ "ကမ္မဋ္ဌာနာယောဂိနော ဝိယ အတ္တာသန္နိယျာတနေန ဝါ"လို့ ခုဒ္ဒကပါဌ် အဋ္ဌကထာ ၇–မှာ ပြထားတဲ့အတိုင်း အတ္တာသန္နိယျာတနသရဏဂုံဟာ များသောအားဖြင့် ကမ္မဋ္ဌာန်းအလုပ်အားထုတ်မည့် ပုဂ္ဂိုလ်များ ဆောက်တည်တဲ့ သရဏဂုံ ဖြစ်တယ်၊ သရဏဂုံ လေးမျိုးအတွင်းမှာလည်း မိမိခန္ဓာကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းလှူဒါန်းထားတဲ့အတွက် အင်မတန် အင်အားအကြီးမားဆုံးသော သရဏဂုံဖြစ်တယ်၊ ဒါကြောင့် အတ္တာသန္နိယျာတန သရဏဂုံဟာ ယခုဘဝ၌ပင် မဂ်ဖိုလ်အကျိုးကို ပေးနိုင်သော ကြီးမားသော အကျိုးရှိပါတယ်၊ အိမ်ထောင်သည်များ မဆောက်တည်သင့်လို့ တားမြစ်ခြင်း မရှိတဲ့အတွက် အိမ်ထောင်ရှင်များလည်း ကောင်းမွန်စွာ ကျင့်သုံး ဆောက်တည်နိုင်ကြောင်း အဖြေပေးလိုက်ပါတယ်"

"မှန်ပါ၊ သည်အဖြေကို သဘောကျပါပြီ၊ စတုတ္ထအမေးကို အဖြေပေးတော်မူပါဦး"

## ထွက်လေ အရဟံ ဝင်လေ အရဟံ

"စတုတ္ထအမေးက ဘာတဲ့တုန်းကွယ့်"

"စတုတ္ထအမေးက ပုတီးမကိုင်ဘဲ ထွက်လေကို အရဟံ၊ ဝင်လေကို အရဟံလို့ ပွားခြင်းဟာ စာပေနှင့် ညီမညီ သိလိုပါသတဲ့ ဘုရား"

"တရားနဲ့ပတ်သက်ပြီး "ဧကော ဓမ္မော"ဆိုတာ ကြားဖူးမှာပေါ့၊ ဧကော ဓမ္မောဆိုတာ တရားအားထုတ်သူဟာ အာရုံတစ်ခုတည်းသာ အားထုတ်ရမယ်၊ အာရုံမပြားစေရဘူးလို့ ဆိုလိုတယ်၊ အာရုံပြားခဲ့လျှင် သမာဓိမရဘူး၊ သမာဓိ မရလျှင် ယထာဘူတဉာဏ်မဖြစ်ဘူးလို့ ကျမ်းများမှာ ပြဆိုထားတယ်ကွယ့်၊ ယခု မောင်ကျော်စိုးလင်း အားထုတ်တာက ထွက်လေ–ဝင်လေဆိုတဲ့ အာနာပါနာ

http://www.dhammadownload.com



နုသယတိလည်းပါတယ်၊ အရဟံဆိုတဲ့ ဗုဒ္ဓါနုသယတိလည်းပါနေတယ်၊ ဒါကြောင့် ဇကော ဓမ္မောမဖြစ်ဘူး၊ သို့သော် ကာမာဝစရ ကုသိုလ်တော့ရပါတယ်၊ အချည်းနှီး တော့ မဖြစ်ပါဘူး၊ ဇကော ဓမ္မောမဖြစ်လို့ သမာဓိမရ၊ သမာဓိမရလို့ ယထာ ဘူတဉာဏ်မဖြစ်၊ ယထာဘူတဉာဏ်မဖြစ်လို့ နိဗ္ဗိဒါဉာဏ်မဖြစ်၊ နိဗ္ဗိဒါ ဉာဏ်မဖြစ်လို့ အရိယမဂ်ဉာဏ်မဖြစ်၊ အရိယမဂ်ဉာဏ်မဖြစ်လို့ အရဟတ္တဖိုလ် မဖြစ်၊ အရဟတ္တဖိုလ်မဖြစ်လို့ ဝိမုတ္တိဉာဏဒဿနဉာဏ်မဖြစ်၊ ဝိမုတ္တိဉာဏ ဒဿနဉာဏ်မဖြစ်သောကြောင့် အနုပါဒါပရိနိဗ္ဗာန် မဝင်စံနိုင်ဟု အင်္ဂုတ္တရ ဒသကနိပါတ်က ပြဆိုတယ်လို့ အဖြေပေးလိုက်ပါတယ်ကွယ်”

“မှန်ပါ ဘုရား”

“သာဓု–သာဓု–သာဓု”



http://www.dhammadownload.com



# ဥပုသ်သည်များနှင့် စပ်သော ပြဿနာလေးရပ်

"ဟောသည်စာက ကသာမြို့၊ ဇေယျာကျောင်း ဦးကေသရထံက မေးလျှောက်တဲ့ စာဖြစ်ပါတယ် ဘုရား"

"ဦးကေသရက ဘာတွေများ လျှောက်ထားတုန်းကွယ့်"

"ဦးကေသရရဲ့စာမှာ အမေးလေးချက်ပါပါတယ် ဘုရား၊ ပထမအမေးက ဘုန်းကြီးကျောင်းမှာ သင်္ကန်းအဟောင်းအစုတ်များကို လူသားများ လက်သုတ်လက်နှီး လုပ်သင့်မလုပ်သင့်ပါ ဘုရား၊ ဒုတိယအမေးက ကျောင်းကို ဥပုသ်သည်များ ဥပုသ်စောင့်စဉ် ရဟန်းတော်များက ဆွမ်းခဲဖွယ်သောဇဉ်များ ကျွေးသင့်မကျွေးသင့်ပါဘုရား၊ တတိယအမေးက ဥပုသ်သည်ဟာ ကြက်ဥဘဲဥများကို ကိုယ်တိုင်ဖောက်ခွဲခဲ့သော် သီလ ပျက်–မပျက်ပါဘုရား၊ စတုတ္ထအမေးက သံဃိကပစ္စည်းတစ်ခုခုကို ဝယ်ယူသုံးဆောင်လျှင် အပြစ်ဖြစ် မဖြစ်ပါ ဘုရား၊ သည်အမေးလေးပါးကို အများပြည်သူများ ဖတ်ရှုလေ့လာနိုင်အောင် ဓမ္မဗျူဟာမှ တစ်ဆင့် ဖြေကြားပေးတော်မူပါလို့ ဦးကေသရက လျှောက်ထားပါတယ်ဘုရား"

"အမေးလေးမျိုးဆိုတော့ အဖြေကို တိုစိတိုစိပဲဖြေနိုင်မယ်၊ အကျယ်တော့ မဖြေနိုင်ဘူးကွယ့်"

"မှန်ပါ၊ တိုတိုနှင့်ထိထိဖြေတာကိုပဲ ပိုကြိုက်ပါတယ် ဘုရား"

http://www.dhammadownload.com


"သည်လိုဆို ပထမအမေးကို ဖြေကြစို့ရဲ့"

"ဖြေတော်မူပါ ဘုရား"

## သက်န်းစုတ်ကို လက်နှီးမလုပ်သင့်

"ဘုရားရှင်ရဲ့ သပိတ်, သင်္ကန်း, တောင်ဝှေး, ရေစစ် စတဲ့ အသုံးအဆောင်တွေဟာ လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ကိုးကွယ်ရာ ပရိဘောဂစေတီထိုက်တယ်၊ စေတီဆိုတာ (စယိတဗ္ဗံ ပူဇေတဗ္ဗန္တိ စေတိယံ)လို့ ခုဒ္ဒကပါဌ၊ ဋ္ဌ၊ နိဓိကဏ္ဍသုတ်မှာ ဆိုတဲ့အတိုင်း ပူဇော်အပ်တဲ့အတွက် စေတီလို့ခေါ်ရတယ်၊ ပူဇော်အပ်တယ်ဆိုတာ လူနတ်ဗြဟ္မာတို့ရဲ့ ပူဇော်ခြင်းကို ခံထိုက်တယ်၊ ပူဇော်သူကို လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးစွမ်းနိုင်တယ်လို့ ဆိုလိုတယ်၊ ဒါကြောင့် စေတီထိုက်သောအရာဝတ္ထုကို မလေးမစားမပြုထိုက်ဘူး၊ မလေးမစားပြုခဲ့လျှင် အပြစ်ထိုက်တယ်၊ မလေးမစားပြုမှုတာကို မဆိုထားနှင့် ပေတဝတ္ထုမှာ ဓာတုစေတီဖြစ်တဲ့ ဓာတ်တော်ကို အပြစ်ဆိုမိရုံနှင့် အပါယ်လားကြောင်း အတိအလင်းဖော်ပြထားတာရှိတယ်။

ဘုရားရှင်ရဲ့အသုံးအဆောင် မှန်သမျှဟာ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးအတွက် စေတီထိုက်သလို ရဟန်းသံဃာတော်အရှင်သူမြတ်တို့ရဲ့ အသုံးအဆောင်မှန်သမျှဟာလည်း လူသားများအတွက် စေတီထိုက်တယ်၊ ရဟန်းတော်များရဲ့ သင်္ကန်းစုတ်ရယ်လို့ မထီမဲ့မြင် မပြုကောင်းဘူး၊ သင်္ကန်းကိုရှိသေလျှင် သံဃာကိုရှိသေသလို အကျိုးရှိတယ်၊ သည်အကြောင်းနှင့်ပတ်သက်ပြီး ထေရဂါထာ၊ ဋ္ဌ၊ ပ၊ ၉၇–ကလာတဲ့ ဂေါသာလမထေရ်ဝတ္ထုကို ပြောပြဦးမယ်"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

"လွန်ခဲ့တဲ့ ၉၁–ကမ္ဘာအထက်က ဥဒင်္ဂဏအမည်ရှိတဲ့ တောင်တစ်တောင်မှာ ရှင်ပစ္စေကဗုဒ္ဓါတစ်ပါး သီတင်းသုံးစံနေတော်မူတယ်၊ တစ်ရက်တော့ ရှင်ပစ္စေကဗုဒ္ဓါရဲ့ ပံ့သကူသင်္ကန်းဟာ ဝတ်မရအောင် စုတ်ပြတ်နေတဲ့အတွက် သည်သင်္ကန်းကို လူမိုက်များ မနင်းမိအောင် သစ်ပင်တစ်ပင်ရဲ့ အကိုင်းပေါ်တင်ထားခဲ့သတဲ့၊ သည်အချိန်မှာ အမျိုးကောင်းသားတစ်ဦးဟာ ကိစ္စတစ်ခုနှင့် တောတွင်းလာရင်း အကိုင်းမှာချိတ်ထားတဲ့ သင်္ကန်းစုတ်ကြီးကို မြင်သတဲ့၊ သင်္ကန်းကိုမြင်လျှင်ပင်

http://www.dhammadownload.com



သည်သင်္ကန်းဟာ ရဟန်းတော်များဝတ်ဆင်ပြီး ကိလေသာအညစ်အကြေးများကို ကင်းစင်အောင် ဆေးလျှော်တော်မူတယ်၊ သင်္ကန်းဆိုတာ အရဟတ္တဖိုလ်ရဲ့ တံခွန်အောင်လံလည်းဖြစ်တယ်၊ လူနတ်ဗြဟ္မာသတ္တဝါတို့ ဦးတိုက်ပူဇော်ထိုက်တဲ့ အဝတ်မျိုးလည်း ဖြစ်တယ်၊ သည်သင်္ကန်းကို ငါဘာဖြင့် ပူဇော်ရပါ့မလဲလို့ ဟိုဟိုသည်သည်ကြည့်လိုက်တော့ တစ်နေရာမှာ ပါဋ္ဌိဘာသာအားဖြင့် ကိင်္ကဏိပုပ္ဖ ခေါ်တဲ့ ပန်းဆွဲလွဲတွေ နီနီရဲရဲပွင့်နေတာကိုမြင်သတဲ့၊ အဲဒါကြောင့် ဝမ်းမြောက်ဝမ်းသာစွာ ပန်းဆွဲလွဲသုံးခိုင်ကို ဆွတ်ယူပြီး သင်္ကန်းပေါ်တင်တယ်၊ ပြီးတော့ ကြည်ညိုတဲ့သဒ္ဓါစိတ်ဖြင့် ရှိခိုးကော်ရော်ပူဇော်တယ်၊ အဲသည်ကောင်းမှုကြောင့် ထိုအမျိုးသားကွယ်လွန်တော့ တာဝတိံသာမှာ နတ်ဖြစ်တယ်၊ နတ်ဘဝကစုတေတော့လည်း ၉၁–ကမ္ဘာပတ်လုံး အပါယ်လေးပါးကို တစ်ကြိမ်တစ်ခါမျှ မလားခဲ့ဘူးတဲ့၊ သည်အကြောင်းကို–

ဧကနဝုတေ ဣတော ကပ္ပေ၊ ယံ ကမ္မမကရိံ တဒါ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပူဇိတွာ အရဟဒ္ဓဇံ–

လို့ ထေရ၊ ဋ္ဌ၊ ပ၊ ၉၈–မှာ အတိအလင်း ဖော်ပြထားတယ်ကွယ့်”

“မှန်ပါ–အနက်ဖော်ပေးပါဦး ဘုရား”

“အနက်ကတော့ သည်လိုကွယ့်၊ ဣတော–ဤဘဒ္ဒကမ္ဘာမှ၊ တဒါ ဧကနဝုတိကပ္ပေ–ထို၉၁–ကမ္ဘာထက်၌၊ ယံ ကမ္မံ–အကြင်ကုသိုလ်ကံကို၊ အဟံ–ငါသည်၊ အကရိံ–ပြုခဲ့ဖူးပြီ၊ အရဟဒ္ဓဇံ–အရဟတ္တဖိုလ်၏ တံခွန်အောင်လံသဖွယ်ဖြစ်သော သင်္ကန်းကို၊ ပူဇိတွာ–ပူဇော်ရခြင်းကြောင့်၊ ဒုဂ္ဂတိံ–ဒုဂ္ဂတိဘဝကို နာဘိဇာနာမိ–မသိခဲ့ရဖူးပါတဲ့၊ စွန့်ပစ်တဲ့သင်္ကန်းစုတ်ကို ပူဇော်တဲ့ကောင်းမှုကြောင့် အပါယ်ဘေးက ကင်းဝေးခဲ့ပြီး ယခု ဘုရားရှင်လက်ထက်ရောက်တော့ မဂဓတိုင်းမှာ ချမ်းသာကြွယ်ဝတဲ့အမျိုးမှာ ဖြစ်လာတယ်၊ အမည်ကတော့ (ဂေါသာလ)တဲ့ကွယ်၊ ဂေါသာလဟာ တစ်ကုဋေတန် နားဝတ်တန်ဆာကို ဆင်ရတဲ့အတွက် ကောဋိကဏ္ဏအမည်ရတဲ့ သောဏသူဌေးသားနှင့် အလွန်ချစ်ကျွမ်းဝင်ကြသတဲ့၊ အရွယ်ရောက်လာတော့ သောဏသူဌေးသားက သာသနာတော်တွင်းမှာ ရဟန်းပြုတယ်၊ သူငယ်ချင်း သောဏ ရဟန်းပြုတာနှင့်ပင် သောဏကိုအားကျပြီး သူလည်း သင်္ကန်းဝတ်တယ်၊ သင်္ကန်းဝတ်ပြီး

http://www.dhammadownload.com



တခြားမသွားဘဲ ရွာအနီးကျောင်းမှာ နေတယ်၊ ဆွမ်းခံတော့ တခြားမှာမခံဘူး၊ မယ်တော်ကြီးအိမ် ဆွမ်းခံတယ်၊ တစ်နေ့တော့ မယ်တော်ကြီးက မွှန်မြတ်တဲ့ နို့ဃနာဆွမ်းစီရင်ပြီး လှူလိုက်တယ်၊ ဂေါသာလထေရ်ဟာ မယ်တော်လှူလိုက်သော နို့ဃနာကိုဆောင်ယူခဲ့ပြီး အရိပ်၊ ရေနှင့်ပြည့်စုံတဲ့ ဝါးပင်အောက်မှာ ဘုဉ်းပေးသတဲ့။

နို့ဃနာဆွမ်းဟာ အာဟာရဓာတ်အပြည့်အဝပါတာမို့ စားရင်းစားရင်း အားအင်တွေ ပြည့်ဖြိုးလာတယ်၊ သည်အခါမှာ အကြံဖြစ်လာသတဲ့၊ မယ်တော်ကြီးဟာ ငါ့အား မွှန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်များကို လှူဒါန်းတယ်၊မယ်တော်ကြီးရဲ့ ကျေးဇူးကို ဆပ်ရအောင် ယခုပင် ငါတရားအားထုတ်မယ်၊ တရားထူးမရသမျှ သည်နေရာက ငါ မထတော့ဘူးလို့ အဓိဋ္ဌာန်ပြီး ဝိပဿနာတရားပွားများခဲ့ရာ မကြာမီ အာသဝေါကုန်ခန်း ရဟန္တာဖြစ်တော်မူသွားသတဲ့။

သည်ဂေါသာလဝတ္ထုကို ထောက်ထားပြီး သက်န်းဆိုတာ စုတ်ပြတ်ပြီး နေသော်လည်း လူသားများအတွက် ပရိဘောဂစေတီထိုက်နေသေးတယ်၊ မထိမ့်မြင် မပြုကောင်းဘူး၊ မထိမ့်မြင်ပြုခဲ့လျှင် အပြစ်ဖြစ်တတ်တယ်၊ ဒါကြောင့် သင်္ကန်းဟောင်းများကို လူသားများ လက်သုတ်ပဝါ၊ လက်နှီး မလုပ်ကောင်းဘူး လို့ ဖြေဆိုလိုက်ပါတယ်ကွယ်"

"မှန်ပါ–ဝမ်းသာလှပါပြီဘုရား"

## ဆွမ်းကွမ်းကို ဥပုသ်သည်များ စားထိုက်မစားထိုက်

"ဒုတိယအမေးက ဘာတဲ့လဲကွယ့်"

"ဒုတိယအမေးက ဥပုသ်နေ့ဆိုလျှင် ဘုန်းကြီးကျောင်းမှာ ဥပုသ်သည်များ ဥပုသ်စောင့်တတ်ကြပါတယ်တဲ့၊ အဲသည် ဥပုသ်သည်များကို ဘုန်းကြီးက ခဲဖွယ်ဘောဇဉ်များ ကျွေးသင့် မကျွေးသင့်ပါတဲ့ ဘုရား"

"ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သီလနိဒ္ဒေသအပိုင်းမှာ (လာဘေန လာဘံ ဇိဂီသနတာ)ရယ်လို့ မအပ်သော လာဘ်ရှာနည်းတစ်မျိုးကို ပြထားတယ်၊ လာဘ်တစ်ခုဖြင့် လာဘ်တစ်ခုရအောင် မသွေးဆောင်ကောင်းဘူးတဲ့၊ ရဟန်းတော်ဟာ ဒါယကာတစ်ဦးလှူဒါန်းတဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်ကို အခြားဒါယကာ

http://www.dhammadownload.com



တစ်ဦးကို ပေးပြီး ထိုဒါယကာထံက လာဘ်ကို မမြှုဆွယ်ကောင်းဘူး၊ အကယ်၍ မြှုဆွယ်ခဲ့လျှင် အာဇီဝပါရိသုဒ္ဓိသီလ ပျက်စီးတတ်တယ်၊ လာဘ် မြှုဆွယ်တာ မဟုတ်လျှင်တော့ ကျွေးမွေးထိုက်ပါတယ်။

ဝိနယသင်္ဂဟ၊ ၄၊ ကုလသင်္ဂဟ ဝိနိစ္ဆယမှာ ပန်းဝေငှဖို့ သံဃသမ္မုတိ ရတဲ့ရဟန်းဟာ ပန်းဝေဆဲ သာမဏေများ ရောက်လာလျှင် ရဟန်းရဲ့ ထက်ဝက်သော ပန်းကို သာမဏေအားဝေသင့်တယ်၊ ဒါယကာများ ရောက်လာလျှင် သာမဏေရဲ့ ထက်ဝက်သောပန်းကို လူဒါယကာတို့အား ဝေငှသင့်တယ် လို့ ဖွင့်ပြထားတယ်၊ ပြီးတော့ ဆရာဉပဇ္ဈာယ်ကို အလေးပြုကြတဲ့ သာမဏေ များဟာ နံနက်စောစော ပန်းတွေအများကြီးကောက်ပြီး ဆရာသမားကို အစုအပုံပြုပြီး ပူဇော်တတ်ကြတယ်၊ အဲသည်ပန်းပုံထဲက နံနက်စောစော ရောက်လာတဲ့ တပည့်ရဟန်းများကိုလည်း ဝေငှပေးကမ်းနိုင်တယ်၊ ရောက်လာတဲ့ ဒကာ ဒကာမတွေကိုလည်း သည်ပန်းကိုယူသွားကြလို့ ပေးကမ်းနိုင်တယ်၊ သည်လိုပေးကမ်းခြင်းမျိုးကို ပုပ္ဖဒါနလို့ မခေါ်ဘူးလို့လည်း ဖွင့်ပြထားတယ်။

သစ်သီးကဏ္ဍမှာလည်း မိမိပိုင်သစ်သီးဆိုလျှင် လူနာကိုသော်လည်း ပေးကောင်းတယ်၊ ရောက်လာတဲ့လူများကိုလည်း ပေးကောင်းတယ်၊ ရိက္ခာကုန် နေတဲ့လူများ လာတောင်းလျှင်လည်း ပေးကောင်းတယ်၊ သံဃာသစ်သီး ဝေဖန်ရတဲ့ပုဂ္ဂိုလ်ကလည်း ဝေဖန်ဆဲ ရောက်လာတဲ့ ဒကာများကို ရဟန်းတစ်ပါး ရဲ့ ထက်ဝက် ပေးကောင်းတယ်၊ အကယ်လို့ ဒကာများက သစ်သီးလာတောင်း လျှင် လေးငါးလုံးသော်လည်း ပေးကောင်းတယ်၊ သည်အပင်က ကပ္ပိယယူလို့ သော်လည်း ပြောကောင်းတယ်၊ သည်အပင်က ချိုတယ်၊ သည်အပင်က ချဉ် တယ်လို့တော့ မပြောကောင်းဘူးလို့ ဖွင့်ပြထားတယ်၊ သည်အဖွင့်များကိုထောက် ဆပြီး ဆွမ်းစားဆဲရောက်လာတဲ့ ဒကာများကို ထိုက်သင့်သလောက် ကျွေးမွေး အပ်ပါတယ်၊ သာဓကပြပါဆိုလျှင် ပေတဝတ္ထုကလာတဲ့ သာဏဝါသီတိဿ ထေရ်ရဲ့အကြောင်း ပြောရမှာပဲကွယ်"

"မှန်ပါ၊ မိန့်တော်မူပါဘုရား"

"သာဏဝါသီတိဿ ထေရ်ရဲ့ အလောင်းဟာ လွန်လေပြီးသော ရှေးဘဝက ဗာရာဏသီပြည် ကိတဝမင်းရဲ့သားတော် ဖြစ်ခဲ့ဖူးသတဲ့၊ တစ်နေ့သော နံနက်ခင်း

http://www.dhammadownload.com



အချိန် ဥယျာဉ်ကစားပြီး ဥယျာဉ်တော်က ထွက်လာတုန်း သုနေတ္တပစ္စေကဗုဒ္ဓါဆွမ်းခံကြွလာတာနှင့် ကြုံတယ်၊ မင်းသားဟာ သပိတ်ပိုက်ပြီး ဆွမ်းခံကြွသွားတဲ့ သုနေတ္တပစ္စေကဗုဒ္ဓါကိုကြည့်ရင်း သည်ဦးပြည်းကတုံးဟာ ဘာကြောင့် ငါ့ကို လက်အုပ်မချီဘဲ သွားရသလဲလို့ ဒေါသတကြီး ဆင်ကျောက်ကုန်းပေါ်က ခုန်ဆင်းလာတယ်၊ ပြီးတော့ ရှင်ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ကိုဆွဲယူပြီး မြေကြီးပေါ်ပေါက်ခွဲလိုက်တယ်၊ ရှင်ပစ္စေကဗုဒ္ဓါက သူ့ကိုကြည့်တာကိုပင် မင်းက ငါ့ကိုကြည့်ပြီး ဘာလုပ်ချင်သေးသလဲ၊ ငါ့ကို ကိတဝမင်းရဲ့သားတော်မှန်း မသိဘူးလားလို့ မာန်မဲပြီး ထွက်ခွာသွားသတဲ့။

ရှင်ပစ္စေကဗုဒ္ဓါကို ကျူးလွန်မိတဲ့ မကောင်းမှုကံကြောင့် ရှင်ပစ္စေကဗုဒ္ဓါရဲ့ မျက်ကွယ်ရောက်တဲ့အချိန်မှာ ကိုယ်ဟာ တစ်စတစ်စ ပူလောင်ခြင်းမကပူလောင်ပြီး ကွယ်လွန်တော့ အဝီစိငရဲဘုံကို ရောက်သွားတယ်၊ အဝီစိကကျွတ်ပြန်တော့ ပြိတ္တာဖြစ်ပြန်တယ်၊ ပြိတ္တာဘဝကစုတိတော့ ကုဏ္ဍီအမည်ရှိတဲ့မြို့ရဲ့အနီး တံငါရွာမှာဖြစ်တယ်၊ ဇာတိဿရဉာဏ်ရလေတော့ သူ့ဘဝအကြောင်းကို သူသိတယ်၊ သိတော့ တစ်စုံတစ်ရာသော အကုသိုလ်ကို မပြုလုပ်ရဲဘူး၊ သူတစ်ပါး ငါးဖမ်းသွားချိန်မှာ သူကပုန်းနေရစ်တယ်၊ မတတ်သာလို့လိုက်သွားရလျှင် ပိုက်ကွန်တွေကို ဖျက်ဆီးပစ်တယ်၊ ငါးတွေကိုဖမ်းပြီး ရေထဲပြန်လွှတ်တယ်၊ ဒါကြောင့် သူ့ကို ဆွေမျိုးများက အိမ်မှ နှင်ထုတ်လိုက်ကြတယ်။

အဲသည့်အချိန်က အရှင်အာနန္ဒာဟာ ကုဏ္ဍီမြို့ကို အမှီပြုပြီး သာဏတောင်မှာ သီတင်းသုံးနေတယ်၊ အနှင်ခံရတဲ့ တံငါသည်ရဲ့သားဟာ ခြေဦးတည့်ရာသွားရင်း သာဏတောင်ခြေကိုရောက်သွားတယ်၊ သည်အချိန်မှာ အရှင်အာနန္ဒာဆွမ်းစားနေတယ်၊ တံငါသည်ရဲ့သားလည်း ဘာမျှမစားရရှာလေတော့ မထေရ်ဆွမ်းစားတဲ့အနီးမှာ ထိုင်ပြီး မျှော်နေရှာတာပေါ့၊ သူငယ်ထမင်းဆာနေမှန်းသိလို့အရှင်အာနန္ဒာက ဆွမ်းခွဲပြီးကျွေးတယ်၊ ဆွမ်းကျွေးပြီး အကြောင်းအရာကိုသိတော်မူလို့ "သင် ရဟန်းပြုမည်လား" လို့ မေးသတဲ့၊ "ပြုပါမယ်" လို့လျှောက်ထားတော့ သာမဏေဝတ်ပေးပြီး ဘုရားရှင်ထံ ခေါ်သွားတယ်။

ဘုရားရှင်က "အာနန္ဒာ–သည်သာမဏေကို ကောင်းစွာ စောင့်ရှောက်" –လို့ မိန့်တော်မူတယ်၊ သာမဏေဟာ ကုသိုလ်ကံအားနည်းတဲ့အတွက် အလွန်

http://www.dhammadownload.com


လာဘ်လာဘ နည်းပါးတယ်၊ ဒါကြောင့် လာဘ်လာဘ တိုးပွားအောင် သောက်ရေအိုးများကို ရေထည့်ခိုင်းတယ်၊ နောက်မကြာမီ ရဟန်းဖြစ်ပြီး တရားအားထုတ်လို့ ရဟန္တာဖြစ်ရာ သာဏတောင်မှာ တစ်ကျိပ်နှစ်ယောက်သော ရဟန်းများနှင့် အတူနေလို့ သာဏဝါသီတိဿထေရ်လို့ ထင်ရှားတယ်။

သည်ဝတ္ထုကိုထောက်ရှုပြီး လာဘ်ဖြင့် လာဘ်ကို မြှူဆွယ်တာ မဟုတ်ခဲ့လျှင် ကျောင်းကိုရောက်လာတဲ့ ဒကာ,ဒကာမများကို ထိုက်သင့်သည်အားလျော်စွာ ကျွေးမွေးသင့်တယ်လို့ မှတ်တော့တာပေါ့ကွယ်၊ သို့သော်လည်း ရဟန်းဘက်ကတော့ ဝတ္တရားအလျောက် ကျွေးမွေးသင့်ပါရဲ့၊ ဒကာကတော့ ရဟန်းကျွေးတာ အဝအပြဲစားပြီး ထမသွားကောင်းဘူး၊ စားသွားတာလေး ကျေအောင် သံဃာ့ကိစ္စတစ်ခုခုကို ပြုလုပ်သွားရမယ်၊ ဆွမ်းတော်စားစားတဲ့ ပုဂ္ဂိုလ်များလည်း ထို့အတူ စေတီကိစ္စကို ဆောင်ရွက်မှ ကြွေးကျေတယ်၊ ဝိနယသင်္ဂဟ၊ ၄၅၊ စတုပစ္စယဘာဇနိယ အဆုံးအဖြတ်မှာ–

"ပိဏ္ဍပါတမဓုဖာဏိတာဒီနိ ပန ယော နိဗဒ္ဓံ စေတိယဇဂ္ဂကော ဟောတိ၊ ပဗ္ဗဇိတော ဝါ ဂဟဋ္ဌော ဝါ၊ တဿ ဒါတဗ္ဗာနိ၊ နိဗ္ဗဒ္ဓဇဂ္ဂကေ အသတိ အာဟဋဘတ္တံ ဌပေတွာ ဝတ္တံ ကတွာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ"လို့ ပြထားသကွယ့်။

"အဓိပ္ပာယ်က ဘာတဲ့လဲဘုရား"

"ပျားတင်လဲစသည်တို့ကို စေတီတော်ကို မပြတ်သုတ်သင် စောင့်ရှောက်နေတဲ့ ရဟန်းဖြစ်စေ လူဖြစ်စေ စားထိုက်တယ်တဲ့၊ အကယ်၍ စေတီကို ရှင်းလင်းသုတ်သင်ခြင်း မပြုရသေးလျှင် ဆောင်ယူခဲ့တဲ့ ဆွမ်းခဲဖွယ်ကို ခေတ္တချထားပြီး ဘုရားဝတ်ကို ပြုပြီးမှစားလျှင် အပ်တယ်လို့ ဆိုပါတယ်"

"တတိယအမေးကို ဖြေတော်မူပါဦးဘုရား"

## ကြက်ဥ ဘဲဥတွင် အသက်ရှိ,မရှိ

"တတိယအမေးက ဘာတဲ့လဲကွယ့်"

"တတိယအမေးက ဥပုသ်သည်ဟာ ကြက်ဥ ဘဲဥများကို ကိုယ်တိုင်ဖောက်ခွဲခဲ့သော် သီလ ပျက်–မပျက်ပါတဲ့ ဘုရား"

http://www.dhammadownload.com


"ကြက်ဥ ဘဲဥဆိုတာဟာ ကြက်ဘဲတို့ရဲ့ သန္ဓေလောင်းပဲကွယ့်၊ ရဟန်းတော်များဟာ လူကို မသတ်ကောင်းဘူး၊ လူကိုသတ်မိလျှင် သာသနာတော်မှ ဆုံးရှုံးခြင်းဆိုတဲ့ ပါရာဇိကကိုရောက်တယ်၊ လူကိုသတ်ရာမှာလည်း မွေးဖွားပြီးတဲ့ လူသားကိုသတ်မှမဟုတ်ဘူး၊ လူသားသန္ဓေလောင်းမျိုးစေ့ဖြစ်တဲ့ ကိုယ်ဝန်ကို ဖျက်ချပေးလျှင်လည်း မွေးဖွားပြီး လူကိုသတ်တာနှင့် အတူတူ ပါရာဇိကကို ရောက်တယ်၊ ကြက်ဥ ဘဲဥဆိုတာဟာ ကြက်ဘဲတို့ရဲ့ သန္ဓေလောင်းပဲ၊ သန္ဓေလောင်းကိုဖျက်ဆီးခဲ့လျှင် ပါဏာတိပါတကံထိုက်ပြီး ဥပုသ်သည်မှာ သီလပျက်တာပဲ၊ ဒါကြောင့် ဥပုသ်သည်ဟာ ကြက်ဥ ဘဲဥကို ကိုယ်တိုင်လည်း မခွဲသင့်ဘူး၊ သူတစ်ပါးကိုလည်း အခွဲမခိုင်းသင့်ဘူးကွယ့်"

"သည်နေရာမှာ လျှောက်စရာရှိလို့ လျှောက်စမ်းပါရစေဦး ဘုရား"

"လျှောက်ပါ၊ ဘာများ လျှောက်ထားချင်တာတုန်းကွယ့်"

"အခုခေတ်ဟာ သိပ္ပံပညာ အလွန်ထွန်းကားတဲ့ခေတ် ဖြစ်တယ်ဘုရား၊ ကြက်ဥ ဘဲဥဟာ ကြက်ဘဲတို့ရဲ့ သန္ဓေလောင်းပဲဆိုတာ မှန်ပါတယ်၊ သို့သော်လည်း ကြက်ဥ ဘဲဥတိုင်းဟာ ကြက်ဘဲတို့ရဲ့ သန္ဓေလောင်း မဟုတ်ဘူးဘုရား၊ အချို့ သိပ္ပံနည်းနှင့် ပေါက်ဖွားလာကြတဲ့ ကြက်တွေ ဘဲတွေဟာ အဖိုအမ ပျော်ပါးပြီး သန္ဓေယူကြတာ မဟုတ်ကြဘူး၊ လူသားက သိပ္ပံနည်းဖြင့် အဥဖြစ်စေတတ်တဲ့ အစာများကို ကျွေးမွေးပြီး အဥခိုင်းတဲ့တွက် အစာကြောင့်ဥကြတယ်ဘုရား၊ အဲသည်လို အဥခိုင်းရာမှာ ဓမ္မတာနည်းအတိုင်း တစ်နေ့တစ်လုံးမျှ ဥတာမဟုတ်ဘူး၊ တချို့ကြက်မများ တစ်ရက်တစ်ရက် နှစ်လုံး, သုံးလုံး, လေးလုံး, ငါးလုံးအထိ ဥကြသတဲ့ ဘုရား၊ ဂျပန်ပြည်မှာ ဆိုလျှင် တစ်နေ့တည်း ကြက်ဥ ဆယ်ဥ ဥတဲ့ ကြက်မတွေတောင် ရှိသတဲ့ ဘုရား၊ အဲသည်ကြက်ဥတွေဟာ လူကဥခိုင်းလို့ ဥတာဖြစ်တဲ့အတွက် အကောင်မပေါက်ဘူးလို့ ဆိုကြတယ်၊ အကောင်မပေါက်ဘူးဆိုတော့ သန္ဓေသက်မပါဘူးလို့ ဆိုလိုတာပေါ့ဘုရား၊ အဲသည် ကြက်ဥ ဘဲဥတွေမှာ သန္ဓေသက်မပါတဲ့အတွက် ဖောက်ခွဲဖျက်ဆီးလို့ သီလပျက်မပျက် မေးလျှောက်ခြင်းဖြစ်ပါတယ်ဘုရား"

"လူက အစာကျွေးပြီး ဥခိုင်းတဲ့ ကြက်ဥ ဘဲဥနှင့် ရိုးရိုးကြက်ဥ ဘဲဥ ဘာမျှမထူးခြားပါဘူး၊ မျက်မြင်အားဖြင့် ရိုးရိုးကြက်ဥ ဘဲဥအတွင်းမှာလည်း

http://www.dhammadownload.com



အကာရည်နှင့် အနှစ်ပါတယ်၊ သီပွဲကြက်ဥ ဘဲဥမှာလည်း အကာရည်နှင့် အနှစ်ပါတယ်၊ ဒါကြောင့် သီပွဲကြက်ဥ ဘဲဥမှာ သန္ဓေသက်မပါဘူးလို့ မဆို နိုင်ဘူး၊ သန္ဓေသက်တော့ ပါရဲ့၊ သို့သော် အဖိုဓာတ်မပါလို့ သန္ဓေမတင်ဘူး လို့သာ ဆိုသင့်တယ်၊ သန္ဓေဟာ တင်သည်ဖြစ်စေ, မတင်သည်ဖြစ်စေ သန္ဓေသက်ရှိစဉ် ဖျက်ဆီးလျှင် ပါဏာတိပါတကံ ထိုက်မှာပဲ၊ သီလပျက်မှာပဲ၊ ဥပမာပေးပါဆိုလျှင် လူမိန်းမရဲ့ သန္ဓေသားဟာ ပိုး၊ လေ စသော အကြောင်း ကြောင့် သူ့ဘာသာ ပျက်တော့မလို ဖြစ်နေတယ်၊ သည်အချိန်မှာ ရဟန်းဖြစ်သူက ပျက်အောင် လုံ့လပြုလို့ ပျက်ခဲ့လျှင် အဲသည်ရဟန်း ပါရာဇိကကျတာပဲ၊ ယခု လည်း ထို့အတူ ကြက်ဥ ဘဲဥအတွင်းမှာ မျိုးမအောင်သော သန္ဓေသက် ရှိနေ တယ်၊ သည်သန္ဓေသက်ကို ဖျက်ဆီးတဲ့အတွက် ဥပုသ်သည် သီလ ပျက်တယ် လို့ မှတ်ရမယ်။

ပြီးတော့ ပြောရဦးမယ်၊ အချို့သော ကြက်ဥ ဘဲဥများ အရှည်ခံအောင် ရယ်လို့ ထုံးရည်စိမ်ထားတယ်လို့ ကြားဖူးတယ်၊ ထုံးရည်စိမ်ပြီးလျှင် သန္ဓေသက် ယုဉ်းသွားတယ်လို့ ပြောကြတယ်၊ သို့သော်လည်း ဧကန် သုဉ်းမသုဉ်း မဆုံးဖြတ် နိုင်ဘူး၊ ဥပုသ်သည်မှန်လျှင် ကြက်ဥ ဘဲဥများကို ကိုယ်တိုင်လည်း မခွဲ၊ သူတစ်ပါးကိုလည်း မခွဲခိုင်းခြင်းဟာ အကောင်းဆုံးပဲ ဖြစ်တယ်ကွယ့်"

"မှန်ပါ၊ တတိယအဖြေကို ကျေနပ်ပါပြီ၊ စတုတ္ထအဖြေ ဆက်ပါဦးဘုရား"

## သံဃိကပစ္စည်းကို ဝယ်ကောင်း မဝယ်ကောင်း

"စတုတ္ထအမေးက ဘာတဲ့"

"စတုတ္ထအမေးက သံဃိကပစ္စည်းတစ်ခုခုကို ဝယ်ယူသုံးဆောင်လျှင် အပြစ်ဖြစ်ပါသလားတဲ့ ဘုရား"

"တရားနည်းလမ်းအတိုင်း ဝယ်ယူသုံးဆောင်ရုံနှင့် ဘာအပြစ်မှ မဖြစ်ပါ ဘူး၊ သည်နေရာမှာ ချိန်ထိုးကြည့်ဖို့ ဝိနယသင်္ဂဟ အဋ္ဌကထာ စတုပစ္စယဘာဇနီယ ဝိနိစ္ဆယကထာကလာတဲ့ ပါဠိတစ်ပုဒ်ကို ထုတ်ပြဦးမယ်"

http://www.dhammadownload.com



ဒုဗ္ဘိက္ခေ ဘိက္ခူသု ပက္ကန္တေသု သဗ္ဗေ အာဝါသာ နဿန္တိ၊ တသ္မာ ကေကာ ဝါ ဒွေ ဝါ တယော ဝါ ဝိဿဇ္ဇေတွာ တတော ယာဂုဘတ္တစီဝရာဒီနိ ပရိဘုဥ္ဇန္တေ သေသာဝါသာ ဇဂ္ဂိတဗ္ဗာယေဝ- တဲ့ကွယ်"

"မှန်ပါ-အဲသည်ပါဌ်ရဲ့ အဓိပ္ပာယ်ကိုလည်း အမိန့်ရှိပါဦး ဘုရား"

"ပါဠ်ရဲ့အဓိပ္ပာယ်က မိုးလေဝသ မမှန်ကန်ခြင်းစတဲ့ အကြောင်းများကြောင့် ဝတ်မွတ်ခြင်း ဒုဗ္ဘိက္ခကပ်ဆိုက်လာတဲ့အတွက် ကျောင်းတိုက် တစ်တိုက်အတွင်း သီတင်းသုံးနေကြတဲ့ ရဟန်းတော်များဟာ နေမြဲကျောင်းမှာ မနေနိုင်ကြလို့ ကျောင်းတွေကိုစွန့်ပြီး ထွက်သွားကြသတဲ့၊ ရဟန်းတော်များ မရှိတော့ ကျောင်းတွေဟာ ခြကိုက်ပြီး ပျက်စီးကုန်သတဲ့၊ အဲသလိုပျက်ကုန်တဲ့အတွက် တစ်ကျောင်းဖြစ်စေ, နှစ်ကျောင်း သုံးကျောင်းဖြစ်စေ ရောင်းပြီး ရောင်းလို့ရတဲ့ ပစ္စည်းဖြင့် ကျန်တဲ့သံဃာများဟာ ယာဂုဆွမ်း သင်္ကန်းစသည်တို့ကို မျှတသုံးဆောင်နိုင်တယ်၊ ကြွင်းတဲ့ကျောင်းများကိုလည်း ပြုပြင်နိုင်တယ်လို့ ဆိုလိုတယ်၊ သည်အဆိုကိုထောက်ပြီး သံဃိကပစ္စည်းကို တရားသောနည်းဖြင့် ရောင်းထိုက်ပါတယ်၊ တရားသောနည်းဖြင့် ရောင်းထိုက်တယ်ဆိုတာကို ထောက်ပြီး တရားသော နည်းလမ်းဖြင့် ဝယ်ယူသုံးဆောင်နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ ပြီးပြည့်စုံတော့တာပေါ့ကွယ်"

"မှန်လှပါ၊ ဝမ်းသာလှပါပြီ ဘုရား"

"သာဓု-သာဓု-သာဓု"



http://www.dhammadownload.com

# သောတာပန်ပုဂ္ဂိုလ်၏ စိတ်နေစိတ်ထား

"ယောသည်စာက မန္တလေးမြို့၊ နန်းရှေ့၊ ခင်မကန်တိုက်၊ ရတနာပုံကျောင်း အရှင်ပဏ္ဍိတထံက မေးလျှောက်တဲ့စာ ဖြစ်ပါတယ်ဘုရား"

"သူ့စာကို ဖတ်စမ်းပါဦး၊ ဘာတွေများ မေးလျှောက်ပါလိမ့်"

"တပည့်တော် ဖတ်လျှောက်ပါမယ် ဘုရား"

"ရက်စွဲ ၁၄၊ ၈၊ ၈၆၊ ဆရာတော်ကြီးအား ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား"

(၁) သောတာပန်တည်ပြီးသော ပုဂ္ဂိုလ်သည် ဣဿာ, မစ္ဆရိယ ပယ်နိုင် မပယ်နိုင် သိချင်ပါသည် ဘုရား။

(၂) လူ့ပြည်၌ သောတာပန်တည်ပြီးသောပုဂ္ဂိုလ်သည် အလွန်ဆုံး ၇-ဘဝဟု ပြောကြပါသည်။ ထို ၇-ဘဝသည် နတ်ပြည်မှာချည်း ဖြစ်ပါသလား၊ (သို့မဟုတ်) လူ့ပြည်သို့ ပြန်လာနိုင်ပါသေးသလား ဘုရား။

(၃) သောတာပန်တည်ပြီးသော ပုဂ္ဂိုလ်၏ စိတ်နေစိတ်ထား အဘယ်ကဲ့သို့ ထူးခြားပါသလဲဘုရား။

ဤအမေးသုံးချက်ကို တပည့်တော်များ သုတပွားဖို့ ဖြေကြားပေးတော်မူပါဘုရား အခုဖတ်လျှောက်ခဲ့တာက အရှင်ပဏ္ဍိတထံမှ မေးလျှောက်တဲ့စာ ဖြစ်ပါတယ် ဘုရား၊ အဖြေကို မိန့်ကြားတော်မူပါဦး"

http://www.dhammadownload.com



"အရှင်ပဏ္ဍိတရဲ့အမေးက သုံးချက်ကိုးကွယ့်"

"မှန်ပါ ဘုရား"

"ပထမအချက်ကို ရှေးဦးစွာ ဖြေကြစို့ရဲ့"

"ဖြေတော်မူပါဘုရား"

"ဣဿာ, မစ္ဆရိယ နှစ်ပါးအနက် ဣဿာဆိုတာ ငြူစူတတ်တဲ့သဘောကို ဆိုလိုတယ်၊ ငြူစူဆိုတဲ့ မြန်မာစကားမှာ ငြူက ညစ်ညူးတာကိုဆိုလိုပြီး စူဆိုတာက စူထွက်တယ် ပြူထွက်တယ်လို့ ဆိုလိုတယ်၊ ပုဒ်နှစ်ခုစပ်ရဲ့ အဓိပ္ပာယ်က သူတစ်ပါးကြီးပွား ချမ်းသာတာကို မြင်လျှင် စိတ်မချမ်းသာဘူး၊ စိတ်မကြည်လင်ဘူး၊ စိတ်ညစ်ညူးလာတယ်၊ ညစ်ညူးပြီး ကိလေသာအခိုးအငွေ့တွေ စူထွက်လာတယ်၊ အဲဒါကို မြန်မာလို ငြူစူတယ်ခေါ်ပြီး ပါဠိလိုတော့ ဣဿာလို့ ခေါ်တယ်။

မစ္ဆရိယဆိုတာကိုတော့ (ဝန်တို)တယ်လို့ မြန်မာပြန်တယ်၊ ဝန်တိုဆိုတဲ့ စကားနှစ်လုံးမှာလည်း ဝန်ဆိုတာ မိမိထမ်းဆောင်ရမည့်တာဝန်ကို ဟောပြီး တို-ဆိုတာကတော့ တိုတောင်းတာကို ဟောတယ်၊ ကမ္ဘာမြေပြင်ပေါ်မှာ လူသားဟာ အဆင့်အတန်းအမြင့်ဆုံးဖြစ်တယ်၊ ဘာကြောင့် အဆင့်အတန်းမြင့်တာလဲဆိုတော့ **(မနော ဥဿန္နံ ယေသန္တိ မနုဿာ)** ယေသံ-အကြင်သတ္တဝါတို့၏၊ မနော-စိတ်သည်၊ ဥဿန္နံ-လွန်မြတ်ထက်မြက်သည်၊ ဟောတိ-ဖြစ်၏၊ ဣတိ-ထို့ကြောင့်၊ မနုဿာ-မနုဿမည်ကုန်၏လို့ ဆိုတဲ့အတိုင်း လူတို့ရဲ့စိတ်ဓာတ်ဟာ တိရစ္ဆာန်လို အောက်တန်းမကျဘူး၊ တိရစ္ဆာန်များဟာ တစ်ကောင်အပေါ် တစ်ကောင် အနိုင်ကျင့်ကြတယ်၊ မိမိရတာကို ဝေမျှမစားနိုင်ဘူး၊ မိမိစားတဲ့အနီး အခြားတစ်ကောင် ချဉ်းကပ်လာလျှင် အလွန်ဝန်တိုတတ်တယ်၊ မနာန်မူတတ်တယ်၊ သည်သဘောတရားက တိရစ္ဆာန်တို့ရဲ့ သဘောတရားဖြစ်တယ်၊ လူသားဟာ တိရစ္ဆာန်မဟုတ်ဘူး၊ တိရစ္ဆာန်ထက်အဆင့်အတန်းမြင့်တယ်၊ ဒါကြောင့် မိမိရတဲ့ပစ္စည်းကို သူတစ်ပါးအား ဝေမျှနိုင်စွမ်းရှိရမယ်၊ သည်လို သာတူညီမျှ နေထိုင်စားသောက်မှုဟာ လူသားများရဲ့ တာဝန်တစ်ရပ်ဖြစ်တယ်၊ သည်တာဝန် တိုတောင်းမှု, ပျက်ပြားမှုကို ဝန်တိုတယ်လို့ဆိုတယ်၊

http://www.dhammadownload.com



အဲဒီ ဝန်တိုတတ်တဲ့သူဟာ မိမိပစ္စည်းကို သူတစ်ပါးနှင့် မဆက်ဆံစေချင်ဘူး၊ လျှို့ဝှက်ထားတတ်တယ်၊ တွန့်တို ဆုတ်နစ်တတ်တယ်။

## မချမ်းသာစေသောတရား

လောကမှာ သတ္တဝါမှန်သမျှဟာ ဘေးရန်ကင်းကွာ ချမ်းသာစွာ နေလိုကြသူချည်းဖြစ်ကြတယ်၊ ချမ်းသာစွာ နေချင်ကြပါလျက်နှင့် မချမ်းမသာ နေကြရခြင်းဟာ တခြားကြောင့် မဟုတ်ဘူး၊ သည် ဣဿာတရား, မစ္ဆရိယတရားတို့ရဲ့ အနှိပ်စက်ကို ခံနေကြရတဲ့အတွက် ဖြစ်တယ်"

"သုတ်မဟာဝါ၊ သက္ကပဉှာသုတ်မှာ သိကြားမင်းက ဘုရားရှင်ကို လျှောက်ထားသကွယ့်၊ အရှင်ဘုရား– လူနတ်ဗြဟ္မာ သတ္တဝါတွေဟာ ဘေးရန်ကင်းကွာ ချမ်းသာစွာ နေလိုပါကုန်လျက် မနေရခြင်းဟာ ဘာကြောင့်ပါလဲဘုရားတဲ့၊ သည်အခါ ဘုရားရှင်က သိကြားမင်း– လူနတ်ဗြဟ္မာ သတ္တဝါများဟာ ဘေးရန်ကင်းကွာ ချမ်းသာစွာ နေလိုပါကုန်လျက် မနေရခြင်းမှာ တခြားကြောင့် မဟုတ်ဘူး၊ ဣဿာ မစ္ဆရိယ သံယောဇဉ်ကြောင့် ဖြစ်တယ်လို့ ဖြေဆိုတော်မူပါတယ်၊ ဒါကြောင့် ဣဿာ မစ္ဆရိယတရားဟာ အလွန့်ဆိုးဝါးတယ်၊ သတ္တဝါတွေ ဆင်းရဲအောင် ပြုလုပ်နေကြတဲ့ တရားဆိုးများဖြစ်တယ်၊ သည်မျှလောက် ဆိုးဝါးတဲ့ တရားဆိုးများကို သောတာပန်ပုဂ္ဂိုလ် ပယ်နိုင် မပယ်နိုင်ကြည့်လိုက်တော့ မဂ်လေးပါး ကိလေသာအဆင့်ဆင့် ပယ်ပုံကို မူလပဏ္ဏာသအဋ္ဌကထာ၊ ပ၊ ၁၇၀–ဝတ္ထသုတ်အဖွင့်မှာ ဟောသည်လို့ ဖွင့်ပြထားတယ်ကွယ့်"

"မိန့်တော်မူပါဘုရား"

"(၁) အဘိဇ္ဈာ ဝိသမလောဘ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန, မဒ– သည် ကိလေသာခြောက်ပါးတို့ကို အရဟတ္တမဂ်က ပယ်ခွါသတဲ့၊ (၂) ဗျာပါဒ, ကောဓ, ဥပနာဟ, ပမာဒ– သည်ကိလေသာလေးပါးတို့ကို အနာဂါမိမဂ်က ပယ်ခွါသတဲ့၊ (၃) မက္ခ, ပလာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဌေယျ– သည် ကိလေသာ ခြောက်ပါးတို့ကို သောတာပတ္တိမဂ်က ပယ်ခွါသတဲ့၊ (သုတ်မဟာဝါ–ဋ္ဌ–နှင့်၊ သမ္မော–ဋ္ဌ တို့၌လည်း ထို့အတူ)၊ သည်ပယ်စဉ်အရဲ

http://www.dhammadownload.com


အလွန်ဆိုးဝါးလှတဲ့ ဣဿာတရား မစ္ဆရိယတရားတို့ကို သောတာပတ္တိမဂ်က အညွန့်အညှောက် မထွက်အောင် ပယ်ခွါကြောင်း သိသင့်တာပေါ့ကွယ်”

“မှန်ပါ၊ ဒုတိယမေးခွန်းကို ဖြေတော်မူပါဦး ဘုရား”

“ဒုတိယမေးခွန်းက လူ့ပြည်မှာ သောတာပန်တည်သွားတဲ့ သတ္တက္ခတ္တုပရမ သောတာပန်ဟာ ၇–ဘဝလုံးလုံး နတ်ပြည်မှာချည်း ဖြစ်သလား၊ လူ့ပြည်ကို ပြန်လာသေးသလားတဲ့၊ ဟုတ်လား”

“ဟုတ်ပါတယ်ဘုရား”

“အင်္ဂုတ္တရပါဠိ သမဏဝဂ်မှာ ဒုတိယသိက္ခာပုဒ်ဆိုတဲ့ သုတ်တစ်သုတ်ပါတယ်၊ သုတ်ရဲ့အဓိပ္ပာယ်က ရဟန်းတော်များ သီလ အကျင့်ကို ပြည့်ပြည့်စုံစုံကျင့်ကြတယ်၊ သမာဓိပညာလည်းရှိကြတယ်၊ ထိုရဟန်းများဟာ သံယောဇဉ်သုံးပါးကုန်တဲ့အတွက် သတ္တက္ခတ္တုပရမ သောတာပန်ဖြစ်ကြတယ်၊ လူ့ပြည်၌လည်းကောင်း, နတ်ပြည်၌လည်းကောင်း ၇–ကြိမ်အတိုင်းအရှည် ပြေးလွှားကျင်လည်ပြီးသည့်နောက် ဒုက္ခအဆုံးကို ပြုကြတယ်လို့ ဟောတော်မူတယ်၊ ဟောရင်းပါဠိတော်ကတော့–

> **သော တိဏ္ဏံ သံယောဇနာနံ ပရိက္ခယာ သတ္တက္ခတ္တုပရမော ဟောတိ၊ သတ္တက္ခတ္တုပရမံ ဒေဝေ စ မနုဿေ စ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ**–တဲ့။

အနက်ကတော့ **သော**–ထိုရဟန်းသည်၊ **တိဏ္ဏံသံယောဇနာနံ**–သုံးပါးသော သံယောဇဉ်အနှောင်အဖွဲ့တို့၏၊ **ပရိက္ခယာ**–အကြွင်းမဲ့ကုန်ခြင်းကြောင့်၊ **သတ္တက္ခတ္တုပရမော**–ခုနစ်ကြိမ် ပဋိသန္ဓေတည်နေခြင်း အတိုင်းအရှည်ရှိသော သတ္တက္ခတ္တုပရမသောတာပန်သည်၊ **ဟောတိ**–ဖြစ်ရ၏၊ **ဒေဝေ စ**–နတ်ပြည်၌လည်းကောင်း၊ **မနုဿေ စ**–လူ့ပြည်၌လည်းကောင်း၊ **သတ္တက္ခတ္တုပရမံ**–ခုနစ်ကြိမ်အတိုင်းအရှည်၊ **သန္ဓာဝိတွာ**–ပြေးသွားပြီး၍၊ **သံသရိတွာ**–ကျင်လည်ပြီး၍၊ **ဒုက္ခဿန္တံ**–ဒုက္ခ၏အဆုံးကို၊ **ကရောတိ**–ပြု၏။

သည်ဒေသနာတော်အရ သတ္တက္ခတ္တုပရမ သောတာပန်ဟာ ရှေးက လူ့ဘဝအဖြစ်များလို့ လူ့ဘဝမှာဖြစ်ချင်လျှင် လူ့ဘဝမှာချည်း ခုနစ်ဘဝဖြစ်နိုင်တယ်၊ နတ်ဘဝမှာဖြစ်ချင်လျှင် နတ်ဘဝမှာချည်း ခုနစ်ဘဝဖြစ်နိုင်တယ်၊

http://www.dhammadownload.com


လူ့ဘဝ နတ်ဘဝ ရောနှောပြီးလည်း ဖြစ်နိုင်တယ်၊ သည်ခုနစ်ဘဝ သတ်မှတ်ချက်ဟာ ကာမဘုံအတွက်သာဖြစ်ပြီး ရူပဘုံ–အရူပဘုံများမှာ ပဋိသန္ဓေအကြိမ်ကြိမ်ယူနိုင်ကြောင်း ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ(၃–၆၇)မှာ ဖွင့်ပြထားသေးတယ်၊ သည်နေရာမှာ သတ္တက္ခတ္တုပရမသောတာပန် ခုနစ်ဘဝထက်အလွန် တည်မတည် အဆုံးအဖြတ်ကိုတော့ အဘိဓမ္မတ္ထဒီပက (၃–၃၉၀–၃၉၆)မှာ ကြည့်ပါတော့လို့ ညွှန်ပြလိုက်ပါတယ်ကွယ်”

“မှန်ပါ–ဒုတိယပုစ္ဆာ ရှင်းပါပြီ၊ တတိယပုစ္ဆာရဲ့အဖြေကို မိန့်တော်မူပါဦး ဘုရား”

“တတိယပုစ္ဆာရဲ့ အဖြေဟာ ပဌမပုစ္ဆာရဲ့အတွင်း ဝင်သွားပြီကွယ့်”

“ဘယ်လိုများအတွင်း ဝင်သွားပါသလဲဘုရား”

“သောတာပန်ပုဂ္ဂိုလ်ဟာ ဣဿာ, မစ္ဆရိယတရားများ ပယ်ခွါပြီးဖြစ်လို့ သူတစ်ပါးအပေါ် ငြူစူခြင်း, မိမိပစ္စည်းကို ဝန်တိုခြင်းမရှိတော့ဘူး၊ ဝန်တိုခြင်း, ငြူစူခြင်းကင်းတဲ့အတွက် ဘေးရန်ကင်းကွာ အလွန်ချမ်းသာတဲ့စိတ်ရှိတယ်၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတရားကို အကြွင်းမဲ့ပယ်ခွာပြီးဖြစ်လို့ ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်စိတ်ရှိတယ်၊ ဘယ်လို နတ်ဗြဟ္မာက လာရောက်ဖျက်ဆီးသော်လည်း ရတနာသုံးပါးကို မပယ်ဘူး၊ အရိယာတို့နှစ်သက်မြတ်နိုးတဲ့ သီလအကျင့်နှင့် ပြည့်စုံတယ်၊ (မဟာဝဂ္ဂသံယုတ် ဝေဠုဒွါရသုတ်)၊ သောတာပန်ဟာ ဘဝတစ်ပါးရောက်ပြီး ဘဝဖုံးလွှမ်းတဲ့အတွက် မိမိကိုယ်ကို သောတာပန်မှန်းမသိဖြစ်စေဦးတော့ ငါးပါးသီလကို မဖောက်ဖျက်ဘူး၊ “အသင်ဟာ ဟောသည်သတ္တဝါကို သတ်ရမယ်၊ မသတ်လျှင် သင့်ဦးခေါင်းကိုဖြတ်မယ်”ဆိုတာတောင် ဦးခေါင်းကို အဖြတ်ခံမယ်၊ သူ့အသက်ကို မသတ်ဘူး၊ ထို့အတူ သူတစ်ပါးဥစ္စာကို မခိုးဘူး၊ သူတစ်ပါးသားမယားကို မပြစ်မှားဘူး၊ မဟုတ်သောစကားကို မဆိုဘူး၊ သေရည်သေရက်ကို မသောက်ဘူး (ဗဟုဓာတုကသုတ်)။

သောတာပန်ဟာ မစ္ဆရိယတရားကို ပယ်ခွာပြီးဖြစ်လို့ မိမိပစ္စည်းအပေါ် နှမြောခြင်း, စေးကပ်ခြင်း, ဝန်တိုခြင်းမရှိဘူး၊ လွတ်လွတ်စွန့်ကြဲနိုင်တယ်၊ ဆုပ်ထားသောလက်မရှိဘူး၊ ဖြန့်ထားသောလက်ရှိတယ်၊ စွန့်ကြဲလှူဒါန်းလိုက်ရလျှင် ပျော်ရွှင်တယ်၊ တောင်းခံခြင်းကို ခံနိုင်ရည်ရှိတယ်၊ (မဟာဝဂ္ဂသံယုတ်၊

http://www.dhammadownload.com



ပုညာဘိသန္ဒသုတ်) ရဟန်းသံဃာမြင်လျှင် မလျှုဘဲမနေနိုင်ဘူး၊ **"ဥပါသိကာ အရိယာသာဝိကာ သာ ဘိက္ခူ ဒိသွာ သန္တိ အဒါတုံ န သက္ကောတိ"** လို့ (ပါစိတ်အဋ္ဌကထာ ကာဏမာတာဝတ္ထုအဖွင့်)မှာ ဆိုထားတယ်၊ ကာဏမာတာရဲ့ မိခင်ဟာ အရိယာသောတာပန်မို့ ရဟန်းတော်မြင်လျှင် ထင်ရှားတဲ့ဝတ္ထုကို မပေးလှူဘဲ မနေနိုင်ဘူးတဲ့၊ ဒါကြောင့် သောတာပန်ဖြစ်ပြီးလျှင် အလှူရက်စက်တယ်လို့ မှတ်ရမယ်၊ သည်လောက်ဆိုလျှင် အရှင်ပဏ္ဍိတရဲ့ တတိယအမေးဟာ ပြေလောက်ပါပြီနော်"

"မှန်ပါ၊ ပြေလောက်ပါပြီ ဘုရား"

"သာဓု-သာဓု-သာဓု"



http://www.dhammadownload.com

# ပဋိသန္ဓေပါ သောတာပန်ပုဂ္ဂိုလ် လူ့ဘုံ၌ရှိမရှိ လေးကျွန်းတစ်မြင်းမိုရ် အယူအဆ

"ဟောသည့်စာက ထိုင်းနိုင်ငံမြောက်ပိုင်း၊ လမ်းပန်းမြို့၊ စီကြုံးလမ်း၊ စီကြုံးကျောင်း၊ ထိုင်းသာသနာပြုဆရာတော် ဦးပညာဝံသထံမှ မေးလျှောက်လွှာဖြစ်ပါတယ် ဘုရား"

"ထိုင်းသာသနာပြုဆရာတော်က ဘာတွေများ မေးထားလဲကွယ်"

"ထိုင်းသာသနာပြုဆရာတော်ရဲ့ စာလွှာမှာ အမေးပုစ္ဆာနှစ်ချက် ပါတယ် ဘုရာ့"

"ဆိုစမ်းပါဦး"

"ပထမအမေး(၁)က အဘိဓမ္မတ္ထသင်္ဂဟ စာမျက်နှာ (၁၆၄) ပုဂ္ဂလဘေဒ၌ သောတာပန်ပုဂ္ဂိုလ်သည် လူတို့ပြည်၌ ပဋိသန္ဓေနေနိုင်သည်ဟု ဆိုပါသည်၊ ၎င်းပြင် သက္ကပဥှာသုတ်၌ သိကြားမင်းက မြတ်စွာဘုရားကို သူသည်လူ့ဘုံ၌ ပဋိသန္ဓေနေရဦးမည်ဟု လျှောက်ထားပါသည်၊ ထို့ကြောင့် ထိုထိုပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများ၌ လူ့ဘုံမှာ သောတာပန်မွေးလာသော ဝတ္ထုများ တွေ့ဖူးပါသလား ဘုရားတဲ့၊ ဒုတိယအမေး(၂)က လေးကျွန်းတစ်မြင်းမိုရ်ရှိရာ နေနှင့်လတို့က မြင်းမိုရ်တောင်ကို လက်ယာရစ်လှည့်ပတ်၍သွားကြရာ သုံးကျွန်း လင်းခိုက် တစ်ကျွန်းမိုက်ဆိုသဖြင့် တောင်ကျွန်းမွန်းတည့်လျှင် မြောက်ကျွန်း သန်းခေါင်ဖြစ်နေပါသည်။

http://www.dhammadownload.com


(က) ယခုအခါ တောင်ကျွန်းမွန်းတည့်က အမေရိကန်၌ သန်းခေါင် ဖြစ်နေပါ၍ အမေရိကန်ကို မြောက်ကျွန်းဟု ခေါ်ရမည်လား ဘုရား။

(ခ) ၎င်းပြင် နော်ဝေးနိုင်ငံတွင် ခြောက်လ နေကိုမြင်နေရသည်ဟု ပြော ကြပါသည်၊ မြင်းမိုရ်တောင်မရှိသလို ဖြစ်နေပါ၍ ဘယ်လို ထင် အောင် ယူရပါမည်လဲဘုရား။

၁၃၄၈–ခု၊ တပို့တွဲလဆန်း ၁၁–ရက်နေ့ ဤစာကို ထည့်ပါသတဲ့ဘုရား"

"ပုစ္ဆာနှစ်ချက်အနက် ပထမပုစ္ဆာကို ဦးစွာဖြေဆိုကြစို့ရဲ့"

"မှန်ပါ–ဖြေဆိုတော်မူပါဘုရား"

"လယ်တီဆရာတော်ဘုရားကြီးက မန်လည်ဆရာတော်ဘုရားကြီးထံ လျှောက်ထားတဲ့ သောတာပန် အမေးအဖြေဆိုတာရှိတယ်၊ မန်လည်စာပေ စောင့်ရှောက်ရေးအဖွဲ့က ယခုအခါ ပညာဝိမံသနကထာကျမ်းအမည်နှင့် စုပေါင်း ရိုက်နှိပ်ထားပြီးဖြစ်တယ်၊ အဲသည်အမေးအဖြေကို အတိုချုံးပြီး ပြောပြဦးမယ် ကွယ့်"

"မိန့်တော်မူပါ ဘုရား"

"လယ်တီဆရာတော်ကြီးက–သတ္တက္ခတ္တုပရမသောတာပန်, ကောလံ ကောလ သောတာပန်, ဧကဗီဇသောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့ဟာ သည် လူ့ဘုံကို ပဋိသန္ဓေ တစ်ဖန် ပြန်နေခွင့်ရှိကြောင်း ကျမ်းဂန်များမှာ အဆိုရှိပါ တယ်တဲ့၊ လူ့ပြည်မှာ သာသနာတော်ခေတ်ဟာလည်း အလွန်နည်းတယ်၊ နောင်အခါ သာသနာတော်ဟာ နှစ်ပေါင်း နှစ်ထောင်ကျော်သာကျန်တယ်၊ ဘုရားရှင်လက်ထက်က သောတာပန်တည်သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ယခု အခါ နတ်ပြည်မှာရှိနေကြပါတယ်၊ ထိုပုဂ္ဂိုလ်များ နတ်သက်ကြွေပြီး လူ့ပြည် ရောက်မည့်အချိန်ဟာ သာသနာပအချိန်နှင့် ကြုံနေပါတယ်၊ သာသနာတော် ကွယ်ပြီးနောက် တကက်ကပ်အချိန်မှာ လူအရိယာများ ဖြစ်လိမ့်ဦးမယ်လို့ ဆိုစရာဖြစ်နေပါတယ်၊ သာသနာပအခါ လူ့ပြည်မှာ ရှင်ပစ္စေကဗုဒ္ဓါမှတစ်ပါး လူအရိယာများဖြစ်ရန်မခက်ဘူးလို့ ဉာဏ်မခွဲနိုင်ဖြစ်နေပါတယ်၊ အရှင့်သဘောကို နာခံလိုပါတယ်လို့ လျှောက်ထားတယ်ကွယ့်"

http://www.dhammadownload.com



"မှန်ပါ–အလွန်စိတ်ဝင်စားစရာကောင်းလှတဲ့ မေးခွန်းပါပဲဘုရား၊ အမိန့်ရှိပါဦး"

"သည်မေးခွန်းကို မန်လည်ဆရာတော်ကြီးက ဘယ်လိုဖြေတော်မူသလဲ ဆိုတော့ "သောတာပန် သကဒါဂါမ်များ လူ့ပြည်တစ်ဖန်ဖြစ်နိုင်တယ်ဆိုတဲ့ စကားဟာ မဂ်၏ နိယာမသိဒ္ဓိမဟုတ်၊ ဝိပဿနာ၏ နိယာမသိဒ္ဓိသာ ဖြစ်သတဲ့"ကွယ်၊ မဂ်၏ နိယာမသိဒ္ဓိဆိုတာ မဂ်၏အခြားမဲ့မှာ ကေန်ဖြစ်မြဲ ဖိုလ်မဖြစ်ရိုးမရှိ၊ သည်ဟာလည်း နိယာမသိဒ္ဓိပဲ၊ ပြီးတော့ အရိယာဖြစ်ခဲ့လျှင် ငါးပါးသီလကို စွန့်ရိုးထုံးစံမရှိဘူး၊ နောက်ဘဝရောက်လို့ ငါအရိယာပဲလို့ မသိသော်လည်း သူ့အသက်ကို လုံးဝမသတ်၊ သူ့ဥစ္စာကို မခိုး၊ ကာမေသု မိစ္ဆာစာရကို မလွန်ကျူး၊ မုသားမပြော၊ သေအရက်ကို မသောက်ဘူးတဲ့။ (သမ္မော–ဉာဏဝိဘင်း)

သီလက္ခန္ဓဝဂ်၊ ကူဋဒန္တသုတ်အဖွင့်မှာဆိုထားတာက ဘဝတစ်ပါးရောက်တဲ့ အရိယာဟာ အသက်ဟူသော အကြောင်းကြောင့်လည်း သတ္တဝါကို မသတ်ဘူး၊ အရက်သေစာကို မသောက်ဘူး၊ အရက်နှင့်နို့ရည်ရောပြီး အရိယာပုဂ္ဂိုလ်ရဲ့ ခံတွင်းထည့်ခဲ့လျှင် နို့ရည်သာဝင်ပြီး အရက်မဝင်ဘူး၊ ဥပမာကြိုးကြာရဲ့ခံတွင်း ရေနှင့်ရောပြီး နို့ရည်ထည့်ခဲ့လျှင် နို့ရည်သာဝင်ပြီး ရေမဝင်သလို မှတ်ရမယ်တဲ့၊ အရက်နှင့် နို့ရည်ရောပြီးတိုက်ပါလျက် နို့ကသာဝင်တယ်၊ အရက်မဝင်ဘူး ဆိုတာ တကယ်တော့ ယုံကြည်နိုင်ဖွယ်မရှိဘူးပေါ့၊ သို့သော်လည်း မယုံမရှိနှင့် အမှန်တကယ်ပါပဲတဲ့၊ ဘာကြောင့်လဲဆိုတော့ မဂ္ဂသိဒ္ဓိအားဖြင့် ပြီးစီးတဲ့အတွက် ကြောင့်ပါပဲတဲ့၊ သောတာပန် သကဒါဂါမ် လူ့ပြည်ပြန်လာဦးမယ်ဆိုတာကတော့ မဂ္ဂသိဒ္ဓိမဟုတ်ဘူး၊ ဝိပဿနာသိဒ္ဓိမျှသာဖြစ်တယ်တဲ့၊ ဝိပဿနာသိဒ္ဓိဆိုတာ ဝိပဿနာအစွမ်းကြောင့် လူ့ပြည်ပြန်ချင်လည်း ပြန်နိုင်တယ်၊ မပြန်ချင်လည်း ဖြစ်နိုင်တယ်လို့ ဆိုလိုတယ်၊ သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်များဟာ အရိယာ ဖြစ်စကာလက ဝိပဿနာနုသေးတဲ့အတွက် ဘဝတဏှာ၏အစွမ်းအားဖြင့် ဖြစ်ရာဘဝတပ်မက်ပြီး လူဖြစ်ချင်စိတ်, နတ်ဖြစ်ချင်စိတ်များ ဖြစ်ပေါ်တတ်သေး သော်လည်း ဝိပဿနာရင့်လာတဲ့အခါ အရှင်အာနန္ဒာ ဥပမာအတိုင်း ယခုဘဝ၌ သော်လည်း ခန္ဓပရိနိဗ္ဗာန် ဝင်စံနိုင်တယ်။

http://www.dhammadownload.com



တိကင်္ုတ္တရပါဠိတော် သီဟနာဒသုတ်မှာ အရှင်အာနန္ဒာဟာ အကယ်၍ ပုထုဇ္ဇဘဝဖြင့် စုတိခဲ့လျှင် ဘုရား၌ကြည်ညိုတဲ့စိတ်ကြောင့် နတ်မင်းခုနစ်ကြိမ်, လူမင်းခုနစ်ကြိမ်ဖြစ်နိုင်တယ်လို့ ဟောတော်မူထားတယ်၊ သို့သော်လည်း အရှင်အာနန္ဒာဟာ ယခုဘဝမှာပင် အနုပါဒိသေသပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့တယ်၊ သည်စကားရပ်မှာ လူမင်း နတ်မင်းဖြစ်ရမည်ဆိုတာက ဘုရား၌ကြည်ညိုသော မဟာကုသိုလ်ကံရဲ့ အာနိသံသဖြစ်တယ်၊ လူ့ပြည်နတ်ပြည် ခုနစ်ဘဝ အပိုင်းအခြားကတော့ သောတာပတ္တိမဂ်၌ အာနုဘာဝ မဂ်ရဲ့ အာနိသံသမျှသာဖြစ်တယ်၊ မဂ်ရဲ့နိယာမသိဒ္ဓိမဟုတ်ဘူး၊ နိယာမသိဒ္ဓိမဟုတ်တဲ့အတွက် လူ့ဘဝမှာ ဧကန်ဖြစ်ချင် ဖြစ်မယ်၊ မဖြစ်ချင်မဖြစ်ဘူးလို့ ဆိုလိုတယ်။

အရိယာဆိုတဲ့စကားဟာ သာသနာတွင်းစကားဖြစ်လို့ သာသနာပ ကာလမှာ အရိယာမရှိဘူးလို့ ယူဆကြတယ်၊ ကမ္ဘာကြီးရဲ့ သက်တမ်းနှင့် တွက်ကြည့်မည်ဆိုလျှင် သာသနာတွင်းကာလဟာ အလွန်နည်းပါးလွန်းတယ်၊ သာသနာပကာလကအလွန်ကြာတယ်၊ ခုနစ်ရက် ခုနစ်လီ မိုးမှောင်ကျနေတဲ့အခါမှာ တစ်ကြိမ် လျှပ်စစ်ပြက်သလောက်သာ သာသနာတွင်းကာလက တည်တယ်၊ ဒါကြောင့် သာသနာတွင်းကာလ၌သာ သစ္စာလေးပါးကို သိနိုင်တယ်၊ ကျန်သော သာသနာပကာလများမှာ သစ္စာလေးပါးကို မသိနိုင်ဘူး၊ သိသူမရှိနိုင်ဘူးဆိုပါလျှင် ရှင်ပစ္စေကဗုဒ္ဓါများဘယ်လိုဖြစ်ပါ့မလဲ၊ ရှင်ပစ္စေကဗုဒ္ဓါဆိုတာ သာသနာပမို့ ရှင်ပစ္စေကဗုဒ္ဓါလို့ ခေါ်ရတယ်၊ သာသနာတွင်းကာလဆိုလျှင် ရဟန္တာပါပဲ၊ ရဟန္တာဆိုတာ သောတာပန်ကစပြီးဖြစ်တာမို့ ရှင်ပစ္စေကဗုဒ္ဓါဟာလည်း သောတာပန်မှ အဆင့်ဆင့်တက်ပြီး ဖြစ်လာတာပါပဲ၊ ကျွန်းကြီး လေးကျွန်းအနက် ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းဟာ ရဟန္တာတို့ဖြင့် မဆိတ်ဘူးလို့ဆိုပါတယ်၊ ရဟန္တာတို့ဖြင့် မဆိတ်လျှင် သောတာပန် သကဒါဂါမ် အနာဂါမ်တို့ဖြင့်လည်း မဆိတ်ဘူးလို့ ဆိုသင့်ပါတယ်။

သက္ကပဥှာသုတ်မှာ ဈာန်ရပြီးသော ရဟန်းတော် သုံးပါးကွယ်လွန်တော့ ဂန္ဓဗ္ဗနတ်သားများဖြစ်တယ်လို့ ဟောထားတယ်၊ ဈာနသိဒ္ဓိဆိုတာ ပထမဈာန်နှင့်ကွယ်လွန်လျှင် ပထမဈာန် ဗြဟ္မာ့ဘုံမှာဖြစ်တယ်၊ ဒုတိယ, တတိယဈာန်နှင့် ကွယ်လွန်လျှင် ဒုတိယဈာန်ဗြဟ္မာ့ဘုံမှာဖြစ်တယ်၊ စတုတ္ထဈာန်နှင့် ‹ငြ›

http://www.dhammadownload.com



လွန်လျှင် တတိယဈာန် ဖြဟ္မာ့ဘုံမှာ ဖြစ်တယ်၊ ပဋ္ဌမဈာန်နှင့် ကွယ်လွန်လျှင် စတုတ္ထဈာန် ဖြဟ္မာ့ဘုံမှာ ဖြစ်တယ်၊ ဈာနသိဒ္ဓိဟာ သည်မျှလောက် ပြီးစီးပါလျက် ဈာန်ရ ရဟန်းတော်သုံးပါး ဖြဟ္မာမဖြစ်ဘဲ ဘာကြောင့် ဂန္ဓဗ္ဗနတ် ဖြစ်ရသလဲ၊ တခြားကြောင့် မဟုတ်ဘူး၊ သူတို့ဟာ ဟိုဘဝက ဂန္ဓဗ္ဗနတ်မျိုး ဖြစ်ခဲ့တယ်၊ ယခု ကွယ်လွန်ခါနီးမှာ ဟိုဘဝကို တပ်မက်တဲ့ စိတ်ကြောင့် ဈာန်ကွယ်ပြီး ဂန္ဓဗ္ဗနတ် ဖြစ်ရတယ်။

သောတာပန်ပုဂ္ဂိုလ်ဟာလည်း အထက်ထက်နတ်ဘုံမှာ ဖြစ်ခွင့်ရှိပါတယ်၊ သို့သော် ဘဝကို တပ်မက်တဲ့ နိကန္တိဖြစ်ခဲ့လျှင်တော့ လူ့ဘုံမှာ ဖြစ်နိုင်ခွင့် ရှိပါတယ်၊ လူ့ဘုံမှာ ဖြစ်ရာမှာလည်း သာသနာတွင်း သာသနာပရယ်လို့ ခွဲခြားချက် မရှိဘူး၊ သာသနာပကာလမှာ သောတာပန် သကဒါဂါမ်တို့ထက် အဆင့်မြင့်တဲ့ ပစ္စေကဗုဒ္ဓါပင် ဖြစ်နိုင်သေးလျှင် သောတာပန် သကဒါဂါမ်လည်း မဖြစ်နိုင်ဖွယ် မရှိပါဘူး၊ သို့သော် သာသနာပကာလမှာ အမိဝမ်းက ဖွားလာတဲ့ သောတာပန် သကဒါဂါမ်ရှိတယ်လို့တော့ မတွေ့ဖူးဘူး၊ သာသနာတော်တွင်းကာလမှာတော့ အင်္ဂုတ္တရအဋ္ဌကထာ၊ ပဋ္ဌကနိပါတ်၊ သုမနသုတ်အဖွင့် (၁၅)မှာ ဖွင့်ပြတဲ့ ကောသလမင်းကြီးရဲ့ သားတော်နဲ့ အလုပ်အကျွေး မိန်းမတို့ရဲ့ သားဟာ သောတာပန် သို့မဟုတ် သကဒါဂါမ် ဖြစ်ဖွယ်ရာ ရှိတယ်ကွယ့်”

“အရိယာဖြစ်လောက်တဲ့ အဲသည် ပုဂ္ဂိုလ်နှစ်ဦးအကြောင်း အမိန့်ရှိပါဦးဘုရား”

“ကဿပဘုရား လက်ထက်တော်ကာလက သူငယ်ချင်းရဟန်း နှစ်ပါးရှိခဲ့ကြသတဲ့၊ တစ်ပါးက သာရဏီယဝတ်ကို ဖြည့်တယ်၊ တစ်ပါးက ဘဝတ္တဂ္ဂဝတ်ကို ဖြည့်သတဲ့”

“အရှင်ဘုရား သာရဏီယဝတ်ဆိုတာ ဘယ်လို ဝတ်ပါလဲဘုရား”

“သာရဏီယဝတ်ဆိုတာ သီတင်းသုံးဖော်များအပေါ် မေတ္တာစိတ်ထားပြီး ဆွမ်းခံရသမျှသောဆွမ်းကို လိုသလောက် ပေးလှူတယ်၊ လိုသေးလျှင် ထပ်ပြီး ဆွမ်းခံတယ်၊ ရလျှင် ပြန်လှူတယ်၊ သံဃာအား ပေးလှူလို့ ကြွင်းကျန်တာကိုမှ မိမိစားတယ်၊ အဲဒီလို စိတ်မငြိုမငြင် လှူဒါန်းတဲ့ ကျင့်ဝတ်ကို သာရဏီယဝတ်လို့ ခေါ်တယ်ကွယ့်”

http://www.dhammadownload.com



"ဘတ္တဂ္ဂဝတ်ဆိုတာကိုလည်း အမိန့်ရှိပါဦး ဘုရား"

"ဆွမ်းစားဇရပ်မှာ ပြုကျင့်ရတဲ့ဝတ်ကို ဘတ္တဂ္ဂဝတ်လို့ ခေါ်တယ်၊ ယခု ထေရ်ဟာ ဘတ္တဂ္ဂဝတ်ကို အဦးထားပြီး ၁၄-ပါးသော ခန္ဓကဝတ်များကို ဖြည့်ကျင့်တော်မူတယ်၊ သည်လိုကုသိုလ်ကောင်းမှုများ ဖြည့်ကျင့်ကြတဲ့အတွက် ကွယ်လွန်တော့ နှစ်ပါးလုံး နတ်ပြည်မှာဖြစ်ကြတယ်၊ သာရဏီယဝတ်ဖြည့်ကျင့်သူက ဘတ္တဂ္ဂဝတ် ဖြည့်ကျင့်သူထက် (အာယု-ဝဏ္ဏ-သုခ-ယသ-အဓိပတေယျ) ဆိုတဲ့ အကျိုးငါးပါး သာလွန်သတဲ့၊ နှစ်ပါးလုံး လူ့ပြည်နတ်ပြည်များမှာ ကျင်လည်ခဲ့ကြပြီး ယခုဘုရားရှင်လက်ထက်တော်ကျတော့ သာရဏီယဝတ် ဖြည့်ကျင့်ခဲ့တဲ့ရဟန်းက ကောသလမင်းကြီးရဲ့သားတော်ဖြစ်လာပြီး ဘတ္တဂ္ဂဝတ် ဖြည့်ကျင့်တဲ့ရဟန်းတော်ကတော့ အလုပ်အကျွေးမရဲ့သား ဖြစ်လာသတဲ့၊ သူတို့နှစ်ဦးဟာ ကင်ပွန်းတပ်တဲ့နေ့မှာ ဇာတိဿရဉာဏ်ရကြလို့ ကဿပဘုရားရှင် လက်ထက်အကြောင်းကို ကလေးအချင်းချင်းပြောကြသတဲ့၊ သူတို့ပြောကြတဲ့ စကားကို အစ်မဖြစ်သူ သုမနဒေဝီကကြားတဲ့အတွက် ဘုရားရှင်ကို လျှောက်ထားတယ်၊ အဲဒါကြောင့် သုမနသုတ်ကို ဘုရားရှင်ဟောတော်မူခြင်းဖြစ်တယ်၊ အဲဒီသုမနသုတ်မှာ-

"ဧဝံ ဒဿနသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓသာဝကော"လို့ ဘုရားရှင်ဟောထားတယ်၊ သည်ဂါထာမှာပါဝင်တဲ့ ဒဿနသမ္ပန္နောဆိုတာ အဋ္ဌကထာက (ဒဿနသမ္ပန္နောတိ သောတာပန္နော)လို့ အတိအလင်း ဖွင့်ပြထားတယ်၊ ဒါကြောင့် ထိုသူငယ်နှစ်ယောက်ကို ကဿပဘုရားရှင် လက်ထက်တော်က သောတာပန် တည်ခဲ့ သူများလို့ ကောက်ချက်ချနိုင်တယ်၊ သူတို့နှစ်ဦးဟာ ကဿပဘုရားရှင် လက်ထက်တော်က သောတာပန်တည်ခဲ့ကြတယ်၊ ကွယ်လွန်တော့ နတ်ဖြစ်တယ်၊ နတ်ဘဝကစုတိပြန်တော့ လူဖြစ်ကြတယ်၊ သည်အကြောင်းကို အဋ္ဌကထာက (ဧဝံ တေ ဒေဝေသု စ သံသရန္တာ မနုဿေသုစ ဇာတံ ဗုဒ္ဓန္တရံ ခေပေတွာ)လို့ ပြထားတယ်၊ သူတို့နှစ်ဦး နတ်ဘဝက စုတိ၍ လူဖြစ်ချိန်ဟာ (ဗုဒ္ဓန္တရ) ကဿပဘုရားနှင့် ဂေါတမဘုရားတို့အကြားကာလ သာသနာပဖြစ်တယ်၊ ဒါကိုစိစစ်ကြည့်လိုက်လျှင် သက္ကပဉ္စသုတ်မှာ သိကြားမင်းက သူဟာ လူ့ပြည်မှာ ၁၄ သန္ဓေတည်နေရဦးမည်ဆိုတာဟာ သာသနာတွင်းကို ရည်ရွယ်ဟန်မတူဘဲ

http://www.dhammadownload.com



သာသနာပကာလကို ရည်ရွယ်ဟန်ရှိကြောင်း ဖြေလိုပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ သိကြားမင်းက ယခုမှ သိကြားအသစ်ဖြစ်ခါစမို့ သူ့ရဲ့ နတ်သက်တမ်းဟာ အများကြီးရှိနေသေးတယ်၊ သာသနာတော်သက်တမ်းကတော့ အနှစ်ငါးထောင်မျှသာကြာရှည်လို့ ယခုပင်လျှင် သာသနာတော် နှစ်ထောင့်ငါးရာ ကျော်လာပြီဖြစ်တဲ့အတွက် အနာဂတ်သာသနာတော်ကာလဟာ မများတော့ပါဘူး၊ ဒါကြောင့် ယခုသာသနာတော်အတွင်းမှာ သိကြားမင်း လူ့ပြည်လာခွင့်မရှိပါဘူး၊ သာသနာတော်ကြီးကွယ်ပြီးတဲ့ခေတ်မှာမှ သိကြားမင်း လူ့ပြည်လာဖို့ရှိပါတယ်၊ သည်ပြဿနာဟာ အလွန်သိမ်မွေ့ပါတယ်၊ သည်အဖြေကို မကျေနပ်သေးပါက ပညာရှိများနှင့် ဆွေးနွေးပါဦးလို့ တိုက်တွန်းလိုက်ပါတယ်ကွယ်”

“မှန်ပါ–ပထမမေးခွန်းရဲ့ အဖြေကတော့ ပြီးဆုံးပါပြီ၊ ဒုတိယမေးခွန်းကို ဆက်လက် ဖြေကြားတော်မူပါဦး”

## ဒုတိယမေးခွန်းအဖြေ

“ဒုတိယမေးခွန်းက အဝိုင်းနှင့် လေးထောင့်ဆိုသလိုဖြစ်နေသကွယ့်”

“ဘယ်လို အဝိုင်းနှင့် လေးထောင့်ပါလဲဘုရာ့”

“လောကမှာ အဝိုင်းအဝိုင်းချင်းသာ လေးထောင့်လေးထောင့်ချင်းသာ အံဝင်ခွင်ကျဖြစ်တယ်၊ အဝိုင်းနှင့်လေးထောင့်ဟာ အံဝင်ခွင်ကျမဖြစ်ဘူး၊ သည်ကမ္ဘာမြေကို လေ့လာကြရာမှာလည်း (၁) ရှေးရိုးအစဉ်အလာအရ လေ့လာခြင်း၊ (၂) သိပ္ပံနည်းအရ လေ့လာခြင်းလို့ နှစ်မျိုးရှိရာမှာ–

ရှေးရိုးအစဉ်အလာအရ လေ့လာတွေ့ရှိတာက ကမ္ဘာမြေပြင်ဟာ အပြားဖြစ်တယ်၊ ကမ္ဘာမြေရဲ့အောက်က ရေခံတယ်၊ ရေရဲ့အောက်က လေခံတယ် လေထုဟာ ယူဇနာပေါင်း ကိုးသိန်းခြောက်သောင်းရှိတယ်၊ လေထုရဲ့အထက်က ရေထုဟာ ယူဇနာပေါင်း လေးသိန်းရှစ်သောင်းရှိတယ်၊ ရေထုရဲ့အထက်က မြေထုဟာ ယူဇနာပေါင်း နှစ်သိန်းလေးသောင်းရှိတယ်၊ ဖြစ်ဖော်ဖြစ်ဖက် ပျက်ဖော်ပျက်ဖက် စကြဝဠာတွေဟာ ကြမ်းပြင်ပေါ် ဆန်ကောတွေစီချထားသလို စကြဝဠာတောင်တွေ ခွေရစ်ပတ်ပြီး အစီအရီရှိနေကြတယ်၊ စကြဝဠာ

http://www.dhammadownload.com



တစ်ခုအတွင်း နေတစ်စင်း လတစ်စင်းရှိစီကြတယ်၊ စကြဝဠာရဲ့အလယ်မှာ မြင်းမိုရ်တောင်ရှိတယ်၊ မြင်းမိုရ်တောင်ကို တောင်စဉ် ခုနစ်ထပ်ကာရံထားတယ်၊ နေနှင့်လတို့ဟာ ယုဂန္ဓိုရ်တောင်နှင့်အမျှ ကောင်းကင်မှာ လက်ယာရစ် လှည့်ပတ်နေကြတယ်၊ တစ်ရက်လျှင်တစ်ပတ်ရကြတယ်၊ ထိုနေလတို့နှင့်အတူ နက္ခတ် (၂၇)လုံးတို့ဟာလည်း ကမ္ဘာမြေပြင်ရဲ့အထက်မှာ လှည့်ပတ်နေကြတယ်၊ နေမင်းဟာ ထိုနက္ခတ်များနှင့်အတူတကွ ယှဉ်သွားနေစဉ် နက္ခတ်ကိုမီအောင် မလိုက်နိုင်ဘဲ ရက်ပေါင်း ၃၀–လျှင် တစ်ရာသီနောက်ကျကျန်ရစ်တယ်၊ မိဿရာသီဦးမှာ နက္ခတ်နှင့်ယှဉ်တဲ့ နေမင်းဟာ မိန်ရာသီအဆုံးမှာ ရက်ပေါင်း (၃၆၅)ရက်ပြည့်လို့ တစ်နှစ်လို့ သမုတ်ကြရတယ်၊ ယခုပြောခဲ့တာက ကမ္ဘာမြေနှင့် နက္ခတ်တာရာတို့အကြောင်း ရှေးရိုးအယူအဆဖြစ်တယ်။

သိပ္ပံအယူအဆဟာ ရှေးရိုးအယူအဆနှင့်မတူဘူး၊ ရှေးရိုးအယူအဆမှာ ကမ္ဘာမြေက အောက်အရပ်မှာဖြစ်ပြီး နေလနက္ခတ်တာရာတို့က အထက်အရပ်က ဖြစ်ကြတယ်၊ သိပ္ပံအယူအဆကတော့ ကမ္ဘာမြေဟာ အပြားမဟုတ်ဘူး၊ အလုံး ဖြစ်တယ်၊ ကမ္ဘာလုံးဟာ နေနှင့်နှိုင်းစာလျှင် အလွန်သေးငယ်တယ်၊ နေရဲ့အချင်း ဟာ ကမ္ဘာလုံးရဲ့အချင်းထက် အဆပေါင်း တစ်ရာ့တစ်ဆယ်ရှိတယ်၊ ကမ္ဘာလုံး ရဲ့အချင်းဟာ မိုင်ပေါင်း (၇၉၂၀)ခန့်သာရှိပြီး နေရဲ့အချင်းဟာ မိုင်ပေါင်း (၈၆၄၁၀၀)ခန့်ဖြစ်တယ်၊ ဒါကြောင့် ကမ္ဘာမြေရဲ့အလုံးပေါင်း တစ်သန်း သုံးသိန်း ပေါင်းပြီးလုံးပါမှ နေလုံးကိုမီလိမ့်မယ်၊ နေရဲ့အရွယ်ထုဟာ အလွန် ကြီးမားတဲ့အတွက် ဆွဲငင်အားကလည်း ကမ္ဘာ့ဆွဲငင်အားထက် ၂၈–ဆမျှ ကြီးမားတယ်၊ ကမ္ဘာလုံးဟာ နေနှင့်မိုင်ပေါင်း ၉၃–သန်းခန့် ဝေးကွာပြီး ကောင်းကင်ပြင်မှ အခြားဂြိုဟ်များနှင့်အတူ နေကိုလှည့်ပတ်နေတယ်၊ အဲသည်လို လှည့်ပတ်ရာမှာ ကမ္ဘာလုံးရဲ့ပတ်လမ်းကြောင်းဟာ စက်ဝိုင်းတိတိမဟုတ်ဘဲ စက်ဝိုင်းအရှည်ပုံမျိုးဖြစ်နေတယ်၊ ဒါကြောင့် လမ်းကြောင်းအတိုင်းပတ်ရာမှာ အချို့နေရာများမှာ နေနှင့်မိုင်ပေါင်း သုံးသန်းခန့် ပိုနီးသွားတတ်တယ်၊ အချို့ နေရာမှာတော့ နေနှင့်ပိုဝေးသွားတတ်ပါတယ်၊ ကမ္ဘာလုံးနှင့်နေဟာ ဇန်နဝါရီလ (၁) ရက်လောက်မှာ အနီးကပ်ဆုံးဖြစ်ပြီး ဇူလိုင်လ (၁)ရက်လောက်မှာ အဝေးကွာဆုံးဖြစ်တယ်။

http://www.dhammadownload.com



နေစကြဝဠာအတွင်းမှာ ကမ္ဘာဟာ ဂြိုဟ်တစ်လုံးမျှသာ ဖြစ်တယ်၊ နေက ရပ်တည်နေပြီး ကမ္ဘာနှင့်တကွ ဂြိုဟ်နက္ခတ်တာရာတို့ဟာ နေရဲ့ ဆွဲအားကြောင့် စကြဝဠာအပြင်ဘက်ကို လွင့်စဉ်မသွားကြဘဲ နေကို လှည့်ပတ်နေကြတယ်၊ ကမ္ဘာဂြိုဟ်ဟာ နေကို ရက်ပေါင်း (၃၆၅)ရက်မှ တစ်ပတ်ပတ်မိတယ်၊ မိမိဝင်ရိုးပေါ်မှာ လည်တာက ၂၄–နာရီမှာ တစ်ပတ်ပတ်မိတယ်၊ ကမ္ဘာဂြိုဟ်ဟာ အဝန်းအဝိုင်းဖြစ်သော်လည်း မိမိဝင်ရိုးပေါ် လည်ရာမှာ တည့်တည့်လည်တာ မဟုတ်ဘဲ တစ်ဘက်သို့ စောင့်ငဲ့ပြီး လှည့်ပတ်နေတယ်၊ စောင့်ငဲ့လှည့်ပတ်မှုကြောင့် မြောက်ဝင်ရိုးစွန်း တောင်ဝင်ရိုးစွန်း နယ်ပယ်များမှာ ခြောက်လနေထွက်ပြီး ခြောက်လ နေပျောက်တယ်လို့ ဆိုကြတယ်၊ အခုပြောခဲ့တာက သိပ္ပံ အယူအဆ ဖြစ်တယ်၊ သိပ္ပံအယူအဆနှင့် ရှေးရိုးအယူအဆဟာ အခြေခံက စပြီး မတူညီဘူး၊ လေးထောင့်နှင့်အဝိုင်းဖြစ်ကြတယ်၊ လေးထောင့်နှင့် အဝိုင်းကို အံဝင်အောင် တော့ မတတ်နိုင်ဘူး၊ သူ့နည်းနှင့်သူ မှတ်ယူပါလို့ပဲ အဖြေပေးလိုက်ပါရစေ”

“သာဓု–သာဓု–သာဓု”

http://www.dhammadownload.com

# မြင်းမိုရ်တောင် နေ, လ, နက္ခတ်နှင့် တပေါင်းလပြည့်နေ့

ဤနေ့ကား ၁၃၄၇–ခုနှစ်၊ တပို့တွဲလဆန်း ၄–ရက်နေ့ဖြစ်ပါသည်၊ ထိုနေ့တွင် ဦးခေါင်းအနည်းငယ် နောက်ကျိကျိနေသဖြင့် နေပူစာလှုံရင်း တစ်ဖက်စောင်းပြီး လျောင်းနေမိသည်၊ မကြာမီကျောင်းပေါ်သို့တက်လာသော ခြေသံကြားရသဖြင့် မျက်စိကိုဖွင့်ကာ အသံကြားရာဌာနသို့ လှမ်းပြီးကြည့်လိုက်ပါသည်၊ တက်လာသူကား ထီးချိုင့်မြို့နယ် တွဲဖက်တရားသူကြီး ဦးမောင်ကြီးပါတည်း၊ ဦးမောင်ကြီးကျောင်းပေါ်တက်လာသောကြောင့် လျောင်းရာမှ ထ၍ထိုင်လိုက်ရသည်၊ ဦးမောင်ကြီးသည် ကျောင်းပေါ်သို့ရောက်သောအခါ ဘုရားကို ဦးချပြီးနောက် ဘုန်းကြီးထိုင်နေရာသို့ လာရောက်ဦးချနှုတ်ဆက်လေသည်။

"ဘုန်းဘုရား–နေကောင်းလားဘုရား"

"အေး–နေကောင်းပါတယ်၊ ဘာကိစ္စလဲကွယ့်"

"ကိစ္စက အကြီးအကျယ်မဟုတ်ပါဘူး ဘုရား"

"ဆိုစမ်းပါဦး"

"ဟောသည် ပဉ္စာကထနကျမ်းပထမပိုင်းမှာ ဆိုထားတဲ့ စကားလေးတစ်ခုမှာ သံသယရှိနေလို့ လာလျှောက်ကြည့်တာပါ ဘုရား"

"ဘယ်စကားလဲကွယ့်"

"ပဉ္စာကထနကျမ်းမှာဆိုတာက ဤသြကာသကမ္ဘာကြီး ပျက်စီးပြီးနောက် ကမ္ဘာအသစ်ပြန်ဖြစ်လာပါသတဲ့ဘုရား၊ အဲသည်ကမ္ဘာသစ်မှာ ရှေးဦးစွာနိမိတ်

http://www.dhammadownload.com



ဖြစ်တဲ့ ကြာပင်မှတစ်ပါး ဘာမျှ မရှိသေးဘူးတဲ့ ဘုရား၊ အဲဒီနိမိတ်ကြာပင်မှာ အပွင့်ပါလျှင် ဘုရားပွင့်မည့်ကမ္ဘာ၊ အပွင့်မပါလျှင် ဘုရားမပွင့်မည့် သုညကမ္ဘာ ဖြစ်ပါတယ်တဲ့။

အဲသည်အပွင့်ကလည်း ပွင့်တံတစ်ခုမှာ ကြာတစ်ပွင့်ပါလျှင် ဘုရားတစ်ဆူ ပွင့်မယ်၊ ပွင့်တံတစ်ခုမှာ ကြာနှစ်ပွင့်ပါလျှင် ဘုရားနှစ်ဆူပွင့်မယ်၊ သုံးပွင့်ပါလျှင် သုံးဆူပွင့်မယ်၊ လေးပွင့်ပါလျှင် လေးဆူ၊ ငါးပွင့်ပါလျှင် ငါးဆူပွင့်မယ်ကိုး ဘုရား၊ အဲသည်နောက် မြေကြီးတည်ရာအရပ်မှာ အရသာရှိတဲ့မြေ (ရသပထဝီ) ဖြစ်ချိန်ရောက်တော့ ဗြဟ္မာပြည်က ဗြဟ္မာများစုတိပြီး ဥပပတ်လူသား ဖြစ်လာကြ ပါသတဲ့၊ အဲသည် ကမ္ဘာဦးလူသားတွေဟာ ဗြဟ္မာများလို ကိုယ်က အရောင်အဝါ တွေ ထွက်တယ်၊ ကောင်းကင်ခရီးဖြင့် သွားလာနိုင်ကြပါသတဲ့၊ သူတို့မှာ ဣတ္ထိဘော, ပုမ္ဘောလည်း မပါဘူးတဲ့ဘုရား"

"အင်း–ဆိုစမ်းပါဦး"

"သူတို့ဟာ ဩဇာအာဟာရမျိုးကို မစားသောက်ကြဘဲ ပီတိအစာဖြင့်ပင် အသချေ်ယျကပ်ပတ်လုံး အသက်ရှည်ကြပါသတဲ့၊ ကာလ ကြာမြင့်လာတော့ ကမ္ဘာဦးလူသားတွေဟာ မြေရဲ့ အရသာကို လက်ချောင်းဖြင့်ယူပြီး စားကြပါ သတဲ့၊ ရသပထဝီကို စားသောက်ပြီး ကာလကြာတော့ တဏှာလောဘကြောင့် ရသပထဝီဟာ ကွယ်ပါသတဲ့၊ မြေလွှာကွယ်ပြန်တော့ ပဒါလတာအမည်ရှိတဲ့ နွယ်ချိုကို စားကြပြန်သတဲ့၊ နွယ်ချိုကွယ်ပြန်တော့ နမသလေးဆန်သီးကို စားကြပြန်သတဲ့၊ နမသလေးဆန်ကို စားတဲ့အတွက် ကိုယ်ရောင်ကိုယ်ဝါတွေ ကွယ်ပျောက်ပြီး ကောင်းကင်မှာလည်း ပျံသန်းသွားလာခြင်း မပြုနိုင်တော့ဘူး တဲ့၊ ကိုယ်အရောင်အဝါတွေ ကွယ်ပျောက်သွားတော့ အမိုက်တိုက်ကြီး ဖြစ်လာ သတဲ့ ဘုရား၊ သည်အခါမှာ ဘယ်လို အရောင်အလင်းများ ရပါ့မလဲလို့ တောင့်တကြတော့ သူတို့ရဲ့ တောင့်တမှု အာနုဘော်ကြောင့် တပေါင်းလပြည့်နေ့မှာ နေ ဗိမာန် ပေါ်လာသတဲ့ဘုရား၊ နေဗိမာန် ဝင်သွားတော့ လူတို့ရဲ့ ဆန္ဒအရ လဗိမာန်ပေါ်လာပြီး မရှေးမနှောင်းပင် မြင်းမိုရ် စကြဝဠာ, ကျွန်းကြီး, ကျွန်းငယ်, ဟိမဝန္တာ, သမုဒ္ဒရာများလည်း တပေါင်းလပြည့်နေ့မှာပဲ တစ်ပြိုင်နက် ပေါ်လာ တယ်လို့ ဆိုပါတယ် ဘုရား"

http://www.dhammadownload.com



"ပေါ်တော့ ဘာဖြစ်တုန်း၊ ဆက်ပါဦး"

"ဆက်ရမှာက တခြားမဟုတ်ပါဘူး ဘုရား၊ နေလနက္ခတ်တာရာ မြင်းမိုရ်သတ္တရဗ္ဘာန်တို့ဟာ တပေါင်းလပြည့်နေ့ ဖြစ်ပေါ်လာတယ်လို့ ဘယ်လိုနည်းနှင့် သတ်မှတ်ပြီး သိပါသလဲဘုရား၊ တပည့်တော်လျှောက်ထားချင်တာက တပေါင်းလပြည့်ကို ပညတ်ခြင်းဟာ သိပ်ကြာသေးဟန်မတူပါဘူး၊ သို့ပါလျက် တပေါင်းလပြည့်နေ့မှာ တစ်ပြိုင်နက် ပေါ်လာတယ်ဆိုတော့ စိတ်ထဲမှာ တွေဝေနေပါတယ်ဘုရား"

"တပေါင်းလပြည့်နေ့ဆိုတာက မြန်မာလူမျိုးတွေ နားလည်တဲ့စကားနှင့် ကျမ်းဆရာက ရေးပြတာကိုးကွယ့်၊ တကယ်ကျမ်းရင်းမှာ ရှိတာကတော့ "တေသံ စိန္တယန္တာနံ ပုညဗလေန ဖဂ္ဂုဏပုဏ္ဏမိယံ သူရိယမဏ္ဍလံ ဥပ္ပဇ္ဇတိ" တဲ့ကွယ့်၊ အနက်ပေးပါဆိုရင် စိန္တယန္တာနံ–ကြံစည်ကုန်သော၊ တေသံ–ထိုကမ္ဘာဦးသူတို့၏၊ ပုညဗလေန–ကောင်းမှုစွမ်းကြောင့်၊ ဖဂ္ဂုဏ ပုဏ္ဏမိယံ–ဖရဂုဏ္ဏီနက္ခတ်နှင့် လမင်းယှဉ်သောအချိန်၌၊ သူရိယမဏ္ဍလံ–နေဝန်းသည်၊ ဥပ္ပဇ္ဇတိ– ဖြစ်ပေါ်လာလေ၏တဲ့၊ ဋီကာကျော်အဖွင့် ဝိဘာဝနီယောဇနမှာလည်း "တေ စ ခေါ အပုဗ္ဗံ အစရိမံ ဖဂ္ဂုဏပုဏ္ဏမဒိဝသေယေဝ ပါတုဘဝန္တိ"(၃၉၀)လို့ ပြထားတယ်၊ဒါကြောင့် တကယ့်ကျမ်းရင်းမှာရှိတာက ဖရဂုဏ္ဏီနက္ခတ်နှင့် စန်းယှဉ်တဲ့နေ့၊ နေလနက္ခတ်တာရာ မြင်းမိုရ်သတ္တရဗ္ဘာန်တို့ မရှေးမနှောင်း ပေါ်တယ်လို့ ဆိုထားတယ်၊ ဖရဂုဏ္ဏီနက္ခတ်နှင့် စန်းယှဉ်တဲ့နေ့ဟာ ဘယ်နေ့လဲလို့ မေးခဲ့လျှင် မြန်မာလို နားလည်အောင် တပေါင်းလပြည့်နေ့လို့ ပြန်ဆိုခြင်း ဖြစ်တယ်ကွယ့်"

"မှန်ပါ–ရေးတေးတေးတော့ ပေါ်ခဲ့ပြီ ဘုရား။ ဒါပေမယ့် သိပ်မရှင်းသေးဘူး၊ သည့်ထက်ရှင်းရှင်းဖြေနိုင်လျှင် ဖြေပါဦး ဘုရား"

"သည့်ထက်ရှင်းလင်းအောင် ပြောရမယ်ဆိုလျှင် စကားတွေ ကျယ်သွားတော့မှာပဲကွယ့်"

"မှန်ပါ–ကျယ်ပါစေ ဘုရား၊ ဗဟုသုတဖြစ်တာပေါ့၊ အမိန့်ရှိပါဦး"

"ဒီလိုဆိုလည်း ဆက်ကြသေးတာပေါ့၊ နေလအခေါ်ဝေါ်ဟာ သူရိယမာသ၊စန္ဒရမာသလို့ နှစ်မျိုးရှိသကွယ့်၊ သူရိယမာသဆိုတာ နေမင်းနှင့် နက္ခတ် ၂၇–လုံးတို့ ယှဉ်ပြိုင်သွားလာခြင်းကိုစွဲပြီး ခေါ်ဝေါ်ခြင်းဖြစ်တယ်၊ သည်စကားကို အနည်းငယ်ချဲ့လိုက်ကြဦးစို့ရဲ့"

http://www.dhammadownload.com



"မှန်ပါ–ချဲ့ပြီး ပြပါဦးဘုရား"

"မိုးပေါ်မှာကြယ်တွေ တာရာတွေ နက္ခတ်တွေရှိကြတယ်၊ နက္ခတ်ဆိုတာ သွားမြဲခရီးအတိုင်း ပျက်စီးခြင်းမရှိ၊ မှန်မှန်သွားလာတတ်တဲ့ ကြယ်စု ၂၇–လုံးကို ဆိုလိုတယ်၊ အဲဒီ ၂၇–လုံးက (၁) အဿဝဏီ၊ (၂) ဘရဏီ၊ (၃) ကြတ္တိကာ၊ (၄) ရောဟိနီ၊ (၅) မိဂသီ၊ (၆) အဒြ၊ (၇) ပုဏ္ဏဖိသျှ၊ (၈) ဖုသျှ၊ (၉) အသလိဿ၊ (၁၀) မာဃ၊ (၁၁) ပုဗ္ဗဘရဂုဏ္ဏီ၊ (၁၂) ဥတ္တရာဘရဂုဏ္ဏီ၊ (၁၃) ဟဿတ၊ (၁၄) စိတ္တရ၊ (၁၅) သွာဒိ၊ (၁၆) ဝိသာခါ၊ (၁၇) အနုရာဓ၊ (၁၈) ဇေဋ္ဌ၊ (၁၉) မူလ၊ (၂၀) ပြုဗ္ဗာသံ၊ (၂၁) ဥတ္တရာသံ၊ (၂၂) သရဝဏ်၊ (၂၃) ဓနသိဒ္ဓိ၊ (၂၄) သတ္တဘိသျှ၊ (၂၅) ပြုဗ္ဗာပရပိုဒ်၊ (၂၆) ဥတ္တရာပရပိုဒ်၊ (၂၇) ရေဝတီ–အားလုံးနက္ခတ် ၂၇–လုံးရှိတယ်။

သည်နက္ခတ်တွေဟာ ကောင်းကင်မှာ တစ်လုံးနှင့်တစ်လုံး အကွာအဝေး၊ အညီအမျှ၊ အချိန်မှန်မှန်လှည့်ပတ်နေကြတယ်၊ သည်နက္ခတ်တွေနှင့်အတူ နေမင်း–လမင်းတို့ကလည်း ကောင်းကင်မှာ အပြိုင်လှည့်နေကြတယ်၊ သည်လို အပြိုင်လှည့်ရာမှာ နက္ခတ်က နေထက်မြင့်တယ်၊ ဒါကြောင့် နက္ခတ် ၂၇–လုံးကို ၁၂–စိတ် စိတ်ရတယ်၊ အစိတ်ရလွယ်အောင် နက္ခတ်တစ်လုံးကို ၄–ပါဒ်ထားလိုက်တော့ နက္ခတ်၂၇–လုံးမှာ ၁၀၈–ပါဒ်ဖြစ်တာပေါ့၊ ပါဒ်ဆိုတာက ၄–ဖို့တစ်ဖို့လို့ဆိုလိုတယ်ကွယ့်၊ နက္ခတ် ၁၀၈–ပါဒ်ကို ၁၂–လနှင့် စိတ်လိုက်၊ တစ်လမှာ ၉–ပါဒ်ရတယ်၊ ၉–ပါဒ်စီ ၉–ပါဒ်စီရတဲ့ ကြယ်အစုကို ရာသီလို့ခေါ်တယ်ကွယ့်၊ ၉–ပါဒ်စီရတဲ့ ရာသီကြယ်စုပေါင်း ၁၂–စုပေါ့၊ သဘောပေါက်ရဲ့ မဟုတ်လား"

"မှန်ပါ–ပေါက်ပါတယ် ဘုရား"

"နေမင်းဟာ ကောင်းကင်မှာ နက္ခတ်နှင့်အတူ ယှဉ်ပြိုင်သွားရာမှာ ရက်ပေါင်း (၃၀) တစ်လလျှင် နက္ခတ်က တစ်ရာသီလွန်သွားတယ်၊ တစ်လ တစ်ရာသီတစ်ရာသီ လွန်လွန်သွားလိုက်တာ တစ်နှစ်ပြည့်တော့ ၁၂–ရာသီ ကုန်သွားတော့တာပေါ့၊ ရာသီအစု ၁၂–စုကို (၁) မိဿရာသီ၊ (၂) ပြိဿရာသီ၊ (၃) မေထုန်ရာသီ၊ (၄) ကရကဋ်ရာသီ၊ (၅) သိဟ်ရာသီ၊ (၆) ကန်ရာသီ၊ (၇) တူရာသီ၊ (၈) ဗြိစ္ဆာရာသီ၊ (၉) ဓနုရာသီ၊ (၁၀) မကာရရာသီ၊ (၁၁) ကုံရာသီ၊ (၁၂) မိန်ရာသီလို့ ခေါ်ကြတယ်၊ သည်အခေါ်က နေမင်းနှင့် နက္ခတ်

http://www.dhammadownload.com


ယှဉ်ပြိုင်တာကိုစွဲပြီး ခေါ်တဲ့အတွက် သူရိယမာသလို့ အမည်ပေးထားကြတယ်၊ စန္ဒရမာသဆိုတာက နေနှင့်နက္ခတ်ယှဉ်ပြိုင်သွားသလို နက္ခတ်နှင့် လဟာလည်း ယှဉ်ပြိုင်သွားနေတယ်၊ သို့သော်လည်း နက္ခတ်ကမြန်ပြီး လက နှေးတယ်၊ ဒါကြောင့် နက္ခတ်တွေဟာ တစ်လုံးပြီးတစ်လုံး လကို ကျော်လွန်သွားရာက လပြည့်နေ့နှင့်ယှဉ်တဲ့ နက္ခတ်ကြုံလာလျှင် အဲဒီနက္ခတ်ရဲ့အမည်ဖြင့် လကို တင်စားပြီး ခေါ်ကြတယ်။

တစ်နှစ်မှာ လပေါင်း ၁၂–လရှိတယ်၊ အဲသည် ၁၂–လအတွင်း လပြည့်နေ့နှင့် ကြုံတဲ့နက္ခတ် ၁၂–လုံးရှိတယ်၊ နက္ခတ် ၁၂–လုံးတို့က–

| | |
|---|---|
| တန်ခူးလပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | စိတြနက္ခတ် |
| ကဆုန်လပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | ဝိသာခါနက္ခတ် |
| နယုန်လပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | ဇေဋ္ဌနက္ခတ် |
| ဝါဆိုလပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | အာသဠ္ဍီနက္ခတ် |
| ဝါခေါင်လပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | သရဝဏ်နက္ခတ် |
| တော်သလင်းလပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | အဒြနက္ခတ် |
| သီတင်းကျွတ်လပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | အဿဝဏီနက္ခတ် |
| တန်ဆောင်မုန်းလပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | ကြတ္တိကာနက္ခတ် |
| ပြာသိုလပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | ဖုဿျှနက္ခတ် |
| တပို့တွဲလပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | မာဃနက္ခတ် |
| တပေါင်းလပြည့်နှင့်ယှဉ်တဲ့နက္ခတ်က | ဖဂ္ဂုဏနက္ခတ် |

တို့ဖြစ်ကြတယ်ကွယ့်၊ ဒါကြောင့် နေလနက္ခတ်တာရာ မြင်းမိုရ်သတ္တရဘ္ဘာန်တို့ စတင်ဖြစ်ပေါ်ရာနေ့ကို ဖဂ္ဂုဏပုဏ္ဏမိယံ–ဖရဂုဏ္ဏီနက္ခတ်နှင့် စန်းယှဉ်တဲ့နေ့လို့ ကျမ်းရင်းများမှာ ပြထားသော်လည်း မြန်မာလိုတော့ တပေါင်းလပြည့်နေ့မှာ ပရဂုဏ္ဏီနက္ခတ်နှင့် စန်းယှဉ်တာမို့ တပေါင်းလပြည့်နေ့ နေလနက္ခတ်တာရာ မြင်းမိုရ်သတ္တရဘ္ဘာန်တို့ စတင်ဖြစ်ပေါ်တယ်လို့ ပဥ္စာကထနကျမ်းက ရေးတာပေါ့ကွယ်၊ ရှင်းရဲ့ မဟုတ်လား”

“မှန်ပါ–ရှင်းကြောင်းပါ ဘုရား”

“သာဓု–သာဓု–သာဓု”

http://www.dhammadownload.com



# ဆန့်ကျင်ဘက် သုံးပါး

"ဟောသည်မှာ ဆရာတော် စာတစ်စောင်ရောက်လာပြန်ပါပြီ ဘုရား"

"ဘယ်ကစာလဲကွယ့်"

"မော်လမြိုင်မြို့၊ စိန်မမကျောင်း၊ အရှင်ဝိစိတ္တသာရဆိုတဲ့ ပုဂ္ဂိုလ်ထံကပါ ဘုရား"

"သူ့စာက ဘာတဲ့တုန်းကွယ့်"

"မှန်ပါ–သူ့စာကို တပည့်တော် ဖတ်လျှောက်ပါ့မယ်"

"အင်း–အင်း ဖတ်စမ်းပါဦး"

"နေ့စွဲ ၁၃၄၅ ခု၊ ဝါဆိုလဆန်း ၄–ရက်၊ ရှိသေစွာလျှောက်ထားပါသည် ဘုရား၊ တပည့်တော်အား အောက်ပါအမေးအဖြေများ၏ ကျမ်းညွှန်းနှင့်တကွ မေးလျှောက်သောပုဂ္ဂိုလ်ကို ညွှန်ပြပေးတော်မူပါ"

အတိုဆုံးနှင့် အရှည်ဆုံး၊

အပူဆုံးနှင့်အအေးဆုံး၊

အဆင်းရဲဆုံးနှင့်အချမ်းသာဆုံး၊

သူတစ်ပါး၏အဖြေကို ဖတ်ဖူးသော်လည်း မည်သည့်ကျမ်းကလာသည်၊ မည်သူကမေးသည် စသည်မသိပါ၍ မေးလျှောက်ရပါသည်၊ တတ်နိုင်သမျှအဖြေ မစတော်မူပါဘုရား၊ အရှင်ဝိစိတ္တသာရ၊ စိန်မမကျောင်း၊ မော်လမြိုင်မြို့၊

http://www.dhammadownload.com


သူ့ရဲ့ပေးစာက ဤမျှသာဖြစ်ပါတယ်၊ သူ့ရဲ့ပေးစာအတိုင်း အဖြေကို မစပါဦး ဘုရား"

"သည်အမေးပြဿနာက ပဟေဠိလို ပညာရှိတစ်ဦးက လျှို့ဝှက်မေးမြန်းထားခြင်းဖြစ်ပါတယ်ကွယ်၊ ဒါကြောင့် မူလမေးမြန်းတဲ့ ပုဂ္ဂိုလ်ကိုတော့ ထုတ်ဖော်မညွှန်းပြနိုင်ဘူးကွယ့်၊ ပြီးတော့ အမေးရှင်ရည်ညွှန်းတဲ့ အဖြေကိုလည်း သည်အဖြေဖြစ်တယ်လို့ တိတိကျကျမဖော်ပြနိုင်ဘူးကွယ့်"

"ဘာကြောင့်တုန်းဘုရား"

## ပဟေဠိတစ်ပုဒ်

"ပဟေဠိဆိုတာ သူမေးချင်ရာမေးတာပဲ၊ အဖြေဟာ သူရည်ရွယ်တာဖြစ်မှချင် ဖြစ်မယ်၊ မဖြစ်ချင်မဖြစ်ဘူးပေါ့ကွယ်၊ တစ်ခါက ပဟေဠိတစ်ပုဒ်ခေတ်စားလာတယ်၊ ပဟေဠိက (အဋ္ဌပါဒေ, ဒွေးသီသေ, မဇ္ဈေ ဝါလဓိ)တဲ့၊ ကိုင်း–ဘာကို မေးတာလဲ ကိုယ်တော်သိရဲ့လား"

"မသိပါဘုရား"

"အဋ္ဌပါဒေ–ခြေထောက်ရှစ်ချောင်းရှိသတဲ့၊ ဒွေသီသေ–ဦးခေါင်းနှစ်လုံးတဲ့၊ မဇ္ဈေဝါလဓိ–အလယ်မှာအမြီးရှိသတဲ့၊ သည်ပဟေဠိကို အမျိုးမျိုး အဖြေပေးကြတယ်၊ အချို့ကတော့ ဓာတ်ရထားတဲ့ကွယ့်၊ အခုခေတ်မှာ ဓာတ်ရထားမရှိတော့လို့ သည်အဖြေကို နားလည်ချင်မှ နားလည်ကြတော့မယ်၊ အချို့ကတော့ ချိန်ခွင်တဲ့၊ ချိန်ခွင်အခွက်နှစ်ခု၊ တစ်ခုတစ်ခုမှာ ကြိုးလေးပင်တပ်တော့ အဋ္ဌပါဒေဖြစ်တာပေါ့၊ ဒွေးသီသေ–အရကတော့ ချိန်ခွင်အစွန်းနှစ်ဘက်ပေါ့၊ မဇ္ဈေဝါလဓိ–အလယ်ကအမြီးဆိုတော့ ချိန်ခွင်လျှာအထက်က ကြိုးပေါ့၊ သည်အဖြေလည်း မမှားပါဘူး၊ သို့သော်လည်း မေးတဲ့သူက ဒါတွေမေးတာမဟုတ်ဘူးကွယ်"

"ဒါတွေ မေးတာမဟုတ်လျှင် ဘာကိုမေးတာပါလဲဘုရား"

"အင်း–သူမေးတာပြောရမှာ ပါးစပ်သနပါတယ်ကွယ်"

"ဘာကြောင့် ပါးစပ်သနရတာလဲဘုရား"

"အပြောရ ခက်လို့ပေါ့ကွယ်"

"အပြောရခက်ရအောင် ဘာမို့လို့လဲ ဘုရား"

http://www.dhammadownload.com



"အပြောရခက်ပါတယ်ဆိုမှ ကိုယ်တော်က မေးနေပြန်ပါပြီ"

"မမေး ဘယ့်နှယ့်လုပ်မလဲဘုရာ့၊ အဖြေက တစ်လစ်ကြီးဖြစ်နေတာကိုး၊ ပို့မယ့်ပို့ ကူးတို့ကျအောင်ပို့ဆိုတာလို တစ်လစ်ကြီးတော့ မထားခဲ့ပါနှင့်ဘုရား၊ အဖြေပေးမှပဲဖြစ်မှာပေါ့"

"ကိုင်းဗျာ–ဒါဖြင့် သေသေချာချာမှတ်ပေရော့၊ ခွေးဖိုမ ပျော်ပါးတာတဲ့ကွယ်"

"ခြေရှစ်ချောင်း, ခေါင်းနှစ်လုံး, အလယ်မှာ အမြီး, ဟာ–ဟုတ်သားပဲကိုး ဘုရာ့"

"အေး–ဒါကြောင့် ပဟေဠိဆိုတာ မေးသူက မေးချင်တာတွေ မေးသော်လည်းဖြေသူကလည်း သူဖြေချင်ရာဖြေတာပဲကွယ့်၊ ယခုပဟေဠိကိုလည်း ပဟေဠိရှင်က သူမေးချင်တာ မေးမှာပဲ၊ သူ မေးတာကိုတော့ တို့က အတိအကျ မသိဘူးပေါ့၊ ဒါပေသိ ဖြေပါဆိုလျှင်တော့ကိုယ့်နည်းကိုယ့်ဟန်နှင့်ဖြေရမှာပေါ့ကွယ်၊ သူရည်ညွှန်းတာ ဖြစ်ချင်လည်းဖြစ်မယ်၊ မဖြစ်ချင်လည်းမဖြစ်ဘူးလေ"

"ဟုတ်တာပေါ့ ဘုရား၊ သူရည်ညွှန်းတဲ့အတိုင်းတော့ ဖြစ်ချင်မှ ဖြစ်ပေမပေါ့၊ ဖြစ်ချင်ဖြစ် မဖြစ်ချင်နေ ဆရာတော်ဉာဏ်ရှိသလောက်တော့ အဖြေပေးဦးမှပဲဘုရာ့"

"ကိုယ့်ဉာဏ်မှာ ထင်သလောက် အဖြေပေးရမည်ဆိုလျှင် ရှေးဦးစွာ အတိုဆုံးနှင့် အရှည်ဆုံးကို ဖြေကြစို့ရဲ့"

"ဖြေတော်မူပါဘုရား"

## အတိုဆုံးနှင့် အရှည်ဆုံး

"ဓမ္မပဒပါဠိတော် ဗာလဝဂ် အညတြပုရိသဝတ္ထုမှာ ဘုရားရှင်က အရှည်သုံးပါးကို ဟောထားတယ်ကွယ့်"

"ဘယ်လို ဟောထားပါသလဲဘုရား"

**"ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ၊**
**ဒီဃော ဗာလာနံ သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ"**
လို့ ဟောတော်မူသကွယ့်"

http://www.dhammadownload.com



**အနက်ကတော့**–ဇာဂရတော–အိပ်မပျော်သောသူအား၊ ရတ္တိ–ညဥ့်သုံးယံသည်၊ ဒီဃာ–ရှည်၏၊ သန္တဿ–ခရီးပန်းသောသူအား၊ ယောဇနံ–ယူဇနာခရီးသည်၊ ဒီဃံ–ရှည်၏၊ သဒ္ဓမ္မံ–သူတော်ကောင်းတရားကို၊ အဝိဇာနတံ–မသိကုန်သော၊ ဗာလာနံ–သူမိုက်တို့အား၊ သံသာရော–သံသရာသည်၊ ဒီဃော–ရှည်၏ တဲ့။

အိပ်မပျော်သူဟာ ညဥ့်သုံးယံရှည်တယ်၊ ခရီးပန်းသူဟာ ယူဇနာခရီးရှည်တယ်၊ သူတော်ကောင်းတရားမသိတဲ့ လူမိုက်ဟာ သံသရာရှည်တယ်တဲ့၊ သည်သုံးပါးဟာ ဓမ္မပဒပါဠိတော်ကလာတဲ့ အရှည်သုံးပါးဖြစ်တယ်၊ အရှည်သုံးပါးကို ပြောင်းပြန်လှန်ပြောလိုက်လျှင် အတိုသုံးပါး ဖြစ်ပေါ်လာတယ်ကွယ့်၊ အတိုသုံးပါးဆိုတာ–

အိပ်ကောင်းတဲ့သူဟာ ညတိုတယ်၊
ခရီးမပန်းတဲ့သူဟာ ယူဇနာခရီးတိုတယ်၊
တရားသိတဲ့ သူတော်ကောင်းဟာ သံသရာခရီးတိုတယ်–
သည်သုံးပါးကတော့ အတိုသုံးပါးလို့ မှတ်သင့်တာပေါ့"

"မှန်ပါ–အပူဆုံးနှင့် အအေးဆုံးဆိုတာကိုလည်း အဖြေပေးတော်မူပါဦး ဘုရား"

## အပူဆုံးနှင့် အအေးဆုံး

"ဓမ္မပဒပါဠိတော်၊ သုခဝဂ်၊ ကုလဒါရိကာဝတ္ထုမှာ (နတ္ထိ ရာဂသမော အဂ္ဂိ)လို့ ဘုရားရှင်ဟောတော်မူထားတယ်ကွယ့်"

"အနက်ကို အမိန့်ရှိတော်မူပါဦး ဘုရား"

"ရာဂသမော–ရာဂနှင့်တူသော၊ အဂ္ဂိ–မီးအပူသည်၊ နတ္ထိ–မရှိချေတဲ့ကွယ့်၊ လောကရှိရှိသမျှ အပူတွေထဲမှာ ရာဂဆိုတဲ့မီးဟာ အပူဆုံးဖြစ်သတဲ့၊ ဘာကြောင့် အပူဆုံးလို့ ပြောရသလဲဆိုတော့ ပကတိသောမီးဟာ တစ်ဘဝမျှသာ လောင်ကျွမ်းနိုင်တယ်၊ ရာဂမီးကတော့ သံသရာအစဉ်လျှောက်ပြီး လောင်ကျွမ်းစေနိုင်တယ်၊ ဒါကြောင့် အပူတကာ့အပူထဲမှာ ရာဂဆိုတဲ့အပူဟာ အပူလောင်ဆုံး လို့ ဘုရားရှင် ဟောတော်မူတယ်၊ ဒီနေရာမှာ ရာဂမီးအလောင်ခံရတဲ့ဝတ္ထုတို ကလေး ဖြတ်ပြီး ပြောပြရဦးမယ်"

http://www.dhammadownload.com



"မိန့်တော်မူပါ ဘုရား"

"ရှေးအခါက သီဟိုဠ်ကျွန်း ကလျာဏီကျောင်းက ရဟန်းငယ် တစ်ပါးဟာ စာပေသင်ကြားလိုတဲ့အတွက် ကာဠဒီဃဝါပိ အမည်ရှိတဲ့ရွာက တခြားကျောင်းကိုသွားပြီး စာသင်တယ်၊ စာဝါခေတ္တရပ်နားတဲ့အချိန် ကလျာဏီကျောင်းကို ပြန်လာတာကိုး၊ ပြန်လာတယ်ဆိုလို့ ခုခေတ်လို ရထားနှင့်, မော်တော်ကားနှင့်, မီးသင်္ဘောနှင့် ပြန်လာတာမဟုတ်ဘူး၊ ခြေကျင်ပြန်လာရတာ၊ ရွာတွေ့လျှင် ဆွမ်းခံစားပေါ့၊ သည်လိုပြန်လာရင်း ရွာတစ်ရွာရောက်တော့ တောရကျောင်းမှာ တည်းခိုပြီး နောက်တစ်နေ့နံနက် ရွာတွင်းဆွမ်းခံကြွတယ်၊ အဲဒီရွာက ဆွမ်းလောင်းတဲ့ ဒါယိကာမလေးက အဲသည် ကိုယ်တော်လေးမြင်တော့ အင်မတန်ချစ်ခင်သွားသတဲ့၊ "ပုဗ္ဗေ၀ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ" ဆိုတဲ့အတိုင်း ရှေးရှေးသောဘဝကအတူတကွ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေခဲ့ကြဖူးလို့ ဖြစ်မှာပ။

အင်မတန်ချစ်ခင်ပေမယ့် မိန်းမသားဆိုတော့ သူချစ်နေတဲ့အကြောင်းဘယ်လိုမှ ဖော်မထုတ်နိုင်ဘဲ ဆွမ်းလောင်းအပြီး အိမ်ပေါ်တက် အိပ်ရာထဲဝင်တုံးလုံးလှဲပြီး အိပ်တော့သတဲ့၊ မိခင်ဖြစ်သူက သမီးနေမကောင်းဘူးထင်ပြီး မေးမြန်းတော့ သမီးက သူ့စိတ်တွင်းက ဖြစ်တာ အကုန်မိခင်ကို ပြောပြတယ်၊ သည်တော့ မိခင်က ချစ်သမီး–မပူနှင့်၊ သမီးမှာ ရုပ်ရည်ရှိတယ်၊ ငါတို့မှာ ပစ္စည်းရှိတယ်၊ ဘယ်နည်းနှင့်ဖြစ်ဖြစ် ကိုယ်တော်လေးကို အပိုင်ရအောင် ဆွဲပေးမယ်လို့ ပြောပြီး ကိုယ်တော်လေးနောက် အပြေးလိုက်သွားတယ်၊ ကိုယ်တော်လေး မီတော့ အိမ်ကိုခဏကြွပါဦးဆိုပြီး ပင့်ခဲ့တယ်။

အိမ်ကျတော့ အိပ်ရာတွင်းလဲနေတဲ့ သမီးကိုပြပြီး မြင်လျှင်မြင်ချင်း ကိုယ်တော့်ကို စွဲမက်တဲ့အတွက် သမီးလေးဟာ ဒီလိုဖြစ်နေပါပြီ၊ ကိုယ်တော့်ကိုမှ မရလျှင် သမီးလေးဟာ ရေတိမ်နစ်ရပါတော့မယ်၊ ဒါကြောင့် သမီးလေးကို သနားလို့ပဲဖြစ်ဖြစ်, ဇီဝိတဒါနသဘောမျိုးနှင့်ပဲဖြစ်ဖြစ် လူထွက်ပြီး သမီးလေးကို ယူပါ၊ နောင်အခါ သင်္ကန်းပြန်ဝတ်ချင်လဲဝတ်ပါလို့ တောင်းပန်ရှာသတဲ့။

သည်စကားကိုကြားတော့ ကိုယ်တော်လေးဟာ အိပ်ရာပေါ်လဲနေတဲ့ ဒါယိကာမလေးကို လှမ်းကြည့်လိုက်တယ်၊ ဒကာမလေးကလည်း အားကိုးတကြီး

http://www.dhammadownload.com


နဲ့ ကိုယ်တော်လေးကို ကြည့်နေတယ်၊ မျက်စိချင်းဆုံသွားကြတော့ ကိုယ်တော်လေးစိတ်ဟာ တုန်လှုပ်သွားတယ်၊ ဒကာမလေးကို မြင်လျှင်မြင်ချင်း သနားသွားတယ်၊ ဒါပေမယ့် ကိုယ်တော်လေးဟာ ဒီတစ်သက်မှာ သင်္ကန်းဝတ်နှင့် အရိုးထုတ်မယ်၊ အသက်သေသည့်တိုင်အောင် လူမထွက်တော့ဘူးလို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်နေတယ်၊ ဒါကြောင့် ကိုယ်တော်လေးက "ဒကာမကြီးရယ်၊ ကျုပ်ဟာ သူ့ကို မြင်လျှင်မြင်ချင်း ချစ်လည်း ချစ်ပါတယ်၊ သနားလည်းသနားပါတယ်၊ လူထွက်ပြီးတော့လည်း အမှန်တကယ်ယူလိုက်ချင်ပါတယ်၊ သို့သော်လည်း သာသနာတော်နှင့်ကြုံခိုက် ကံတော်ကံကြား ရဟန်းဖြစ်လာရလို့ ကျုပ်ဟာ အသက်လောက်မကဘူး သာသနာတော်ကို ချစ်ပါတယ်၊ ဒါကြောင့် သည်ဘဝမှာဖြင့် အသက်ကို သတ်ပစ်မည်ဆိုသည့်တိုင်အောင် သာသနာတော်ကိုတော့ မစွန့်ဘူး၊ အသက်သာအသေခံမယ်လို့ ဆုံးဖြတ်ပြီးသားဖြစ်နေပါပြီ၊ ကျုပ်ရင်ထဲမှာ သူ့လိုပင် အချစ်မီးဟာ တောက်လောင်နေပါတယ်၊ သို့သော်လည်း ကျုပ်ရဲ့ဆုံးဖြတ်ချက်ကို ပြင်လို့ မရတော့ဘူး၊ သည့်ပြင် သင့်လျော်သူတစ်ဦးဦးနှင့်သာ နေရာချထားလိုက်ပါ၊ ကျုပ်အပေါ်တော့ မျှော်လင့်ချက်မထားပါနှင့်တော့"လို့ ပြောပြီး စိုက်စိုက်၊ စိုက်စိုက်နှင့် ကျောင်းပြန်ကြွသွားသတဲ့။

ကိုယ်တော်လေးရဲ့စကားကိုကြားတော့ ဒကာမလေးဟာ ငါကသာချစ်ရတယ်၊ သူကတော့ ရက်စက်လှပါကလား၊ မိန်းမသားက အရှက်စွန့်ပြီး အောက်ကျနောက်ကျခံ ပြောနေတာတောင် သူကတော့ အသည်းမာလှချည်ကလား၊ ရှိပါစေတော့–ရှိပါစေတော့၊ နောင်သောအခါ ဤလိုဒုက္ခမျိုး မကြုံတွေ့ပါရစေနှင့်လို့ ယူကျုံးမရဖြစ်ကာ နောက်တစ်နေ့ ရာဂမီးလောင်ပြီး ကွယ်လွန်ရှာသတဲ့၊ ဒါယိကာမလေး ကွယ်လွန်တဲ့အတွက် ဗုဒ္ဓဘာသာထုံးစံအတိုင်း ဘုန်းကြီးပင့်ပြီး သင်္ဂြိုဟ်တော့ ကိုယ်တော်လေးတည်းခိုရာတောကျောင်းက ရဟန်းတော်တစ်ပါးလည်း အသုဘရှုပါဝင်လို့ ဒါယိကာမလေး ဆွမ်းလောင်းစဉ်က ပခုံးပေါ်တင်တဲ့ တဘက်ကလေး အလှူဝတ္ထုအဖြစ် ရလာတယ်၊ တဘက်ရလာတဲ့ ကိုယ်တော်က ဒါယိကာမလေးရဲ့အကြောင်း သိလာတော့ သိပ်ပြောချင်နေတယ်၊ ပြောစရာကလည်း တခြားလူ မရှိဘူး၊ အာဂန္တုဖြစ်တဲ့ ကိုယ်တော်လေးပဲရှိတယ်။

http://www.dhammadownload.com



ဒါကြောင့် ကိုယ်တော်လေးဆီ သွားတဲ့ပြီး "ငါ့ရှင်ရေ–ကလေးမလေးကကျွာ လှကလှသနဲ့၊ တစ်နေ့က ဆွမ်းခံကိုယ်တော်ကို ကြိုက်လို့တဲ့ကွယ်၊ မစားနိုင် မသောက်နိုင်ဖြစ်ပြီး ကွယ်လွန်ရှာရတာ သိပ်သနားစရာကောင်းတာပဲ၊ အဲဒီ ကိုယ်တော်ကလဲ အလွန်အသည်းမာတဲ့ ကိုယ်တော်ပါပဲ၊ ကလေးမရဲ့အမေကိုယ် တိုင်အိမ်ပင့်ပြီး လူထွက်ဖို့ပြောတာတောင် မရဘူးတဲ့၊ ဟောဒီမှာ အဲဒီ ကလေး မလေးပခုံးတင်တဲ့ တဘက်ကလေး တပည့်တော်ရခဲ့တယ်၊ တပည့်တော် မကိုင်ချင်ပါဘူး ကိုယ်တော်၊ သနားပါတယ်၊ ရော့–ရော့၊ ကိုယ်တော် သုံးချင် ရာသုံး"လို့ဆိုပြီး ပစ်ပေးလိုက်သတဲ့။

ကိုယ်တော်လေးဟာ တဘက်ကိုမြင်တော့ စကားမပြောနိုင်ဘဲ အမယ်လေး သည်ဒါယိကာမလေးဟာ တစ်နေ့က ငါ့ကို ချစ်တယ်ဆိုတဲ့ ဒါယိကာမလေး ပါလား၊ ဟုတ်ပါတယ်၊ သူဆွမ်းလောင်းစဉ်က သည်တဘက်ကလေး ပခုံးပေါ် တင်ထားတာပါ၊ ငါ့အပေါ် သည်လောက်ချစ်သူကလေးကိုမှ ငါ စိမ်းကားမိလေ ခြင်းလို့ ယူကျုံးမရဖြစ်ပြီး အဲသည်နေရာမှာပင် ရာဂမီးနှင့် ကွယ်လွန်ရရှာပြန် ပါသတဲ့၊ အဲဒါကြောင့် ရာဂမီးဟာ ပကတိသောမျက်စိနှင့်တော့ ကြည့်လို့ မမြင်ရဘူး၊ သို့သော်လည်း အပူတကာ့အပူထဲမှာတော့ မြင်ရသောမီးထက် သာလွန်ပြီးပူတယ်။

သတ္တဝါတို့ကို လောင်ကျွမ်းစေတတ်သော မီးပေါင်း (၁၁)ပါးလို့ သဠာယတနသံယုတ် အာဒိတ္တသုတ်မှာ ဘုရားရှင်ဟောတော်မူတယ်၊ မီး (၁၁) ပါးဆိုတာ ဇာတိ, ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, ရာဂ, ဒေါသ, မောဟ–မီးများဖြစ်ကြပါတယ်၊ သည် (၁၀)ပါး သော မီးတို့ရဲ့ အရင်းမူလဟာ ရာဂဖြစ်တယ်၊ ရာဂကိုအကြောင်းခံပြီး ကျန်သော မီးများဖြစ်ပွားကြရတယ်၊ ဒါကြောင့် မီးတကာ့မီးတို့တွင် ရာဂမီးသည် အပူဆုံးလို့ ဘုရားရှင် ဟောတော်မူခြင်း ဖြစ်တယ်ကွယ့်"

"အအေးဆုံးကိုလည်း အမိန့်ရှိပါဦး ဘုရား"

http://www.dhammadownload.com



## အအေးဆုံး

"ရာဂမီးဟာ အပူဆုံးဖြစ်တယ်နော်"

"မှန်ပါ ဘုရား"

"အဲသည် ရာဂမှကင်းလွတ်ခြင်းကိုတော့ အအေးဆုံးလို့ မှတ်ရမယ်ကွယ့်၊ သည်နေရာမှာ ရာဂသဒ္ဒါဟာ ရဉ္ဇဓာတ်ဖြစ်တဲ့အတွက် ဆိုးရည်ဆိုးခြင်းအနက်ကို ဟောတယ်၊ အဆင်းစသော ကာမဂုဏ်ကိုစွဲပြီး စိတ်ဓာတ်မှာ တဏှာအရောင် ဆိုးခြင်းပေါ့ကွယ်၊ ဝိဂြိုဟ်လုပ်ချင်သပဆိုလျှင်တော့ (ရဉ္ဇန္တိ ဧတေနာတိ ရာဂေါ)လို့ လုပ်ရမှာပေါ့၊ စိတ်ဓာတ်မှာ တဏှာအရောင်စွဲကပ်လာလျှင် စိတ်ဓာတ်ဟာ ပကတိအတိုင်း မတည်တော့ဘူး၊ စွဲကပ်သောတဏှာရဲ့ အလိုအတိုင်း ကာမဂုဏ်ကို တပ်မက်ခြင်း ဖြစ်ပေါ်လာတယ်၊ ဒါကြောင့် (ရဉ္ဇနံ ရာဂေါ)လို့ ဝိဂြိုဟ်ပြုပြီး တပ်မက်ခြင်း, နှစ်သက်ခြင်းကိုလည်း ရာဂလို့ ခေါ်ရတယ်၊ သည်နေရာမှာ ရာဂဟာ ဗျူပ္ပတ်ကိုမှီပြီး အမည်အမျိုးမျိုး ဖြစ်ပေါ်လာတယ်။

(၁) စိတ်၌ တဏှာအရောင်ဆိုးတတ်သောကြောင့် ရာဂ၊
(၂) ကာမဂုဏ်ကိုချစ်တတ်သောကြောင့် ပိယ(သို့မဟုတ်) ပေမ၊
(၃) ကာမဂုဏ်ကိုလိုချင်သော ကာမ၊
(၄) ကာမဂုဏ်၌ တပ်မက်သောကြောင့် တဏှာ၊
(၅) ကာမဂုဏ်၌ မွေ့လျော်တတ်သောကြောင့် ရတိ–

သည်အမည်တွေဟာ ရာဂရဲ့အမည်တွေ ဖြစ်ကြတယ်၊ ရာဂကို အရကောက်တဲ့အခါ (လောဘ)ကို အရကောက်ရတယ်။

အမည်အမျိုးအမျိုးရတဲ့ သည်ရာဂဟာ အပူဆုံးဖြစ်တဲ့အတွက် ရာဂမီး အလောင်ခံရတဲ့သူမှာ ပူပန်ခြင်း, စိုးရွံ့ခြင်းတရားများ ဖြစ်ပွားလာတတ်တယ်၊ ရာဂမီးကင်းလွတ်တဲ့ပုဂ္ဂိုလ်ဟာ ပူပန်ခြင်း, စိုးရွံ့ခြင်းမရှိတော့တဲ့အတွက် အငြိမ်း အေးဆုံးဖြစ်တယ်၊ သည်အကြောင်းကို ဓမ္မပဒပါဠိတော် ပိယဝဂ်မှာ–

**(၁) ပိယတော ဇာယတီ သောကော၊ ပိယတော ဇာယတီ ဘယံ။**
**ပိယတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။**

http://www.dhammadownload.com



**(၂) ပေမတော ဇာယတိ သောကော၊ (ပ) နတ္ထိ သောကော ကုတော ဘယံ။**

**(၃) ကာမတော ဇာယတိ သောကော၊ (ပ) နတ္ထိ သောကော ကုတော ဘယံ။**

**(၄) ရတိယာ ဇာယတိ သောကော၊ (ပ) နတ္ထိ သောကော ကုတော ဘယံ။**

**(၅) တဏှာယ ဇာယတိ သောကော၊ (ပ) နတ္ထိ သောကော ကုတော ဘယံ–**

လို့ ဘုရားရှင် ဟောတော်မူတယ်၊ အနက်ကတော့–

ပီယတော–ကာမဂုဏ်ကို ချစ်ခြင်းကြောင့်၊ ပေမတော–ကာမဂုဏ်ကို မြတ်နိုးခြင်းကြောင့်၊ ကာမတော–ကာမဂုဏ်ကို လိုချင်သောကြောင့်၊ ရတိယာ–ကာမဂုဏ်၌ မွေ့လျော်သောကြောင့်၊ တဏှာယ–ကာမဂုဏ်ကို တပ်မက်သောကြောင့်၊ သောကော–သောကမီးသည်၊ ဇာယတိ–ဖြစ်၏၊ ဘယံ–ဘေးသည်၊ ဇာယတေ–ဖြစ်၏၊ ပီယတော–ကာမဂုဏ်ကို ချစ်ခြင်းမှ၊ ဝိပ္ပမုတ္တဿ–ကင်းလွတ်သောပုဂ္ဂိုလ်အား၊ သောကော–သောကမီးသည်၊ နတ္ထိ–မရှိ၊ ဘယံ–ဘေးသည်၊ ကုတောအတ္ထိ–အဘယ်မှာရှိနိုင်ပါတော့အံ့နည်း။

"အပူဆုံးနှင့် အအေးဆုံးကိုတော့ သဘောကျပါပြီ၊ အဆင်းရဲဆုံးနှင့် အချမ်းသာဆုံးကို အမိန့်ရှိပါဦး ဘုရား"

## အဆင်းရဲဆုံးနှင့် အချမ်းသာဆုံး

အဆင်းရဲဆုံးနှင့် အချမ်းသာဆုံးကိုတော့ ဘုရားရှင်ကိုယ်တော်တိုင် ဓမ္မပဒ ပါဠိတော် သုခဝဂ်၊ ကုလဒါရိကာဝတ္ထုမှာ ဟောတော်မူထားသကွယ့်"

"ဘယ်လိုများ ဟောတော်မူထားပါသလဲဘုရား"

"**နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိ ပရံ သုခံ**–လို့ ဟောတော်မူသကွယ့်"

"အနက်က ဘယ်လိုပါလဲဘုရား"

"အနက်က ခန္ဓသမာ–ခန္ဓာနှင့်တူသော၊ ဒုက္ခာ–ဆင်းရဲသည်၊ နတ္ထိ–မရှိချေ၊ သန္တိပရံ–နိဗ္ဗာန်ထက်သာလွန်သော၊ သုခံ–ချမ်းသာခြင်းသည်၊ နတ္ထိ–

http://www.dhammadownload.com



မရှိချေတဲ့ကွယ်၊ အဓိပ္ပာယ်ကတော့ အဆင်းရဲဆုံးဟာ ခန္ဓာ၊ အချမ်းသာဆုံးက နိဗ္ဗာန်လို့ ဆိုလိုပါတယ်၊ သည်နေရာမှာ ခန္ဓာဆင်းရဲပုံ နှစ်မျိုးရှိသကွယ့်"

"ဘယ်လို နှစ်မျိုးလဲဘုရား့"

"ဆင်းရဲပုံ နှစ်မျိုးဆိုတာက (၁) ပညတ်နည်းအရ ဆင်းရဲပုံနှင့် (၂) ပရမတ္ထနည်းအရ ဆင်းရဲပုံများ ဖြစ်ကြပါတယ်၊ ပညတ်နည်းအားဖြင့် ဤခန္ဓာဟာ အလွန်လေးသော ဝန်ထုပ်ကြီးဖြစ်နေတယ်၊ အလွန်လေးလံလှတဲ့ ဝန်ထုပ်ကြီးကို ထမ်းဆောင်နေကြရခြင်းဟာလည်း အလွန်ဆင်းရဲတယ်၊ ခန္ဓာကို စွဲမှီ၍ဖြစ်ပွားသော တစ်ဆယ့်တစ်ပါးသော မီးများကြောင့်လည်း ဆင်းရဲတယ်၊ သည်ဆင်းရဲများက ပညတ်ဆင်းရဲများဖြစ်တယ်၊ ပညတ်ဆင်းရဲများဖြစ်လို့ ဒီဆင်းရဲကို လူတိုင်းနားလည်လွယ်ကြသကွယ့်။

ပရမတ်ဆင်းရဲဆိုတာကတော့ နက်သွားပြီ၊ ပရမတ်နည်းအရ ခန္ဓာကို အရကောက်လျှင် "အဝိဇ္ဇာ, သင်္ခါရ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ, မရဏ"အားဖြင့် ဤပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ်ပါးကို အရကောက်တယ်။

ရုပ်ဓာတ်နာမ်ဓာတ်ဖြစ်တဲ့ သည်ပဋိစ္စသမုပ္ပါဒ်ခန္ဓာဟာ "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"လို့ ဟောတော်မူတဲ့အတိုင်း ချမ်းသာမဖက် ဒုက္ခသက်သက် ဖြစ်ကြောင်း တရားဖြစ်လို့ ခန္ဓာကို အဆင်းရဲဆုံးလို့ ဘုရားရှင် ဟောတော်မူတယ်"

နိဗ္ဗာန်အချမ်းသာဆုံးဆိုတာက ဆင်းရဲအစုဖြစ်တဲ့ ရုပ်ခန္ဓာ နာမ်ခန္ဓာတို့ အပြီးအပြတ် ချုပ်ငြိမ်းရာဖြစ်လို့ အချမ်းသာဆုံးလို့ ဘုရားရှင် ဟောတော်မူခြင်းဖြစ်တယ်။

သည်အဖြေဟာ အမေးရှင်ရဲ့ အာဘော်နဲ့တော့ ကိုက်ညီချင်မှ ကိုက်ညီလိမ့်မယ်၊ သို့သော်လည်း တစ်ဆင့်မေးမြန်းတဲ့ ဦးဝိစိတ္တသာရကတော့ ကျေနပ်နှစ်သက်လိမ့်မယ်လို့ မျှော်လင့်ရတာပဲကွယ့်"

"မှန်ပါ–ကျေနပ်ကောင်း ကျေနပ်ပါလိမ့်မယ်ဘုရား"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com

# ကောလာဟလ ငါးပါး

"၁၅–၁၁–၈၃ နေ့စွဲပါတဲ့ ဟောသည်စာက မြင်းမူမြို့၊ ပင်စင်စား ကျောင်းဆရာကြီး ဆရာသစ်ရဲ့ လျှောက်တဲ့စာပါဘုရား"

"ဆရာသစ်က – ဘာတွေများ လျှောက်ထားသလဲကွယ့်"

"ဆရာသစ်က ဗုဒ်ထောင်သိန်းဘာ၊ စက်တစ်ရာ၊ ဇော်ဒ္ဒါမင်မောသတ်၊ မပေါ်မီက၊ ကျော်နှင့်ရ၊ ပဥ္စကောလာမှတ်"ဆိုတဲ့ လင်္ကာတိုကလေးကို ကျက်မှတ်ထားတာ ကြာပါပြီတဲ့ဘုရား၊ မူလကျက်မှတ်ထားစဉ်ကတော့ သဘောပေါက်ပါတယ်တဲ့၊ အခုပြန်စဉ်းစားလိုက်တော့ ဝိုးတဝါးဖြစ်နေလို့ ဘာကိုဆိုလိုကြောင်း မိန့်တော်မူပါလို့ လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား"

"သည်လင်္ကာတိုကလေးက ကောလာဟလ ငါးပါးကို မှတ်သားလွယ်အောင် ရေးစီထားတဲ့ သံခိပ်လင်္ကာလေးပဲကွယ့်"

"ကောလာဟလ ငါးပါးဆိုတာကို မိန့်တော်မူပါဦး ဘုရား"

"သုတ္တနိပါတ် အဋ္ဌကထာ၊ ဒု၊ ၃၊ မင်္ဂလသုတ်အဖွင့်မှာ **"ကောလာဟလံ နာမ ပဉ္စဝိဓံ၊ ကပ္ပကောလာဟလံ, စက္ကဝတ္တိကောလာဟလံ, ဗုဒ္ဓကောလာဟလံ, မင်္ဂလကောလာဟလံ, မောနေယျကောလာဟလန္တိ"**လို့ ပြထားသကွယ့်။

http://www.dhammadownload.com



(၁) ကပ္ပကောလာဟလ၊

(၂) စက္ကဝတ္တိကောလာဟလ၊

(၃) ဗုဒ္ဓကောလာဟလ၊

(၄) မင်္ဂလကောလာဟလ၊

(၅) မောနေယျ ကောလာဟလ–တို့ ဖြစ်ကြတယ်ကွယ့်"

"ကောလာဟလရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲဘုရား"

"ကောလာဟလကို အုတ်အုတ်ကျက်ကျက်လို့ ဘာသာပြန်ကြတယ်၊ အုတ်အုတ်ကျက်ကျက်ဆိုတာ လူစုလူဝေးကြီးက သူတစ်ခွန်း ငါတစ်ခွန်းပြော ကြလို့ အသံမကွဲပြားဘဲမထင်မရှား ကြားနေရတဲ့အသံမျိုးကိုခေါ်တယ်၊ အဘိဓာန် ဋီကာက ဘယ်လိုဖွင့်သလဲဆိုတော့ **'ကောလာဟလာဒိ ဒွယံ ဗဟူဟိ သမ္ဘူယ ကတော အဗျတ္တသဒ္ဒေ'**လို့ ဖွင့်သကွယ့်"

"**အနက်ကတော့**–ကောလာဟလာဒိဒွယံ–ကောလာဟလ, ကလဟလ တည်းဟူသော သဒ္ဒနှစ်ခုအပေါင်းသည်၊ ဗဟူဟိ–လူအပေါင်းများစွာတို့သည်၊ သမ္ဘူယ–စည်းဝေးစုပေါင်း၍၊ ကတေ–ပြုအပ် ကြွေးကြော်အပ်သော၊ အဗျတ္တသဒ္ဒေ–မပီပြင်သော အသံ၌ဖြစ်၏–တဲ့"

"ကောလာဟလဆိုတာ ဘယ်သူကပြောတာ၊ ဘယ်ဝါကပြောတာရယ်လို့ မသတ်မှတ်နိုင်ဘဲ ဟိုကပြော သည်ကပြောနှင့် အုတ်အုတ်ကျက်ကျက် ဖြစ်ပေါ်လာတဲ့ အသံမျိုးပဲ၊ သည်ကောလာဟလကို ပါဠိဘာသာအားဖြင့် ကောလာဟလ, ကလဟလ, ကောတုဟလရယ်လို့အမျိုးမျိုးခေါ်ဝေါ်တယ်၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ (တဘောင်, စနည်း)ဆိုတာနှင့် သဘောတူပါပဲ"

"တဘောင်, စနည်းဆိုတာ ဘယ်လိုဟာလဲဘုရား၊ အမိန့်ရှိပါဦး"

"ဇမ္ဗူဒိပ် နိမိတ်ပြတယ်ဆိုတာ ကြားဖူးရဲ့မဟုတ်လား"

"ကြားဖူးပါတယ် ဘုရား"

"ဇမ္ဗူဒီပါကျွန်းမှာ တစ်စုံတစ်ရာဖြစ်တော့မယ်ဆိုလျှင် နိမိတ်ပေါ်တတ် သတဲ့ကွယ်၊ အဲသည် ပေါ်လာတဲ့နိမိတ်ကို အတိတ်–တဘောင်–စနည်းရယ်လို့ ခေါ်ကြတာပဲကွယ့်"

http://www.dhammadownload.com



"အဲသည် အတိတ်, တဘောင်, စနည်းဟာ ဒိဋ္ဌမင်္ဂလိက ဒိဋ္ဌိမျိုးနဲ့ တူမနေဘူးလား ဘုရာ့"

"တူတာလဲ ရှိရဲ့၊ မတူတာလဲ ရှိရဲ့ကွယ့်"

"မှန်ပါ–တူမတူကို ခွဲခြား၍မိန့်တော်မူပါဘုရား"

"တစ်စုံတစ်ရာသောအတိတ်, နိမိတ်, တဘောင်, စနည်းကို အကြောင်းခံပြီး အကျိုးတရားဖြစ်ပေါ်လာရောဆိုပါစို့၊ ဥပမာအားဖြင့် ဒိသာဒါ ပါဟောဆိုတဲ့ ကောင်းကင်ပြင်မှာ မီးလောင်သလို နီရဲတဲ့အရောင်များတောက်ခြင်းကြောင့် ထိုအရောင်တောက်ရာအရပ်မှာ နီရဲသောအရောင်နှင့်တူသော သွေးမြေကျခြင်း (သတ္ထန္တရကပ်မျိုး)ဖြစ်တတ်တယ်လို့ နိမိတ်ကောက်တတ်ကြတယ်၊ သူနိမိတ်ကောက်တဲ့အတိုင်း အမှန်တကယ် သတ္ထန္တရကပ်မျိုးဖြစ်ပေါ်ခဲ့လျှင် နိမိတ်ကောက်သူရဲ့စိတ်မှာ နီရဲသောမိုးသားရောင်ကြောင့် သည်ကပ်မျိုးဖြစ်တာပဲလို့ ယုံကြည်သွားလျှင် ကံ–ကံရဲ့အကျိုးကို ပစ်ပယ်သွားတဲ့အတွက် ဒိဋ္ဌမင်္ဂလိကဒိဋ္ဌိမျိုးဖြစ်သွားတယ်၊ သတ္တဝါတို့ရဲ့မကောင်းမှုကံကြောင့် မကောင်းကျိုးတွေ ပေးနေချိန်နီးနေပြီလို့ ယူဆလျှင်တော့ ဒိဋ္ဌမင်္ဂလိကဒိဋ္ဌိ မဖြစ်ပါဘူး၊ သည်နိမိတ်မျိုးဟာ ရှေးအခါကလည်း များစွာဖြစ်ခဲ့ဖူးပါတယ်"

ကမ္ဘာဦးက ကြာငါးခိုင်ပွင့်ခြင်းဟာ သည်ကမ္ဘာမှာ ဘုရားငါးဆူပွင့်မည့် နိမိတ်ပဲ၊ ဘုရားအလောင်း တောထွက်လို့ နေရဉ္ဇာမြစ်ရောက်တော့ နေရဉ္ဇာဆိုတာ ကင်းသောမြူရှိသောရေလို့ အဓိပ္ပာယ်ကောက်ပြီး ငါတောထွက်ခြင်းဟာ ကင်းတော့မယ်လို့ ဘုရားအလောင်းကိုယ်တိုင် နိမိတ်ကောက်ယူတယ်ကွယ့်၊ ဒါကြောင့် သည်ဇမ္ဗူဒိပ်ကျွန်းမှာ သည်လိုအတိတ်တဘောင်တွေဟာ မကြာမကြာ ဖြစ်ပေါ်လာတာပေါ့၊ အဲသည် အတိတ်တဘောင်တွေထဲက အကြီးဆုံး အတိတ်တဘောင်ကိုတော့ ကောလာဟလလို့ ခေါ်တယ်"

"မှန်ပါ–ကောလာဟလရဲ့ အဓိပ္ပာယ်ကိုတော့ နားရှင်းပါပြီ၊ စာဖတ်သူများ ဗဟုသုတပွားအောင် ကောလာဟလ ငါးမျိုးကို အနည်းငယ် ချဲ့ထွင်ပြီး မိန့်တော်မူပါဦး"

"ကောလာဟလ ငါးမျိုးကို နည်းနည်း ချဲ့ပြောရမယ်ဆိုလျှင် ရှေးဦးစွာ ကပ္ပကောလာဟလကို ပြောကြစို့ရဲ့"

http://www.dhammadownload.com


"မိန့်တော်မူပါ ဘုရား"

"သည်ကမ္ဘာကြီးဟာ လူသာမန်တို့ရဲ့အထင်အားဖြင့် အလွန်ကြီးမား ခိုင်ခံ့တယ်လို့ ထင်မြင်သော်လည်း သည်ကမ္ဘာကြီးရဲ့ သက်တမ်းက အန္တရ ကပ် (၆၄)ကပ်မျှသာ အသက်ရှည်တယ်"

"အန္တရကပ်ဆိုတာ လူတို့ရဲ့သက်တမ်း အသင်္ချေယျတမ်းက ဆယ်နှစ် တမ်းအထိ ဆုတ်ယုတ်လာပြီး ၁၀–နှစ်တမ်းက အသင်္ချေယတမ်းထိကာလကို အန္တရကပ်လို့ ခေါ်တယ်၊ အန္တရကပ် (၆၄)ကပ်စေ့လို့ ကမ္ဘာကြီး ပျက်တော့မယ် ဆိုလျှင် မပျက်မီ အနှစ်တစ်သိန်းကျော်ကာလက လောကဗျူဟာခေါ်ကြတဲ့ ကာမာဝစရနတ်များဟာ နီမြန်းသောအဝတ်ကိုဝတ်ဆင်ပြီး မတင့်တယ်တဲ့ အဆင်းနှင့် လူတို့သွားရာခရီးဆုံးအထိ သွားကြသတဲ့၊ ဦးခေါင်းမှာလည်း စိုစွတ်သော ဆံပင်များ ဖရိုဖရဲချထားကြသတဲ့၊ ငိုသောမျက်နှာ၊ ယိုစီးသောမျက် ရည်များကို လက်များဖြင့်သုတ်ပြီး အနှစ်တစ်သိန်းလွန်လျှင် ကမ္ဘာကြီးပျက်စီး တော့မယ်၊ မဟာသမုဒ္ဒရာကြီး ခန်းခြောက်တော့မယ်၊ မြေကြီးရော မြင်းမိုရ် တောင်ကြီးပါ မီးလောင်ပြီး ပျက်စီးတော့မယ်၊ ဗြဟ္မာ့ပြည်တိုင်အောင် ပျက်စီး တော့မယ်၊ အို–အချင်းတို့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရား ပွားများကြပါ၊ မိခင်ကို လုပ်ကျွေးကြပါ၊ ဖခင်ကို လုပ်ကျွေးကြ ပါ၊ အသက်ကြီးသူများကို အရိုအသေပေးကြပါ၊ နိုးကြားကြပါ၊ မမေ့ကြပါ နှင့်လို့ လူတို့လမ်းခရီးမှာ လှည့်လည် ကြွေးကြော်ကြတယ်၊ သည်လိုကြွေးကြော် တာကို (ကပ္ပကောလာဟလ)လို့ ခေါ်တယ်ကွယ့်"

"လောကဗျူဟာနတ်များဟာ ကမ္ဘာပျက်မှာကို ဘာကြောင့် ကြွေးကြော် ကြရတာလဲဘုရာ့"

"သတ္တဝါတွေကို သနားလို့ပေါ့ကွယ့်၊ လူသားတွေဟာ အဆင့်အတန်း အတော်မြင့်တဲ့ သတ္တဝါတွေဖြစ်ကြသော်လည်း အနာဂတ်ကို မျှော်မှန်းနိုင်တဲ့ ဉာဏ်ရှိသူအင်မတန်ရှားတယ်၊ အချို့တိရစ္ဆာန်များဟာ လူလောက် ဉာဏ်အဆင့် အတန်းမရှိသော်လည်း သဘာဝအသိနဲ့ အနာဂတ်ကို သိတတ်ကြတယ်၊ ငှက်စတဲ့ တိရစ္ဆာန်တွေဟာ လေထန်မည် မထန်ဘူး, ရေကြီးမည် မကြီးဘူးကို ကြိုတင် သိတတ်ကြလို့ သူတို့အသိုက်အအုံကို ဘေးကင်းရာမှာ လုပ်တတ်ကြတယ်၊ လူတွေကတော့ ကမ္ဘာပျက်ခါနီးနေတာတောင် မသိဘဲ ဘဝကိုမေ့နေတတ်ကြ

http://www.dhammadownload.com



တယ်၊ ဒါကြောင့် ဘဝကိုမမေ့ကြဘဲ ဒါန, သီလ, ဘာဝနာတရားများ ပွားများပြီး ကမ္ဘာမီးမလောင်တဲ့ ဗြဟ္မာ့ဘုံကို ခိုလှုံနိုင်ကြအောင် လောကဗျူဟာနတ်များက ကြွေးကြော်ကြတာတဲ့ကွယ့်”

“ကြွေးကြော်တဲ့အခါ မျက်ရည်ယိုပြီး ဘာကြောင့် ငိုကြွေးပြီး ကြွေးကြော်ကြတာလဲဆိုတော့ သည်ကမ္ဘာပျက်တဲ့အထဲ သူတို့လည်း ပါဝင်ကြတဲ့အတွက် စိုးရိမ်ပူဆွေး ငိုကြွေးပြီး ကြွေးကြော်ကြတာတဲ့”

“မှန်ပါ–ကပ္ပကောလာဟလတော့ သိပါပြီ၊ စက္ကဝတ္တိကောလာဟလကိုလည်း မိန့်တော်မူပါဦး”

“စက္ကဝတ္တိ ကောလာဟလကို ကြွေးကြော်ကြတာလည်း ကာမာဝစရနတ်များပဲကွယ့်၊ ကာမာဝစရနတ်များဟာ လူတို့ရဲ့လမ်းခရီးကို လှည့်လည်ပြီး အနှစ်တစ်ရာလွန်သောအခါ၌ ဤလောက၌ စကြဝတေးမင်း ဖြစ်လိမ့်မယ်လို့ ကြွေးကြော်ကြသတဲ့၊ သည်လိုကြွေးကြော်တာကို စက္ကဝတ္တိကောလဟာလလို့ ခေါ်သတဲ့”

“စကြဝတေးမင်းဖြစ်မှာကို နတ်များက ဘာကြောင့် ကြွေးကြော်ကြရတာလဲဘုရာ့”

“စကြဝတေးမင်းဆိုတာ လောကမှာ တရားအစောင့်ရှောက်ဆုံးမင်းပဲ၊ သူကိုယ်တိုင် တရားစောင့်ရုံမကဘူး၊ လေးကျွန်းသူ လေးကျွန်းသားများပါ တရားစောင့်အောင် ဟောပြောနိုင်စွမ်းရှိတယ်၊ ဒါကြောင့် စကြဝတေးမင်း လောကမှာ ဖြစ်ပေါ်လာလျှင် လူသားတွေဟာ စကြဝတေးမင်းရဲ့ အဆုံးအမမှာတည်ပြီး ကွယ်လွန်လျှင် နတ်ပြည်မှာဖြစ်သူများတယ်၊ ဘုရားငယ်ပွင့်တာနှင့် တူတယ်၊ သည်အတွက် နတ်များက ကြွေးကြော်ကြရခြင်း ဖြစ်တယ်”

“ဗုဒ္ဓကောလာဟလကို ကြွေးကြော်တာကတော့ ကာမာဝစရနတ်မဟုတ်ဘူး၊ သုဒ္ဓါဝါသ ဗြဟ္မာကြီးများ ဖြစ်ကြတယ်၊ သုဒ္ဓါဝါသဗြဟ္မာကြီးများဟာ ဗြဟ္မာတို့ရဲ့ အဆင်းတန်ဆာများကို သပ္ပာယ်စွာဆင်ယင်, ဗြဟ္မာတို့ရဲ့ ဦးရစ်ခေါင်းပေါင်းကို ပေါင်းပြီး နှစ်သက်ဝမ်းမြောက်သောစိတ်ဖြင့် ဗုဒ္ဓဂုဏ်တော်များကို မြွက်ကြားရင်း အနှစ်တစ်ထောင်ကျော်လွန်လျှင် လောကမှာ ဘုရားပွင့်လိမ့်မယ်လို့ လူသားတို့ရဲ့ လမ်းခရီးမှာ လှည့်လည်ပြောကြသတဲ့၊ သည်လိုလှည့်လည်ပြောကြားတာကို ဗုဒ္ဓကောလဟာလလို့ ခေါ်တယ်”

http://www.dhammadownload.com



"မင်္ဂလာကောလဟလကို ဆက်ပါဦးဘုရား"

"မင်္ဂလာကောလာဟလကို ကြွေးကြော်တာကတော့ ကာမာဝစရနတ် မဟုတ်ဘူး၊ သုဒ္ဓါဝါသ ဗြဟ္မာကြီးတွေပဲ၊ သုဒ္ဓါဝါသဗြဟ္မာကြီးတွေဟာ နတ်တို့ရဲ့အကြံအစည်ကို သိကြတဲ့အတွက် တစ်ဆယ့်နှစ်နှစ် လွန်မြောက်သော အခါ ဘုရားသခင်သည် မင်္ဂလာတရားတော်ကို ဟောလိမ့်မယ်လို့ လူသားတို့ရဲ့ လမ်းခရီးမှာ လှည့်လည်ပြီး ပြောကြားသတဲ့၊ သည်လိုပြောကြားခြင်းကို မင်္ဂလာ ကောလဟလို့ ခေါ်တယ်ကွယ့်"

"မောနေယျ ကောလာဟလကိုလဲ အမိန့်ရှိပါဦး"

"မောနေယျ ကောလာဟလကို ကြွေးကြော်တာလည်း သုဒ္ဓါဝါသဗြဟ္မာ ကြီးတွေပင် ဖြစ်ကြတယ်၊ သုဒ္ဓါဝါသ ဗြဟ္မာကြီးများဟာ လူတို့ရဲ့လမ်းခရီး မှာ လှည့်လည်ပြီး ခုနစ်နှစ်လွန်မြောက်လျှင် ရဟန်းတစ်ပါးဟာ ဘုရားရှင်နှင့် အတူတကွ မောနေယျအကျင့်ကို မေးလိမ့်မယ်လို့ ကြွေးကြော်ကြသတဲ့၊ သည်လို ကြွေးကြော်ခြင်းကို မောနေယျ ကောလာဟလလို့ ခေါ်တယ်"

"မောနေယျအကျင့်မေးမှာကို ဗြဟ္မာများက ခုနစ်နှစ်ကြိုတင်ပြီး ဘာကြောင့် ကြွေးကြော်ကြရတာလဲဘုရာ့"

"သည်အမေးကိုတော့ မောနေယျအကျင့်မြတ်ရဲ့ ကြီးကျယ်ပုံကို ပြောပြမှ သဘောကျလိမ့်မယ်၊ ဒါကြောင့် မောနေယျအကျင့်အကြောင်းကို ပြောကြဦး စို့ရဲ့"

"မှန်ပါ–မိန့်တော်မူပါဘုရား"

"မောယျေဆိုတာ သဒ္ဒါနည်းအားဖြင့်(မုနိနော ကမ္မံ မောနေယျံ) လို့ ဝိဂြိုဟ်ဆိုရမယ်၊ မြန်မာလိုတော့ ရဟန်းမြတ်ရဲ့ ဥစ္စာလို့ဆိုလိုတယ်၊ မောနေယျ အကျင့်ဆိုတာ ရဟန်းတိုင်း မကျင့်နိုင်ဘူး၊ အမြတ်ဆုံး မုနိဖြစ်သူ သာ ကျင့်နိုင် တယ်၊ ဘုရားရှင်ရဲ့ သာသနာတော်မှာ မောနေယျအကျင့် ကျင့်နိုင်တဲ့ ရဟန်းဟာ နှစ်ပါး မပေါ်ဘူး၊ တစ်ပါးတည်းသာပေါ်တယ်၊ ဘာကြောင့်လဲဆိုတော့ ကျင့်ဖို့ခဲယဉ်းလွန်းလို့ဖြစ်တယ်၊ ဘယ်လောက်ခဲယဉ်းတယ်ဆိုတာကို သုတ္တ နိပါတ်၊ ပါဠိ၊ ၃၈၈–က ထုတ်နုတ်ပြောပြဦးမယ်"

http://www.dhammadownload.com



## နာလကသုတ်

မောနေယျအကျင့်မြတ်ကို လျှောက်ထားတဲ့ပုဂ္ဂိုလ်အမည်ကတော့ နာလက ဖြစ်လို့ သည်သုတ်ကို နာကလသုတ်လို့ ခေါ်တယ်၊ နာလကဆိုတာ ကာဠဒေဝိလ ခေါ်တဲ့ အသိတ ရသေ့ကြီးရဲ့ တူဖြစ်တယ်၊ အသိတ ရသေ့ကြီးရဲ့နှမက မန္တာဒနီပုဏ္ဏေးမတဲ့၊ မန္တာဒနီပုဏ္ဏေးမရဲ့သားက ယခု နာလကဖြစ်တယ်၊ အသိတ ရသေ့ဟာ သမာပတ် ရှစ်ပါးကိုရတဲ့ သုဒ္ဓေါဒနမင်းကြီးရဲ့ ဆရာဖြစ်တယ်။

အခါတစ်ပါး တာဝတိံသာကို နေ့သန့်ရန်ကြွသွားတဲ့အခါ နတ်အများ ရွှင်မြူးနေတာတွေ့လို့ အကြောင်းမေးမြန်းကြည့်တော့ ကပိလဝတ်ပြည် နန်းတော် အတွင်းမှာ ဘုရားအလောင်းဖွားမြင်ကြောင်း ပြောကြားတဲ့အတွက် ဝမ်းမြောက် ဝမ်းသာနှင့် ကပိလဝတ်နန်းအတွင်းကို ပြန်ကြွလာပြီး သားရတနာဖွားမြင်တာ ဟုတ်မဟုတ် မေးမြန်းတယ်၊ ဟုတ်မှန်ကြောင်း သုဒ္ဓေါဒနမင်းကြီးက ပြန်ပြော တော့ ထိုမင်းသားငယ်ကို ငါကြည့်လိုတယ်ပြောလို့ သားတော်ကို ယူဆောင် စေပြီး မင်းကြီးရဲ့ ရင်ခွင်မှာ ထားကာ ရသေ့ကြီးကို ရှိခိုးဖို့ လက်နှစ်ဖက် ယှက်စေရာမှာ အလောင်းမင်းသားရဲ့ ဖဝါးအစုံဟာ ရုတ်တရက်ပျံတက်ပြီး ရသေ့ကြီးရဲ့ ဦးထိပ်ပေါ်မှာ တည်သတဲ့။

သည်လို အံ့ဖွယ်သရဲကို မြင်တဲ့အတွက် ရသေ့ကြီးရော, ခမည်းတော် ရော အလောင်းမင်းသားကို ရှိခိုးကြတယ်၊ အဲသည်နောက် ရသေ့ကြီးဟာ မင်းသားရဲ့ လက္ခဏာကြီးငယ်ကိုကြည့်ပြီး ကေန်ဘုရားဖြစ်မည့် ပုဂ္ဂိုလ်ပေပဲ၊ ငါဟာ သက်တော်ထင်ရှား ဘုရားကို ဖူးရဦးမှာပါလားလို့ ဝမ်းသာတဲ့စိတ်နဲ့ ပြုံးရယ်တယ်၊ အဲသည်နောက် မိမိရဲ့ အာယုပရိစ္ဆေဒကိုကြည့်တော့ ဘုရားမဖြစ်မီ ကွယ်လွန်မည်ကိုမြင်လို့ ငိုပြန်သတဲ့၊ သုဒ္ဓေါဓနမင်းကြီးက အကြောင်း မေး လျှောက်တော့ ရသေ့ကြီးက သူ့ဉာဏ်မှာ ထင်တာကို ပြန်လည်ပြောပြပြီး နှမရဲ့သား နာလကကိုခေါ်ကာ ရသေ့ကြီးက ယနေ့ဖွားသော သားဟာ အသက် (၃၅) နှစ်မှာ ကေန်ဘုရားဖြစ်လိမ့်မယ်၊ ဘုရားဖြစ်တဲ့အခါ ကိလေသာမြူ မကပ်ဘဲ တရားကျင့်နိုင်အောင် ယနေ့ပင် သင်ရဟန်းပြုပေတော့”လို့ မိန့်တော်မူတယ်၊ နာလကလည်း ငါ့ဦးရီးဟာ အကျိုးလိုလို့ ငါ့ကို ပြောတာ ပဲလို့ ယုံကြည်ပြီး အဲသည်နေ့မှာပင် ဣသိပဗ္ဗဇ္ဇအဖြစ်ဖြင့် ရဟန်းပြုခဲ့တယ်။

http://www.dhammadownload.com



မောနေယျအကျင့်ဟာ အလွန်မြင့်လွန်းတဲ့အတွက် ဘုရားတစ်ဆူတွင် တစ်ဦးတည်းသာ ကျင့်နိုင်တယ်၊ မောနေယျအကျင့်ကို ပြင်းပြင်းထန်ထန်ကျင့်လျှင် ခုနစ်လသာအသက်ရှည်တယ်၊ အလယ်အလတ်ကျင့်လျှင် ခုနစ်နှစ်သာအသက်ရှည်တယ်၊ ခပ်ညံ့ညံ့ကျင့်လျှင် ၁၂–နှစ်သာ အသက်ရှည်တယ်၊ နာလကမထေရ်ကတော့ ဘုရားထက် ၂၃–နှစ်စောပြီး တောထွက်ခဲ့တယ်၊ ဘုရားပွင့်တော်မူပြီး ဓမ္မစကြာတရား ဟောတော်မူတယ်၊ ဓမ္မစကြာဟောပြီး ခုနစ်ရက်မြောက်သော နေ့မှာ နာလကဟာ ဘုရားထံ သွားရောက်တွေ့ဆုံပြီး မောနေယျအကျင့်ကို လျှောက်ထားတယ်။

## မောနေယျအကျင့်

မြတ်စွာဘုရား–တပည့်တော်သည် အိမ်ရာမထောင်သော ရဟန်းဖြစ်ပါတယ်၊ ဆွမ်းခံစားသူဖြစ်ပါတယ်၊ တပည့်တော်မေးလျှောက်ပါရစေ၊ မောနေယျအကျင့်မြတ်ကို ဟောတော်မူပါဘုရား။

မောနေယျအကျင့်သည် ပြုနိုင်ခဲ၊ ကျင်နိုင်ခဲသော အကျင့်ဖြစ်သည်၊ ထိုအကျင့်ကို ငါဟောမည်၊ သင်သည် မိမိကိုယ်ကို အားထားပြုလော့–

(၁) မိမိအားဆဲရေးသူနှင့် ရှိခိုးသူကို ထပ်တူရှုရမည်၊ ဆဲရေးခံရသော် စိတ်ပြစ်မှားမှုမရှိအောင် စောင့်ရှောက်ရမည်၊ ရှိခိုးခံရသော် တက်ကြွမှုမရှိအောင် ကျင့်ရမည်။

(၂) ကာမဂုဏ်တို့ကို ပယ်စွန့်၍ မေထုန်မှ ရှောင်ကြဉ်ရမည်။

(၃) ငါသည် ချမ်းသာကိုအလိုရှိသကဲ့သို့ သတ္တဝါတို့လည်း ချမ်းသာကို အလိုရှိကုန်၏ဟု မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါတို့ကို မသတ်ရာ၊ မသတ်စေရာ။

(၄) ပုထုဇဉ်သည် ပစ္စည်းလေးပါး၌ ကပ်ငြိ၏၊ တဏှာချောက်သည် နက်ရှိုင်း၏၊ ပညာဖြင့် လိုချင်မှုလောဘကိုပယ်စွန့်၍ နက်ရှိုင်းသော ချောက်မှ ကျော်တက်ရာ၏။

(၅) နှိုင်းယှဉ်ပိုင်းခြားအပ်သောဝမ်းရှိရာ၏၊ အလိုနည်းရာ၏၊ တဏှာဟူသော မွတ်သိပ်မှုမရှိခြင်းကြောင့် ငြိမ်းစေ၏။

http://www.dhammadownload.com



(၆) မောနေယျ အကျင့်ကျင့်သော ရဟန်းသည် ဆွမ်းခံပြီးလျှင် တောသို့သာ ပြန်သွား၏၊ သစ်ပင်ရင်း၌ ထိုင်၍သော်လည်း ကောင်း၊ ရပ်၍သော်လည်းကောင်း နေရာ၏။

(၇) ထိုရဟန်းသည် ဈာန်လေ့လာသူ, တည်တံ့သူ, တော၌ပျော်မွေ့သူ ဖြစ်ရာ၏၊ သစ်ပင်ရင်း၌ ဈာန်ဝင်စားရာ၏။

(၈) ဆွမ်းခံ၍သာ စားရာ၏၊ ပင့်ဖိတ်၍လှူသောဆွမ်း, ရွာမှဆောင်ယူ၍ လှူသောဆွမ်းတို့ကို မနှစ်သက်ရာ။

(၉) ဒါယကာတို့နှင့် ရောနှောမနေရာ၊မြတ်သောစကားရှိသည်ဖြစ်၍ နိမိတ်ဝိညတ်နှင့် ယှဉ်သော စကားကို မဆိုရာ။

(၁၀) တစ်စုံတစ်ခုသော ပစ္စည်းကိုရလျှင်ကောင်း၏၊ မရလျှင်လည်း ကောင်း၏ဟု ရ–မရ နှစ်ပါး၌ပင် တုန်လှုပ်ခြင်းမရှိရာ။

(၁၁) မအပ်ပါပဲလျက်နှင့် အယောင်ဆောင်ကာ အနည်းငယ်လှူခြင်း ကိုလည်း မရှုတ်ချ၊ ပေးလှူသူကိုလည်း မထီမဲ့မြင် မပြုရာ။

(၁၂) မဂ်ရကြောင်း အကျင့်ကို သုခပဋိပဒါစသည် အယုတ်အမြတ် ရှိ၏ဟု ဘုရားရှင်ဟောတော်မူ၏၊ သို့သော် တစ်ခုတည်းသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ နှစ်ကြိမ်သော်ကား မရောက်၊ ကိလေသာတို့ တစ်ပြိုင်နက် မကုန်ရကား နိဗ္ဗာန်ဟူသောကမ်းသို့ တစ်ကြိမ်သာ ရောက်သည်လည်း မဟုတ်။

(၁၃) အကြင်ရဟန်းအား ပျံ့နှံ့သောတဏှာမရှိ၊ တဏှာအလျဉ်ပြတ် ပြီးသော ထိုရဟန်းအား ရာဂစသည်ကြောင့်ဖြစ်သော ပူပန်မှု မရှိ။

(၁၄) မောနေယျရဟန်းသည် သင်တုန်းသွားဥပမာရှိသူဖြစ်ရာ၏၊ အာစောက်ကို လျှာဖြင့် ထိကပ်ပြီး ဝမ်း၌ စောင့်စည်းသူဖြစ်ရာ၏။

(၁၅) မတွန့်ဆုတ်သောစိတ်ရှိရာ၏၊ များစွာမကြံစည်ရာ၊ တဏှာ အညှီကင်းသူ, တစ်စုံတစ်ခုသောဘဝ၌ မမှီသူ, အကျင့်မြတ်လျှင် လဲလျောင်းရာရှိသူ ဖြစ်ရာ၏။

http://www.dhammadownload.com



(၁၆) တစ်ဦးတည်းကျင့်ရမည်၊ ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်နိုင်ရမည်၊ တစ်ဦးတည်းနေနိုင်ခြင်းသည် မောနမည်၏၊ တစ်ဦးတည်း မွေ့လျော်နိုင်မှ အရပ်မျက်နှာတို့၌ ထင်ရှားလတ္တံ့။

(၁၇) ဘုရားကို မြတ်နိုးသူသည် ဈာန်ဝင်စားမှု၌ မြတ်နိုး၏၊ ကာမကို စွန့်ကုန်သော ပညာရှိတို့၏ ကြွေးကြော်သံကိုကြား၍ ဟိရီကို လည်းကောင်း, သဒ္ဓါကိုလည်းကောင်း၊ အတိုင်းထက်အလွန် ပြုရာ၏။

(၁၈) မြစ်ငယ်ချောင်းငယ်တို့သည် ချောက်အကြား၌ အသံမြည်လျက် စီးသွားကုန်၏၊ မြစ်ကြီးတို့သည် တိတ်ဆိတ်ငြိမ်သက်စွာ စီးဆင်းကုန်၏၊ စကားကို ဤမြစ်ဥပမာဖြင့်သိလော့။

(၁၉) ရေမပြည့်သောအိုးသည် အသံမြည်၏၊ ရေပြည့်အိုးကား အသံမမြည်၊ သူမိုက်သည် ရေမပြည့်သောအိုးနှင့် တူ၍ ပညာရှိကား ရေပြည့်အိုးနှင့် တူ၏။

(၂၀) ဘုရားရှင်သည် အကြောင်းအကျိုးနှင့်ပြည့်စုံ၍ အစီးအပွားနှင့် စပ်သော စကားကို များစွာမြွက်ဆို၏၊ ဤသို့မြွက်ဆိုခြင်းကား တရားကိုသိတော်မူသည်ဖြစ်၍သာ များစွာ မြွက်ဆိုတော် မူခြင်း ဖြစ်၏။

(၂၁) တရားသိသောသူသည် စောင့်စည်းအပ်သောစိတ်ရှိ၏၊ စကားကို များစွာမဆို၊ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ် ရထိုက်၏၊ ရလည်း ရ၏။

ယခုပြောခဲ့တာက မောနေယျအကျင့် အကျဉ်းချုပ် ဖြစ်ပါတယ်၊ သည်အကျဉ်းချုပ်မျှကို လေ့လာရုံနှင့် မောနေယျအကျင့်ဟာ ဘယ်လောက်အဆင့် အတန်းမြင့်တဲ့ အကျင့်ဆိုတာ အလွန်သိသာပါတယ်၊ သည်လောက် အဆင့် အတန်းမြင့်တဲ့ အကျင့်ကို အလွန်ထက်သန်သော လုံ့လဝီရိယဖြင့် ကျင့်တော်မူတဲ့ နာလကမထေရ်ဟာ သစ်တစ်ပင်ရင်းမှာ နှစ်ရက်မနေဘူး၊ တစ်ရွာတည်းမှာ နှစ်ကြိမ်ဆွမ်းမခံဘူး၊ သည်တောမှ ထိုတော, သည်တောင်မှ ထိုတောင်, သည် သစ်ပင်မှ ထိုသစ်ပင်, သည်ရွာမှ, ထိုရွာ လှည့်လည်ရင်း တရားကျင့်တော်မူ

http://www.dhammadownload.com



တာဟာ ခုနစ်လ လွန်မြောက်တော့ အရဟတ္တဖိုလ်တည်ပြီး မိမိရဲ့အသက် အပိုင်းအခြားကို ဆင်ခြင်ကြည့်လိုက်တော့ အသက်တမ်းကုန်ပြီဆိုတာကို သိတဲ့ အတွက် ကိုယ်စင်ကြယ်အောင် ရေချိုးတော်မူတယ်၊ ရေချိုးတော်မူပြီးတဲ့နောက် သင်းပိုင်ကို ဝတ်, ဒုကုဋ်ခါးပန်းတို့ကို ရုံသေစွာ ဝတ်ရုံတော်မူတယ်၊ ပြီးတော့မှ တစ်ခုသော မြင်းသီလာတောင်ကိုမှီကာ ဘုရားရှင်ရှိရာ ရည်မှန်းပြီး ဦးထိပ်ထက် လက်အုပ်ချီကာ မတ်တတ်ရပ်လျက်ပင် ပရိနိဗ္ဗာန် ဝင်စံတော်မူသတဲ့။

အရှင်နာလက ပရိနိဗ္ဗာန်စံဝင်ကြောင်း ဘုရားရှင်သိတော်မူတဲ့အတွက် ပရိနိဗ္ဗာန်စံရာဌာနကို သံဃာတော်များနှင့်တကွ ဘုရားရှင်ကိုယ်တော်တိုင် ကြွပြီး သဂြိုဟ်တော်မူတယ်၊ မောနေယျအကျင့် ကျင့်တဲ့ပုဂ္ဂိုလ်နဲ့ မောနေယျ အကျင့်မြတ်ဟာ သည်လောက် ကြီးကျယ်မြင့်မြတ်တဲ့အတွက် မောနေယျအကျင့် မပွင့်ထွန်းမီ ခုနစ်နှစ်ကာလက ကြိုတင်ပြီး ဗြဟ္မာများက ကြွေးကြော်ကြရခြင်း ဖြစ်တယ်"

"မှန်ပါ–သဘောပေါက်ပါပြီ ဘုရား၊ သာဓု–သာဓု–သာဓု"



http://www.dhammadownload.com

# ဖုံးကွယ်ခြင်း သုံးပါး

"ဟောသည့်စာက မိုးကုတ်မြို့၊ အနောက်ပိုင်း၊ ပန်းမရွာသစ်၊ မွေ့ရာဆိုင်မှ ကိုကျော်မောင်ဆိုသူက မေးလျှောက်တဲ့ စာလွှာဖြစ်ပါတယ် ဘုရား"

"ကိုကျော်မောင်ရဲ့အမေးက ဘာများတုန်း"

"သူ့အမေးက အချက်နှစ်ချက်ပါပါတယ် ဘုရား။ ပထမအချက်က (၁) ဘုရားကို စေတီကွယ်တယ်၊ (၂) တရားကို စာပေ(ဓမ္မကထိက)ကွယ်တယ်၊ (၃) သံဃာကို ဘုန်းကြီးကွယ်တယ်ရယ်လို့ ပြောနေကြပါတယ်တဲ့၊ ဘယ်လို ကွယ်တယ်ဆိုတာ သိချင်ပါသတဲ့။

ဒုတိယအချက်က (၁) အနိစ္စကို သန္တတိဖုံးကွယ်တယ်၊ (၂) ဒုက္ခကို ဣရိယာ ပထဖုံးကွယ်တယ်၊ (၃) အနတ္တကို ဃနဖုံးကွယ်တယ်လို့ ဟောပြောနေကြပါတယ်၊ ဘယ်လို ဖုံးကွယ်တယ်ဆိုတာ သိချင်ပါသတဲ့ဘုရား"

"အေး–အဲသည်အချက် နှစ်ချက်အနက် ပထမအချက်ကို ဖြေကြစို့ရဲ့"

"မှန်ပါ–ဖြေတော်မူပါဘုရား"

"ဘုရားကိုစေတီကွယ်တယ်၊ တရားကိုစာပေကွယ်တယ်၊ သံဃာကို ဘုန်းကြီးကွယ်တယ်ဆိုတဲ့စကားဟာ ခပ်နက်နက်ဆိုထားတဲ့ စကားဖြစ်တယ်၊ သည်စကားကို ခပ်ပေါ့ပေါ့တွက်လိုက်လျှင် မလိုလားအပ်တဲ့ အနက်များ ဖြစ်ပေါ်လာနိုင်တယ်ကွယ့်၊"

"ဘယ်လို မလိုလားအပ်တဲ့ အနက်ပါလဲဘုရား"

http://www.dhammadownload.com



"ဘုရားကို စေတီကွယ်တယ်ဆိုတော့ စေတီတွေ ရှိနေသမျှ ဘုရားစစ်ကို မတွေ့ရဘူး၊ စေတီတွေပျောက်ကွယ်မှသာ ဘုရားစစ်ကိုတွေ့လိမ့်မယ်လို့ အဲသည်လို မလိုလားအပ်တဲ့ အနက်တွေ ဖြစ်လာတတ်တယ်၊ သည်ကတစ်ဆင့် တက်ခဲ့လျှင် ကျောက်ဘုရား၊ အုတ်ဘုရားရုပ်ပွားတော်, ဆင်းတုတော်, စေတီတော်, ပုထိုးတော်တွေဟာ မည်သို့သော နိဗ္ဗာန်ရောက်ကြောင်းတရားကိုမျှ ဟောပြနိုင်စွမ်း မရှိတဲ့အတွက် ဂုဏ်တော်ကိုးပါး ဘုရားစစ်မဟုတ်ဘူး၊ ဘုရားစစ် မဟုတ်တာကို ဆည်းကပ်ကိုးကွယ်နေသမျှ ကာလပတ်လုံး စစ်မှန်သောဘုရားရှင်နှင့် မတွေ့ဘူးလို့ အဲသည်လို အယူလွဲတတ်တယ်၊ အမှန်ကတော့ ဘုရားရှင် ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူပြီးတဲ့ နောက် ကြွင်းကျန်သော သာသနာတော်အတွက် ဘုရားရှင်ဟာ ဓာတုစေတီဆိုတဲ့ ဓာတ်တော်တွေ၊ ဓမ္မစေတီဆိုတဲ့ တရားတွေ၊ ဥဒ္ဒိဿစေတီဆိုတဲ့ ရုပ်ပွားတော်တွေ၊ ပရိဘောဂစေတီဆိုတဲ့ အသုံးအဆောင်များကို ကိုယ်စားတော် အဖြစ် ထားခဲ့တယ်၊ သက်တော်ထင်ရှား ဘုရားရှင်မရှိတဲ့နောက် သည်စေတီတော် တွေဟာ ဘုရားရှင်ရဲ့ ကိုယ်စားတော်တွေပင် ဖြစ်ကြတယ်၊ ဒါကြောင့် သည်စေတီတော်များကို ဖူးမြင်ရခြင်းဟာ သက်တော်ထင်ရှား ဘုရားရှင်ကို ဖူးမြင်ရခြင်းနှင့် အတူတူပဲ၊ သည်အကြောင်းကို ဝိမာနဝတ္ထု ပါဠိတော်မှာ–

**တိဋ္ဌန္တေ နိဗ္ဗုတေ စာ ပိ၊ သမေ စိတ္တေ သမံ ဖလံ။**
**စေတောပဏိဓိ ဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂတိံ။**

လို့ ပြထားတယ်ကွယ့်"

"မှန်ပါ– အဲသည်ဂါထာကို အနက်ဖော်ပေးပါဦး ဘုရား"

"အနက်ကတော့ သည်လိုကွယ့်၊ တိဋ္ဌန္တေ စ–သက်တော်ထင်ရှား မြတ်စွာ ဘုရား၌လည်းကောင်း၊ နိဗ္ဗုတေ စ–ပရိနိဗ္ဗာန်ဝင်စံကြွသွား မြတ်စွာဘုရား၏ လေးပါးသော စေတီတော်၌လည်းကောင်း၊ စိတ္တေ–ကြည်ညိုလိုသောစိတ် ပြစ်မှား လိုသောစိတ်သည်၊ သမေ–တူမျှသည်ရှိသော်၊ ဖလံ–ကောင်းကျိုးဆိုးကျိုးသည် သမံ–တူမျှလေ၏၊ ကသ္မာ–အဘယ်ကြောင့်နည်းဟု မူကား၊ ဟိယသ္မာ- အကြင်ကြောင့်၊ စေတောပဏိဓိဟေတု ဟိ–စိတ်ထားကောင်းသောကြောင့် သာလျှင်၊ သတ္တာ – သတ္တဝါတို့သည်၊ သုဂတိံ – သုဂတိဘဝသို့၊ ဂစ္ဆန္တိ-

http://www.dhammadownload.com



လားကြရကုန်၏၊ တသ္မာ–ထို့ကြောင့်၊ ဖလံ–ကောင်းကျိုး ဆိုးကျိုးသည်၊ သမံ–တူမျှလေ၏” တဲ့ကွယ်။

သည်ဂါထာတော်အရ သက်တော်ထင်ရှားဘုရားနှင့် စေတီတော်ဟာ အတူတူပါပဲ၊ ဘုရားရှင်ရဲ့ သာသနာတော်မှာ သာသနာတော်ကို ထိန်းတဲ့ စေတီတော်တွေ မရှိဘူးဆိုလျှင် သာသနာတော်ကွယ်တာပါပဲ၊ ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, အဓိဂမသာသနာ, လိင်္ဂသာသနာ, ဓာတုသာသနာဆိုတဲ့ သာသနာတော် ငါးပါးမှာ ဓာတုသာသနာတော်ဟာ နောက်ဆုံးကွယ်တဲ့ သာသနာတော်ဖြစ်တယ်၊ ဘုရားရှင်ရဲ့ ဓာတ်တော် မွေတော်ဟာ သာသနာ တော်ကွယ်သည့် တိုင်အောင် လူနတ်ဗြဟ္မာတို့ရဲ့ ကောင်းကျိုးအတွက် တည်နေ ကြပါသေးတယ်၊ နောက်ဆုံး လုံးဝ ကိုးကွယ်ပူဇော်သူ မရှိတော့ဘူးဆိုမှ ကွယ်ပျောက်တော်မူကြတယ်၊ ဒါကြောင့် စေတီတော်ဆိုတာ ဘုရားရှင်နှင့်အတူတူ ပါပဲ၊ ဘုရားရှင်နှင့် အတူစိတ်ထားနိုင်လျှင် ကောင်းကျိုးလည်း တူပါတယ်၊ စေတီတော်ကို ပူဇော်လို့ ကောင်းကျိုးရတဲ့ ဝတ္ထုသာဓကတွေ အများအပြား ရှိသလို စေတီတော်ကို ပြစ်မှားမိလို့ မကောင်းကျိုးရတဲ့ဝတ္ထုသာဓကတွေလည်း အများအပြား ရှိပါတယ်။

ထိုထိုဝတ္ထုသာဓကတွေကို ထောက်ဆကြည့်ပါလျှင် သက်တော်ထင်ရှား ဘုရားရှင်နှင့် စေတီတော်ဟာ အတူတူပါပဲ၊ လောကီဥပမာအားဖြင့် နံ့သာပင် ကြီး သေသွားပြီးတဲ့နောက် နံ့သာသားတွေဟာ နံ့သာပင်ကြီးကဲ့သို့ လူတို့ရဲ့ အကျိုးကို ဆောင်နေသလို ဘုရားရှင်မရှိတဲ့နောက် စေတီတော်တွေဟာ ဘုရားရှင်ကဲ့သို့ လူနတ်ဗြဟ္မာတို့ရဲ့အကျိုးကို သယ်ပိုးဆောင်ရွက်ဆဲရှိနေပါတယ်၊ သည်အထောက်အထားကို ကြည့်ပြီး ဘုရားကို စေတီကွယ်တယ်လို့ ခပ်ပေါ့ပေါ့ မဆိုသင့်ပါဘူး၊ မဆိုသင့်ပါဘဲ ဘာကြောင့် ဆိုထားတာလဲဆိုလျှင် ဆိုသင့်တဲ့ အကြောင်းလည်း ရှိသေးလို့ပါပဲ၊ ဆိုသင့်တဲ့အကြောင်းက ဘုရားရှင်ကို အာရုံပြုတဲ့ အနုဿတိတရားဆိုတာ အပြင်ဒြပ်မျှဖြစ်တဲ့ ဘုရားရှင်ရဲ့ ရုပ်ပုံတော်ကို အာရုံ ပြုရမှာမဟုတ်ဘူး၊ အရဟံအစ ဘဂဝါဆုံးရှိတဲ့ ဘုရားရှင်ရဲ့ဂုဏ်တော်များကို အဖန်တလဲလဲ အောက်မေ့ရမှာ ဖြစ်တယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဗုဒ္ဓါနုဿတိအခန်းမှာ “ဤဆိုလတ္တံ့သည်ကား ထိုဂုဏ်တော်ကိုးပါး၌

http://www.dhammadownload.com



အဖန်တလဲလဲ အောက်မေ့ရပုံနည်းတည်း၊ ထိုမြတ်စွာဘုရားသည် ဤသို့သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏”စသော အားဖြင့် ဖွင့်ပြထားတယ်၊ ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပွားများအောက်မေ့ရမည့်နေရာတွင် စေတီတော်ကို ရှိခိုးပြီး စေတီတော်၌သာ ပြီးဆုံးနေပါလျှင် ဂုဏ်တော်တွေကို စေတီတော်က ကွယ်နေသည်မည်တယ်၊ အဲသည်လိုစေတီမကွယ်ဘဲ ဂုဏ်တော်ကို သတိရဖို့ အတွက် ဘုရားကို စေတီကွယ်တယ်လို့ ပြောဆိုကြခြင်းဖြစ်တယ်ကွယ့်”

“မှန်ပါ–တရားကို စာပေကွယ်တယ်ဆိုတာလည်း အမိန့်ရှိပါဦး”

“တရားဆိုတာ ဘုရားရှင် ၄၅–ဝါကာလအတွင်း ဟောကြားတော်မူခဲ့တဲ့ ပိဋကတ်တော်တွေပဲ၊ ပိဋကတ်တော်ကို ဟောကြားသူက ဓမ္မကထိက, ပိဋကတ်တော် ရေးမှတ်ထားတာက စာပေ, ဟုတ်ရဲ့လား”

“ဟုတ်ပါတယ်ဘုရား”

“ပိဋကတ်တော်ဟာ ဆောင်ထားသူ၊ ဟောကြားသူမရှိသော်လည်းကောင်း၊ ပေ–ပုရပိုက်, စာရွက်, ကျောက်သား စသည်တို့အပေါ် ရေးမှတ်ထားခြင်း မရှိသော်လည်းကောင်း ဤကမ္ဘာမှာ တည်နေနိုင်ပါ့မလား”

တည်နိုင်မည် မဟုတ်ပါဘုရား

“အေး–သည်လိုဆိုလျှင် တရားတော်ကို စာပေကွယ်တယ်၊ ဓမ္မကထိက ဘာဏကဆောင်များ ကွယ်တယ်လို့ကော ဆိုသင့်ပါရဲ့လား”

“မဆိုသင့်ပါ၊ တရားတော်ဟာ စာပေနှင့်ဓမ္မကထိကပုဂ္ဂိုလ် ဘာဏက ဆောင်ပုဂ္ဂိုလ် စာသင်စာချပုဂ္ဂိုလ်များကြောင့် ထွန်းလင်းတောက်ပလာတယ်လို့သာ ဆိုသင့်ပါတယ် ဘုရား”

“ဟုတ်တာပေါ့ကွယ်၊ ယခုသာသနာတော်ရဲ့အသက်ဟာ ၂၅၀၀–က ကျော်လွန်လာပြီ၊ သည်မျှရှည်ကြာအောင် သာသနာတော်ကို ဘယ်သူတွေ သယ်ဆောင်လာခဲ့တာလဲဆိုလျှင် ဘာဏကဆောင်ပုဂ္ဂိုလ်တွေ, စာသင်စာချ ပုဂ္ဂိုလ်တွေနှင့် စာပေတွေက သယ်ဆောင်လာခဲ့တာပဲကွယ့်၊ နောင်အခါလဲ ဤပုဂ္ဂိုလ်များ စာပေများက သာသနာတော်ကို ဆောင်ယူသွားကြလိမ့်ဦးမယ်၊ သာသနာတော်ကို ဆောင်ယူသွားကြမည့် ပုဂ္ဂိုလ်များ စာပေများ မရှိတော့လျှင် သာသနာတော်ကွယ်ပြီလို့ ဆိုရတော့မှာပဲ၊ ဟုတ်ရဲ့လား”

http://www.dhammadownload.com



"ဟုတ်ကြောင်းပါ ဘုရား"

"အဲသည်အကြောင်းများကြောင့် တရားတော်ကို စာပေကလည်း မကွယ်ပါဘူး၊ စာချပုဂ္ဂိုလ်, စာသင်ပုဂ္ဂိုလ်, တရားဟောပုဂ္ဂိုလ်တို့ကလည်း မကွယ်ပါဘူး၊ မကွယ်သည့်ပြင် ထွန်းလင်းတောက်ပအောင်သာ ပြုလုပ်ကြပါတယ်၊ သို့သော်လည်း တရားကို စာပေကွယ်တယ်ဆိုတဲ့စကားရဲ့ ဆိုလိုရင်းက ဘုရားရှင်ရဲ့ တရားတော်ဟာ အလှကြည့်ဖို့, အပျော်နားထောင်ဖို့ မဟုတ်ဘူး၊ကျင့်သင့်တာကို ကျင့်ဖို့၊ ရှောင်သင့်တာကို ရှောင်ဖို့ ဟောထားတာဖြစ်တယ်၊ အကြင်ပုဂ္ဂိုလ်ဟာ တရားတော်ကို စာပေ၌မျှသာ ဆုံးနေမည်၊ ဓမ္မကထိက၏အသံမျှ၌သာ ဆုံးနေမည်ဆိုပါလျှင် ထိုပုဂ္ဂိုလ်များကို ရည်ရွယ်ပြီး တရားကိုစာပေကွယ်တယ်, ဓမ္မကထိကကွယ်တယ်လို့ ရှေးဆရာများက ဆိုခဲ့ကြခြင်း ဖြစ်တယ်ကွယ့်၊ ရှင်းပါရဲ့လား"

"မှန်ပါ–ရှင်းပါတယ် ဘုရား၊ သံဃာကို ဘုန်းကြီးကွယ်တယ် ဆိုတာလည်း အမိန့်ရှိပါဦးဘုရား"

"သံဃာကို ဘုန်းကြီးကွယ်တယ်ဆိုတဲ့ စကားကလည်း အနုဿတိဆယ်ပါးက သံဃာနုဿတိကို ရည်ညွှန်းတဲ့စကားပဲကွယ့်၊ သံဃာ နုဿတိ–သံဃာတော်ကို အဖန်တလဲလဲ အောက်မေ့နေရမယ်ဆိုသော်လည်း ဝါဝါဝတ်ထားသော ဘုန်းကြီးအပေါင်းကို ဆိုလိုသည်မဟုတ်၊ ထိုဘုန်းကြီးအပေါင်းရဲ့ သန္တာန်မှာတည်ရှိတဲ့ သုပ္ပဋိပန္နအစ ပုညက္ခေတ္တံအဆုံးရှိတဲ့ ဂုဏ်တော်ကို ဆင်ခြင်ပွားများရမှာဖြစ်တယ်၊ အတွင်းက ဂုဏ်တော်ကို မမြင်ဘဲ အပြင်အပ သဏ္ဌာန်မျှကိုသာ မြင်နေလျှင် ဂုဏ်တော်ကိုပုဂ္ဂိုလ်ကဖုံးနေလို့, သံဃာကို ဘုန်းကြီးကွယ်တယ်လို့ ဆိုကြတာပဲ၊ သို့သော်လည်း သည်အဓိပ္ပာယ်ကို သည်လို မကောက်ယူဘဲ ဘုန်းကြီးတွေဟာ သံဃာမဟုတ်ဘူး၊ ဘုန်းကြီးတွေ ရှိနေသမျှ သံဃာအစစ်ကို မတွေ့ဘူးလို့ ယူဆခဲ့လျှင် အယူအဆတွေချွတ်ချော်ပြီး "ဘုန်းကြီးမပါ၊ သံဃာဆွမ်းကျွေး" ဆိုတဲ့ ဂိုဏ်းထဲပါသွားတတ်တာပေါ့ကွယ်၊ ဒါကြောင့်မို့ သည်စကားသုံးရပ်ဟာ နက်နက်တွေးမှ အဖြေမှန်ပေါ်တယ်၊ ပေါ့ပေါ့တွေးလျှင် အယူမှားဖြစ်တတ်တာမို့ လေးလေးနက်နက် ယူဆကြဖို့ သတိပေးလိုက်ပါတယ်ကွယ်"

http://www.dhammadownload.com



"ဒုတိယအချက် ဖုံးကွယ်ခြင်းသုံးပါးကိုလည်း မိန့်တော်မူပါဦး ဘုရား"

"အနိစ္စကို သန္တတိဖုံးကွယ်တယ်၊ ဒုက္ခကို ဣရိယာပထဖုံးကွယ်တယ်၊ အနတ္တကို ဃနဖုံးကွယ်တယ်ဆိုတဲ့စကားကို သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ အာယတနဝိဘင်မှာ ဖွင့်ပြထားပြီး ဖြစ်တယ်ကွယ့်"

"ဘယ်လို ဖွင့်ပြပါသလဲဘုရား၊ အမိန့်ရှိပါဦး"

"ဖွင့်ပြပုံက ဒီလိုကွယ့်၊ အနိစ္စ, ဒုက္ခ, အနတ္တဆိုတဲ့ သည်တရားသုံးပါးတို့ဟာ အမှန်ထင်ရှားသော တရားဖြစ်ပါလျက် အဘယ်ကိုနှလုံးမသွင်းခြင်းကြောင့် မထင်သလဲ၊ အဘယ်ကို ထိုးထွင်း၍မသိခြင်းကြောင့် မထင်သလဲ၊ အဘယ်တရားဖြင့် ဖုံးလွှမ်းခြင်းကြောင့် မထင်သလဲ၊ ဤသို့ မေးငြားအံ့–အနိစ္စမထင်သောအကြောင်းကို ရှေးဦးစွာ ငါဆိုမယ်တဲ့၊ အနိစ္စဆိုတဲ့မမြဲသောတရားဟာ ကေန်ရှိသောတရားဖြစ်သော်ငြားလည်း ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို နှလုံးမသွင်းခြင်းကြောင့် ရုပ်နာမ်တို့ရဲ့အဖြစ်အပျက်ကို ထိုးထွင်းပြီးမသိဘူး၊ အဖြစ်အပျက်ကို မသိတဲ့အတွက် သန္တတိဆိုတဲ့ ရုပ်အစဉ် နာမ်အစဉ် ဖုံးလွှမ်းနေတယ်၊ ဒါကြောင့် အနိစ္စကို မထင်ခြင်း ဖြစ်သတဲ့၊ ဒုက္ခတရားဟာလည်း ထင်ရှားရှိပါလျက် ရုပ်နာမ်တို့ရဲ့ ဇာတိ, ဇရာ, ဗျာဓိ, မရဏတို့ကို နှလုံးမသွင်းတဲ့အတွက် ရုပ်နာမ်တို့ရဲ့ ဖြစ်ခြင်း, ရင့်ရော်ခြင်း, နာကျင်ခြင်း, ပျက်ခြင်းတို့ကို မမြင်ဘူး၊ မမြင်ခြင်းကြောင့် လျောင်း–ထိုင်–ရပ်–သွား လေးပါးသော ဣရိယာပုတ်တို့ ပြောင်းလဲပေး ခြင်းဖြင့် ချမ်းသာသလိုလိုထင်နေတယ်၊ ဒါကြောင့် ဒုက္ခတရားကို ဣရိယာ ပုတ်က ဖုံးလွှမ်းနေသတဲ့၊ ခန္ဓာအတွင်းမှာ ခိုင်မာသောအတ္တအနှစ် မရှိရိုးမှန်သော်လည်း အတူးထူးသောဓာတ်ကို အသီးသီးခွဲခြမ်းခြင်း မရှိတဲ့အတွက် ဓာတ်အသီးသီး အကြောင်းအကျိုး ဆက်သွယ်နေတာကို မမြင်ဘူး၊ အကြောင်းအကျိုး ဆက်သွယ်နေတာကို မမြင်တဲ့အတွက် သန္တတိဃန ဖုံးလွှမ်းနေတယ်၊ သန္တတိ ဃနဖုံးလွှမ်းနေလို့ အနတ္တကို မထင်ဘူးလို့ ဖွင့်ပြထားတယ်"

"သည်လိုဆို အနိစ္စ, ဒုက္ခ, အနတ္တထင်အောင် သည်ဖုံးလွှမ်းထားတာတွေကို ဘယ်လိုလုပ်ပစ်ရမှာလဲဘုရာ့"

# မဟာပါပ လေးပါး

"ဟောသည်စာက ဗန်းမောက်မြို့၊ ကျောက်အိုင်ရွာ၊ မောင်သိန်းမောင်ရဲ့ ထံက မေးလျှောက်တဲ့စာဖြစ်ပါတယ် ဘုရား"

"မောင်သိန်းမောင်က ဘာတွေ မေးလျှောက်ထားသလဲကွယ့်"

"မောင်သိန်းမောင် မေးလျှောက်ထားတာက မင်းကွန်းအလယ်တောရ ဆရာတော်ကမေးလို့ မန်လည်ဆရာတော်ဘုရား ဖြေကြားတဲ့ ပဋ္ဌစတ္တာလီသပုစ္ဆာ ဝိသဇ္ဇနာကျမ်း ပုဒ်ရေ(၃၄)မှာ မင်းကွန်းဆရာတော်က မဟာပါပကြီး လေးပါး ဆိုတာ ဘာလဲလို့ မေးထားပါသတဲ့၊ အဲသည်အမေးကိုမန်လည်ဆရာတော် ဘုရားက (၁) စေတိယမင်းရဲ့ မုသားစကားတစ်ပါး၊ (၂) ကောကာလိကရဲ့ အရိယူပဝါဒတစ်ပါး၊ (၃) အသက်သခင်ကျေးဇူးရှင် မျောက်မင်းကို ပြစ်မှားတဲ့ နွားပျောက်ရှာပုဏ္ဏားရဲ့ ခင်ပွန်းပျက် မိတ္တဒုမ္ဘိတစ်ပါး၊ (၄) ကျေးဇူးရှင် ဘုရားသခင်ကို ပြစ်မှားတဲ့ ဒေဝဒတ်ရဲ့ အကတညုတာတစ်ပါး၊ သည်လေးပါးကို မဟာပါပလေးပါးလို့ခေါ်ကြောင်း၊ သက္ကသံယုတ် နဒုဗ္ဘိယသုတ်ကို ကိုးကားပြီး ဖြေဆိုထားတာ တွေ့ရပါတယ်တဲ့၊ ၎င်းမဟာပါပကြီး လေးပါးအနက် စေတိယမင်းရဲ့ မုသားစကား၊ နွားပျောက်ပုဏ္ဏားရဲ့ ခင်ပွန်းပျက် မိတ္တဒုမ္ဘိ၊ ဒေဝဒတ်ရဲ့ ကျေးဇူးမသိခြင်းများကို လေ့လာမှတ်သားဖူးပါတယ်ဘဲ့၊

http://www.dhammadownload.com



သို့သော်လည်း ကောကာလိကရဲ့ အရိယူပဝါဒဆိုတာတော့ လုံးဝ မဖတ်ဖူးတဲ့အတွက် ကျမ်းညွှန်းနှင့်တကွ ဓမ္မဗျူဟာမှ အကျယ်ညွှန်ပေးတော်မူပါလို့ လျှောက်ထားခြင်း ဖြစ်ပါတယ် ဘုရား"

"ကောကာလိကရဲ့ အကြောင်း အကျယ်သိချင်တယ်ဆိုပါတော့"

"ဟုတ်ပါတယ် ဘုရား"

"သံယုတ်ဋီကာ ၁၊ နှာ ၂၄၇–မှာ (ဒွေ ကောကာလိကာ နာမ ဘိက္ခူ) လို့ ပြထားတယ်၊ ကောကာလိကအမည်ရှိတဲ့ ရဟန်းနှစ်ပါး ရှိသတဲ့"

"သြော်–ကောကာလိကအမည်နှင့် ရဟန်းနှစ်ပါးရှိတာကိုး မိန့်တော်မူပါဦး ဘုရား"

"ကောကာလိကတစ်ပါးက ဒေဝဒတ်ရဲ့တပည့် ပုဏ္ဏားရဲ့သားဖြစ်တယ်၊ အသက်ကြီးလို့ မဟာကောကာလိကလို့ ခေါ်ကြတယ်၊ တစ်ပါးက ကောကာလိကတိုင်း ကောကာလိက သူဌေးရဲ့သားဖြစ်တယ်၊ သူ့ကိုတော့ စူဠကောကာလိကလို့ ခေါ်တယ်"

"ကောကာလိက နှစ်ပါးဟာ နာမည်ချင်းကတော့ ရောထွေးနေပါတယ်၊ တစ်ပါးစီကို ခွဲခြားပြီး အမိန့်ရှိပါဦးဘုရား"

"ဒေဝဒတ်ဟာ သံဃာကို သင်းခွဲရန်အကြံနှင့် ဘုရားရှင်အထံမှာ ဝတ္ထုငါးမျိုးကို တောင်းတယ်။

(၁) ရဟန်းအားလုံး အသက်ထက်ဆုံး တောကျောင်းမှာ နေကြရမယ်၊ ရွာနီးကျောင်းမှာ မနေရဘူး။

(၂) ရဟန်းအားလုံး ဆွမ်းခံစားကြရမယ်၊ ဒါယကာက ပင့်ဖိတ်ကျွေးမွေးတဲ့ဆွမ်းကို မစားရဘူး။

(၃) ရဟန်းအားလုံး ပံသုကူသင်္ကန်းဆောင်ကြရမယ်၊ ဒါယကာလှူဒါန်းတဲ့ သင်္ကန်းကို မဝတ်ရဘူး။

(၄) ရဟန်းအားလုံး အသက်ထက်ဆုံး သစ်ပင်ရင်းမှာ နေကြရမယ်၊ အမိုးရှိတဲ့ကျောင်းမှာ မနေရဘူး။

(၅) ရဟန်းအားလုံး သက်သတ်လွတ်စားကြရမယ်၊ ငါး အမဲကို မစားကြရဘူး။

http://www.dhammadownload.com



သည်ဝတ္ထု ငါးမျိုးတောင်းဆိုရာမှာ ဘုရားရှင်က ခွင့်မပေးဘူး၊ ခွင့်မပေးတော့ သူ့ရဲ့လက်ရုံးများဖြစ်ကြတဲ့ မဟာကောကာလိက, ကဋမောဒကတိဿက, သမုဒ္ဒဒတ္တတို့နှင့် အတူတကွ နေရာကထပြီး သံဃာကိုခွဲခဲ့တယ်၊ သူတို့နောက်ကို ဝဇ္ဇီတိုင်းသား ရဟန်းငါးရာပါသွားတယ်၊ သူတို့ရဲ့ ဌာနချုပ်က ဂယာသီသအရပ်ဖြစ်တယ်၊ မသိရှာကြတဲ့ ရဟန်းငယ်များ ဒေဝဒတ်နောက်ပါသွားတဲ့အတွက် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့က ဂယာသီသကို လိုက်သွားကြတယ်၊ ရှင်သာရိပုတ္တရာတို့ ဂယာသီသ ရောက်သွားကြတဲ့ ညချမ်းအချိန်မှာ ဒေဝဒတ်ဟာ သူ့နောက်ပါသွားကြတဲ့ ရဟန်းများကို တရားဟောနေသတဲ့၊ တရားဟောရာက ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့ ကြွလာတာမြင်တော့ သူ့ဝါဒကိုကြိုက်လို့ လိုက်လာတယ်ထင်ပြီး ရဟန်းငယ်များကို "ကြည့်ကြစမ်း၊ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့တောင် ငါ့ဝါဒကိုကြိုက်လို့ လိုက်လာကြပြီ"လို့ ပြောသတဲ့၊ ဒီလိုပြောတော့ သူ့ရဲ့လက်ရုံးကြီး မဟာကောကာလိကက "ငါ့ရှင် ဒေဝဒတ်၊ သာရိပုတ္တရာနှင့် မဟာမောဂ္ဂလ္လာန်တို့လိုက်လာတာကို အကောင်းမထင်နှင့်၊ သာရိပုတ္တရာနှင့် မဟာမောဂ္ဂလ္လာန်တို့ဟာ အလိုဆိုးရှိသူများ ဖြစ်ကြတယ်၊ သူတို့ကို သတိထား"လို့ ပြောသတဲ့။

ဒေဝဒတ်က မဟာကောကာလိကကို "ငါ့ရှင် သည်လိုမဆိုပါနှင့်၊ သာရိပုတ္တရာနှင့် မောဂ္ဂလ္လာန်တို့ဟာ ငါ့ဝါဒကို ကြိုက်လို့ လိုက်လာကြတာပါ၊ သူတို့လာခြင်းဟာ အကောင်းလာခြင်း ဖြစ်ပါတယ်"လို့ ပြန်ပြောသတဲ့၊ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့အနီးရောက်လာတော့ ဒေဝဒတ်က ဝမ်းမြောက်ဝမ်းသာ ဆီးကြိုပြီး နေရာထိုင်ခင်းပေးတယ်၊ ပြီးတော့ တရားဆက်ဟောတယ်၊ တရားဟောပြီးတော့ ဒေဝဒတ်က "ငါ့ရှင် သာရိပုတ္တရာ ရဟန်းများကို တရားဟောပါဦး၊ ငါအညောင်းဆန့်လိုက်ပါဦးမယ်"လို့ ပြောပြီး ရှင်သာရိပုတ္တရာတရားဟောတုန်း အညောင်းဆန့်ကာ အိပ်ပျော်သွားသတဲ့။

ရှင်သာရိပုတ္တရာလည်း ရဟန်းငယ်ငါးရာတို့ကို တရားဟောရာ ထိုနေရာ၌ပင် သောတာပန်ဖြစ်သွားကြသတဲ့၊ တရားဟောပြီးတော့ ရှင်သာရိပုတ္တရာက "ငါ့ရှင်တို့–ငါတို့ ဘုရားရှင်ထံသွားကြမယ်၊ မြတ်စွာဘုရားရဲ့ တရားတော်ကို

http://www.dhammadownload.com



နှစ်သက်ကြတဲ့ပုဂ္ဂိုလ်များ လိုက်ခဲ့ကြ”လို့ ခေါ်တော့ ရဟန်းငယ်ငါးရာလုံး လိုက်ပါသွားကြသတဲ့၊ အဂ္ဂသာဝကမထေရ်မြတ်ကြီး နှစ်ပါးတို့က ရဟန်းငယ်ငါးရာကို ပြန်လည်ခေါ်ဆောင်သွားကြတဲ့အခါ မဟာကောကာလိကဟာ ဒေဝဒတ်အိပ်နေရာကိုသွားပြီး “ငါ့ရှင် ဒေဝဒတ်–ထ၊ ရဟန်းငါးရာတို့ကို သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့ ခေါ်သွားကြပြီး သာရိပုတ္တရာနှင့် မဟာမောဂ္ဂလ္လာန်တို့ကို အကျွမ်းမဝင်ပါနှင့်လို့ ငါပြောထားလျက်နှင့် သင်ဟာ ငါ့စကားကို နားမထောင်ဘူး”လို့ မြည်တန်းပြီး ဒေဝဒတ်ရဲ့ ရင်ဝကို ဒူးနှင့်တိုက်ပြီး နှိုးသတဲ့။

ဒေဝဒတ်ဟာ အဲသည် ဒူးတိုက်ခံရတဲ့ဒဏ်, အခြံအရံဆုံးရှုံးရတဲ့ဒဏ်ကြောင့် ခံတွင်းက သွေးအန်ရောဂါဖြစ်လာတယ်၊ အဲသည်ရောဂါဟာ ကိုးလကြာတယ်၊ နောက်ဆုံး၊ နောင်တရပြီး ဘုရားရှင်ကို ကန်တော့မယ်လို့အလာမှာ ဇေတဝန်ကျောင်းတော်အနီးမှာ မြေမျိုပြီး ကွယ်လွန်ရှာတယ်၊ ဒေဝဒတ်ရဲ့လက်ရုံး၊ ဒေဝဒတ်ကို ဒူးနှင့်တိုက်တဲ့ ကောကာလိကကို မဟာကောကာလိက ခေါ်တယ်၊ မဟာပါပလေးပါးမှာ ပါဝင်တဲ့ ကောကာလိက မဟုတ်သေးဘူးကွယ့်”

“မဟာပါပမှာ ပါဝင်တဲ့ ကောကာလိကကို အမိန့်ရှိပါဦးဘုရား”

“မဟာပါပလေးပါးအနက် အရိယူပဝါဒကံမှာ ပါဝင်တဲ့ ကောကာလိကက ကောကာလိကမြို့သူဌေးသားဖြစ်တယ်၊ သူ့ကို စူဠကောကာလိကလို့ခေါ်တယ်၊ သူ့ရဲ့ ဉပဇ္ဈာယ်ဆရာက တုရူအရှင်မြတ်ဖြစ်တယ်၊ တုရူအရှင်မြတ်ဟာ အနာဂါမ်ပုဂ္ဂိုလ်အရှင်မြတ်ဖြစ်တယ်၊ အနာဂါမ်တုရူအရှင်မြတ်ရဲ့ တရားတော်ကို ကြည်ညိုပြီး သူဌေးသားဘဝက ရဟန်းဝတ်ခဲ့တယ်၊ ရဟန်းဖြစ်ပြီး သူ့ဖခင်က ကျောင်းဆောက်ပြီး ကိုးကွယ်တယ်၊ ကောကာလိကဆိုတဲ့ အမည်ဟာ သူ့နာမည်ရင်း ဟုတ်ဟန်မတူပါဘူး၊ ကောကလိကမြို့မှာ ကျောင်းထိုင်ဘုန်းကြီးဖြစ်လို့ မြို့အမည်တင်စားပြီး ကောကာလိကလို့ခေါ်ဟန်တူတယ်၊ တစ်ခုသောဝါတွင်းမှာ အဂ္ဂသာဝကနှစ်ပါးတို့ဟာ ဆိတ်ငြိမ်ရာမှာ နေလိုကြတဲ့အတွက် ဘုရားရှင်ကို ပန်ကြားပြီး ကောကာလိကမြို့ကို ကြွလာကြတယ်၊ ကောကာလိကမြို့ကို ရောက်တော့ ကောကာလိကထံဝင်ပြီး “ငါ့ရှင် ကောကာလိက–ငါတို့ဟာ သင့်ကိုမှီခိုပြီး ချမ်းသာစွာ နေလိုကြတယ်၊ သင်လဲသည်း ငါတို့

http://www.dhammadownload.com



-ကို မှီခိုပြီး ချမ်းသာစွာ နေရပါလိမ့်မယ်”လို့ ပြောကြသတဲ့၊ ကောကာလက,က “ငါ့ကို မှီပြီး သင်တို့ ဘယ်လို ချမ်းသာစွာ နေလိုကြပါသလဲ၊ သင်တို့ကို မှီခိုပြီး ငါက ဘယ်လို ချမ်းသာစွာ နေရမှာလဲ”လို့ မေးတယ်၊ အဂ္ဂသာဝကများက “ငါတို့ သည်ကျောင်းမှာ ဝါဆိုနေထိုင်ကြောင်း ဘယ်သူ့ကိုမှ မပြောပါနှင့်၊ အဲသည်လို မပြောခြင်းသည် ငါတို့ ချမ်းသာစွာ နေထိုင်ကြရခြင်းဖြစ်ပါတယ်၊ သည်ဝါတွင်းမှာ ငါတို့က တရားပို့ချပေးမယ်၊ သည်လို တရားပို့ချပေးခြင်းဖြင့် သင်လည်း ငါတို့ကို မှီပြီး ချမ်းသာပါလိမ့်မယ်”လို့ ပြောကြားတယ်။

ကောကာလိကလည်း အဂ္ဂသာဝကနှစ်ပါးကို သင့်လျော်တဲ့ကျောင်းကို ပေးတယ်၊ သူ့ရဲ့ ကတိအတိုင်း ဘယ်ဒါယကာကိုမှုလည်း အကြောင်းမကြား ဘူးတဲ့၊ ဝါကျွတ်လို့ ပဝါရဏာပြုပြီးတဲ့နောက်မှာ ကောကာလိက က ဒကာ များကို “သင်တို့ဟာ တိရစ္ဆာန်တွေလိုပဲ၊ ဝါတွင်းပတ်လုံး သည်ကျောင်းမှာ အဂ္ဂသာဝကနှစ်ပါး သီတင်းသုံးနေထိုင်တာကို မသိကြဘူး၊ အခု အဂ္ဂသာဝက နှစ်ပါးလုံး ကြွသွားကြပြီ”လို့ ပြောသတဲ့၊ ဒကာများက “ဟုတ်လား ဘုရား၊ တပည့်တော်များ မသိကြပါဘူး၊ အရှင်ဘုရားကလည်း အမိန့်မရှိဘဲကိုး”လို့ ပြောကြပြီး မထေရ်နှစ်ပါးကို လိုက်ပင့်ကြတယ်၊ အဂ္ဂသာဝကနှစ်ပါးတို့က လက်မခံကြဘူး၊ ပြီးတော့ အဝတ်သင်္ကန်း, ထောပတ်, ဆီများကိုလည်း လှူကြတယ်၊ မထေရ်နှစ်ပါးတို့က အလှူမခံကြဘူး၊ သည်အချိန်မှာ ကောကာလိက ရဲ့ စိတ်ထဲမှာ အကြံဖြစ်နေတာက မထေရ်မြတ်ကြီးနှစ်ပါးဟာ အလိုနည်းတယ်၊ ရောင့်ရဲလွယ်တယ်၊ သည်ပစ္စည်းတွေ ဘယ်နည်းနှင့်မှု ခံယူမှာ မဟုတ်ဘူး၊ ငါ့ထံ ပေးထားခဲ့မှာ သေချာတယ်လို့ အကြံဖြစ်နေတယ်၊ သို့သော်လည်း မထေရ်မြတ် နှစ်ပါးက ကိုယ်တိုင်လည်း အလှူမခံဘူး၊ ကောကာလိကကိုလည်း အခံမခိုင်းဘူး၊ သည်တော့ ကောကာလိကရဲ့ စိတ်ထဲမှာ မထေရ်များဟာ မိမိ တို့ အလှူမခံလျှင် ငါ့ထံ လွှဲအပ် လှူခိုင်းသင့်တာပဲ၊ သို့ပေမယ့် အလှူမခိုင်းဘူး ရယ်လို့ မကျေမနပ် ဖြစ်နေတယ်၊ သို့သော်လည်း မကျေနပ်ရုံမျှသာပါပဲ၊ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်သေးဘူး၊ ဘယ်တော့ ကြီးကြီးကျယ်ကျယ် ဖြစ်သလဲဆိုတော့ အခါတစ်ပါး အဂ္ဂသာဝကနှစ်ပါးတို့ဟာ အခြံအရံ ရဟန်း ငါးရာစီနှင့် ကောကာလိကမြို့ကို ရောက်ခဲ့ကြပြန်တယ်၊ ဒါယကာများက

http://www.dhammadownload.com



ဝမ်းမြောက်ဝမ်းသာ ဆီးကြိုကြပြီး ယခင် ဝါဆိုခဲ့ဖူးတဲ့ ကျောင်းကို ပင့်သွားကြတယ်၊ နေ့တိုင်းနေ့တိုင်းလည်း အလှူကြီးပေးကြတယ်၊ များစွာသော ဆေး, အဝတ်, သင်္ကန်းများကို ဝေဖန်ကြတဲ့အခါ နောက်ပါရဟန်းတော်များကိုသာ ဝေဖန်ကြတယ်၊ ကောကာလိကရဟန်းကို မဝေဖန်ကြဘူး၊ ကောကာလိကဟာ ပစ္စည်းဝေဖန်ခြင်း မခံရလေတော့ အဂ္ဂသာဝက နှစ်ပါးအပေါ် ပြစ်မှားခဲ့တယ်။

သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့ဟာ ယုတ်မာသော အလိုရှိတယ်၊ ယခင်က တော့ ပစ္စည်းမခံချင်မယူချင်ယောင်ဆောင်ပြီး ယခုခံယူကြတယ်၊ သူတို့အလိုသာ သိတတ်ကြတယ်၊ သူတစ်ပါးကိုတော့မကြည့်ဘူးလို့ ဆဲရေး ရေရွတ်သတဲ့၊ အရိယာကို ပြစ်မှားမိတဲ့ အရိယူပဝါဒကံဆိုတာ ဒါပဲကွယ့်၊ သည်အကြောင်း ကို အဂ္ဂသာဝက နှစ်ပါးသိတော်မူတော့ ကောကာလိကဟာ ငါတို့ကိုမှီပြီး အကုသိုလ်ဖြစ်နေပြီ၊ ငါတို့မှာ နေဖို့မသင့်တော့ဘူးလို့ အဲသည်ကျောင်းတွေ က ခွာတော်မူကြတယ်၊ ဒါယကာတွေက ပင့်ကြပေမယ့် ပင့်လို့မရကြတော့ ဘူး၊ သည်အခါ ရဟန်းငယ်တစ်ပါးက ဒါယကာတို့ သည်လိုဆိုပါကလားလို့ ပြောသတဲ့၊ သည်စကားကြားတော့ ဒါယကာများဟာ ကောကာလိကထံသွား ကြပြီး ကိုယ်တော်ဟာ မထေရ်ကြီးတွေကို ငြူစူတယ်ဆိုပါလား၊ ဘာကောင်းသလဲ၊ မထေရ်ကြီးများ ပြန်ကြွလာအောင် ပင့်ပေးပါ၊ ဒါမှမဟုတ်လျှင် ကိုယ်တော် သည်ကျောင်းမှာ မနေနှင့်တော့လို့ ခြိမ်းခြောက်ကြသတဲ့၊ ကောကာလိကလည်း ဒါယကာတို့ ခြိမ်းခြောက်တာကြောက်တာနှင့် မထေရ်ကြီးများကို လိုက်ပင့်ပါ တယ်၊ ဒါပေမယ့် ပင့်လို့မရဘူး၊ ကျောင်းပြန်ခဲ့ရတယ်၊ ကျောင်းရောက်တော့ ဒါယကာများက မထေရ်ကြီးများပါခဲ့ကြရဲ့လားလို့ မေးကြတော့ ပင့်လို့မရဘူးလို့ ပြန်ပြောတယ်။

သည်တော့ ဒကာများက မထေရ်ကြီးများ ပင့်မရခဲ့လျှင် ကိုယ်တော်လဲ ကြွ တော့၊ သည် ကျောင်း မှာ မ နေ နှင့် တော့ လို့ မောင်း ကြ တဲ့ အ တွက် ကောကာလိကဟာ ကျောင်းကထွက်ခွာပြီး ဇေတဝန်ကျောင်းကို သွားတယ်၊ ကျောင်းတော်ကိုရောက်တော့ ဘုရားရှင်ထံဝင်ပြီး "အရှင်ဘုရား–သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့ဟာ မကောင်းကြဘူး၊ အလွန်လောဘကြီးကြပါတယ်" လို့ လျှောက် ထားသတဲ့၊ ဘုရားရှင်က "ကောကာလိက–သည်လို မပြောကောင်းဘူး၊

http://www.dhammadownload.com



သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့အပေါ် ကြည်ညိုစိတ်ကိုထားပါ၊ သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့ဟာ သီလရှိတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြတယ်”လို့ မိန့်တော်မူတယ်။

ကောကာလိက က “အရှင်ဘုရား–အရှင်ဘုရားဟာ အဂ္ဂသာဝကတို့အပေါ်မှာ အလွန်ယုံကြည်တော်မူတယ်၊ တပည့်တော်များက မျက်မြင်မို့လျှောက်ထားခြင်းဖြစ်ပါတယ်၊ သာရိပုတ္တရာနှင့်မောဂ္ဂလ္လာန်တို့ဟာ ယုတ်မာတဲ့အလိုဆိုးရှိကြတယ်၊ မကောင်းမှုကို ဖုံးလွှမ်းတတ်ကြတယ်၊ သီလမရှိကြပါဘူး” လို့ ထပ်လျှောက်ပြန်တယ်၊ ဘုရားရှင်က “မပြောကောင်းဘူး၊ မပြောပါနှင့်” လို့ သုံးကြိမ်တိုင်အောင် တားမြစ်တော်မူတယ်၊ သို့သော်လည်း တားမြစ်လို့မရဘူး၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလ္လာန်တို့အပေါ် အပြစ်ပြောနေရာက ထသွားတယ်၊ နေရာကထစဉ်မှာပင် ကောကာလိကရဲ့ကိုယ်မှာ မုံညင်းစေ့လောက်အဖုလေးတွေ ပေါက်လာတယ်၊ အဲသည်အဖုလေးတွေဟာ တစ်စတစ်စကြီးထွားလာတာဟာ ဥသျှစ်သီးမှည့်လောက်ကြီးလာသတဲ့၊ ပေါက်ကွဲပြီး သွေးပြည်တွေလည်း ထွက်ကျလာကြသတဲ့၊ ရောဂါနှိပ်စက်တဲ့အတွက် ကောကာလိကဟာ ညည်းညူပြီး ဇေတဝန်ကျောင်းတော်ရဲ့ တံခါးမုခ်မှာ လဲသတဲ့၊ သည်အကြောင်းကို သူ့ရဲ့ဉပဇ္ဈာယ်ဆရာ တုရူကသိတယ်၊ အနာဂါမ် တုရူရဟန်းတော်ဟာ ပျံလွန်တော်မူပြီး ယခု သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံမှာ ဗြဟ္မာဖြစ်နေတယ်၊ တုရူဗြဟ္မာဟာသိလျှင်သိချင်း “ငါ့ရဲ့တပည့်ဟာ မပြစ်မှားအပ်သူတို့ကို ပြစ်မှားနေပြီ၊ အကန်တော့ခိုင်းမှ တော်မယ်”လို့ ဗြဟ္မာပြည်ကလာပြီး ကောကာလိကရဲ့အထက်ကောင်းကင်ပြင်မှာ ရပ်သတဲ့၊ ရပ်ပြီးတော့ “ကောကလိက–သင်ဟာမပြစ်မှားထိုက်တဲ့ အဂ္ဂသာဝက နှစ်ပါးကို ပြစ်မှားမိနေပြီ၊ အဂ္ဂသာဝကနှစ်ပါးကို မပြစ်မှားနှင့်၊ ပြစ်မှားတဲ့အပြစ်ဒဏ်ပျောက်ကင်းအောင် အဂ္ဂသာဝကနှစ်ပါးတို့ကို ကန်တော့လိုက်ပါ”လို့ ပြောတယ်။

တုရူဗြဟ္မာရဲ့အသံကိုကြားတော့ ကောကာလိကဟာ ဝေဒနာနှိပ်စက်လို့မှိန်းနေရာက မျက်စိဖွင့်ပြီးကြည့်လိုက်တယ်၊ ဝင်းတောက်တဲ့ အရောင်အဝါနှင့်ပြည့်စုံတဲ့ တုရူဗြဟ္မာမင်းကို မြင်လေတော့ “သင်ဘာကောင်လဲ”လို့ မေးသတဲ့၊ ဗြဟ္မာမင်းက “ငါဟာ သင်ရဲ့ဆရာ တုရူဖြစ်တယ်၊ ယခု သုဒ္ဓါဝါသ ဗြဟ္မာ့ပြည်

http://www.dhammadownload.com


ရောက်နေတယ်”လို့ ပြောတယ်၊ ကောကာလိက က “ငါ့ဆရာတုရှုကို အနာဂါမ်ဖြစ်ကြောင်း ဘုရားရှင်မိန့်တော်မူထားတယ်၊ အနာဂါမ်ဆိုတာ လူ့ပြည်ကို လာရိုးထုံးစံမရှိဘူး၊ သင်ဟာ ငါ့ဆရာလဲမဟုတ်၊ ဗြဟ္မာလဲမဟုတ်၊ တံမြက်ချေးစွန့်ရာအရပ်က ပြိတ္တာဖြစ်လိမ့်မယ်”လို့ ဗြဟ္မာမင်းကို ကြိမ်းမောင်းသတဲ့၊ သည်အခါ တုရှုဗြဟ္မာမင်းက–

- ကောကာလိက အကြင်သူရဲ့ခံတွင်းမှာ ဓားမနှင့်တူတဲ့ ကြမ်းကြုတ်သော စကားရှိတယ်၊ အဲသည် ကြမ်းကြုတ်သော စကားဓားမကြီးဖြင့် လူမိုက်ဟာ မိမိကိုယ်ကို ဖြတ်နေတယ်။
- အကြင်သူဟာ ကဲ့ရဲ့သင့်သူကို ချီးမွမ်းတယ်၊ ချီးမွမ်းသင့်သူကို ကဲ့ရဲ့တယ်၊ ထိုသူဟာ ပါးစပ်ဖြင့် အပြစ်ကို ဆည်းပူးသည်မည်တယ်၊ ထိုအပြစ်ကြောင့် ချမ်းသာမှုကို မရနိုင်။
- ကြွေအံကစားရာ၌ မိမိကိုယ်နှင့်တကွ စည်းစိမ်ဥစ္စာဆုံးရှုံးရတဲ့ အပြစ်ဟာ မပြောပလောက်ဘူး၊ ပုဂ္ဂိုလ်မြတ်များအပေါ် ပြစ်မှားမိတဲ့ အပြစ်က ကြီးလေးသောအပြစ် ဖြစ်တယ်။
- သူတော်ကောင်းကို ကဲ့ရဲ့မှားတဲ့ လူမိုက်ဟာ သေလွန်လျှင် ငရဲဘုံကို ရောက်တတ်တယ်၊

လို့ဆုံးမတယ်၊ ဒါပေမယ့် ဗြဟ္မာမင်းဟာ သူ့တပည့်ကို ဆုံးမ မရလို့ သုဒ္ဓါဝါသပြည်ကို ပြန်သွားရရှာသတဲ့၊ ဗြဟ္မာမင်း ထွက်ခွာသွားပြီးနောက် မကြာမီ ကောကာလိကလည်း ကွယ်လွန်လို့ ပဒုမ ငရဲမှာ ဖြစ်သတဲ့ကွယ်၊ ကောကာလိက ငရဲကျတဲ့ သန်းခေါင်အချိန်မှာ သဟမ္ပတိဗြဟ္မာမင်းဟာ ဘုရားရှင် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်ကိုလာပြီး ဘုရားရှင်အား– ကောကာလိကရဟန်း ကွယ်လွန်လို့ ပဒုမငရဲမှာ ဖြစ်ကြောင်း လျှောက်ထားသတဲ့၊ ပဒုမငရဲကျရောက်တဲ့ ယခု ရှင်ကောကာလိကဟာ မဟာပါပလေးပါးအတွင်း ပါဝင်တဲ့ အရိယူပဝါဒ ပုဂ္ဂိုလ်ဖြစ်တယ်လို့ မှတ်သင့်တာပေါ့ကွယ်”

“သာဓုပါဘုရား–သာဓု–သာဓု”

http://www.dhammadownload.com



အညွှန်း။ ။ သဂါထာဝဂ္ဂသံယုတ်၊ ဗြဟ္မသံယုတ်၊ တုရူဗြဟ္မသုတ်၊ ကောကာလိကသုတ်၊ တေရသနိပါတ်၊ တက္ကာရိယဇာတ်၊ အံ၊ ၁၀၊ ပါ–၃၉၃။ ဋ္ဌ–၃၂၆။ ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၃၆၃။ သုတ္တ၊ ပါ၊ ၃၇၉။ ဋ္ဌ၊ ဒု၊ ၁၉၄။



http://www.dhammadownload.com

# ဘုံပြောင်း ဘုံခွာ

"ဟောသည်စာက အင်းလေး၊ အိုင်ဒေါင့်ကြီးကျေးရွာ၊ ရွာဦးကျောင်း ဆရာတော် ဦးသိက္ခိတထံမှ စာဖြစ်ပါတယ် ဘုရား၊ ဦးသိက္ခိတရဲ့စာမှာပါတာက ယခုအခါ တိုင်းနိုင်ငံအရပ်ရပ်ကို ကြည့်လိုက်လျှင် လူသားတွေ အမြောက်အမြား ပေါက်ဖွားဖြစ်ပေါ်နေတာကို မြင်တွေ့နေရပါသတဲ့၊ သည်လောက်များပြားတဲ့ လူသားတွေဟာ ဘယ်ပြည် ဘယ်ဌာန ဘယ်ဘဝက လာရောက်ဖြစ်ပွားနေကြသလဲဆိုတာ စဉ်းစားလို့ မရတဲ့အတွက် အဖြေသိလို၍ လျှောက်ထားခြင်းဖြစ်ပါသတဲ့၊ သည်အမေးကို ထွေလီကာလီ မေးသည်ဟု ယူဆတော်မမူဘဲ အများဗဟုသုတဖြစ်အောင် ဖြေကြားပေးတော်မူပါလို့ လျှောက်ထားပါတယ် ဘုရား"

"သတ္တဝါအများ ကျင်လည်ကျက်စား၊ ဖြစ်ပွားရာဖြစ်တဲ့ ဘုံပေါင်း ၃၁–ဘုံရှိတယ်ကွယ့်၊ ၃၁–ဘုံဆိုတာ အပါယ် လေးဘုံ၊ ကာမသုဂတိ ခုနစ်ဘုံ၊ ဗြဟ္မာ ဘုံ(၂၀) အားဖြင့် ဘုံပေါင်း ၃၁–ဘုံဖြစ်တယ်၊ အဲသည် ၃၁–ဘုံအနက် လူ့ဘုံဟာ အလုံးစုံသောဘုံတို့နှင့် ဆက်ဆံတဲ့ ဘုံဖြစ်တယ်၊ ဘယ်လိုဆက်ဆံသလဲဆိုတော့ လူ့ဘုံမှ ကွယ်လွန်သူဟာ အပါယ် လေးဘုံမှာလည်း ဖြစ်နိုင်တယ်၊ လူ့ဘုံမှာလည်း ပြန်ဖြစ်နိုင်တယ်၊ နတ်ဘုံခြောက်ဘုံမှာလည်း ဖြစ်နိုင်တယ်၊ ဗြဟ္မာဘုံ ၂၀–မှာလည်း ဖြစ်နိုင်တယ်၊ လူ့ဘုံမှ ကွယ်လွန်သူဟာ ၃၁–ဘုံ

http://www.dhammadownload.com



အတွင်း ကံထိုက်သင့်ရာတစ်ဘုံဘုံမှာ ဖြစ်နိုင်ခွင့်ရှိသလို ၃၁–ဘုံအတွင်း ဘယ်ဘုံကပင်ဖြစ်စေ စုတိကွယ်လွန်ပြီးနောက် လူ့ဘုံ၌လာရောက် ဖြစ်နိုင်ခွင့်ရှိတယ်၊ ဒါကြောင့် လူ့ဘုံဟာ အလုံးစုံသော ၃၁–ဘုံတို့နှင့် ဆက်ဆံတယ်၊ ယခုအမေးမှာ လူသားတွေဟာ ဘယ်ဘုံ ဘယ်ဘဝ ဘယ်ဌာနက လာရောက် ဖြစ်ပွားကြပါသလဲတဲ့၊ အဖြေကတော့ ၃၁–ဘုံအတွင်း တစ်ဘုံဘုံက စုတိပြီး လာရောက်ဖြစ်ပွားကြပါတယ်လို့ ဖြေရမှာပဲကွယ့်"

"မှန်ပါ–လူ့ဘုံဟာ ၃၁–ဘုံနှင့်ဆက်ဆံပြီး ဘယ်ဘုံကမဆို လာရောက်ဖြစ်နိုင်သလို အခြားခြားသောဘုံများလည်း သည်လို ဆက်ဆံခြင်းမရှိဘူးလားဘုရား"

"မရှိဘူးကွယ့်၊ သည်အကြောင်း နားရှင်းသွားအောင် ဘုံပြောင်း ဘုံခွာကို ပြောပြဦးမယ်ကွယ့်"

"မှန်ပါ–မိန့်တော်မူပါဘုရား"

"ဘုံပြောင်း ဘုံခွာကို ဗဟုသုတ လိုလားကြသူများ ကျက်မှတ်လွယ်အောင် သံပေါက်လေးကို ဦးစွာ ဖော်ပြမယ်ကွယ့်"

"ဖော်ပြတော်မူပါ ဘုရား"

## ဘုံပြောင်းဘုံခွာ သံပေါက်

၁။ အပါယ်ဘုံမှ၊ စုတိကျ၊ ကာမသန္ဓေဖြစ်။

၂။ လူ့ဘုံ၊ နတ်ဘုံ၊ ကုသိုလ်ကုန်, ဘယ်ဘုံမဆိုဖြစ်။

၃။ သုဒ္ဓါဝါသ၊ စုတိကျ၊ သုဒ္ဓအထက်ဖြစ်။

၄။ အသညသတ်၊ စုတိပြတ်၊ ကောင်းမြတ်ကာမ ဖြစ်။

၅။ ကြွင်းဘုံရူပ၊ ကံကုန်က၊ ပါယကြဉ်၍ဖြစ်။

၆။ အရူပမှ၊ ထက်ဘုံကြွနှင့်၊ ကာမသုဂတိ၊ ဘုံမိမိ၊ စွဲဘိသန္ဓေဖြစ်တဲ့ကွယ့်"

"မှန်ပါ–အဓိပ္ပာယ် ရှင်းပြပေးပါဦး ဘုရား"

"အဓိပ္ပာယ်ကတော့ သည်လိုတဲ့ကွယ့်"

http://www.dhammadownload.com



၁။ ငရဲ တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးဘုံမှ စုတိကျတဲ့ သတ္တဝါများဟာ အပါယ် လေးဘုံရယ်၊ လူ့ဘုံရယ်၊ နတ်ပြည်ခြောက်ထပ်ရယ် ပေါင်း ကာမ (၁၁)ဘုံ၌သာ ပဋိသန္ဓေ ဖြစ်ပေါ်ခွင့်ရှိတယ်၊ အထက်ဗြဟ္မာဘုံမှာ ဖြစ်ခွင့်မရှိဘူး။

၂။ လူ့ဘုံရယ်၊ နတ်ပြည်ခြောက်ဘုံရယ်၊ သည်ကာမ သုဂတိ ခုနစ်ဘုံမှ စုတိကျသော သတ္တဝါများကတော့ (၃၁)ဘုံအတွင်း ဘယ်ဘုံမှာ မဆို ထိုက်သင့်သော ဘုံမှာ ဖြစ်ခွင့်ရှိတယ်။

၃။ သုဒ္ဓါဝါသ ငါးဘုံမှာတော့ အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်ရယ်၊ အရဟတ္တမဂ်ပုဂ္ဂိုလ်ရယ်၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်ရယ်၊ သည်အရိယာ ပုဂ္ဂိုလ်ကြီး သုံးယောက်သာရှိတဲ့အတွက် သုဒ္ဓါဝါသမှ စုတိသော အရိယာကြီးများဟာ အောက်–အောက်ဘုံမှာ ဖြစ်ခွင့်မရှိဘူး၊ အထက်–အထက် သုဒ္ဓါဝါသဘုံများမှာသာဖြစ်ခွင့်ရှိတယ်။

၄။ အသညသတ်ဘုံမှ စုတိသောပုဂ္ဂိုလ်များကတော့ ကာမသုဂတိ ခုနစ်ဘုံအနက် ကံပစ်ချရာ တစ်ဘုံဘုံမှာ ဖြစ်ခွင့်ရှိတယ်။

၅။ သုဒ္ဓါဝါသ ငါးဘုံ, အသညသတ်ဘုံတို့မှ ကြွင်းသော ရူပ ၁၄–ဘုံတို့မှ စုတိသော ပုဂ္ဂိုလ်များကတော့ အပါယ်လေးဘုံမှတစ်ပါး ကြွင်းသော ၂၇–ဘုံအနက် ကံပေးရာ တစ်ဘုံဘုံမှာ ဖြစ်ခွင့်ရှိတယ်။

၆။ အရူပလေးဘုံတို့မှ စုတိသောပုဂ္ဂိုလ်များကတော့ မိမိဘုံမှာသော်လည်းကောင်း၊ အထက်–အထက်ဘုံမှာသော်လည်းကောင်း၊ သို့မဟုတ် ကာမသုဂတိ ခုနစ်ဘုံမှာသော်လည်းကောင်း ဖြစ်နိုင်ခွင့်ရှိတယ်ကွယ့်၊ သည်လောက်ဆိုလျှင် လူသားတွေဟာ ဘယ်ဘုံ–ဘယ်ဘုံက လာရောက်ဖြစ်ပွားနေကြပါသလဲလို့ မေးတဲ့ အင်းလေး ဦးသိက္ခိတရဲ့ အမေးဟာ ပြေလောက်ပါပြီနော်"

"မှန်ပါ–ပြေလောက်ပါပြီ ဘုရား"

"သာဓု–သာဓု–သာဓု"

http://www.dhammadownload.com

# ပုဂ္ဂိုလ်အပြား ဝါကရား

"ဟောသည့်စာက မြင်းမူမြို့၊ မာဃရပ်၊ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဆရာသစ်ထံက အမေးလွှာဖြစ်ပါတယ် ဘုရား"

"ဆရာသစ်က ဘာတွေများ မေးထားတုန်းကွယ့်"

"ဆရာသစ်မေးတာက ဘုရားရှိခိုးစာများမှာ–ပုဂ္ဂိုလ်အပြား၊ ဝါကရားဟု၊ များပြားလှစွာ၊ သတ္တဝါတို့လို့ ရေးထားရာမှာ (ဝါကရား)ရဲ့အဓိပ္ပာယ်ကို နားမလည်ပါဘူးတဲ့၊ အဲဒါ ရှင်းလင်းဖော်ပြပေးပါလို့ လျှောက်ထားခြင်းဖြစ်ပါတယ် ဘုရား"

"ဝါကရားဆိုတာ ပိဋကတ်သင်္ချာအားဖြင့် (၂၁၄)လို့ ဆိုလိုသကွယ့်"

"ပိဋကတ်သင်္ချာက ဘယ်လို ကောက်ယူရတာလဲဘုရား"

"ပိဋကတ်သင်္ချာကောက်ယူနည်းကို ပရမတ္ထဗိန္ဒုကျမ်းမှာ–

ကာဒိ ဋာဒိ ယကာရာဒိ၊ နဝသင်္ချာ ပကာသိတာ။
ပဉ္စသင်္ချာ ပကာရာဒိ၊ သုညာနာမ သရာညနာ–

လို့ ပြထားတယ်၊ အဓိပ္ပာယ်က က–မှ ဈ–အထိ, ဋ–မှ ဓ အထိ, ယ–မှ ရှ၊သျှ(ဂပထည့်၍) ဠ–အထိ အစဉ်အတိုင်း ၁–၂–၃–၄–၅–၆–၇–၈–၉ လို့ ရေတွက်ပါသတဲ့၊ ပဝဂ် ငါးလုံးကို ၅–လို့ ရေတွက်ပါသတဲ့၊ သရရှစ်လုံးနှင့်

http://www.dhammadownload.com


ည, န, တို့ကို (သုည)လို့ရေတွက်ပါသတဲ့၊ သည်ပိဋကတ်သင်္ချာနည်းနှင့် ရေတွက်တော့(ဝါကရား)မှာ ဝါ–လေးခု၊ က–တစ်ခု၊ ရား–နှစ်ခုရတယ်၊ ၄–၁–၂ သင်္ချာကို ပဋိလောမနည်းအားဖြင့် ပြောင်းပြန်လှန်လိုက်တော့(၂၁၄)ဖြစ်လာရတယ်ကွယ့်"

"ပုဂ္ဂိုလ်အပြား ဝါကရားဆိုတော့ ပုဂ္ဂိုလ်ပေါင်း (၂၁၄)ယောက်လို့ဆိုလိုတာပေါ့ ဘုရား"

"ဟုတ်တယ်၊ ၃၁–ဘုံအတွင်း ရှိရှိသမျှ သတ္တဝါတို့ကို ဘုံ၌ ပုဂ္ဂိုလ်ရနည်းအားဖြင့် တွက်လိုက်လျှင် ပုဂ္ဂိုလ်ပေါင်း ၂၁၄–ယောက်မျှသာ ရှိတယ်၊ အပိုလည်း မရှိ၊ အလိုလည်း မရှိဘူးကွယ့်"

"မှန်ပါ–ပုဂ္ဂိုလ် ၂၁၄–ယောက်ကို တွက်ပြပေးပါဦး ဘုရား"

"ပုဂ္ဂိုလ်အပြား ဝါကရားကိုတွက်လိုလျှင် ရှေးဦးစွာ ပုဂ္ဂိုလ် ၁၂–ယောက်တို့ကို သိထားနှင့်ရမယ်၊ ၁၂–ယောက်ဆိုတာ ပုထုဇဉ်ပုဂ္ဂိုလ် လေးယောက်နှင့် အရိယာရှစ်ယောက်တို့ကို ဆိုလိုတယ်ကွယ့်"

"မှန်ပါ–ပုထုဇဉ်နှင့် အရိယာအပြားကိုလည်း ခွဲခြားပေးပါဦးဘုရား"

"ပုထုဇဉ်လေးယောက်ဆိုတာက–(၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် တစ်ယောက်၊ (၂) သုဂတိအဟိတ်ပုဂ္ဂိုလ် တစ်ယောက်၊ (၃) ဒွိဟိတ်ပုဂ္ဂိုလ် တစ်ယောက်၊ (၄) တိဟိတ်ပုဂ္ဂိုလ်တစ်ယောက် ပေါင်း ပုထုဇဉ်ပုဂ္ဂိုလ် လေးယောက်ဖြစ်တယ်၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက်ဆိုတာက–(၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ်တစ်ယောက်၊ (၂) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်တစ်ယောက်၊ (၃) သကဒါဂါမိမဂ်ပုဂ္ဂိုလ်တစ်ယောက်၊ (၄) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်တစ်ယောက်၊ (၅) အနာဂါမိမဂ်ပုဂ္ဂိုလ်တစ်ယောက်၊ (၆) အနာဂါမိဖိုလ်ပုဂ္ဂိုလ်တစ်ယောက်၊ (၇) အရဟတ္တမဂ်ပုဂ္ဂိုလ်တစ်ယောက်၊ (၈) အရဟတ္တဖိုလ်ပုဂ္ဂိုလ်တစ်ယောက် ပေါင်း အရိယာပုဂ္ဂိုလ်ရှစ်ယောက်ဖြစ်တယ်၊ အားလုံးပေါင်းလိုက်တော့ ပုဂ္ဂိုလ် ၁၂–ယောက်လို့ဖြစ်လာသကွယ့်၊ မှတ်မိရဲ့မဟုတ်လား"

"မှတ်မိပါတယ်ဘုရား"

"အေး–သည်ပုဂ္ဂိုလ် ၁၂–ယောက်ကိုတည်ပြီး ၃၁–ဘုံအတွင်း ဘယ်ဘုံမှာ ဘယ်လိုပုဂ္ဂိုလ်တွေ ရတယ်လို့ တွက်တဲ့နည်းကို ဘုံ၌ ပုဂ္ဂိုလ်ရ တွက်နည်းလို့

http://www.dhammadownload.com



ခေါ်တယ်၊ သည်နည်းနှင့်တွက်တော့ ရှေးဦးစွာ အပါယ်လေးဘုံကို ကြည့်လိုက်စမ်း၊ အပါယ် လေးဘုံမှာ ပုဂ္ဂိုလ် ၁၂–ပါးအနက် ဘယ်ပုဂ္ဂိုလ်ရှိသလဲဆိုတော့ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ် တစ်ယောက်တည်းသာရှိတယ်၊ လူ့ဘုံနှင့် စာတုမဟာရာဇ်နတ်ဘုံကျတော့ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှ တစ်ပါး၊ ကျန် ၁၁–ပါးသောပုဂ္ဂိုလ်များရတယ်၊ အထက်နတ်ပြည် ငါးထပ်မှာတော့ သုဂတိအဟိတ်, ဒုဂ္ဂတိအဟိတ် နှစ်ယောက်တို့ကို ကြဉ်ပြီး ပုဂ္ဂိုလ် ၁၀–ယောက်စီ ရတယ်၊ သုဒ္ဓါဝါသငါးဘုံနှင့် အသညသတ်ဘုံတို့မှ တစ်ပါး ကျန်တဲ့ ရူပဗြဟ္မာ ၁၀–ဘုံမှာတော့ တိဟိတ် ပုထုဇဉ်တစ်ယောက်၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက်အားဖြင့် ပေါင်းကိုးယောက်စီရတယ်၊ အသညသတ်ဘုံမှာတော့ သုဂတိအဟိတ် ပုဂ္ဂိုလ်တစ်ယောက်သာရတယ်၊ သုဒ္ဓါဝါသ ငါးဘုံမှာတော့ အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်, အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ် ပေါင်း ပုဂ္ဂိုလ်သုံးယောက်စီရတယ်၊ အရူပဘုံမှာတော့ တိဟိတ်ပုထုဇဉ်တစ်ယောက်နှင့် သောတာပတ္တိမဂ်ပုဂ္ဂိုလ် တစ်ယောက်ကို ကြဉ်၍ ကြွင်းသော အရိယာပုဂ္ဂိုလ် ခုနစ်ယောက်အားဖြင့် ပေါင်း ပုဂ္ဂိုလ်ရှစ်ယောက်စီ ရတယ်၊ ၃၁–ဘုံ ကုန်သွားပြီနော်"

"မှန်ပါ–ကုန်သွားပါပြီ ဘုရား"

"၃၁–ဘုံအတွင်း ရထိုက်သော ပုဂ္ဂိုလ်များ ပြန်ပြီး ပေါင်းကြည့်ကြဦးစို့"

| | | | |
|---|---|---|---|
| အပါယ်လေးဘုံ | ဒုဂ္ဂတိအဟိတ်တစ်ယောက်စီရ ပေါင်း | ၄–ယောက် | |
| လူ့ဘုံ | | ၁၁ | ။ |
| စာတုမဟာရာဇ်ဘုံ | | ၁၁ | ။ |
| အထက်နတ် ငါးဘုံ | (တစ်ဘုံလျှင် ၁၀–ယောက်စီရ) | ၅၀ | ။ |
| အသညသတ်ဘုံ | (သုဂတိအဟိတ် တစ်ယောက်ရ) | ၁ | ။ |
| သုဒ္ဓါဝါသငါးဘုံ | (တစ်ဘုံ သုံးယောက်စီရ) | ၁၅ | ။ |
| အရူပလေးဘုံ | (တစ်ဘုံ ရှစ်ယောက်စီရ) | ၃၂ | ။ |
| ကျန်ရူပဗြဟ္မာ ၁၀–ဘုံ | (တစ်ဘုံ ကိုးယောက်စီရ) | ၉၀ | ။ |


http://www.dhammadownload.com



အားလုံးပေါင်းလိုက်တော့ ၃၁–ဘုံအတွင်းမှာ ပုဂ္ဂိုလ်ပေါင်း ၂၁၄–ယောက်သာရှိတယ်၊ သည် ၂၁၄–ယောက်ကို ပိဋကတ်သင်္ချာနည်းနှင့်ဆိုတော့ (ဝါကရား) ဖြစ်တော့ တာပေါ့ကွယ်၊ ရှင်းရဲ့လား"

"မှန်ပါ–ရှင်းပါပြီ ဘုရား"

"သာဓု–သာဓု–သာဓု"



http://www.dhammadownload.com



# တိဝဂ္ဂ စတုဝဂ္ဂ

"ဘုန်းကြီး ဘုရား–ဘုန်းကြီး ဘုရား"

ကျောင်းခန်းတွင်းအောင်းပြီး တစ်ဦးတည်းစာကြည့်နေစဉ် အခန်းအပြင်မှ "ဘုန်းကြီးဘုရား–ဘုန်းကြီးဘုရား"ဟူသော ခေါ်သံ ကြားလိုက်ရသည်၊ ထို့ကြောင့် စာအုပ်ကိုပိတ်ပြီး "ဘယ်သူလဲ၊ ဓမ္မကိတ္တိလား"ဟု မေးလိုက်သည်။

"မှန်ပါ၊ ဓမ္မကိတ္တိပါဘုရား၊ ဟောဒီမှာ ကုက္ကိုကုန်း ဘုန်းကြီး ရောက်လာလို့ လျှောက်ထားခြင်းပါ ဘုရား"

အခန်းအပြင်တွင် ကုက္ကိုကုန်း ဘုန်းကြီးနှင့် ဦးဓမ္မကိတ္တိတို့ ထိုင်နေကြသည်။

"ဘာကိစ္စလဲ ကုက္ကိုကုန်းဘုန်းကြီး"

"ဟောသည် မဃဒေဝလင်္ကာသစ်မှာ တပည့်တော် နားမလည်တာပါနေလို့ ဘုန်းကြီးထံ လာလျှောက်တာပါဘုရား"

"ဆိုစမ်းပါဦး၊ မဃဒေဝလင်္ကာသစ်က ဘာတဲ့တုန်း"

"မာဃဒေဝလင်္ကာသစ် အပိုဒ် ၂၃၂–မှာ ဆိုတာက သည်လိုပါ ဘုရား၊

**'ရှာဖွေဥစ္စာ၊ ဤလူ့ရွာဝယ်၊ ချမ်းသာဖြစ်ကြောင်း၊ ဉာဏ်အပေါင်းကား၊ နည်းကောင်းမည်ထ၊ ကျင့်ဓမ္မတည့်၊ ရသည့်ချမ်းသာ၊ အရာရာကို၊ ကောင်းမှာမယွင်း၊ စောင့်ရှောက်ခြင်းကား၊ မည်လျှင်းအတ္တ၊ ပဉ္စအာရုံ၊ စည်းစိမ်ပုံ၌၊**

http://www.dhammadownload.com



ပြည့်စုံတိုင်းသာ၊ လိုရာရှင်အား၊ ခံစားနိုင်ဘိ၊ ဂုဏ်သတ္တိကား၊ မည်ရှိကာမ၊ တိဝဂ္ဂတည့်၊ လောကဥပဒေ၊ မလွတ်စေနှင့်၊ တစ်ထွေ ထိုမျှ၊ ဘဝငြိမ်းရာ၊ နောင်သံသာဝယ်၊ နတ်ရွာနိဗ္ဗာန်၊ အမှန်ထင်ရှား၊ မြတ်တရားလည်း၊ မည်ငြားမောက္ခ၊ တိဝဂ္ဂဒွိ၊ ထည့်ကမှန်စွာ၊ ဤလေးဖြာကား၊ ကျမ်းလာမိန့်မြွက်၊ စတုဝဂ်တည့်၊ ပိုျသက်နုစဉ်၊ တိဝဂ်ယှဉ်လျက်၊ ဝိညာဉ်ရင့်ပြီး၊ သက်ရွယ်ကြီး၍၊ သေနီးအိုကာ နိဗ္ဗာန်ရှာလော့'–ပါတဲ့ ဘုရား"

"ဘာလဲ–သည်မဃဒေဝလင်္ကာသစ်ရဲ့ အဆိုကို နားမလည်ဘူးလား"

"မှန်ပါ–လည်တော့မလို–လည်တော့မလိုနှင့် နားမရှင်း ဖြစ်နေလို့ ဘုန်းကြီးထံ လာလျှောက်တာပါ ဘုရား"

"မဂအေဘိဓာန် ဂါထာနံပါတ် ၃၁၈–မှာ **'တိဝဂ္ဂေါ ဓမ္မကာမတ္ထာ၊ စတုဝဂ္ဂေါ သမောက္ခကာ'** လို့ ပြထားတယ်ကွယ့်၊ အနက်ရိုးရိုးကတော့– ဓမ္မကာမတ္ထာ–ဓမ္မ, ကာမ, အတ္ထဟူသော တရားသုံးပါးတို့သည်၊ တိဝဂ္ဂေါ– တိဝဂ်မည်၏၊ သမောက္ခကာ–နိဗ္ဗာန်နှင့်တကွ ရေတွက်မှုကား၊ စတုဝဂ္ဂေါ– စတုဝဂ္ဂမည်၏' တဲ့၊ အဓိပ္ပာယ်ကတော့ လူသားဖြစ်တဲ့ ပုဂ္ဂိုလ်မှာ အစုသုံးစု ရှိရမယ်တဲ့၊ နတ်ရွာနိဗ္ဗာန်အတွက်ပါ ထည့်တွက်လျှင် အစုလေးစုရှိရမယ်လို့ ဆိုလိုတယ်၊ အစုသုံးစုဆိုတာက ဓမ္မ, ကာမ, အတ္ထ သုံးပါးဖြစ်တယ်၊ အဲသည်အစု သုံးစုကို တိဝဂ္ဂခေါ်တယ်၊ နတ်ရွာနိဗ္ဗာန်အတွက်က တစ်စုဖြစ်တယ်၊ အဲသည်အစုပါ ထည့်တွက်လျှင် အစုလေးစု ဖြစ်တာပေါ့၊ အဲသည် တိဝဂ္ဂ စတုဝဂ္ဂရဲ့ အဓိပ္ပာယ်က လူသားဖြစ်တဲ့ပုဂ္ဂိုလ်ဟာ စီးပွားဥစ္စာဖြစ်ရာ ဖြစ်ကြောင်း အားမထုတ်ဘဲ အိပ်–စားနေလို့မဖြစ်ဘူး၊ အများနှင့်တူအောင် ခံစား စံစားဖို့ အတွက် ပစ္စည်း ဥစ္စာကို ရှာဖွေရမယ်၊ အဲသည်လို ပစ္စည်းရအောင် ရှာဖွေတတ်တဲ့တရားကို (ဓမ္မ)လို့ ခေါ်ပါသတဲ့၊ မဃဒေဝလင်္ကာသစ်ကို ပြန်ကြည့်လိုက်စမ်း၊ 'ရှာဖွေဥစ္စာ၊ ဤလူ့ရွာဝယ်၊ ချမ်းသာဖြစ်ကြောင်း၊ ဉာဏ်အပေါင်းကား၊ နည်းကောင်းမည်ထ၊ ကျင့်ဓမ္မတည့်' တဲ့၊ အဓိပ္ပာယ် ပေါက်တယ် မဟုတ်လား"

"မှန်ပါ– အဓိပ္ပာယ် ပေါက်ပါပြီ ဘုရား"

"ပစ္စည်းတော့ ရအောင်ရှာတတ်ပါရဲ့၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း

http://www.dhammadownload.com



မလုပ်တတ်ပြန်လျှင်လည်း စီးလာတဲ့ ရေဟာ ကန်ပေါင်မရှိလို့ ပျက်စီးသလို အိတ်ပေါက်နှင့် ဖားကောက်ဆိုသလို ပစ္စည်းမတင်ဘူး၊ ဒါကြောင့် ရလာတဲ့ ပစ္စည်း မလွင့်ပါးရအောင် စောင့်ရှောက်ထိန်းသိမ်းတတ်တာကို (အတ္ထ)လို့ ခေါ်သတဲ့၊ မဃဒေဝလင်္ကာသစ်ကို ပြန်ကောက်ကြည့်ကြဦးစို့၊ 'ရသည့်ချမ်းသာ၊ အရာရာကို၊ ကောင်းစွာမယွင်း၊ စောင့်ရှောက်ခြင်းကား၊ မည်လျှင်း အတ္ထ'တဲ့၊ ကဲ–သဘောပေါက်ပြီ မဟုတ်လား"

"မှန်ပါ–သဘောပေါက်ပါပြီ ဘုရား"

"တတိယအစုက ကာမတဲ့၊ ကာမဆိုတာ ဝတ္ထုကာမ, ကိလေသာကာမလို့ နှစ်မျိုးရှိတယ်၊ ရှာဖွေလို့ရလာတဲ့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ ဝတ္ထုကာမတွေအပေါ် ခံစားလိုခြင်း၊ ကိလေသာကာမဖြင့် ဖိမ်ကျကျ ခံစားစံစားတာကို (ကာမ)လို့ ခေါ်ပါသတဲ့၊ သံသရာလမ်းကိုမမျှော်မှန်းတဲ့ သာမညလူသား တစ်ယောက်အတွက် ပစ္စည်းကို ရှာဖွေခြင်း–ဓမ္မ၊ စောင့်ရှောက်ခြင်း–အတ္ထ၊ ခံစားခြင်း–ကာမတဲ့၊ သည်အစု သုံးစုပဲရှိတယ်၊ မဃဒေဝလင်္ကာ သစ်ကို ပြန်ကြည့်စမ်းဦး၊ 'ပစ္စည်းအာရုံ၊ စည်းစိမ်ပုံ၌၊ ပြည့်စုံတိုင်းသာ၊ လိုရာရှင်အား၊ ခံစားနိုင်ဘိ၊ ဂုဏ်သတ္တိကား၊ မည်ရှိကာမ၊ တိဝဂ္ဂတည့် လောကဥပဒေ၊ မလွတ်စေနှင့်' တဲ့၊ သဘောကျပြီလား"

"မှန်ပါ–သဘောကျပါပြီ ဘုရား"

"လောကသန့်သန့် တိဝဂ္ဂအပြင် သံသရာမှာကောင်းစားဖို့၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်းဖို့ လှူဒါန်းခြင်း, သီလစောင့်ခြင်း, ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းခြင်း ဆိုတာလည်း ရှိပါသေးတယ်၊ အဲသည် သံသရာအရေး, နိဗ္ဗာန်အရေးကို အစု တစ်စုထားလျှင် လူ့ဘဝမှာ စတုဝဂ္ဂဖြစ်တယ်လို့ ဆိုလိုတယ်၊ လူသားတစ်ယောက် ငယ်ရွယ်စဉ်မှာ တိဝဂ္ဂနှင့် ယှဉ်ချင်ယှဉ်ပါတဲ့၊ အသက်အရွယ်ကြီးလာလျှင်တော့ တိဝဂ္ဂနှင့် မလုံလောက်သေးဘူး၊ စတုဝဂ္ဂဖြစ်အောင် ကျင့်ပါတဲ့၊ သည်အကြောင်း ကို မဃဒေဝလင်္ကာသစ်မှာ–

တစ်ထွေထိုမှ၊ ဘဝငြိမ်းရာ၊ နောင်သံသာဝယ်၊ နတ်ရွာနိဗ္ဗာန်၊ အမှန်ထင်ရှား မြတ်တရားလည်း၊ မည်ငြားမောက္ခ၊ တိဝဂ္ဂ၌၊ ထည့်ကမှန်စွာ၊ ဤလေးဖြာကား၊

http://www.dhammadownload.com


ကျမ်းလာမိန့်မြွက်၊ စတုဝဂ်တည့်၊ ပို့သက်နုစဉ်၊ တိဝဂ်ယှဉ်လျက်၊ ဝိညာဉ်ရှင့်ပြီး၊
သက်ရှယ်ကြီး၍၊ သေနီးအိုခါ၊ နိဗ္ဗာန်ရှာလော့–

လို့ ဆိုထားတယ်၊ အခိပ္ပာယ်ပေါက်ပြီ မဟုတ်လား”

“မှန်ပါ–အဓိပ္ပာယ် ပေါက်သွားပါပြီ ဘုရား”

“သာဓု–သာဓု–သာဓု”

